www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၅၂၀၇၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၄၂၀၈၁၁
အဖုံးဒီိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၀၊ ကားဝါလမ်း
အုတ်ကျင်းမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ဆုအဥ္ဂလီ
ချစ်တစ်သက်တာ / ဆုအဥ္ဂလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၈၈ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ချစ်တစ်သက်တာ

## အခန်း (၁)

လှိုင်းခေါင်းဖြူတစ်လုံးက သောင်ပြင်ဆီ အပြေးတက်လာသည်။ သူမက မျက်နှာငုံ့လိုက်တိုင်း ပခုံးကျော်ပြီး ခုန်ဆင်းလာသော ဆံနွယ်ရှည်တွေကို ကျောပြင်နောက် ပြန်ပို့ကာ သဲတွေကို လက်နှစ်ဖက်နှင့် ကျုံးယက်၍ တွင်းတူးလိုက်၊ ပြေးတက်လာသော လှိုင်းလုံးတွေကို မော့ငေးလိုက်၊ နောက်ကျောဘက် ဘန်ဂလိုတွေဆီ စိတ်မဖြောင့်စွာ လှည့်ကြည့်လိုက်နှင့် တစ်ယောက်တည်း ဗျာများနေသည်။ အဲဒီဗျာများသူ သူမမျက်နှာပေါ်မှာက မျက်ရည်စတို့ ရွှဲနစ်လျက်။ တစ်ချက်တစ်ချက် အင့်ခနဲရှိုက်သံက ထိန်းချုပ်ထားသည့်ကြားမှ ပွင့်အန်ထွက်လာသေးသည်။

"မေမေရယ်…မခက်လေ မေမေနဲ့မခွဲချင်ဘူးဒါလား၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ့တို့ မြင်နေရရင် မခက် အားရှိတယ်၊ ကျေနပ်တယ်၊ မခက်မှာ တိုင်တည်စရာဆိုလို့ မေမေတစ်ယောက်တည်းပဲရှိတာမဟုတ်လား၊ ဒါပေမယ့် မေမေရယ် မခက်ရဲ့ နေရတဲ့အခြေအနေကို မေမေသိသားနဲ့၊ မေမေ့ကို မခက်က နီးနီးနားနားမှာ ထားချင်ပေမယ့် မဖြစ်နိုင်လွန်းလို့ပါ မေမေ''

မခက်က ငိုရင်းရှိုက်ရင်းက မျက်ရည်မိုးဟာ မစဲနိုင်။ သောင်ပြင်ပေါ် လက်ယက်တွင်း နက်နက်လေး ပေါ်လာပြီဆိုမှ အင်္ကျီလက်မောင်းဖြင့် မျက်ရည်တွေကို ပင့်သုတ်သည်။ ငိုရလွန်း၍ နှာသီးဖျားတွေ ရဲရဲနီနေကာ လည်ချောင်းတစ်လျှောက် ဆို့နင်ကျပ်ခဲနေ၏။ မျက်ရည်နည်းနည်းကျမိတာနှင့် ဟန်ဆောင်လို့မရအောင် မို့အစ်ဖောင်းလာသော မျက်ဝန်းတို့ကြောင့် နောက်ထပ်မငိုမိအောင် ထိန်းချုပ်ရဦးမည်။ မခက်က ငွေမှင်ရောင်အိတ်အထူစားနှင့် အပြီးတိုင်ပိတ်ထားသော လက်တစ်ပါးစာ အထုပ်ကလေးကို ရှိသေစွာ လက်နှစ်ဖက်နှင့် မယူပြီးမှ တွင်းထဲသို့ ချသည်။ တွင်းနှုတ်ခမ်းဘေး၌ ပတ်ရံတင်ထားသော သဲတွေကို လက်နှင့်ပြန်ကျုံးပြီး ငွေမှင်ရောင်အိတ်ကလေးပေါ် ဖြည်းဖြည်းချင်း ဖို့သည်။

''မခက် ဆုတောင်းပေးမယ်သိလား မေမေ၊ မေမေရောက်လေရာဘဝမှာ အမုန်းစက်ကွင်း၊ အငြိုးသံသရာက လွတ်မြောက်ပြီး အေးမြငြိမ်းချမ်းသော ဘဝလေးကို ပိုင်ဆိုင်ရပါစေလို့၊ မေမေ့မှာ ရှိခဲ့တဲ့ ဝဋ်ကြွေးမှန်သမျှ ဒီပင်လယ်ရေက တိုက်စားသွားပါစေ''



မခက်က နှုတ်မှ တဖွဖွရွတ်ရင်း သဲတွေကို တစ်စထက်တစ်စ ဖိသပ်ဖို့မြုပ်ပစ်သည်။ မေမေ့ကို မမြင်ရတော့ပေမယ့် မခက်က စိတ်ထဲဖြေလို့ရပါသည်။ မေမေ ငြိမ်းချမ်းရာနေရာတစ်ခုဆီ ရောက်သွားပြီလို့။ ပင်လယ်လေ၊ ပင်လယ်ရေပြင်တို့ကြားမှာ မေမေ့ဘဝ အသစ်တစ်ခု တည်ဆောက်နိုင်ပါစေ။ မခက်နဲ့အတူနေရင်သာ မေမေ့ခမျာ အလင်းရောင်မရှိ၊ လေကောင်းလေသန့်မရသော ဗီရိုလေးထဲ မှုန်းကျပ်နေရရှာမည်။ သောင်ပြင်ကို ပင်လယ်ရေတွေ တိုက်စားပြီး လှိုင်းနဲ့အတူ ပင်လယ်ထဲ မျောပါသွားလည်းကောင်းတာပေါ့မေမေရယ်။ ပင်လယ်က အကျယ်ကြီးထဲမှာ လှိုင်းစီးရတဲ့ ခံစားချက်မျိုးက ရင်ကိုဖိုလှိုက်ပြီး လွတ်လပ်ပေါ့ပါးစေတာမျိုး မဟုတ်လား။ မခက်က မေမေ့အတွက် လျှောက်တွေးရင်း စိတ်ထဲဖြေသိမ့်နိုင်လာသည်။ မေမေ့ကို ချက်ချင်းကြီး မထားရစ်ခဲ့နိုင်၍သာ သဲမြေမို့မို့ကို လက်ကလေးနဲ့ အုပ်ကိုင်ထားမိ၏။ မေမေရှိနေတယ်ဆိုတဲ့ အသိဟာ မခက်ရင်ကို နွေးထွေးစေတာအမှန်။ ထိုအခိုက် ဘန်ဂလိုဘက်မှ လင်းလက်လာသော ညမီးမှုံတွေနှင့်

မိုး : မိုး : ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



အတူ…

"မခက်"

စူးရှူးဝါးဝါး အော်သံကြီးက အမှောင်ထုကို ခွင်း၍ မခက်ထံ ရောက်လာသောအခါ…

"ဟော…ခေါ်နေပြီ မေမေ၊ မခက် သွားတော့မယ်နော်"

နောက်ဆုံးအနေနဲ့ နှုတ်ဆက်ပြီး မခက်က ဆတ်ခနဲထရပ်သည်။ အငြိုး… တိုက်သော ပင်လယ်လေကြောင့် ဆံပင်စတွေ၊ ထဘီစတွေ ဝရုန်းသုန်းကားဖြစ်သွားတာကို ဂရုမစိုက်တော့… မခက်က ဘန်ဂလိုဆီ အားသွန်၍ ပြေးလာခဲ့သည်။ ရင်တွေ ဆောင့်ခုန်နေတာက ကြောက်စိတ်ကြောင့်ဖြစ်မည်။ မခက်ရဲ့အမည်ကို စူးရှစွာ အခေါ်ခံရတိုင်း၏ နောက်ဆက်တွဲသည် ပြစ်ဒဏ်ပေးခြင်းတို့ပါ ကပ်ပါလာတတ်စမြဲဆိုလျှင် မခက်က 'မင်း'မိသားစုရဲ့ ထာဝရ အကျဉ်းသားမို့။

◆ ◆ ◆

## အခန်း (၂)

"မှန်း မခက်"

"ရှင်…လာပြီ မမလေး"

အော်သံနှင့်အတူ လူက မီးဖိုခန်းထဲမှ ထွက်၊ ညှော်ခန်းကို ဖြတ်ပြေးပြီး ဆယ့်နှစ်ထစ်မျှသော လှေကားကို အပြေးအလွှား တက်ရသည်။ ဒါတောင် မမလေးအခန်းရှေ့ ရောက်သောအခါ လူက အော်သံနှင့်တော့ တစ်ထပ်တည်းမကျပေ။ မခက်က အခန်းတံခါးကို နှစ်ချက်ဆင့်ခေါက်ပြီးမှ…

"မမလေး"

"ဝင်ခဲ့"

တံခါးတွန်းဖွင့်ပြီး အခန်းထဲ ခြေလှမ်းချမိတာနှင့် ခေါက်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



အသံနှင့်အတူ မခက်ရဲ့ငယ်ထိပ်က ထူပူသွားသည်။

"ဘယ်နှခါပြောရလဲဟင် မခက်၊ နင်က ငါ့စကားကို အလေးမထားတာလား၊ ဂရုမစိုက်ဘဲ နေပြတာလား၊ ငါ ခေါ်ပြီဆိုရင် ထူးသံနဲ့လူက တစ်ထပ်တည်းဖြစ်ပလေ့စေဆိုတာ ဘယ်နှခါ ပြောပြော ဒီခေါင်းက မမှတ်ဘူးလား၊ မမှတ်ထားဘူးလား"

မေးခွန်းလည်းမေးရဲ့ အားပါသော လက်ညှိုးက မခက်နားထင်ကို ဆောင့်ကာဆောင့်ကာ ထပ်ထပ်ထိုးတာကြောင့် မခက်မှာ နောက်ထပ်ကျလာမည့် အထိုးအခေါက်တွေကို မျက်စိမှိတ်ရှောင်ရင်း…

"မခက် မီးဖိုထဲရောက်နေလို့ပါ မမလေးရယ်၊ မမလေး ဘာလိုချင်လို့လဲ၊ မခက် ဘာလုပ်ပေးရမလဲ"

ပြေရာပြေကြောင်း ပြောရတာ အများမရှိဘဲ မှားပါတယ် ဝန်ခံရတာတွေက မခက်အတွက်တော့ ရိုးနေပြီ။ ငယ်ကတည်းက တုတ်ပြခြိမ်းခြောက်ပြီး ဒါဆိုဒါဟု ရိုက်ချိုးခြင်းက အသားတကျ။ ဒီအိမ်မှာ လူသုံးယောက်က ရာဇသံသုံးမျိုး။

"ငါခေါ်ရင် အသံမပေးနဲ့၊ လူပဲအရင်ရောက်အောင်လာ၊ အသံပေး လူကရောက်မလာရင် နိုင်းရမယ့်ကိစ္စက အကောင်အထည်မဖော်ရသေးတော့ ဒါ အလုပ်ပြီးမြောက်တယ် မဆိုနိုင်ဘူး



နားလည်တယ်နော် မခက်၊ ဦးသက်မင်းရဲ့ သမီးအငယ်ဆုံးက ဒီလောက်တော့ အကင်းပါးရမယ်၊ သွန်သင်မှုကို နာခံတတ်ရမယ်"

ဒါ ဖေဖေ့ရဲ့ ချမှတ်သောအမိန့်။ ကိုကိုကြီးကကျတော့

"ရှင်တွေ ရှုန်တွေနဲ့တော့ ထူးမှပေါ့၊ နင်က ပါးစပ်ကြီးပိတ်ပြီး ငါ့နောက်ရောက်နေ၊ ငါက ရှေ့ကနေ မဲသဲပြီး တကြော်ကြော်အော်နေရအောင် ငါကအရူးလား"

ဆူပူမာန်မဲရင်း လက်သီးဆုပ်က မျက်နှာနား တဝဲဝဲမို့ ဘယ်အချိန် ဒိုင်းခနဲ ထိုးချမလဲဆိုပြီး ကြောက်ရွံ့စိတ်နှင့် ထပ်ခါ ထပ်ခါ ခေါင်းညိတ်ပြရတဲ့အဖြစ်။ မမလေးကျတော့ ထူးသံနှင့် လူအနားသို့ရောက်တာ တစ်ထပ်တည်းဖြစ်ရမတဲ့လေ။ ဖြစ်ပုံက မိသားစုချင်းတူတာတောင် အယူအဆချင်းမညီသော ဒီသုံးယောက်ကြားမှာ မခက်က အဖြည့်ခံလူသား။

"ဟွန်း…ပြောမှသိမယ်ဆိုတော့လည်း ထပ်ပြောရတာပေါ့၊ နင်က နားပဲစိုက်ထောင်ရတာ၊ ဒီမှာ တစ်ခါပြောတိုင်း တစ်ခါ အာညောင်းတယ်၊ ဒီနေ့ဝတ်မယ့်ဝတ်စုံကို အဆင်သင့်လုပ်နိုင်းထားတာလေ၊ ပွဲချိန်က ကပ်နေပြီ၊ ငါ့မှာ ဘာမှရယ်ဒီမဖြစ်သေးဘူး၊ နင့်ကိုပြောနေရတာကိုက အချိန်ပုပ်နေပြီ"

"အဆင်သင့်ပါပဲ မမလေးရယ်၊ မနေ့ကတည်းက မီးပူ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီး ဗီရိုထဲ ထည့်ချိတ်ထားတာ''

မခက်က ပြောလည်းပြော ဗီရိုဖွင့် အင်္ကျီနှင့်စကတ်တွဲ လျက်သားကို တစ်ခါတည်း ထုတ်ပေးသည်။ ချယ်ရီမင်းက မျက်နှာ ပေါ် ရောင်စုံကာလာတွေတင်ပြီးမှ နှုတ်ခမ်းကို အဆီတစ်ထပ် ထပ်တင်သည်။ ထို့နောက် ခေါင်းပေါ်ပေါင်းထားသည့် သဘက်ကို ဖြည်ချတော့ ကျောလယ်သာသာ ရေမစိုတစို ဆံပင်တွေက ဝဲခနဲ ကျလာ၏။ မှန်ရှေ့မှမခွာဘဲ ပြင်ထားပြီးသားမျက်နှာကို ဟိုဒီ ငဲ့စောင်းကြည့်ရင်း…

''ငါ့ဆံပင် စက်ဆွဲပေးဦး''

''ဟုတ်…မမလေး၊ ဖိနပ်က ညကရွေးထားတဲ့ ငွေမှင် ရောင်ကြိုးသိုင်း မဟုတ်လား''

''အေး…လက်ကိုင်အိတ်ကို နင်ထပ်တိုက်ထားလား၊ အရောင်က မှိန်ချင်နေပြီ၊ ဒီတစ်ခါ ငွန်တို့သဘော်တက်မှ လက်ကိုင် အိတ်ရော၊ ရေမွှေးပါ မှာဦးမှ၊ ငါ့လက်ကိုင်အိတ်တွေက ဒိတ်အောက် ချင်နေပြီ''

ဒါ…မမလေးရဲ့ထုံးစံ။ အပြင်တစ်ခါထွက်ခါနီးတိုင်း ရှိသမျှပစ္စည်းတွေဆို စိတ်တိုင်းမကျချင်တော့။ ဒိတ်အောက်ပြီး အရောင်ကမှိန်လို့၊ အဝတ်အစားနဲ့မလိုက်လို့၊ ပစ္စည်းများများထည့်



တာ မခံနိုင်လို့နှင့် အမျိုးစုံ ရှေ့ရှာတ်နေတာက အမြဲတမ်း။ ဒါတောင် ဒီနေ့ပေါ်ပစ္စည်းကို နေ့မကူးဘဲ ၁ခုံးပေါ်တင်ရတဲ့ဘဝမို့လို့သာ။ မခက်လို လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်လောက်က အဝတ်အစား တွေသာ ဝတ်ရမယ်ဆိုလျှင် မမလေးတို့ သည်းခြေပျက်ပြီး ရူးသွား နိုင်သည်။

''ဟယ်…ကြာလိုက်တာ၊ နင် ဖိနပ်တိုက်နေတာ ဒီနေ့ အဖို့ ပြီးတော့မလား မခက်၊ ဒီမှာ အင်္ကျီဇစ်လာဆွဲပေးဦး၊ ဟဲ့… ဖိနပ်ကိုင်ပြီးသား နင့်လက်ကြီးနဲ့ ငါ့အင်္ကျီ လာမကိုင်နဲ့လေ၊ ရေချိုး ခန်းမှာ သွားဆေး၊ သွား မြန်မြန်သွားပါဟဲ့၊ နင့်ကိုခိုင်းဖို့က တန်းစီ နေတာ၊ ခြေတစ်လှမ်း ကုဋေတစ်သန်းလုပ်မနေနဲ့၊ နင့်ကို ဘယ်သူမှ ဆုမပေးဘူး''

ပြောရုံနဲ့အားမရ အနားကဖြတ်သွားသော မခက်လက် မောင်းကို လှမ်းလိမ်ဆွဲပစ်သည်။ အ,ခနဲ အသံထွက်ပြီး မဲ့ရှုံ့သွားတဲ့ မျက်နှာဟာ ဘယ်ရှုထောင့်ကကြည့်ကြည့် အလှပျက်မသွား။ ဒါကိုပဲ မကျေမနပ်နဲ့ ချယ်ရီမင်းက မျက်စောင်းပိတ်ထိုးသည်။ ဒင်းလှတာ မနာလိုလို့မဟုတ်ပေမယ့် မပြုပြင်ဘဲ ရုပ်ထွက်နေတာကို မရှုစိမ့်ခြင်းဖြစ်သည်။ ရွှေရောင်နှစ်အောင် ဝင်းတဲ့အသားမှာ မျက်ခုံး စိမ်းက အပြားကြီးပြီး အတွန့်အကွေးမရှိ၊ ခပ်တန်းတန်း။ မျက်အိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကာ အနားသတ်မျက်တောင်တွေ ထူထဲကော့ညွတ်တာက မျက်ခုံးအစပ်များအထိ ပျံ့ကော့တက်နေတာက မျက်တောင်ကော့ဆေး အကူမပါ။ ဝင်းသောနှာတံနှင့် လုံးဝန်းပုံကျသော နှုတ်ခမ်းတို့က ပင်ကိုအရောင် နီရဲနုထွေးလွန်းသည်။ ဆံပင်တွေက ခြေတစ်ချက်လှမ်းတိုင်း တင်ပါးနား ဝေ့ဝိုက်ပုံအိတာက သူမတောင် ကြည့်ကောင်းလွန်း၍ ငေးမိတာကြောင့်…

"အိမ်အလုပ် လုပ်နေတဲ့သူက ဆံပင်ကြီး တဖြန့်ဖြန့်နဲ့ အစားအသောက်ထဲဝင်ရင် ဘယ်လောက်ရွံစရာကောင်းလဲ၊ ဟွန်း ငါ မျက်စိနောက်အောင် သိမ်မလုပ်နဲ့နော် မခက်၊ ငါက အကြောင်းမကြားဘဲ ဆွဲညှပ်ပစ်မှ ညည်း ယူကျုံးမရ ဖြစ်နေမယ်"

ခြိမ်းခြောက်ခံရပြီးကတည်းက ဆံပင်ကို အပြောင်သိမ်း၍ ကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်ပြီး ချထားတတ်သည်။ အများတကာတွေလို အပြောင်သိမ်းထားတာတောင် မျက်နှာက ရင့်တော် မသွား။ ရှိသမျှ အလှတွေကို ရှင်းလင်းစွာတင်ပြထားသလို နုငယ်ပျို့မြစ်ခြင်းတွေက ရုပ်လုံးကြွလာတဲ့အတိုင်း သင်းက ကုသိုလ်ကောင်းလွန်းသူဆိုတော့လဲ။

"ရပြီ မမလေး၊ ဆံပင်လည်း စက်ဆွဲပြီးသွားပြီ၊ အပေါ်က ဟဲကုတ်ကို ပါးပါးလေးတင်ပေးမယ်နော်၊ တအားများသွားရင်



ဆံပင်တွေကပ်ကုန်မှာစိုးလို့"

"အမလေးဟဲ့…လျှာရှည်လိုက်တာ၊ လုပ်စရာရှိတာ မြန်မြန်လုပ်၊ ငါက အချိန်မရှိဘူး"

တစ်ယောက်က ဝိတ်ယောက်တုန်းရှိသေး…

"မခက်"

ခေါ်သံကျယ်ကြီးက ထမင်းစားခန်းထဲမှ။ ကိုင်လက်စဘီးတောင် လွှတ်ကျတော့မတတ် ဆတ်ခနဲ တုန်သွားတဲ့ မခက်က

"ကိုကိုကြီး အိမ်ရာကနိုးလာပြီနဲ့တူတယ် မမလေး"

"ကျစ်…နှင့်နိုင်းရတာလေ အဲဒါတွေ အထာမကျတာ၊ ငါ့ဆီလာမယ်ဆို တစ်ခါတည်း အပြီးအစီးလုပ်ပေးခဲ့ပေါ့၊ အဲဒီလိုပုံစံသာ ကျပ်ကျပ်လုပ်၊ ဟိုဟာမပြီး ဒီဟာမပြီးနဲ့၊ ဟွန်း…တခြားအိမ်မှာဆိုရင်တော့ ထမင်းငတ်ကိန်းဆိုက်မှာ မှတ်ထားဦး၊ သွားသွားတော့ ကြည့်နေရင်းတောင် ကျက်သရေယုတ်တယ်"

မခက်ကတော့ မမလေးရဲ့ နှုတ်ထွက်စကားကြမ်းကြမ်းတွေကို မျက်ရည်ဝဲချိန်မရ။ ထမင်းစားခန်းဆီ ဒုန်းစိုင်းပြေးဆင်းရင်း

"လာပြီ ကိုကိုကြီးရေ၊ မခက် အပေါ်ရောက်နေလို့ သိလား၊ လာပါပြီ ထမင်းစားခန်းနား ရောက်နေပါပြီ"

ပါးစပ်က တရစပ်အော်ရင်း ကိုကိုကြီးရှေ့ ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



လှူက ဟပ်ထိုးလဲတော့မတတ်။ ဒါကို အထင်အမြင်သေး မျက်ဝန်းတွေနှင့် ကြည့်ပြီးမှ…

"မြင်လိုက်ရရင် လျှပ်စီးကို လက်နေတာပဲ၊ ဘယ်မှာလဲ ငါ့အတွက် မနေ့ညက လုပ်ခိုင်းထားတဲ့ မနက်စာ"

"အဆင်သင့်ပဲ ကိုကိုကြီး၊ လက်ဖက်ထမင်းက တမင်မနယ်ဘ ` ထားထားတာ၊ အကြော်တွေ ပျော့ကုန်မှာစိုးလို့၊ ကြက်ဥက ကြော်ရတာ လွယ်တာပဲကို၊ ခဏလေးပါ"

ရေခဲသေတ္တာထဲ ထည့်ထားသော ပါးပါးလှီးစရမ်းချဉ်သီးနှင့် ဂေါ်ဖီထဲ လက်ဖက်အသားကို ကြေအောင်နယ်၊ ပြီးမှ ထမင်းအနေတော်ခူးထည့်ရင်း လျှပ်စစ်မီးဖိုပေါ် တင်ထားသည့် ဆီအိုးကို ဆူအောင် မီးဖွင့်သည်။

"ကြာတယ်ဟာ မြန်မြန်လုပ်"

"ပြီးပါပြီ ကိုကိုကြီးရဲ့"

ထမင်းကို အပြီးသတ်နယ်ပြီး ပန်းကန်ထဲ လှယ်ထည့်သည်။ ဆီဆူနေသော အိုးထဲ ကြက်ဥဖောက်ထည့်တာနဲ့ ရှဲခနဲ အသံပေးပြီး ကြက်ဥက အနားသားတွေ ကြွပ်ရွကုန်၏။ အနှစ်မပေါက်စေဘဲ ကြက်ဥကို ခပ်ပြီး လက်ဖက်ထမင်းပေါ် အုပ်တင်ပေးသည်။ ဆားမှာ ဖွန်း၊ ခက်ရင်း တပ်ပြီး ကိုကိုကြီးရှေ့ အရောက်



ချပေးကာ ပေါင်မုန့်ထောပတ်သုပ်ခြင်း၊ ကော်ဖီဖျော်ပေးခြင်းတွေက ဇယ်ဆက်သလို။ ဒီအိမ်မှာ မမလေးနဲ့ ဖေဖေက သတ်သတ်မှတ်မှတ် မစားတတ်ပေမယ့် ကိုကိုကြီးကတော့ သူခံတွင်းတွေ့မည့် အစားအစာတိုင်း မခက်ကို အော်ဒါချပေးတတ်သည်။ မခက်ကလည်း စေတနာပါပါ အရသာရှိရှိ လုပ်ပေးပါသည်။ ကိုကိုကြီးရဲ့ လက်သီးကို ကြောက်ရသည်ကိုး။

"ဟ…ဘရိတ်ဖက်(စ်)စားတာတောင် တခမ်းတနားနဲ့ပါလား၊ ဒီလောက် ဖွယ်ဖွယ်ရာရာတွေ နင့်ကို ဘယ်သူလုပ်ခိုင်းလဲ မခက်"

"ဖေဖေ"

အလန့်တကြားခေါ်ရင်း မခက်က ကိုကိုကြီးဆီ လှမ်းကြည့်သည်။ အဖြေခက်နေသော သူမကို ဖော်မင်းက ခေါင်းခါပြီး မျက်ခုံးကျုံ့ထား၏။ မခက် သိလိုက်ပါပြီ။ ဒီဖန်တီးမှုက မခက် ခေါင်းပေါ်ကျလာသော တာဝန်။ သက်ပြင်းချပြီး စိတ်လျှော့တော့ ကိုယ်မလုပ်သည့် အပြစ်အတွက် မျက်ရည်က ဝဲချင်လာ၏။

"ဟော့…ငါမေးနေတယ်လေ၊ ဒါ ဘယ်သူလုပ်ခိုင်းတာလဲ"

ဖေဖေ့အသံကြီး ဟိန်းထွက်လာတော့ မခက်တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့စိတ်ကြောင့် တဆတ်ဆတ်တုန်သည်။ ဒါပေမဲ့ မဖြေဘဲ နှုတ်ဆိတ်မနေရဲတာကြောင့်…

"ဟို…မခက် စီစဉ်တာပါ ဖေဖေ"

"ဘာ…နင်က ဒီအိမ်မှာ ဘာဝင်ငွေရှိလို့ ဒီလောက်အများကြီး စီမံရတာလဲ၊ ဒီခေတ်ကြီးထဲမှာ ငွေရှာရတာ လွယ်တယ်များ ထင်နေသလား မခက် ဟင်"

"မဟုတ်ပါဘူး ဖေဖေ၊ မခက်က"

"တော်တော့…ငါ့ကို ဘာဆင်ခြေမှ မပေးနဲ့၊ နင်ဟာလေ နင့်အမေနဲ့ တချိုးတည်းပဲ၊ ပြောလိုက်ရင် အကြောင်းပြချက်က အဆင်သင့်၊ နင့်ကို ငါ့သမီးတော်ရတာရော သိပ်ပြီး ချစ်လှန်းခင်လှန်းလို့များ ထင်နေသလား၊ နင့်အမေရဲ့ မာယာကြား ငါမျောသွားလို့၊ အဆုံးသတ်တော့ ဒင်းက ဝင်္ကျွတ်ပြီး ငါ့မှာ ဒီအရှုပ်ထုပ်အဖတ်တင်တာပဲ ကျန်တယ်၊ အလုပ်လေး နှစ်ပြားတစ်ပဲမိုး လုပ်ပြီးတော့"

ဦးသက်မင်းက သူ့ရှေ့၌ ခေါင်းငုံ့ပြီး လက်ချင်းထပ်ဆုပ်ကာ ရပ်နေသော မှန်းမခက်အား ခံစမှ ခြေဖျားအထိ နာကျင်ရွံ့မုန်းစွာ ကြည့်ပြီးမှ…

"ဒီမနက်စာ ကုန်ကျစရိတ်အတွက် နင့်ညစာနဲ့လျှော့





လိုက်"

ဖေဖေ ထွက်သွားပြီးမှ ကိုကိုကြီးက ထိုင်ရာမှထရပ်ကာ

"ကောင်းတယ်၊ ငါ့ကို စောစောစီးစီးသာ လုပ်ပေးထားရင် ဒီပြဿနာတွေ ဖြစ်လာမှာမဟုတ်ဘူး၊ တစ်ခါလေးစားခါနီးသူကို တကြော်ကြော်ခေါ်နေရတာ၊ နင်က သိပ်နှန်းတက်ချင်တဲ့မိန်းကလေး၊ ဒီအိမ်မှာ အရေးပါအရာရောက်တယ်ဆိုပြီး၊ ညစာဝတ်တာတောင် နည်းသေးတယ်၊ ကိုယ်ဖြစ်ကိုယ်ခံ"

ကောင်းချီးပေးတာက ကိုယ့်ပယောဂကြောင့်လိုလို။ ကားစက်နှိုးသံတွေ မရှေးမနှောင်းကြားရပြီးမှ အိမ်ကြီးတစ်အိမ်လုံးက ရုတ်ခြည်းတိတ်ကျသွား၏။ ကိုကိုကြီး စားပြီးသားပန်းကန်တွေဆေးရင်း မျက်ရည်က ပန်းကန်တွေပေါ်၊ ဘောစင်တွေထဲ ပိုးပိုးပေါက်ပေါက်ကျသည်။ စိတ်ရှိတိုင်း ငိုခွင့်ရမယ်ဆိုရင် ဒီတစ်အိမ်လုံးတောင် သူ့မျက်ရည်မြစ်ထဲ မျောပါသွားဖွယ်ရာရှိသည်။

"မျက်ရည်မကျနဲ့၊ အိမ်ကျက်သရေယုတ်တယ်"

"ငါ့အဖေက စီးပွားရေးလုပ်တာနော်၊ ဖေဖေ အလုပ်အကိုင် အဆင်ပြေမှ တစ်အိမ်သားလုံး အဆင်ပြေမှာ၊ နင့်မျက်ရည်နဲ့ ကျိန်စာတိုက်မနေနဲ့"

အစ်ကို၊ အစ်မတွေပြောရုံနှင့် အားမကျ။ ဖေဖေကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကာ…

“နှင့်ကြောင့် ငါတို့မိသားစု ပါးအစည်းပြေသလို ဖြစ်ခဲ့ရတာ၊ အမိကတရားခံက နှင့်အမေ၊ နှင့်အမေကို ပံ့ပိုးတာက နှင်၊ နှင်က ငါတို့မိသားစုအတွက် အညွှံတွေချည်းယူလာတဲ့ တကယ့်ဖြုံးဟတ်ဆိုး”

တပ်ပေးသမျှ အမည်တိုင်းက နားဝင်ချိုစရာမရှိ။ မေမေတို့ ပြိုပျက်သလို မေမေနဲ့မခက်လည်း ပြိုလဲခဲ့ရတာပါလို့ ပြောခဲ့လျှင် ဒီသုံးယောက် ပိုင်းပြောသော စကားလုံးတွေပိပြီး အသက်ထွက်သွားနိုင်သည်။ မုန်းမခက်အတွက် ‘မင်း’စံအိမ်ရဲ့ သီးသန့်ထုတ်ထားတဲ့ ဥပဒေက ရှိပြီးသား။

“ပေးတာယူ၊ ကျွေးတာစားပြီး စောဒကတက်ခွင့်မရှိ”။

တကယ်ဆို မခက်ကလည်း ဦးသက်မင်းရဲ့ သွေးတစ်စက်လို့ ကျိန်တွယ်ပြောရင်တောင် ယုံမည့်လူက ခပ်ရှားရှား။

◆ ◆ ◆

## အခန်း (၃)

“မရနိုင်တော့ဘူး ကိုရင့်၊ ဆီပျောက်မီးပျောက်ဆို ကျွန်တော်ကြည့်တတ်တယ်၊ အခုဟာက ဝပ်ရှော့ကကားတစ်စီး လာဆွဲမှ ဖြစ်တော့မယ့် အခြေအနေဆိုတော့လေ”

“အေးလေ…စက်ပဲ၊ ချို့ယွင်းတာတော့ ရှိမှာပေါ့၊ ဘာဆက်လုပ်ရမလဲ စဉ်းစားမရတာ”

“တက္ကစီတစ်စီး ဖုန်းဆက်ခေါ်ရမလား ကိုရင့်”

သမ္မာရင့်ရဲ့ အပါးတော်မြဲ၊ ဒရိုင်ဘာလည်း သူ၊ လူယုံလည်းသူဖြစ်သော ထူးမြတ်က ပြောသည်။ သမ္မာက ခေါင်းယမ်းပြီး နာရီကြည့်ကာ…

“အဲဒါလည်း အဆင်မပြေဘူးကွ၊ တက္ကစီ ဒီကိုလာမယ့်

www.burmeseclassic.com

www.burmeseclassic.com



အချိန်၊ ဒီက ဟိုတယ်ပြန်သွားမယ့်အချိန်နဲ့ဆို အခမ်းအနားပြီးမှ ငါရောက်တော့မှာ"

"ဒါဆို"

ထူးမြတ်ရော သမ္မာရင့်ပါ စကားစတွေ ပြတ်သွားသည်။ ဟစ်ဖက်လမ်းမှ ကွေ့ထွက်လာသည့် ရှုရှုကီးဝက်ဂွန် အနီရဲရဲကား တစ်စီး။

"လမ်းကြုံစီးသွားမလား ကိုရင့်"

"မင်းကားက ဇက်ပုပခုံးကျုံ့ပြီး အသက်ရဲရဲမ်ရှုဘဲ စီးရမယ့်အဖြစ်"

သမ္မာရင့်ကပြောတော့ ထူးမြတ်က ပြုံးချင်ချင်မျက်နှာကို အတင်းတည်ပစ်ရသည်။ ကိုယ့်အာစရိအကြောင်း ကိုယ်သိသည်ပေါ့။ ကားဆို မြင့်မြင့်မားမား ထည်ထည်ဝါဝါမှ ကြိုက်တတ်သူ။ အခု စီးလက်စ Double Cub ခုံ ကိုရင့်လက်စွဲ။ အရောင်က ရွှေညိုရောင်။ ကားနောက်ခန်းတွဲမှာ စတီးကိုင်းတွေ၊ နှင်းခွဲမီးသီးတွေပါ ဆင်ထားတာမို့ ကိုရင့်က သွားလေရာ ဒီကားနှင့်သာ။

"ဒီကောင်ကြီးက အကြမ်းပတမ်း သိပ်ခံတာ၊ ငါသုံးတာကြာပြီ၊ အခုထိ ဘာမှမချုချာသေးဘူး"

သူ့ကားသူ မကြာခဏ ချီးမွမ်းရင်း တစိမ့်စိမ့် ကျေနပ်နေ



သူ။ အခုတော့ ချီးမွမ်းတာများသွားလို့လား၊ သုံးစွဲမှုများသွား၍လား မသိ မဖြစ်စဖူး အဖြစ်ထူးသည့် ဒီကားကြီး။ ပျက်မယ့်ပျက်တော့ သူတောင်ပြင်မရတော့ဘဲ ကားအသွားအလာကျဲသည့် လမ်းထဲကျမှပဲ။

"ကားပျက်နေလို့ထင်တယ်၊ အန်ကယ် ဘာအကူအညီ ပေးရမလဲ"

တားသင့်မတားသင့် စဉ်းစားတုန်းမှာပဲ ကားက ကိုယ့်ရှေ့ တိခနဲရပ်သည်။ ကားမှန်ချ မေးလာသူက သမ္မာရင့် စိုးရိမ်ထားသော မိန်းကလေးမဟုတ်။ ရွယ်တူလည်းမဟုတ်ဘဲ သူ့ထက် အသက်ပိုကြီးမည့် အန်ကယ်ကြီးတစ်ယောက်။ ပိုလိုရှပ်နီညိုရောင်၊ ရောင်ကို နဖူးပေါ် ပင့်တင်ထားသည်။ သမ္မာရင့်က အခုမှ မထူးတော့ပြီမို့…

"ကားပျက်သွားလို့ပါ အန်ကယ်၊ ချိန်းထားတဲ့နေရာက လည်း အမှီသွားရမှာဆိုတော့"

"အိုကေ…အန်ကယ်သဘောပေါက်ပြီ၊ ဒီလမ်းက တက္ကစီလည်း ရှားတယ်ကွ၊ တစ်နေကုန်လို့ တစ်စီးတောင်ဖြတ်တာမဟုတ်ဘူး၊ ဒီလိုလုပ် မောင်ရင် အန်ကယ့်ကားနဲ့လိုက်ခဲ့၊ သွားချင်တဲ့နေရာရဲ့ အနီးစပ်ဆုံးကို ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို အဆင်ပြေတာပေါ့ အန်ကယ်၊ ကိုရင့်က (  ) ဟိုတယ်ကိုသွားမှာ၊ ဟိုမှာ ကုန်ပစ္စည်းမိတ်ဆက်ပွဲရှိလို့”

“ဟော…(    )ဟိုတယ်လား၊ အဆင်သင့်တယ်ဟေ့၊ အန်ကယ်လည်း အဲဒီပဲသွားမှာ၊ သမီးက အဲဒီမှာ ရေကူးသင်တန်း မန်ဘာဝင်ထားတာကို သွားကြိုရမှာကွ၊ တက်ပါ မောင်ရင်”

ကိုယ်ကိုကိုင်း၍ အတွင်းဘက်ကနေ တံခါးဖွင့်ပေးသည်။ ရုပ်အဖြူပေါ် ကုတ်အနက်ထပ်ဝတ်ပြီး အင်္ကျီလက်ကို တံတောင်ဆစ်နားထိ ခေါက်ထားသည်။ ကွင်း(န်)အပြာရင့်တစ်ထည်နှင့် ခပ်ရိုးရိုးသာ ဝတ်ထားပေမယ့် လူကြီးမျက်လုံးမို့ ဒီကောင်လေးဟာ သာမန်လူငယ်တစ်ယောက်မဟုတ်ဘူးတော့ ထင်မိသားပင်။

“ကျေးဇူးပဲ အန်ကယ်၊ ငါသွားပြီ၊ ဝပ်ရှော့ဖုန်းဆက်ပြီးရင် ငါ့ကိုအပြန်လာကြို ထူးမြတ်”

“စိတ်ချ ကိုရင့်၊ ကိုရင့် ပွဲမပြီးခင် ကျွန်တော်ရောက်မယ်”

ဦးသက်မင်းက မှာကြားစရာတွေ ပြီးအောင်စောင့်နေပြီးမှ ကားကိုမောင်းထွက်သည်။ လူရွယ်ကို စကားစမြည်ပြောရန် ကြိုးစားပေမယ့် ဖုန်းသံက မြည်လာတာကြောင့်…

“ဟဲလို…အေး ငါလာနေပြီ၊ ရောက်တော့မှာ၊ အေး အခမ်းအနားမှူး ရှိတယ်မလား၊ ပစ္စည်းရဲ့ရာဇဝင်ကို အရင်မိတ်ဆက်





ထားလေ၊ ငါရှိလည်း အဲဒီနေရာ ဝင်ရပ်လို့မှမရတာ၊ အိုကေ”

ဖုန်းပြောရင်းက လမ်းဘေးပလက်ဖောင်း၌ သွားနေသော ဆံပင်ရှည်ရှည်နှင့် မိန်းကလေးအား သမင်လည်ပြန်လှည့်ငေးသည်။ ဒါကို အလိုက်သိသော ဦးသက်မင်းက…

“မိတ်ဆွေလား မောင်ရင်၊ အန်ကယ် ကားရပ်ပေးရမလား”

“ဟာ…ရပါတယ်၊ ဆံပင်ရှည်တာချင်းတူလို့”

သမ္မာက ဒီလောက်ပဲပြောပြီး စကားစကိုဖြတ်သည်။ မလိုအပ်ဘဲ အကြောင်းအရာတွေ ဖောင်ဖွဲ့အောင် မပြောတတ်တာ သူ့အကျင့်။ ဒါကြောင့် ရင်းနှီးသူတွေက စတတ်ကြသည်။

“စီးပွားရေးအောင်မြင်တယ်ဆိုတဲ့ လူတွေရဲ့ အဓိကသော့ချက်က အပြောအဆို ကောင်းခြင်းနဲ့ ဆက်ဆံရေးတော်ခြင်းတဲ့၊ သမ္မာရင့်ကျတော့ အဲဒါတွေမရှိဘဲ အောင်မြင်နေတာ ဘာကြောင့်လဲ”

သူက ပြန်ဖြေသည်မှာ တစ်ခွန်းတည်း။

“တကယ် အလုပ်လုပ်လို့”

သမ္မာရင့် ခံယူချက်က အဲဒါပဲ။ ဘာမှမလုပ်ပဲ ဘာမှ အထမြောက်လာမှာမဟုတ်။ ထိုင်နေပြီး အပြောကောင်း၍ ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ရေးကောင်းလို့ကတော့ အပြောသမားသာ ဖြစ်သွားမည်။ သမ္မာက လက်တွေ့သမား။ ဘဝကို အလုပ်နှင့် တည်ဆောက်တတ်သူ။

"စောစောက မောင်ရင့်တပည့်လား"

"ဟုတ်တယ်"

"သြော်…သူပြောတော့ ကုန်ပစ္စည်းမိတ်ဆက်ဆိုလား"

သွယ်ဝိုက်ကာ မေးခွန်းထုတ်မှန်း သမ္မာ သိသည်။ သူ ဘယ်လောက်မေးမေး ကိုယ်ဖြေမှ သူသိခွင့်ရမှာမို့…

"ဟုတ်ပါတယ်"

"စပ်စုတယ်မထင်နဲ့ မောင်ရင်၊ ဘာကုန်ပစ္စည်းများလဲ၊ အန်ကယ်လည်း စီးပွားရေးလောကမှာ ကျင်လည်နေတဲ့သူဆိုတော့ သိခွင့်ရရင် သိချင်တာကြောင့်ပါ"

"မိတ်ဆက်တယ်ဆိုမှတော့ ကုန်ပစ္စည်းက အသစ်ပါ၊ နောက်တော့ အန်ကယ်သိလာမှာပါ"

မပြောဘူးလို့ ငြင်းလိုက်တာမှ ခံရတာ သက်သာသလို ရှိသေးသည်။ အခုတော့ မျက်နှာထားရော၊ လေသံပါ နောက်ထပ် မေးခွန်းထပ်မထုတ်ရဲတော့အောင် စည်းတားပစ်လိုက်သလို။ကားက ဟိုတယ်ဝင်းဇဲ ချိုးကွေ့ဝင်ပြီး ပေါ်တီကိုအောက် ရပ်မိတော့…

"ကိုရင့်"



ဘယ်အချိန်ကတည်းက စောင့်နေမှန်းမသိသော လူရွယ် နှစ်ယောက်က သူ့ကားတံခါးကို လာဖွင့်ရင်း ဆီးကြိုသည်။ ကိုရင့် ဆိုသူက ကားအောက်ဆင်း၍ ကုတ်အင်္ကျီကြယ်သီးတွေကို ဆွဲတပ် ရင်း သူ့ဘက်ပြန်လှည့်ကာ…

"ကျေးဇူးပဲ အန်ကယ်၊ နောက်ကြုံတဲ့အခါကျမှပဲ ကျေးဇူး ပြုပါ့မယ်၊ ခွင့်ပြုပါဦး"

တပည့်နှစ်ယောက် ခြံရံပြီး ဟိုတယ်ထဲဝင်သွားပုံက ကိုရှိုး ယားမင်းသားတွေ စတိုင်အတိုင်း။ ပွဲတိုင်း ကိုယ်သာ လူပေါ်လူဇော် လုပ်ခဲ့သမျှ ဒီတစ်ယောက်နဲ့ကျမှ လက်မှိုင်ချရသော ဦးသက်မင်းဆို လျှင်…

"တော်ပါပြီ၊ နောက်တစ်ကြိမ်ဆိုတာ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟဲ့…မခက်"

နောက်ကနေ လက်တို့ခေါ်တာက ကိုကိုကြီးမှန်းသိရက်နှင့် ချက်ချင်း လှည့်မကြည့်ပေမယ့် အခါတိုင်းလို နှုတ်ဖျားကနေ…

"မခက် ဘာလုပ်ပေးရမလဲ"တို့၊ "ကိုကိုကြီး ဘာခိုင်း မလို့လဲ"ဆိုတာမျိုးက ထွက်ကျမလာ။ သေဒဏ်အပေးခံရတော့ မည့် အကျဉ်းသားလို ကိုကိုကြီးအား ငေးမောနေမိတာ မျက်လုံး အကြောင်သားနှင့်။ ဒါကို ဇော်မင်းကလည်း သိသည်။ ဒီနေ့ ဝိုင်းဖွဲ့ရန် အပေါင်းအသင်းတွေ တောင်းဆိုကြတာက သူ့ခြံထဲမှာ။ တောင်းဆိုရခြင်း အကြောင်းရင်းက ရှိပြီးသား။

"မင်းညီမ မဟာဆန်သူလေးကို ရှစားရင်း ကံစမ်းမဲနှိုက် မလို့"





"ဟေ့ကောင်…ကံစမ်းမဲနှိုက်စရာ မလိုဘူး၊ ငါက စီနီယာကျပြီးသား၊ ဒီကောင်နဲ့ငါက မင်းထက်အရင်ခင်တာ"

"အရင်ခင်ခင်၊ နောက်ကျမှ ခင်ခင်၊ သူ့ညီမရဲ့တုံ့ပြန်မှု က အရေးကြီးတာ"

စကားနိုင်လုကြတော့ ဇော်မင်းက ခပ်ပြုံးပြုံးပင်နေပေး ရင်း…

"ဖအေတူ မအေကွဲပေမယ့် ငါ့ညီမအရင်းထက်တောင် ငါက မခက်ကို ချစ်သေးတာ၊ တော်ရုံလူမျိုးနဲ့တော့ ငါ့ညီမကို သဘောမတူဘူး ဟေ့ကောင်တွေရ၊ မခက်ကလေးကလည်း လိမ္မာ ပါတယ်၊ ငါတို့မိသားစုအပေါ် သိတတ်တယ်ကွ၊ သူ့တစ်ကိုယ်ရေ တကာယစာတင်မဟုတ်ဘဲ တို့မိသားစုလုံးရဲ့ အနွံတာကို ခံနိုင်တဲ့ သူမှ ခင်ပွန်းလောင်းရွေးမှာတဲ့၊ ဒီလောက်သိတတ်တဲ့ ငါ့ညီမလေး လင်ကောင်းသားကောင်းရမှာတော့ သေချာတယ်ဟေ့"

ထန်းရည်မူး ကျွဲခိုးပေါ်သလို ပုံစံဖမ်းပြီး သူကပြောပစ် တာ။ ဒီကောင်တွေက သူ့စကားကို အတည်ယူပြီး အခုအိမ်ထိ ရောက်လာပြီ။

"ဒီခေတ်မှာ အတိုအပြတ်တွေ အဖြောင့်အကောက်တွေ မြင်ပါများတော့ ရိုးလာပြီကွ၊ တကယ့်ရင်ခုန်မှုအစစ်အမှန်ကို ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာက လုံခြုံပြီး ဂုဏ်ရှိရတဲ့အလုပ်မျိုး''

အသည်းကောင်းလို့ ပွဲတောင်းကြတော့လည်း ရွှေမင်းသမီးကို ပွဲထုတ်ရန် အချိန်ကျလာပြီ။

''ကိုကိုကြီး''

''နင့်ရုပ်က အဲဒါဘာဖြစ်နေတာလဲ၊ ရှုံ့ကြောင်မှုံ့ကြောင်နဲ့''

''မခက်က ဟို ညနေစာချက်ပြီးရင် မီးပွတိုက်တော့မှာ ကိုကိုကြီး၊ အဲဒါ''

ပြောချင်တာက ခြံထဲသို့ ခေါ်မထုတ်ရန်ပါ။ အိမ်မှာ မေမေရော မမလေးပါမရှိ။ ကိုကိုကြီးတို့ အပေါင်းအသင်းတစ်သိုက်က ညနေစောင်းကတည်းက ဘီယာဝိုင်းဖွဲ့ပြီး ခြံထဲမှာ တယောယောတဟားဟားနှင့် အော်ဟစ်သောင်းကျန်းနေကြတာ။ ဒီလူအုပ်ကြားထဲ မခက်သာရောက်သွားလျှင်။

''နင့်အလုပ်တွေ လာရှုတ်ပြမနေစမ်းနဲ့၊ ဒီမှာ အမူးတောင်ပြေသွားပြီ၊ ရော့ ဒီငါးမုန့်ထုပ်တွေ ဖောက်ပြီး ပန်းကန်ပြားထဲ လှလှပပထည့်၊ ပြီးရင် အရှေ့ဝိုင်းဆီ သွားပို့ပေးလိုက်၊ ငါ ရေချိုးမလို့''

''ကိုကိုကြီး''





ထိတ်လန့်စွာ ပြူးကျယ်သွားသော မျက်ဝန်းတွေက အကြောက်တရားကို ဖော်ပြနေသည်။ နှုတ်ခမ်းတွေ စုဝိုင်းကာ တဆတ်ဆတ်တုန်ယင်လာပြီး…

''တ…တခြားဟာခိုင်းပါ ကိုကိုကြီးရယ်၊ မ…မခက်လေ အဲဒီနေရာကို မသွားရဲလို့ပါ၊ မခက် ကြောက်လို့ပါ''

''ဘာ…ကြောက်လို့ ဟုတ်လား''

အရက်ရှိန်ကြောင့် နီမြန်းမြန်းဖြစ်နေသော မျက်နှာကြီးကို အတင်းကပ်ပြီး အမေးခံလိုက်ရသောအခါ လက်ရှိကြောက်ရသောသူက ကိုကိုကြီး ဖြစ်သွားသည်။ ဇောခံနေရသည့် ချဉ်စုပ်စုပ်အနံ့ကြောင့် မမြင်အောင် နှာခေါင်းရှုံ့မိစဉ် ကိုကိုကြီးရဲ့လက်သီးက သူမပါးတစ်ဖက်အား ခပ်ဖိဖိလာထောက်ကာ…

''ငါ နှစ်ခွန်းမပြောဘူး မခက်၊ ငါ့အပေါင်းအသင်းတွေက အကုန်သဘောသား၊ ခေါ်လာစားတွေချည်းပဲ၊ အလေနတော တစ်ယောက်မှမပါဘူး၊ နင့်သာ သဘောတူရင်လေ နင့်တစ်ကိုယ်လုံးနဲ့ အလေးချိန်ညီတဲ့ ခေါ်လာနဲ့တောင် ဝယ်ပစ်လို့ရသေး၊ သွားစကားမရှည်နဲ့၊ ထပ်ရှည်ရင် ဒီမှာ''

မျက်နှာနားအထိ လက်သီးကပ်ထောင်ပြရင်း…

''မျက်နှာပေါ် အညိုအမည်းမစွဲချင်ရင် ငါခိုင်းတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်''

ကိုကိုကြီးရဲ့ လက်သီးရာဇဝင်ကို သူမက သိပြီးသားမို့ ကြောက်ရွံ့စွာ ခေါင်းညိတ်တော့ မျက်ရည်စက်က အတားအဆီးမဲ့ ကြွေဆင်းသည်။ အမိန့်ပေးဖို့သာ ဝါသနာပါသော ကိုကိုကြီးက တော့ နေရာတင် သူမ အသက်ထွက်သွားတောင် နောက်မတွန့် သော ခြေလှမ်းတွေနှင့် အပါးမှထွက်သွားပြီ။ မျက်ရည်ကျလည်း မထူးတော့တာမို့ လက်ဖမိုးနှင့် ပါးပြင်ကို ပွတ်ဆွဲရင်း ငါးမုန့်ကြော် ထုပ်ကို ဖောက်ထည့်၏။ ကြွေပန်းကန်ပြားကိုင်ပြီး လျှောက်သော ခြေလှမ်းတွေက သားရဲတွင်းထဲ ဆင်းရသည့် ခံစားမှုမျိုးနှင့် မြက်ခင်း ပြင်ပေါ် ခြေချမိတာနှင့်…

''ယော…လာပါပြီ၊ တို့ရဲ့ရွှေမင်းသမီး''

''ငွေမင်းသမီးပါကွ၊ ဝတ်ထားတာ ငွေမှင်ရောင်''

''မင်းအလှက တကယ်ဖမ်းစားတာပါ ချာတိတ်ရဲ့၊ လာ ရဲရဲလာပါ၊ ဒီမှာ ခုံတစ်ခုံယူထားတယ်၊ မင်းအတွက်''

ကိုကိုကြီးဆီလာတိုင်း တပ်မက်ခြင်းအရောင်တွေ ပြည့်နှက်နေသော အကြည့်များနှင့် ကြည့်တတ်သူက ထိုင်ရာမှထ ကာ မခက်လက်ထဲမှ ငါးမုန့်ကြော်ပန်းကန်ကို လှမ်းယူသည်။ နီစပ်စပ်အသားမှာ ဝက်ခြံဖုကြီးတွေ ရဲရဲနီအောင် မျက်နှာပေါ် နေရာ





ယူထားသော ထိုလူ့လက်ထဲ ပန်းကန်ထည့်ပြီးသည်နှင့် မခက်က နေရာမှ လှည့်ထွက်သည်။

''ဟာ…ဟိတ်၊ ဒီလိုလုပ်လို့ မရဘူးလေ၊ ကိုယ်ပြောထား တာပဲ ဒီမှာထိုင်လို့''

လက်ဖျားလေးကို မမှီ့တမှီ ဆောင့်ဆွဲခြင်းအား မခက်က ဆတ်ခနဲပြန်ရုန်းထွက်သည်။ အသံတုန်တုန်ဖြင့်…

''ဟင့်အင်း…မခက် မထိုင်ဘူး''

''မထိုင်လို့မရဘူး၊ ကိုယ်တို့ဝိုင်းမှာ လိုအပ်တာမှန်သမျှ မင်းလုပ်ပေး''

''ဟင့်အင်း…မခက် မလုပ်တတ်လို့ပါ၊ လမ်းဖယ်ပေး ပါ''

မခက်က ဝိတ်ရပ်ထားသူဘေးမှ ကွေ့ထွက်ရန်ကြိုးစား သည်။ ထိုလူက မခက်ရှေ့မှ ထုပ်ဆီးတိုးသလို လိုက်ပိတ်ကာ သည်။ မခက်က ရှောင်လေ သူကပိတ်လေ။ ထိုင်နေသော လူတွေ ကလည်း တစ်ခွန်းတစ်ပါဒမှ မတားဘဲ တဝါးဝါး တဟားဟားနှင့် ရယ်နေတာက ဟာသကားတစ်ကား ကြည့်နေသလို။ ရှက်စိတ်၊ ကြောက်စိတ်တွေကြောင့် မခက်က အမြင်တွေ ဝေဝါးလာသည်။ မျက်ရည်က တသွဲ့သွဲ့စီးဆင်းရင်းက ဒူးကမခိုင်၊ ခြေညှတ်ခုဆဲဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီးရေ"

ငိုသံပါနှင့် အော်ခေါ်တော့ အသံကောင်းစွာ မထွက်တော့။ ကျားရှေ့လည်စင်းပေးရတော့မည့် သားကောင်ငယ်လို။ ကူကယ်ရာမဲ့ဘဝမှာ မခက်က မျက်ရည်တွေ မစဲဘဲ ကျဆင်းလို့သာ တတ်နိုင်သည့် အခြေအနေ။ ထိုအခိုက်မှာပင်...

"အိမ်ရှင်တို့...ဗျို့..အိမ်ရှင်တို့"

"ဝုတ်...ဝုတ်...ဝေါင်း...ဝေါင်း"

ရုတ်တရက်ကြီး ခြံရှေ့ခဲ့ လူခေါ်သံတွေရော ခွေးဟောင်သံတွေပါ ဆူညံလာတာမို့ မခက်နား ဝေ့ဝဲနေသည့် ရယ်သံတွေ တိခနဲ တိတ်ကျကုန်သည်။

"အိမ်ရှင်တို့"

"ဝေါင်း...ဝေါင်း"

"ဘာလဲဟ"

ဝိုင်းဖွဲ့နေသော တစ်ယောက်ထံမှ အသံထွက်လာပြီး ထိုင်ရာမှထကာ ခြံတံခါးဆီသွားရန် ဟန်အပြင်မှာပဲ...

"နေ...နေ ဝဏ္ဏ၊ ငါ သွားလိုက်မယ်"

အိမ်မကြီးပေါ်က ဆင်းလာသော ကိုကိုကြီးက မခက်အား အခဲမကျေသော မျက်ဝန်းတွေနဲ့ကြည့်ကာ...





"နင်ကြပ်ကြပ်သတိထား မခက်၊ သိပ်အဖြစ်သည်းမနေနဲ့"

ကြိမ်းမောင်းတော့ မခက်က ပခုံးလေးကျုံ့ပြီး လှစ်ခနဲ အိမ်ထဲပြေးဝင်သွားသည်။ ဖော်မင်းက ဘေးပတ်ဝန်းကျင်မှလူတွေကိုတော့ သိပ်ကလန်ကဆန် မလုပ်ရဲ။ နိုင်းစားလို့ရတဲ့ သူ့အပေါ်သာ သူအနိုင်ယူမည်။ အကြောင်းမသိသူချင်းဆို သူက အလျှော့ပေးတတ်၏။ အဲဒါ သူ့သတ္တိ။ ထို့ကြောင့် မခက်အပေါ် မကျေလည်သော မျက်နှာကို ပြေပြစ်ခြင်းအဖြစ် အတတ်နိုင်ဆုံး လျှော့ချကာ တံခါးနားသို့သွားပြီး...

"ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

ယဉ်ကျေးစွာမေးရပေမယ့် ခံတွင်းထဲက ထွက်လာသော ယမကာအနံ့ကတော့ မနှစ်မြို့ဖွယ်ရာ။

"လူလေးရေ...ဦးတို့က ဒီခြံကပါ"

ညွှန်ပြသောခြံက သူတို့နှင့် မျက်နှာချင်းဆိုင်ကိုမှ စတီးလက်ရန်းတွေ၊ စတီးဝရန်တာတွေနှင့် ကြွားဝင့်စွာဆောက်ထားသော သုံးထပ်တိုက်ကြီး။ ဒီတိုက်ကြီး ,စဆောက်ကတည်းက သူတို့တစ်မိသားစုလုံးက တိုက်ပိုင်ရှင်ကို စိတ်ဝင်တစား ရှိနေခဲ့ပါတယ်ဆိုရင်၊

www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဒါဆို ခြံထဲဝင်ပါခင်ဗျာ၊ မျက်နှာချင်းဆိုင်ဆိုတော့ အိမ်နီးနားချင်းတွေပဲ၊ ကျွန်တော် ဘာကူညီပေးရမလဲ"

ပျာပျာသလဲ တံခါးဖွင့်ပေးတော့ သူတွေ့ရသော လူသုံးယောက်က အရင်ဝင်မလာဘဲ…

"ဟဲ့…ဟဲ့…ဟဲ့…ခွေး"

အလန့်တကြားအော်ကာ နောက်သို့ အသည်းအသန်ခုန်ရှောင်ပစ်လိုက်ရသည်။ သူ့ကို တိုးတိုက်၍ ဝင်သွားသည်မှာ ခါးစောင်းလောက် အမြင့်ရှိသည့် အညိုရင့်ရောင်အမွေးများနှင့် အယ်လ်ဆေးရှင်းခွေးကြီးနှစ်ကောင်။

"မကိုက်ပါဘူး လူလေးရဲ့၊ အိန္ဂျယ် ဟော့ကောင် အဲဒီမှာရပ်စမ်း"

လူကြီးက လှမ်းအမိန့်ပေးတော့ ခွေးကြီးနှစ်ကောင်က နားလည်သည့်အလား ရောက်တဲ့နေရာမှာ ဆောင့်ကြောင့်ထိုင်ချသည်။ ဒါပေမဲ့ ဘေးပတ်ဝန်းကျင်ကို အလွတ်မပေးဘဲ နားရွက်တွေထောင်ပြီး မျက်လုံးကြီးတွေ ဝေ့ဝဲကာ စူးစမ်းနေပုံက ဝိုင်းဖွဲ့နေသော ကောင်တွေသာ ငြိမ်ကျသွားတဲ့အထိ။

"ဦးတို့ သူဌေးမင်းဆီ ဖုန်းဆက်ချင်လို့ပါ၊ ဦးကိုပေးထားတဲ့ ဟင်း(န်)ဖုန်းက အိမ်ထဲလျှောက်ကြည့်ရင်း ရေကူးကန်ထဲ



ပြုတ်ကျတော့ ဘယ်လိုမှ ဆက်လို့မရတော့ဘူးလေ၊ သူဌေးမင်းက မနက်ဖြန် အိမ်ကြီးကို ပြောင်းလာမှာဆိုတော့ လိုအပ်တဲ့ ဟာကွက်လေးတွေကို လှမ်းအကြောင်းကြားချင်လို့ပါကွယ်၊ ဘေးခြံကို အကူအညီတောင်းမလို့ပဲကွဲ့၊ လူရိပ်လူခြေ မမြင်တာနဲ့၊ လူလေးတို့ကျတော့ ခြံထဲမှာသောက်စားနေတာ တွေ့ရတော့လေ"

တခြားဘာတွေ့သေးလဲဆိုတဲ့ စိုးရိမ်စိတ်က ရင်ထဲဖြတ်ပြေးသည်။ ခံစားရသမျှ မျက်နှာပေါ် ကောက်ကြောင်းမပေါ်အောင်သူ မထိန်းချုပ်နိုင်။

"ဘယ်လိုပဲဖြစ်ပါစေ သူက မင်းတို့ညီမ၊ ဒီအိမ်ထဲမှာစိတ်ကြိုက်အပြစ်ပေး ရတယ်၊ ဒါပေမဲ့ လူမြင်ကွင်းမှာတော့ မဖြစ်စေနဲ့၊ ပတ်ဝန်းကျင်က သို့လော သို့လောနဲ့ တွေးပြီး မေးသမျှဖြေရရင် ကိုယ့်အထုပ်ကိုယ်ဖြည်တာနဲ့ အတူတူပဲ၊ လူတိုင်းကမျက်စိနှစ်လုံး၊ နားနှစ်ပေါက်နဲ့ မြင်ရကြားရသမျှ သိုလှောင်ထားဖို့မဟုတ်ဘဲ တစ်ပေါက်တည်းပါတဲ့ ပါးစပ်က ဖွင့်အန်ထုတ်ပြချင်တာမျိုး"

ဖေဖေက သူတို့မောင်နှမကို မကြာခဏ ဆုံးမဖူးသည်။ အခုတော့ ဖေဖေ့ဆုံးမချက်နှင့် သူလမ်းလွဲခဲ့ပြီလား။

"ဦးတို့ ဖုန်းဆက်ခွင့်ရမယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးရဲ့စကားသံက သူ့အတွေးကို တိခနဲပိုင်းချသည်။

"သြော်…ရပါတယ်၊ ကြွပါခင်ဗျ၊ ဧည့်ခန်းထဲကို"

ဇော်မင်းက ဦးဆောင်ပြီးခေါ်လာတော့ လူကြီးက သူ့နောက်ကမှပါလာပြီး…

"မိုးစိမ်နဲ့ ထူးမြတ်၊ ကင်းတို့ကို စောင့်ကြည့်ထားဦး၊ ဒီကောင်တွေက စိတ်မထင်ရင် ထိန်းရတာမလွယ်ဘူး"

အရက်ဝိုင်းဖွဲ့နေသော လူတစ်စုက အဲဒီစကားကြောင့် ခွေးကြီးတွေကို လှမ်းငေးရင်း စကားတောင် ကျယ်ကျယ်မပြောဝံ့တော့။ ရှိန်မယ်ဆိုလည်း ရှိန်ချင်စရာ။ ခွေးကြီးနှစ်ကောင်က အရပ်အမောင်းမြင့်သလောက် ပိန်သွောင်သွောင်လေးတွေ မဟုတ်ဘဲ ခြသေ့ပေါက်အရွယ်အစားရှိသည်။ နီနီရဲရဲ လျှာကြီးတွေအပြင် ချွန်ထွက်ဖြူဖွေးနေသော သွားကြီးတွေက တွေ့သူတိုင်း ကြောက်ရွံ့စရာ။

လူကြီးနောက်သို့ တစ်လှမ်းချင်း ပါလာပြီ။ ပေါ်တီကိုအောက် အိမ်အဝမှာ ဆောင့်ကြောင့်ထိုင်စောင့်နေတာ မလှုပ်မယှက်နှင့်။ လူကြီးက ဖုန်းခေါ်နေတော့ ယဉ်ကျေးမှုအရ ဇော်မင်းက အနားမှာမနေ။ ဒါပေမဲ့ အပြင်လည်းမထွက်ရဲ။ ခွေးကြီးတွေနား အစောင့်ရှိတယ်ဆိုပေမယ့် လူကြီးနှင့်အတူ တွဲထွက်မှ လုံခြုံမည်လို့





စိတ်ကထင်ထားတာ။

"ဟုတ်ကဲ့…ဘော့(စ်)၊ အဆင်ပြေတယ် ဘော့(စ်)၊ ဘော့(စ်)ရော အဆင်ပြေရဲ့လား၊ ရပြီနော် ဘော့(စ်)၊ ဟုတ်… ဟုတ်ကဲ့၊ စိတ်ချပါခင်ဗျာ အကွက်စေ့အောင် အားလုံးစီမံထားပါ့မယ်"

ဟုတ်ကဲ့ချင်း မိုးမွှန်အောင်ပြောပြီးမှ လူကြီးက ဖုန်းချသည်။ ထို့နောက် ကျေးဇူးတင်ပြုံးဖြင့် ဇော်မင်းဘက် မျက်နှာမူလာပြီး…

"အခုလို ကူညီတာကို ဦး အရမ်းကျေးဇူးတင်ပါတယ်ကွယ်၊ ဒါနဲ့ ဒီအိမ်မှာ လူကြီးသူမက"

"သြော်…ဖေဖေရှိပါတယ်၊ ဖေဖေက အလုပ်ကိစ္စကြောင့် ညဉ့်နက်တယ်ခင်ဗျ"

"ဒီဓာတ်ပုံထဲကဟာက မိသားစုတွေလား"

နံရံတွင် ချိတ်ထားသော မေမေ့ပုံပါ ပါသည့်ဓာတ်ပုံအား လက်ညှိုးထိုးရင်း မေးသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်တို့မေမေက ငယ်ငယ်ကလေးတည်းက ဆုံးသွားတာ၊ ဒါ ကျွန်တော့်ညီမ ချယ်ရီမင်း၊ ကျွန်တော်က ဇော်မင်း၊ ဖေဖေက ဦးသက်မင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…သြော် ဒါကြောင့် 'မင်း'စံအိမ်လို့ ခြံဝမှာ ဆိုင်းဘုတ်တပ်ထားတာကိုး၊ ဦး ခြံဝမှာခေါ်တုန်းက မိန်းကလေး တစ်ယောက် တွေ့လိုက်သားကွဲ့၊ ဆံပင်ရှည်ရှည် မြန်မာဝတ်စုံနဲ့ လေ၊ ငိုလို့၊ ဦးကတောင် အစ်ကိုတွေ အစသန်တယ်ထင်လို့လေ၊ အဲဒါက တူမောင်ပြောတဲ့ ညီမချယ်ရီမင်းဆိုတာလား"

လူကြီးအား စပ်စုတယ်လို့ အပြစ်မတင်ရဲတော့။ သူတို့ ဒီဘက်ခြံမှာ ဖြစ်ပျက်သမျှ မြင်ကွင်းအား ဒီလူကြီးက စေ့စပ်စွာ အကုန်သိမြင်သည်ဆိုမှတော့ ဇော်မင်းက မရှိမဲ့ရှိမဲ့ အမူးရှိန်တွေလည်း ပျောက်ထွက်သွားကာ…

"အဲဒါ ညီမဝမ်းကွဲပါ"

"သြော်…အေးကွယ်၊ ဦးက ဆရာလုပ်တာတော့ မဟုတ် ပါဘူး၊ စကားပုံတောင် ရှိသေးတာပဲ၊ အကျိုးစားသန်တော့ ရန်များ ၏တဲ့၊ ချစ်တာက သပ်သပ်၊ စတာကသပ်သပ်ပေါ့၊ တစ်ခါတလေ ကိုယ်ချစ်လို့စတာက တစ်ဖက်သားကို နစ်နာသွားစေရင် ဘယ်ကောင်းမလဲ တူမောင်ရယ်၊ နော့ ဟုတ်ဘူးလား"

ဇော်မင်းမှာ လူကြီးသြဝါဒကြောင့် ခေါင်းတွေ ထပ်ခါ ညိတ်ရင်း လှုက အခုမှ အမူးရှိန်တက်လာ၏။ လူကြီးက ပြန်ခါနီးမှ

"ဦးနာမည်က ဇော်ဟိတ်တဲ့၊ ဒါ ဦးရဲ့ ဗစ်ဇစ်တင်းကဒ်၊





ဦးက သူဌေးရဲ့အတိုင်ပင်ခံ၊ အကြံပေးရှေ့နေပေါ့"

ဘွဲ့ထူးတွေ တသီကြီးပါသော လိပ်စာကဒ်နှင့် ခြိမ်းခြောက်သွားသေးသည်။ ဇော်မင်းကတော့ အဲဒီလူကြီးရှေ့မှာ ရှိသမျှ မာန်တွေခဝါချပြီး မခုတ်တတ်တဲ့ကြောင့်လို့ ရှေ့ဆက်ပြီး သတိထားစရာတွေ အများကြီးရှိလာပြီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မေမေရယ်...ဒီနေ့လေ မခက် ယက်လက်အိပ်လို့တောင် မရဘူးသိလား၊ ဖေဖေရယ်လေ မခက်ကို ခါးပတ်နဲ့ရိုက်ထားတာ၊ ကျောမှာ ရှိုးရာအပြည့်ပဲ၊ ဖုန်းဖြေတာအဆင်မပြေလို့တဲ့၊ မခက်လည်း ရှိုးရှိုးပဲဖြေတာ မေမေရဲ့၊ အဲဒါ ဟိုတစ်ဖက် နားရှက်စရာတွေ ပြောတာနဲ့"

လက်ရေးက ခပ်သော့သော့ရေးထားသည့်ပုံမျိုး။ မှင်ရာပေါ် မျက်ရည်စက်တို့ ကြွေလွင့်သွားဟန်တူသည်။ တချို့စာလုံးတွေက မှင်တွေပျံ့လို့။ ရေးချင်တာ မပြီးသေးပုံဖြင့် ခဏရပ်ထားပြီးမှ နောက်တစ်ကြောင်းကျော်မှာ...

"ဖေဖေ့ကို မခက် စိတ်မဆိုးပါဘူး မေမေရယ်၊ ဒါပေမဲ့





သိချင်တယ်၊ ဖေဖေ ဘာလို့ မခက်ကို အရမ်းကြီးမုန်းရတာလဲလို့"

အကြောင်းအရာက အဲဒီတစ်မျက်နှာမှာ အဆုံးသတ်သည်။ နောက်တစ်မျက်နှာမှ ရက်စွဲက ရှေ့ကအဖြစ်နှင့် တစ်ပတ်တိတိကွာသည်။

"မမလေးက ပြောတယ်၊ မေမေက မာယာတစ်သိန်းနဲ့ ဖေဖေ့ကို လုခဲ့တာတဲ့၊ မခက်ကို မလုနဲ့၊ နေရာမယူချင်နဲ့တဲ့၊ မခက်က နေရာလည်း မလုချင်ပါဘူး၊ မခက် ဆုတောင်းမိတာ တစ်ခုတည်း၊ ဒီမိသားစုနဲ့အတူနေပြီး ဒီမိသားစုရဲ့မေတ္တာတော့ မခက်လိုချင်တယ်၊ တိတ်တိတ်လေး တောင့်တရတာပေါ့ မေမေရယ်၊ မမလေးကြားသွားရင် အရိုက်ခံရဦးမှာ၊ 'မင်း'စံအိမ်ရဲ့မေတ္တာနဲ့ မခက်က တန်ရဲ့လားဆိုပြီးလေ"

ဖတ်ရသမျှ အကြောင်းတွေဟာ တစ်စက်ကလေးမှ သာယာပျော်ရွှင်ဖွယ်ရာ မပါခဲ့။ ထိုကတည်းက သူဟာ ဒီမိန်းကလေးကို စိတ်ဝင်စားခဲ့တာ။ ဒီစာတွေ ဖတ်ရမှမဟုတ်ပါ။ သောင်ပြင်ဖွေးဖွေး၊ လှိုင်းရေးရေးအောက်မှာ ကျောက်စိမ်းရင့်ရောင်ဝတ်စုံနဲ့ မိန်းကလေး။ မျက်နှာကို မှတ်မှတ်ထင်ထင် မရှိပေမယ့် တစ်ကိုယ်လုံး ဖုံးအုပ်ထားသော ဆံနွယ်ရှည်တွေကိုတော့ သူမှတ်မိခဲ့သည်။ ဒါ့အပြင် မျက်ရည်မိုးတွေ မစဲဘဲ ရွာနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဘေးတစ်ဆောင်းမျက်နှာနုနုလေး။ အံ့သြလွန်း၍ သူ ငေးကြည့်နေဆဲမှာပင် သူမက ဆံနွယ်တွေကို ဝှေ့ခနဲခါရင်း သောင်စပ်မှ ပြေးထွက်သွားသည်။ သူမပြေးရာနောက် လျှောက်ငေးရင်းက လှိုင်းတစ်လုံးရဲ့ ဝုန်းခနဲ ဆောင့်တိုက်စားမှုကြောင့် သဲမို့မို့လေး ပြိုပျက်သွားသည်။ သဲအပြယ်မှာ ငွေမှင်ရောင် စက္ကူအိတ်က တစ်စွန်းတစ်စ ပေါ်လာပြီးနောက်…

"ဟူး"

သမ္ဗာက သက်ပြင်းမောကို ရှိုက်ထုတ်သည်။ ထိုအခိုက်

"ဒေါက်…ဒေါက်"

တံခါးခေါက်သံနှင့်အတူ…

"ကိုရင်…ကျွန်တော်တို့ပြန်ရောက်ပြီ၊ ဝင်ခဲ့ရမလား ကိုရင့်"

"အေး…ဝင်ခဲ့"

သူ့အမိန့်သံအဆုံးမှာ တံခါးချပ်က ရှောခနဲ ရှပ်တိုက်ပွင့်၍ အခန်းဝမှာ ထူးမြတ်နှင့် ဦးဇော်ဟိတ်။ သမ္ဗာက လျှော့ရဲရဲ မှီထိုင်နေသော ကိုယ်ကိုပြန်မတ်ရင်း…

"အဆင်ပြေရဲ့လား အန်ကယ်ဇော်"

"အင်း…ပြေပါတယ်၊ ကိုရင့်ပြောတဲ့အတိုင်း ဝင်မေးခဲ့





အကြောင်းပြချက်ကတော့ ရှာရသေးတာပေါ့၊ သူတို့ဖုန်းနံပါတ် ကိုရင့်ရဲ့ဖုန်းမှာ ပေါ်တယ်မဟုတ်လား"

"မှတ်ထားပြီးပြီ၊ ကျွန်တော့်ဆန္ဒအတိုင်း ဖြည့်ဆည်းပေးခဲ့တဲ့အတွက် ကျေးဇူး အန်ကယ်ဇော်"

"အာ…မလိုပါဘူး ကိုရင့်ရ၊ ကလေးမလေးက တော်တော်အခက်တွေ့နေပုံရတယ်၊ အန်ကယ်တို့ရောက်သွားမှ သူ အဲဒီကောင်တွေလက်ထဲက လွတ်သွားတာ"

သမ္ဗာက ခေါင်းညိတ်ရင်း မျက်ဝန်းထဲ၌ ငွေမှင်ရောင် အရိပ်ကလေးရဲ့ ကြောက်ရွံ့ခြင်းဟန်ပန်ကို ပြန်မြင်ယောင်သည်။

"လူကြီးတွေမရှိဘူး ကိုရင့်၊ အဲဒီကောင်အုပ်စုနဲ့ ကောင်မလေးပဲရှိတာ၊ အန်ကယ်ကြီးမေးတော့ ညီမဝမ်းကွဲတဲ့"

ထူးမြတ်က အစီရင်ခံသည်။ အန်ကယ်ဇော်က ထူးမြတ်စကားကို ထောက်ခံဟန်ဖြင့် ခေါင်းညိတ်ရင်း…

"မိသားစုဓာတ်ပုံတွေလို့ မေးတာ ကိုရင့်၊ ဒါပေမဲ့ ကိုရင့်ပြတဲ့စာအုပ်ထဲက သားအမိတော့ မဟုတ်ဘူး"

စာအုပ်လေးက သားရေဖုံးဒိုင်ယာရီလေး။ လက်ကြားထဲ ညှပ်ကိုင်ထားရာမှ အဖုံးကို လက်မနှင့် လှန်ဖွင့်တော့ ကလေးငယ် လသားအရွယ်နှင့် မိခင်က ချီထားပုံ။ နောက်သုံးလေးနှစ်အရွယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



မည်။ ဆံပင်ကုတ်ဝဲနှင့် မိန်းကလေးက မိခင်ရင်ခွင်ထဲ ဝင်တိုးပြီးမှ ကင်မရာဘက် မရဲတရဲကြည့်နေပုံ နှစ်ပုံကို ဒိုင်ယာရီစာရွက်၌ တိပ်ဖြင့် လေးဘက်လေးတန် ကပ်ထားသည်။ ပုံအောက်ခြေတွင် 'မခက်နဲ့မေမေ' ဆိုပြီး ရေးထားသော စာတန်းလေး။ အခုတော့ ဒီထဲကပုံဟာ 'မင်း' မိသားစုနှင့် မသက်ဆိုင်ပါတဲ့။ သက်ဆိုင်သူဆိုရင် ဒီညနေကလို အဖြစ်မျိုး ပေါ်ရက်မလား။ ခံပြင်းစိတ်ကြောင့် အံကြိတ်မိတော့ မေးကြောကြီးတွေက ထင်းခနဲ။ သူ့စိတ်ကို ရိပ်မိပုံရသော ထူးမြတ်က ပြေရာပြေကြောင်း ပြောသည်။

"ဘာပဲဖြစ်ဖြစ် ဖုန်းနံပါတ်ရထားတာ တပန်းသာပါတယ်"

"ရပြီ...သွားနားတော့"

သူကခွင့်ပေးတော့ ထူးမြတ်က အရင်ထရပ်သည်။ အန်ကယ်ဖော်ကတော့ လေးပင်စွာ စားပွဲကို လက်ထောက်ရပ်ရင်းက...

"ဥပဒေအကြောင်းအရ ပြောရရင်တော့ ဒါ မိသားစုအရေးအခင်း ကိုရင့်၊ နောက်တစ်ခါ ထပ်ပြီး ကောင်မလေးကို ကူညီဖို့နည်းလမ်းက တရားဝင်တော့ မရှိသေးဘူး၊ မိန်းကလေးဘက်က အကူအညီ တောင်းခံလာရင်တော့ တစ်မျိုးပေါ့လေ၊ ဒါပေမဲ့ တစ်ခါ



ကနစ်ခါ ကာကွယ်ဖို့ကျတော့"

သမ္မာ ဖျတ်ခနဲထရပ်ကာ ကျောခိုင်းတော့ အန်ကယ့်ဖော့်စကားက တိခနဲပြတ်သည်။ သမ္မာက မှန်ပြတင်းပေါက်များရှိ ဒေါက်တင်ထားသော မှန်ပြောင်းရှည်ကြီးထံ မလှုပ်တလှုပ် လျှောက်သွားသည်။ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ကို ငြိမ်းချမ်းစွာ ရှိစေပြီးမှ မှန်ပြောင်းမှတစ်ဆင့် တစ်ဖက်ခြံအား လှမ်းချောင်းကြည့်ရင်း...

"ကာကွယ်ခွင့်ကို တရားဝင်ရအောင် ကျွန်တော်လုပ်မယ်ဆိုရင်ရော"

အန်ကယ်ဖော်ထံမှ ဘာစကားမှ ထွက်မလာတော့ဘဲ...

"ကောင်းသောညပါ ကိုရင့်"

နှုတ်ဆက်သံနှင့် မရှေးမနှောင်းမှာ တံခါးပိတ်သံ ထွက်ပေါ်လာသည်။ သမ္မာက လိုင်းတွန့်ဝဲဝဲဆံပင်အား လက်ငါးချောင်းနှင့် ထိုးဖွပြီးမှ မျက်နှာချင်းဆိုင် အိမ်ကြီးဆီ မှန်ပြောင်းထဲမှ အကြည့်တစ်ပတ် လည်ခွင့်ပေးလိုက်သည်။

ခြံထဲရှိ အရက်ဝိုင်းကလည်း ဆောဆောကလောက် ဆူညံခြင်းမရှိဘဲ တိတ်ဆိတ်စွာ။ မင်းရော ဘယ်နေရာမှာ တိတ်ဆိတ်စွာ ငိုကြွေးနေမလဲ ချာတိတ်။ မျှော်လင့်ချက်ကို လွှတ်မချပစ်ဖို့

www.burmeseclassic.com

စိုး : မိုး : ၈၁၆၅

www.burmeseclassic.com



တော့ ငါတောင်းဆိုရမှာပဲ ကောင်မလေးရယ်။ ဘဝရဲ့ အခက်အခဲများစွာထဲမှာ လွတ်မြောက်ခြင်းက တစ်ထောင့်တစ်နေရာက ပေါ်လာတတ်စမြဲ။ အဲဒီလွတ်မြောက်ခြင်းရဲ့ ဖန်တီးရှင်က ငါဆိုတာ မင်းယုံထား။

◆ ◆ ◆

## အခန်း (၆)

"မဟုတ်···မဟုတ်ရပါဘူး မမလေးရယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ၊ မခက် မြူဆွယ်ပြီးယူတာ မဟုတ်ပါဘူး"

"တော်စမ်း···နင့်အမေက မွေးတဲ့သမီး နင့်အမေလိုပဲ လာမှာပေါ့၊ ကိုမော့်လို တကယ့်ဂရိတ်တစ်ယောက်ရဲ့သားက ဒီလက်ကိုင်အိတ်ကို ခဲယယနဲ့ နင့်ကိုပေးတယ်ဆိုတာ၊ ဒီမှာ ငါယုံဖို့ တော်တော်ကြိုးစားရဦးမယ်၊ မခက် ငါမေးတာ အမှန်အတိုင်းဖြေနော်"

တစ်ချောင်းတည်းကျစ်၍ ချထားသော ကျစ်ဆံမြီးကို လက်၌ ကြိုးတစ်ချောင်းလို လိမ်ကျစ်၍ ဆောင့်ခနဲ ဆွဲတာကြောင့် ခက်ခေါင်းက အနောက်သို့ လန်သွားသည်။ အကာအကွယ်မဲ့

ဝို : ဝို : ၈၁၆ပ
ဝို : ဝို : ၈၁၆ပ
www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ဟိုဒီငုံ့လွဲ၍မရ။

"တကယ်ပြောတာပါ မမလေးရဲ့၊ မခက် ဈေးသွားတုန်း လမ်းကစောင့်ပြီး မခက်လက်ကို ဆွဲတာနဲ့"

"တော်စမ်း"

ဆံပင်ကိုဆွဲပေမယ့် ကျောကို ဝိတ်ကန်တာကြောင့်…

"အ"

ခနဲအော်ပြီး ရှေ့သို့ ငိုက်စင်းသွားပေမယ့် ဟပ်ထိုးတော့ ဖြစ်မသွား။ နောက်ကဆံပင်ကို အုပ်ဆွဲထားသည့် အရှိန်က ရှိနေ တာကိုး။

"ငါ့ကို အဲဒီစကားမပြောနဲ့၊ မကြားချင်ဘူး"

ချယ်ရီမင်းက အော်ကာ ဆံပင်ကို ဖြေလွှတ်သည်။ ပြီးတော့မှ မခက်ရှေ့သို့ ဒိုင်းခနဲ ရောက်သွားကာ မျက်နှာကို အားပါသော ရိုက်ချက်ဖြင့် လက်ပြန်ရိုက်ချသည်။ မခက်က မျက်နှာရော ကိုယ်လုံးပါ လည်ထွက်၍ ကြမ်းပြင်ပေါ် ပုံခနဲ ခွေကျသွားသည်။

"မှတ်ထား၊ အဲဒါ မတန်မရာကို မှန်းချင်ဦး၊ ဒီအိတ်က ရော နင့်လိုမယားငယ်ကမွေးတဲ့ မိန်းမနဲ့ တူသလား၊ တန်သလား ဒီမှာ မှန်းမခက် သိပ်ပြီး မာန်မတက်နဲ့၊ နင့်ကို ဟိုက ချစ်လွန်း





ခင်လွန်းလို့ ပေးတယ်လည်းထင်ပြီး သွေးနားထင်ရောက်မနေနဲ့၊ အချောင်လိုချင်လို့၊ အချောင်နှိုက်ချင်လို့ဆိုတာ မသေမချင်းမှတ်ထား"

ပြောရင်းက ဒေါသက ထိန်းမနိုင်သိမ်းမရ ထွက်လာသည်။ မလှမ်းမကမ်း၌ ဒီတိုင်းကျနေသော ပိတောက်ခြောက်ရောင် ပေါ် ရွှေကိုင်းကွပ်ထားသည့် လက်ကိုင်အိတ်အဖောင်းလေးထံ အကြည့်ကရောက်တော့ ရင်ထဲကအငြိုးက မီးသဖွယ် ထတောက်၏။ ကိုယ်က လက်ထပ်ရန် တဂျီဂျီပူဆာတုန်းကတော့…

"မေမေက အလိမ္မာအိမ်ပါ သမီးချွေးမမျိုး လိုချင်တာ ချယ်ရီရဲ့"

"ချယ်ရီကို မလိုချင်တဲ့သဘောပေါ့ ဟုတ်လား ကိုမော်၊ ချယ်ရီက အလိမ္မာအိမ်ပါ မဟုတ်ဘူးပေါ့"

ချယ်ရီမင်းက ရှူးဆို ဒိုင်းခနဲပေါက်ကွဲတတ်သော ဒေါသ သမား။ မျိုသိပ်နိုင်စွမ်း၊ သည်းခံနိုင်စွမ်းက မွေးကတည်းက မပါ လာခဲ့သူလို။ ဒေါသနောက်မှာ လက်က ဟိုပါဒီပါမို့ မိန်းမကြမ်း လို့ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့သူ။ အခု ရည်းစားသဟဲတမ်း တစ်နှစ်ပြည့်မှ ကိုမော်က ဒီစကားမျိုးပြောလာခဲ့ပြီ။ အချစ်ကို ကိုးကွယ်ရူးသွပ်၍ ကိုမော့်ကို ချစ်ခဲ့တာမျိုးမဟုတ်ပေမယ့် ချယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ် စီမံကိန်းအတွက် ကိုမော်ဟာ လက်ခံချင်စရာ သတို့သား။ ချယ်ရီတို့ 'မင်း'မိသားစုနှင့် အကျွမ်းတဝင် တွေ့ဆုံပြီးမှ ထိုစကား ထွက်လာသော ကိုမော့်အား သူမက စိမ်းစိမ်းရှရှ စိုက်ကြည့်သည်။ သူမအကြည့်ပြင်းကို မခံနိုင်သည့် ကိုမော်က ဟက်ခနဲ တစ်ချက် ရယ်ရင်း…

"မင်းကိုယ်မင်း သိမှာပေါ့ ချယ်ရီ၊ ချစ်တာတွေ၊ မေတ္တာတွေ ရှုတ်ပြရအောင်လည်း မင်းက နှလုံးသားကို အရင်းပြုပြီး ကိုယ်နဲ့လက်ထပ်မှာမှ မဟုတ်တာ၊ မင်းစီမံကိန်းဆွဲကတည်းက ရလိုမှုတွေက စာရင်းအပြည့်နဲ့ပဲလေ၊ ကိုယ်နဲ့ ကိုယ့်မိဘက မင်းလှည့်ကွက်ထဲ မျောမပါဘူး၊ ဒီတော့ နုတ်ထွက်တယ်၊ မင်း ခံစားရလောက်အောင် ငါတို့က မရင်းနှီးခဲ့ဘူး၊ မင်းရဲ့ အရင်းရည်းစား တွေလိုပဲပေါ့ ချယ်ရီ"

လမ်းခွဲစကားပြောပြီး အရင်လမ်းခွဲခဲ့သူက ချယ်ရီအိမ်မှ အိမ်ဖော်သာသာကို။

"တောက်"

ခံပြင်းစွာ ခေါက်ပစ်သော တက်ခေါက်သံနှင့်အတူ ချယ်ရီ က အိတ်ကိုကောက်၍ နံရံဆီ အားကုန်ပစ်လိုက်သည်။ အားပြင်း သောအရှိန်ကြောင့် အိတ်ကလေးက နံရံနှင့်ထိမှန်ပြီး လိမ့်တွန့်ကြေ





သွား၏။ မပြေသောဒေါသက ခွေခွေကလေးလဲနေသော မုန့်မခက် ထံ အားကောင်းစွာစိုက်ဆင်းသွားသည်။

"နင်က ငါနဲ့ ပခုံးချင်းယှဉ်တာလား မခက်၊ ငါ မရနိုင် တာကိုမှ ရတယ်ဆိုပြီး ဂုဏ်တက်ချင်တာလား၊ ဟင် မခက်"

"အာ…မဟုတ်ပါဘူး မမလေးရယ်၊ မဟုတ်ပါဘူး၊ မခက်က အား…အ"

တရစပ်ကျလာသော အရိုက်အပုတ်က ကျောပြင်တွေ၊ ပခုံးသား၊ လက်မောင်းသားနှင့် မျက်နှာတွေဆီပါ မိုးစက်များသဖွယ်။ မခက်က ခေါင်းငုံ့တိမ်းရှောင်ရင်း ရင်တွေ၊ ကျောတွေပါ နာကျင် လာရသည်။ အသားတွေ ကျိန်းစပ်နေရတဲ့အထိ လူက လိမ်ဆွဲ ခံနေရတာလည်း ပါသည်။

"အ…အား မမလေး"

"ဟာ…နားညည်းတယ်"

ရုတ်တရက် ထမင်းစားခန်းထဲ ဝင်လာသော ကိုကိုကြီးက ကုလားထိုင်တစ်လုံးကို ဒိုင်းခနဲ ခြေထောက်နှင့် လွှဲကန်ပြီးမှ…

"နင်ရိုက်နေတာနဲ့ သူအော်နေတာ မမျှတော့ဘူး ချယ်ရီ၊ ငါ တစ်ချက်တည်း ပွဲသိမ်းပေးလိုက်မယ်"

ပြောလည်းပြော မခက်ဆံပင်တွေကို ငယ်ထိပ်မှဆွဲကိုင်



www.burmeseclassic.com

www.burmeseclassic.com



၍ မျက်နှာကို မော့စေသည်။ နာကျင်မှုကြောင့် မခက်က…

"အမေ့"

ယောင်ယမ်းပြီး အော်တော့ ဘေးနားမှာ ပွဲကြည့်ပရိသတ်အဖြစ် နေရာပြောင်းသွားတဲ့ မမလေးက…

"ဟွန်း…အကျင့်ကောင်းတဲ့ သူ့အမေကို တ,နေသေးတယ်"

ကျကျနန ကဲ့ရဲ့သည်။ ကိုကိုကြီးက ရုန်းမရအောင် မခက်ဆံပင်တွေကို ဟင်းတင်းဆုပ်ကိုင်ပြီးမှ…

"မှတ်ထား၊ နောက်တစ်ခါ နင် အမြင့်မမှန်းရဲအောင်"

အရှိန်ဖြင့် ထိုးချရန် လက်သီးနှင့်ရွယ်သည်။ ကြောက်လန့်တကြား မခက်က မျက်ခွံတို့ကို ဖိပိတ်ချပြီးချိန်တွင်…

"တီ…တီ အိမ်ရှင်တို့"

ကားဟွန်းသံနှင့်အတူ ခေါ်သံက ညှို့ခန်းဆီမှ။ ထမင်းစားခန်း၌ စစ်ဆင်ရေးဆင်နွှဲနေချိန်မို့ ခြံထဲသို့ ကားဝင်လာသောအသံကို သတိမထားမိလိုက်။

"အိမ်ရှင်တို့…ဧ့ ဓောင်ဓော်မင်း"

ဟင်ခနဲဖြစ်သွားသည်။ မခက်ထံ ထိုးချတော့မည့်လက်ကို အောက်ပြန်ချသည်။





"တောက်"

ခပ်ကျိတ်ကျိတ် တက်ခေါက်ပြီးမှ…

"နင် ကံကောင်းတယ်မှတ် မုန်းမခက်၊ ငါ့နာမည်ခေါ်နေလို့ ဟွန်း"

ကြိမ်းဝါးပြီး ထွက်သွားတာကို မခက်က စိတ်မဆိုးနိုင်။ ရင်ထဲက ကျိတ်ပြီး တိတ်တိတ်လေး ကျေးဇူးတင်မိတာက ဧည့်သည်တွေကို။

ဒီလိုဧည့်သည်မျိုး ခဏခဏလာကြပါစေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ယေား…မောင်ရင်"

တရင်းတနှီး နှုတ်ဆက်သောအသံကြောင့် ညှော်ခန်းထဲ ခြေချတော့မည့် ဇော်မင်း ခြေလှမ်းတွေ တုံ့သွား၏။ မြင်ဖူးသလို သေချာကြည့်မှ ဟိုတစ်နေ့ညနေက ဖုန်းလာဆက်သော ရှေ့နေ ဦးလေးကြီး။

"ဟာ…ဦး…ဦးဇော်ဟိတ်ဆိုတာ"

"အေးကွ…တူမောင် မှတ်မိသားပဲ"

"ကြွပါ ဦး၊ ကြွပါ၊ ညှော်ခန်းထဲ ထိုင်၊ လာ ဦး ဒါနဲ့ ဦးရဲ့ ကင်းတို့၊ အိန္ဒိယတို့ရော မပါဘူးလား"

ဦးဇော်ဟိတ်နောက်နား ပခုံးကိုကျော်ကြည့်တော့ ပေါ်တီ





ကိုအောက် ရပ်ထားသော တစ်စီးလုံး နက်မှောင်နေသည့် ကားအမည်းကြီးသာ တွေ့ရသည်။ ဦးဇော်ဟိတ်က ရင်းနှီးခင်မင်စွာ သူ့ပခုံးကို ပုတ်ရင်း….

"မပါဘူးကွ၊ ဒါနဲ့ တူမောင်တို့အဖေက ဦးသက်မင်းဆိုတာလား"

"ဟုတ်ပါတယ် ဦး၊ ဘာကိစ္စများရှိလို့လဲ"

"အထွေအထူးတော့ မဟုတ်ပါဘူး၊ ဟိုဘက်တစ်ခြံကျော်က ခြံအလွတ်ကြီးကို တူမောင်အဖေကို အပ်ထားတယ်ကြားလို့"

"ဟုတ်တယ် ဦး"

ဖြေသံက ဇော်မင်းထံမှမဟုတ်။ နောက်သို့ ငဲ့ကြည့်တော့ ဒေါ်သမျက်နှာနှင့် ကွာခြားသွားပြီဖြစ်သော အမြုံးတို့နှင့် ချယ်ရီမင်းတ ဖြေခြင်းဖြစ်သည်။

"အဲဒီခြံကို ဖေဖေကိုင်ထားတာ ဦးရဲ့၊ လာမေးကြတဲ့သူ တွေက နှစ်ဦးသုံးဦးရှိပြီ၊ ဒါပေမဲ့ အိမ်ရှင်တွေတောင်းထားတဲ့ဈေးနဲ့ သူတို့ပေးတာနဲ့ မညီလို့၊ အဲဒီခြံရှင်တွေက ဒီမှာမရှိကြဘူးလေ၊ ပြင်သစ်မှာ တစ်မိသားစုလုံး ရောက်နေကြတာဆိုတော့ ဖေဖေပဲ ဒီခြံ ထိန်းကို တာဝန်ယူပေးထားရတာ၊ လာ ထိုင်ပါဦး၊ ကိုကိုကြီးတို့ တာလေ ညှော်သည်ကို နေရာပေးညှော်ခံမှပေါ့၊ ညှော်သည်က အဝေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးကလာရတာလားမှမသိတာ၊ မိုးတိုးမတ်တပ်ကြီးနဲ့”

အစ်ကိုဖြစ်သူကိုလည်း ဆူပြောပြောရင်းက ဦးဇော်ဟိတ် ထံ လှည့်ကာ အပြုံးနုနုဖြင့်…

“ကြွပါ ဦး၊ မေမေလည်း ရှိပါတယ်၊ အပေါ်ထပ် ဘုရားခန်းထဲမှာ ဝတ်ပြုနေလားမသိဘူး မခက်”

နောက်လှည့်ပြီးအော်တော့ ခန်းဆီးစလေး ရိပ်ခနဲလှုပ်သွားတာသာ တွေ့ရပြီး လူလုံးတော့ ထွက်မပြဘဲ…

“မမလေး…မခက် ရှိပါတယ်”

“မေမေ့ကို အပေါ်ထပ်မှာ တက်ခေါ်၊ ခြံကိစ္စနဲ့ပတ်သက်ပြီး စကားပြောချင်တဲ့ ဧည့်သည်တွေ အောက်မှာရောက်နေပြီလို့”

“ဟုတ်ကဲ့ မမလေး”

အတွင်းလှေကားဆီ ကွေ့တက်သွားသော ကျစ်ဆံမြီးအရှည်ကြီးနှင့် နီညိုရောင်ဝတ်စုံဝတ်ထားသည့် အရိပ်လှလှလေးသာ တွေ့လိုက်ရသည်။ ဦးဇော်ဟိတ်က တိုက်ပုံအင်္ကျီရင်ဘတ်နှစ်စအား ဆွဲစေ့ရင်း…

“ခြံအရောင်းအဝယ်ကိစ္စက ဦးနဲ့တော့ ပြောလို့မပြီးဘူးကွဲ၊ သမီးတို့ မေမေရှိတယ်ဆိုရင် ပြီးတာပါပဲ၊ ကားပေါ်မှာ ဦးတို့သူဌေးပါတယ်”





“သြော်…အဲဒါဆိုလည်း ဦးရဲ့သူဌေးကို အိမ်ထဲကြွခိုင်းပါ၊ အဟောင်း ကားက မှန်အမည်းကြီးတွေ တပ်ထားတော့ ကားပေါ်မှာ လူရှိမှန်း ချယ်ရီက မသိဘူးဖြစ်သွားတာ၊ ဒီအတိုင်းကြီး ထိုင်စောင့်ခိုင်းရတာ အားနာစရာကြီး”

“ရတယ် သမီး”

ဦးဇော်ဟိတ်က ကားကိုလှည့်ကြည့်ပြီး ဆတ်ခနဲ ခေါင်းညိတ်ပြသည်။ ကားခေါင်းခန်းမှ ဒရိုင်ဘာဖြစ်ဟန်တူသူက ပျာပျာသလဲ ဆင်းကာ နောက်ခန်းတံခါးဖွင့်ပေး၏။ ချယ်ရီမင်းက နှုတ်ခမ်းများ၌ အပြုံးတပ်ထားရပေမယ့် စိတ်ထဲမှာတော့ အသံမထွက်ဘဲ မဲ့ရွဲ့ပြီးသား။ ဟွန်း…ကြီးကျယ်နေလိုက်တာ။ သူဌေးက ဘယ်လောက်များ ခမ်းနားနေသလဲဆိုပြီး။ ထိုအခိုက်မှာပင် နောက်ခန်းမှ လည်ကပ်ဆွယ်တာလက်ရှည်မီးခိုးရောင်၊ ကော်ဖီဖျော့ရောင် ဘောင်းဘီ(န်)နှင့် လူရွယ်တစ်ဦး ဆင်းလာ၏။ ချယ်ရီမင်းက အယ်ခနဲ ဖြစ်တော့မည့် နှုတ်ခမ်းနှစ်လွှာကို အလျှင်အမြန် ဘရိတ်အုပ်ရသည်။

“ဒါဟာ သူဌေးတဲ့လား”

ထိုမေးခွန်းက ရင်ထဲမှာ အံ့သြကြီးစွာ ပဲ့တင်ရိုက်သည်။ သူမလိုပဲ ကိုကိုကြီးကလည်း မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်း



www.burmeseclassic.com

www.burmeseclassic.com



သားနှင့် ငေးမောလို့။ ချယ်ရီက ကိုကိုကြီးကို သတိပေးဖို့လည်း မေ့သည်။ ကိုယ်တိုင်သတိထားရန်လည်း မေ့သည်။ ထိုသူဌေးဆိုသူ ထံမှ မျက်စိမလွှဲနိုင်တာတော့ ဝန်ခံရမည်။ အရပ်မြင့်ပြီး ဘော်ဒီ တောင့်သည်။ မြင်ဖူးနေကျ ရာဇဝင်ထဲက သူဌေးတွေလို အဆီပို မရှိ။ ချပ်ကပ်သောဝမ်းဗိုက်ဟာ ကိုယ်နေဟန်ထား ခပ်မတ်မတ်နှင့် မို့ ညှို့အားပြင်း၏။ ဆံပင်က ကုတ်ထောက်အထိ ခပ်အုပ်အုပ်မှာ ဖြူစင်းသော နှာတံက ထင်းခနဲထွက်သည်။ မရယ်မပြုံးနှင့်ရှိတတ် သော နှုတ်ခမ်းရဲတွေကြောင့်လား။ စူးရှသော မျက်ဝန်းအကြည့်တွေ ကြောင့်လားမသိ အကြည့်ချင်း တစ်ချက်အဆုံမှာ ချယ်ရီမင်းရင်ထဲ ဒိုင်းခနဲ မီးတစ်စပွင့်၏။

"ဟော်…သမီး၊ ဖေဖေ့အတွက် ဧည့်သည်ဆို"

ဦးသက်မင်းရဲ့ အသံကြားမှ မတ်တပ်ကြီး သတိလစ်နေ သော ချယ်ရီမင်းက…

"ဟုတ်တယ် ဖေဖေ၊ ဒီမှာပါ"

အနားရောက်လာပြီဖြစ်သော သူဌေးမင်းဆိုသူအား ညွှန်ပြ သည်။ သမ္မာကတော့ ဧည့်ခန်းမှ ဟိုးနောက်ဘက်မှန်တံခါးကာထား သော နေရာအထိ အကြည့်ဝေ့ရင်း…

"ကျွန်တော်က သမ္မာရင့်ပါ"





"အန်ကယ်က သက်မင်းပါ"

တွေ့ဆုံခြင်း အထိမ်းအမှတ်အဖြစ် လက်ဆွဲနှုတ်ဆက် သည်။ ခုံမှာဝင်ထိုင်ကြရင်း ဦးသက်မင်းက သမ္မာကို သေချာစိုက် ကြည့်ကာ…

"မောင်ရင်…အန်ကယ်တို့ ဆုံဖူးတယ်နဲ့တူတယ်၊ တစ်ခါ မောင်ရင်ကားပျက်တုန်းက အန်ကယ့်ကားနဲ့ လိုက်ခဲ့တာလေ"

"ဩော်…မှတ်မိပြီ၊ ဆောရီး အန်ကယ်၊ အဲဒါကြောင့် ဘယ်မှာမြင်ဖူးသလဲတွေးနေတာ၊ သိပြီ ကျွန်တော်သတိရပြီ"

"ဖေဖေနဲ့ သိနေကြတာလား၊ ကောင်းတာပေ့ါ၊ အိမ်နီးနား ချင်း မိတ်ဆွေတွေဖြစ်ရတာ"

"အိမ်နီးနားချင်းက"

ဦးသက်မင်းက သားဖြစ်သူဇော်မင်းကို ဇဝေဇဝါနှင့် မော့ မေးသည်။ သမ္မာရင့်ကတော့ ဝင်လည်းမဖြေ၊ တည်ငြိမ်စွာ။ သက်တောင့်သက်သာရှိစွာနှင့် ခုံမှာကျောမှီပြီးထိုင်သည်။ ဒါပေမဲ့ မျက်ဝန်းတို့က လှစ်ခနဲ လှစ်ခနဲ ရွေ့လျားသွားတာ ကိုယ်တိုင်အသိ ဆုံး။ 'မင်း'စံအိမ်သို့ သူခြေချရခြင်းနောက်မှာ ရည်ရွယ်ချက်တစ်ခု ရှိခဲ့လျှင်။

"ဖေဖေကလည်း ရှေ့ခြံလေ၊ ပုလဲသုခရိပ်မြုံကို ဗိုက်ကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလာတာတဲ့၊ ဟိုတလောက ဖေဖေရော ချယ်ရီရော မရှိတဲ့နေ့လေ၊ ကျွန်တော်နဲ့ ဒီက ဦးဇော်ဟိတ်က ရင်းနှီးပြီးသား''

''သြော်…ဟုတ်လား''

ဦးသက်မင်းက တအံ့တသြ။

''ဟုတ်ပါတယ်၊ အဲဒီနေ့က သူ့ဒွေးဆီ ဆက်သွယ်ဖို့ ကျွန်တော့်ဖုန်းမရတာနဲ့ အဲဒီက တူမောင့်ကို အကူအညီတောင်းခဲ့တာပါ''

''သြော်…ဟော်၊ ကူညီရမှာပေါ့ဗျာ၊ မောင့်သမ္ဘာရင့်က အခုမှ ပြောင်းလာတဲ့လူတွေ၊ ကျွန်တော်တို့က လူဟောင်းတွေ၊ မသိတာမေး မရှိတာ အကူအညီပေးရင်းနဲ့ ဒီလိုပဲမိတ်ဆွေဖွဲ့ရတာပေါ့၊ ဟော့…သမီးရေ ဧည့်သည်တွေအတွက် တစ်ခုခုပြင်ဆင်နိုင်းပါဦး''

''ဟုတ်…ဖေဖေ၊ ဖေဖေတို့ မိတ်ဆက်နေတာနဲ့ ချယ်ရီတောင် ဧည့်ခံဖို့ မေ့သွားတယ်၊ ဆောရီးနော် ကိုရင့်၊ သမ္ဘာရင့်ဆိုတော့ ရင်းနှီးမှုနဲ့ ကိုရင့်ပဲခေါ်တော့မယ်၊ ချယ်ရီက ချယ်ရီမင်း၊ ဒါက ချယ်ရီ့အစ်ကို ကိုဇော်မင်းတဲ့၊ ကဲ ကိုရင့် ဘာသောက်မလဲ၊ အပူလား အအေးလား၊ ကြိုက်တာပြော''

ခပ်စိုက်စိုက်ကြည့်ပြီး မေးလာတဲ့ နှုတ်ခမ်းက အပြုံးဟာ





တမင်လုပ်ယူထားမှန်း သိသာစေသည်။ သမ္ဘာက ခေါင်းတစ်ချက်ပဲ ညိတ်ပြပြီး…

''အဆင်ပြေတာလုပ်ပါ''

''အိုခေ…ဒါဆို ကော်ဖီပဲ ယူလာခိုင်းမယ်၊ မခက်ရေ ဧည့်သည်တွေအတွက် ကော်ဖီ''

''ဟုတ်…မမလေး''

ခန်းဆီးလေးလှပ်ပြီး အသံသာထွက်လာသည်။ လူရိပ်မမြင်ရသေး။ သမ္ဘာမှာ အသံကြားရာဆီ လည်ပင်းလိုက်ရှည်ရတာလူက ဖတ်ဖတ်ကိုမောဆဲ။ ကိုယ့်မှာ သူမလေးရဲ့ အရိုက်အနက်ခံပုံရိပ်တွေကြောင့် အကြောင်းရှာပြီး ထွက်လာရတာ။ မှန်ပြောင်းထဲမြင်နေရသော ချယ်ရီမင်းရဲ့ အရိုက်အနက်တွေကြောင့် 'ဟော့…မလုပ်နဲ့' လို့ ယောင်ယမ်းတားမြစ်ရတဲ့အထိ။ ဒီရောက်မှ စိတ်မဝင်စားခြင်း အကြောင်းအရာတွေကို ဟန်ဆောင်ဆွေးနွေးနေရတာလူကံ ကျဉ်းကျပ်လာ၏။

''ခြံရောအိမ်ပါ အားလုံးပြင်ဆင်ပြီးသား မောင်ရင့်ရဲ့၊ မင်းဝယ်ပြီး နိုင်ငံခြားသားတွေ အငှားပြန်ချရင်တောင် တစ်နှစ်အတွင်း ဝယ်ဈေးကျေတယ်၊ အထဲမှာ ရေကူးကန်တို့ ရေတံခွန်အတုလေးတွေ၊ တောအုပ်စိမ်းစိမ်းလေးကို သစ်ပင်တုတွေ အားလုံးပါပြီး



www.burmeseclassic.com

www.burmeseclassic.com



သား၊ မင်းလိုချင်ရင် အန်ကယ် အတတ်နိုင်ဆုံး ဈေးညှိပေးမယ်၊ ဘယ်လိုလဲ''

''သူတို့ဘက်က အဖြစ်နိုင်ဆုံး နောက်ဆုံးဈေးသာ အန်ကယ်မေးပေးပါ''

''အိုခေ…အန်ကယ် အဆင်ပြေအောင် လုပ်ပေးပါ့မယ်''

နီညိုရောင်အရိပ်ကလေးက အိမ်ထဲမှ လှုပ်လီလှုပ်လဲ့ လွင့်လာသည်။ သမ္မာက မျက်လွှာပင့်ကြည့်တော့ အောက်ငုံ့ထားသည့် မျက်နှာမှာ နှာတံဖျားချွန်ကော့ကော့လေးသာ မြင်ရသည်။

''သောက်…ကိုရင့်''

သူမအနားမရောက်ခင် ချယ်ရီမင်းက ကော်ဖီခွက်ကိုယူပြီး သူ့ထံကမ်းပေးသည်။ တာဝန်ကျေသည့်အလား ဗန်းကလေး ရင်ခွင်၌ပိုက်ပြီး ချာခနဲ လှည့်ထွက်သွားတာက သမ္မာ ကြည့်နေသည်ကို မသိတဲ့အတိုင်း။ ကိုယ်လုံးပြည့်ပြည့်လေးနှင့် လမ်းလျှောက်တိုင်း ယမ်းခါသွားသည့် ဆံစအဖျားမှာ သမ္မာ့စိတ်တွေ ခိုတွယ်ပါသွားခဲ့သည်ဆိုလျှင်။

မင်း…ကိုယ့်ကို ဂရုစိုက်သင့်ပြီ ချာတိတ်။

◆ ◆ ◆



## အခန်း (၉)

''နိုင်ငံခြားက အိတ်စတိတ်ရတ်ကားတွေကို သူက တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းထားတာ မနည်းမနောတဲ့၊ ဆိုးသွားကုမ္ပဏီတစ်ခု ထောင်မလို့တဲ့လေ၊ ဒါပေမဲ့ တခြားကုမ္ပဏီတွေကဝယ်လည်း ရောင်းပေးမှာ၊ ကားပစ္စည်းတွေအတွက် သူက ဆိုင်ခန်းတစ်ခုတောင် ဖွင့်ဦးမှာတဲ့''

''ဒီလုပ်ငန်းတစ်ခုတည်းမဟုတ်ဘူး သားရ၊ အခု နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မှာ ဖွင့်ထားတဲ့ ရှော့ပင်း(န်)စင်တာတွေနဲ့ သူ့ရှယ်ယာနဲ့ လက်ညှိုးထိုးမလွတ်ဘူးကွ၊ ဟိုတစ်လောက ( )ဟိုတယ်မှာလုပ်သွားတဲ့ ကုန်ပစ္စည်းမိတ်ဆက်ပွဲဆိုတာ ယိုးဒယားထုတ်သွင်းတဲ့ ဆပ်ပြာတွေ၊ သွားတိုက်ဆေးတွေရဲ့ တစ်ဦးတည်း

www.burmeseclassic.com



ကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံကို ဈေးကွက်ဖြန့်မှာတဲ့လေ၊ ဖေဖေ့မိတ်ဆွေတွေကတော့ သူနဲ့ပတ်သက်ပြီး ရှယ်ယာတစ်နေရာဝင်နိုင်အောင် ကြိုးစားထားလို့တောင် အကြံပေးတာလေ၊ သူချမ်းသာတာတောင် ခန့်မှန်းလို့မရဘူး၊ အဲဒီလောက်အထိ ကိုကိုတက်ချမ်းသာတဲ့သူက ဘာလုပ်လုပ်အောင်မြင်နေတာ သူ့ဘုန်းကံကြောင့်ပဲ''

''အို…ဘာပဲဖြစ်ဖြစ် ချယ်ရီတို့ဘက်ကတော့ မီးစိမ်းပြပြီးသားပဲ ဖေဖေ၊ ချမ်းသာတယ်၊ စည်းစိမ်ဥစ္စာ၊ ရုပ်ရည်နဲ့ဝတ်ဖြိုပ်၊ ဘာမှပြောစရာမရှိအောင် ပြည့်စုံတယ်၊ ဒီတော့ ချယ်ရီက လေးညို့တောင် တင်ထားပြီးပြီ၊ ချိန်သားကိုက်ရင် တစ်ချက်တည်း မြားတံကို ပစ်ရုံပဲ''

မမလေးက ကြိမ်းဝါးသည်။ ကိုကိုကြီးနဲ့ ဖေဖေက အပြုံးနှင့် ထောက်ခံ၏။ ထိုစကားတွေကြားပြီး သမ္ဘာရင့်အတွက် ကြားထဲမှ ကိုယ်စားရင်ပူနေရသူက မခက်ဖြစ်သည်။ 'မင်း'စံအိမ်ရဲ့ မျက်နှာမူရာအရပ်ဆီမှာ လမ်းကျဉ်းလေးသာခြားပြီး ပုလဲသုခစံအိမ်ရှိသည်။ အိမ်ကြီးက ခန့်ထည်သလောက် အိမ်ကြီးရဲ့ အရှင်သခင်ကလည်း ချောမောလွန်း၏။ မြင့်မားသော အရပ်နှင့် လိုက်ဖက်သော လမ်းလျှောက်ဟန်က တင့်တယ်ခြင်းအပြည့်ရှိသည်။ ယောကျ်ားတန်မဲ့ ဖြူဝင်းသော အကြည့်စူးမျက်ဝန်းတွေကို မနေ့ကတည်းက





မခက်က ငေးမောရင်း ရင်ခုန်ခဲ့သည်။ ကော်ဖီခွက် သွားချပေးတော့လည်း မျက်လွှာကို အောက်စိုက်ချထားသဖြင့် မျက်နှာကို မမြင်ရပေမယ့် ကော်ဖောနီပေါ် ချထားသော ခြေချောင်းသန့်သန့်စင်စင် တိတိရိရိ ညှပ်ထားသော ခြေသည်းအကြည်ရောင်တွေကအစ မခက် မှတ်မိနေသည်ဆို လွန်မလားပဲ။ မာယာကုန် ထုတ်သုံးရန် ကြံစည်နေသော မမလေးရဲ့အကြံအစည်များကြောင့် အဲဒီ သမ္ဘာရင့်ဆိုသူ မျောပါမသွားဖို့ ဆုတောင်းရတာက ညလုံးပေါက်ပင်။ အို ကိုယ်ဆုတောင်းတိုင်း ပြည့်ဖူးသလား။ မခက်က အစောကြီးကတည်းက ကံမွဲ၊ မျက်နှာမွဲကို။ တွေးရင်းက ခြေလှမ်းကို အရှိန်တင်သည်။ ပန်းကြီးက တစ်ဖက်စောင်းတဲ့အထိ ဆွဲလာရတဲ့ဆွဲခြင်းထဲမှာ ပစ္စည်းကအစုံ။

''ပန်းသီး၊ ခမ့်နဲ့ မခက်၊ ငါက ရေခဲသေတ္တာထဲက ပန်းသီးအေးအေး ကြိုက်တာသိရဲ့သားနဲ့၊ ဒီတစ်ခေါက် နင်မေ့လာလို့ကတော့ ကြိုးတုပ်ပြီးရိုက်မှာ မယုံရင်စမ်းကြည့်လိုက်''

မမလေးရဲ့စကားက နားထဲပြန့်ကြားယောင်လာသည်။ ကြောက်စိတ်က ကျောထဲစိမ့်တက်သည်။ ဝယ်လာတာသိပါရက်နဲ့ မှသေချာအောင် ခြင်းကိုချ၍ အထဲကိုပြန်ရှာ၏။ တွေ့ပါပြီ။ နီရဲ ရင့်ပြောင်နေသော ပန်းသီးဘုပ်တွေ့မှ စိတ်အေးသွားသလို ရှိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖိပြီး ပြုံးသည်။ ထို့နောက် ဆွဲခြင်းကိုပြန်မ၍ ရှေ့ဆက်ရန် ခြေလှမ်းပြင်စဉ်…

"ဘာတွေသဘောကျပြီး တစ်ယောက်တည်း ပြုံးနေတာလဲ မုန်းမခက်"

"ရှင်"

ရှေ့မှာပိတ်ရပ်ပြီး အမေးခံရတဲ့အတွက် ရုတ်တရက်မို့ ခြေထောက်ကို ဘရိတ်အုပ်ရင်း မော့ကြည့်သည်။ နီစပ်စပ်အသားနှင့် ပါးပြင်ပေါ် နီဥနေသော ဝက်ခြံဖုကြီးတွေသီးထနေသည့် ကိုကိုကြီးသူငယ်ချင်း။ မျက်နှာရှည်ရှည်မှာ ဆံပင်ကို ထောင်ထားသဖြင့် စုပ်ချွန်းချွန်းမျက်နှာက အမြင်ကတ်စရာကောင်းအောင် ပိုရှည်လာ၏။

"ကိုယ့်ကိုမှတ်မိလား မုန်းမခက်"

"ဟင့်အင်း"

ခေါင်းခါငြင်းဆန်ပြီး ကွေ့ပတ်သွားရန် ကြိုးစားသည်။ သို့ပေမယ့် လူက မခက်ကို ထုပ်စည်းထိုးသလို လိုက်ပိတ်ရင်းက

"ဟော့ကောင်"

လက်ဖျောက်တီးပြီး နောက်ပြန်လက်ကမ်းသည်။ အသင့်စောင့်နေသော အပေါင်းအသင်းက သူ့လက်ထဲ လာထည့်ပေးသည်က ကြိုးကိုင်းတစ် စက္ကူအိတ်များစွာ။



"ရော့…မုန်းမခက်အတွက်"

မျက်နှာရှေ့ရောက်လာသော အိတ်တွေက မခက်က မကောင်းဆိုးဝါးအား တွေ့လိုက်ရသည့်အတိုင်း ကြောက်လန့်တကြားနှင့် နောက်ဆုတ်ရှောင်ရင်း…

"ဟင့်အင်း…မခက် မလိုချင်ဘူး"

"ယူပါ မုန်းမခက်ရဲ့၊ မင်းကိုချစ်လို့၊ လှစေချင်လို့ပေးတာရော့"

"အို"

နှုတ်ကလည်းပြော လက်ကပါ လွှတ်နေသော မခက်လက်တစ်ဖက်ကို လှမ်းဆွဲသည်။ မခက်က အထိတ်ထိတ်အလန့်လန့်နှင့် လက်ကိုရုန်းရင်း…

"ဟင့်အင်း မကိုက်ပါနဲ့"

"ယူကွာ၊ ဒါမယူရင် မင်းကို ချက်ချင်းကားတင်ပြေးမှာနော်"

"အို…မလုပ်ပါနဲ့၊ ယူလို့မဖြစ်လို့ပါ၊ မခက်ကို လမ်းဖယ်ပေးပါ၊ မခက် အချိန်မီပြန်ရမှာမို့ပါ"

"နိုး…နိုး မရဘူး မုန်းမခက်၊ မင်းကို ဒါလေးပေးချင်လို့ ဒီလိုမနက်အစောကြီး မင်းဈေးသွားအောင် ငါမနည်းစွမ်းစောင်ထား



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ မင်းအစ်ကိုကို ဝမ်းတောဘယ်(လ်)တောင် ပေးထားရတာကွ၊ ဒါကို အချည်းနှီးအဖြစ်မခံနိုင်ဘူး၊ ရှော့…ယူပါ"

"ဟင့်အင်း"

ပေးကမ်းခြင်းက အလိုမတူမှုတွေ၊ အမေ့မှုတွေ ပြည့်နှက်လာ၏။ အော်ဟစ်အကူအညီတောင်းရအောင်လည်း မနက်အစောကြီး လူသူလေးပါး ဟောင်းရှင်းလွန်းသောအချိန်။ ဒီလမ်းဟာ ကိုယ်ပိုင်သီးသန့်လမ်းမို့ အချိန်တိုင်း လူစည်ကားတတ်တာမျိုး မဟုတ်။ လူတိုင်းက ကိုယ့်ဝင်းခြံကို တံခါးသော့ခတ်၍ နေတတ်သော သူဌေးရပ်ကွက်မို့ မခက်အတွက် ကူကယ်ရာမဲ့အချိန်။ အခုမှ အကြီအစည်နှင့် ကိုကိုကြီးအကြောင်းကို သိရတော့သည်။ ဒါကြောင့်…

"ဒီနေ့မနက် ခြောက်နာရီအထိ ဈေးသွား မခက်၊ ငါ့အတွက် အပြန် ပူရီတစ်ပွဲဝယ်ခဲ့"

ဘာဘာညာညာနှင့် မှာခဲ့တာပေါ့။ လုပ်ရက်လေခြင်းဆိုတဲ့အတွေးကြောင့် မျက်ရည်က အိခနဲဝိုင်းသည်။

"ဟာ…ဟော့ မငိုနဲ့လေ၊ မင်းငိုအောင် ကိုယ် ဘာမှ မလုပ်မိပါဘူး၊ မင်းမျက်ရည်မြင်ရင် ဒီမှာရင်ပူတယ်၊ မငိုပါနဲ့ကွာ"

မငိုပါနဲ့ပြောရင်း သူ့လက်တွေက မခက်မျက်နှာအား တစ်



ဝဲမို့ ဟိုတိမ်းဒီတိမ်း ရှောင်နေခိုက်မှာပင်…

"ဟော့"

ခနဲခေါ်သံနှင့်အတူ မခက်ရှေ့က ထိုလူကို နောက်မှတစ်စုံတစ်ယောက်က လှမ်းဆွဲသည်။

"မင်းက"

"ဖြောင်း"

နောက်မှလူရဲ့ လက်ပြန်ရိုက်ချက်ကြောင့် မခက်ရှေ့မှလူက လဲကျသွား၏။ မလှမ်းမကမ်း၌ ကားဆော်ဒီမိုပြီးစောင့်နေသော လူနှစ်ယောက်က…

"ဟာ…ချကုန်ပြီ"

"ဟော့ကောင်…မင်းမပြေးနဲ့"

အော်ကာ ကူညီမဲ့သူတွေ အနားရောက်ခွင့်မရှိလိုက်။ ဘယ်ကထွက်လာမှန်းမသိသော လူသုံးယောက်က လမ်းမှပိတ်ရပ်ပြီး ခြေထောက်နှင့်ကန်သူနှင့် ကန်ချက်ကို ရှောင်တိမ်းသူနှင့် အကုန်ရုတ်ရုတ်သဲသဲဖြစ်သွားချိန် မခက်က ဈေးခြင်းတောင်းကြီး ကောက်ဆွဲကာ ထိုရန်ပွဲနှင့်ဝေးရာ ပြေးထွက်ခဲ့သည်။ နောက်က ရန်ပွဲကို ကြောက်သည့်စိတ်ကတစ်ဖက်၊ စပ်စုချင်စိတ်သပ်သပ်နှင့် လှည့်ကြည့်လှည့်ကြည့်လုပ်ရင်း ခြေလှမ်းတွေက 'မင်း'ဖ်အိမ်ဆီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ဖိနပ်ထိပ်ဦးနှင့် ရှေ့ကမ္ဘလေးက တိုက်မိသည်။

"အမေ့"

ထိတ်လန့်တကြား အရှိန်ကိုထိန်းပေမယ့် မရတော့။ လူက ဟပ်ထိုးဟပ်ထိုးနှင့် လဲမှာကိုထိန်းရင်း လက်က ခြင်းတောင်းက ကိုင်းတစ်ဖက်လွတ်ကာ ဝယ်လာသမျှ ပစ္စည်းတွေက လမ်းပေါ် ပြန့်ကျဲလိုက်သလို။

"အယ်…ကုန်ပါပြီ"

အသည်းအသန်အော်ရင်း မလဲသောခြေထောက်တွေက ပြန့်ကျဲသွားရာ ပစ္စည်းများနောက် ကသောကမျော လိုက်သည်။ အာလူးတွေ၊ ကြက်သားထုပ်နှင့် ဟင်းရွက်စည်းတွေ။ အိတ်နှစ်ထပ် နှင့်ထုပ်ထားသော ပူရီထုပ်က ဘာမှမပေ၍ တော်သေးသည်။

"ကွဲစရာရှစရာမပါလို့ တော်ပါသေးရဲ့၊ ဟဲ့…ဟိတ် ဒီပန်းသီးကလည်း မပြေးပါနဲ့၊ ဒီမှာလိုက်ရတာမောပြီ၊ တက တည်း"

နောက်ကရုန်းပွဲကိုလည်း မေ့သွားပြီ။ ကျသမျှပစ္စည်းတွေ ခြင်းတောင်းထဲ ကောက်ထည့်ရင်း အရှိန်ဖြင့် တလိမ့်လိမ့်သွားနေ သော ပန်းသီးနောက် လိုက်ရတာတစ်မျိုး။ တစ်ဖက်ထ ခြင်းတောင်းကြီး ဆွဲရတာတစ်မျိုးနှင့် လူက ကို့ရို့ကားယားဖြစ်နေ





ချိန်။ အရှိန်သေသွားသော ပန်းသီးက လမ်းလေးရဲ့တစ်နေရာမှာ ရပ်သွား၏။

"အမလေး…တော်ပါသေးရဲ့၊ ရပ်သွားလို့ ဟင်း"

ရင်ဘတ်ဖိပြီး ဟင်းချလို့မဆုံးခင် ပန်းသီးကို နောက်မှာ ပြောင်လက်နေသော ထိပ်ချွန်ရှူးဖိနပ်အမည်း။ ထို့နောက် သူမ ထက် အရင်ဦးစွာကောက်သွားသော လက်တစ်စုံကြောင့်…

"ဒီမှာ ဟင်"

မောအကြည့်နှင့် ငုံ့စိုက်ကြည့်သော အကြည့်နှစ်စုံက လမ်းခုလတ်မှာ ဆုံစည်းမိသွားသည်။

"သူ"

မခက် နှုတ်ဖျားမှ မပီမသလေးထွက်သွားသည်။ ရင်ခုန် သံက နှလုံးအိမ်ထဲ ဖြန်းဒိုင်းထမြည်သည်။ မခက် မှတ်မိသည် ပေါ့။ မခက် နိုးငေးကာ ရင်ခုန်ခဲ့ရသူ။ တစ်ဖက်သတ် စိုးရိမ်ပူပင် ပေးရတဲ့သူ။ ပုလဲသုခစံအိမ်ရဲ့ အရှင်သခင်သူ။

"ရော့…မင်းပန်းသီး"

ကမ်းပေးသော ပန်းသီးကို အမြန်ယူပြီး ခြင်းတောင်းထဲ ထည့်တော့ သူ လှစ်ခနဲပြုံးတာ တွေ့လိုက်ရသည်။ ရုတ်ခြည်း အခုန်မြန်လာသော ရင်ဘတ်ရဲ့ ဘေးထွက်ဆိုးကျိုးဟာ လက်များ



www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားတွေ အေးစက်လာခြင်းဆိုလျှင်···

"ကျေးဇူး"

တိုးတိတ်တုန်ခိုက်စွာ ပြောရင်း ခြေလှမ်းပြင်တော့···

"ကိုယ်က သမ္မာရင့်ပါ၊ မင်းက"

"မှန်းမခက်ပါ"

အစီအစဉ်မရှိဘဲ ပြောမိတဲ့ ကိုယ့်အမည်ကို ထွက်ပြီးမှ မခက်က နောင်တရသည်။ မမလေးနှင့် ကိုကိုကြီးသိလျှင် ကျိန်းစက်လျက်ရှိသော အသားစိုင်တွေက နွေသာတူးသွားသည်။ အခုထိ နာကျင်ခြင်းမပျောက်သေးကာ ကိုယ်တွေ့။ ထို့ကြောင့် ခေါင်းငုံ့မျက်လွှာချရင်း···

"မခက် သွားတော့မယ်"

ပြောပြီး သူ့ဘေးက ဖြတ်လျှောက်သည်။ တုန့်ခနဲအဆွဲခံ လိုက်ရတာက မခက်လက်မောင်းရင်းဆီ။ အံ့သြစွာနှင့် မော့ကြည့် တော့ ချိုရိုနွေးထွေးသောအကြည့်ကြောင့် မခက်မှာ ရှက်ရွံ့ခြင်းက ရင်၌ဖြစ်တည်သည်။

"မင်းရှေ့မှာ ကိုယ်အမြဲရှိနေမယ် မှန်းမခက်၊ မင်းသိ အောင် ပြောပြတာ"

သူ့အသံက တိုးသဲ့သဲ့လေးပေမယ့် မခက် နားကြော၌





တစ်ဆင့် ခန္ဓာကိုယ်အနှံ့အပြားရှိ သွေးကြောတွေဆီထိ ဖြတ်သန်း သွားသယောင်။ သူလွှတ်ပေးသည်နှင့် မခက်က နောက်လှည့် မကြည့်စတမ်း ပြေးတော့···

"ဖြည်းဖြည်းသွား··လဲမယ်"

နောက်ပါးမှ အော်သံနှင့်အတူ နူးညံ့ခြင်းတွေ ဖြန့်ခင်းထား သော သူ့မျက်နှာကို မြင်ယောင်သောအခါ ရင်ဘတ်ထဲ၌ ဒိုင်းနမိုက်တွေ ပေါက်ကွဲနေသလို ရင်ခုန်သံဆူညံနေတာက ကိုယ့်ရင်ဘတ်ပေမယ့် နားစွင့်ကြည့်တော့ ကြောက်စရာ။ သူမ မခက်အတွက်တော့ ထိုမျှအထိဆို ပိုတယ်လို့ပြောမှာလား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟော…ကိုရင့်ရောက်လာပြီ၊ လာ ကိုရင့်"

သူ့ကားပေါ်တီကိုအောက် ထိုးရပ်တာနှင့် ချယ်ရီမင်း… အိမ်ထဲမှ ပြုံးရွှင်စွာ ဆီးကြိုနှုတ်ဆက်ရင်း ဦးဆောင်ခေါ်သွားတာ… က အိမ်ကြီးရဲ့ ဘေးဘက်နားရှိ ရေကူးကန်ဆီ။ ရေကူးကန်ဘေး… နား၌ လေးထောင့်စားပွဲချထားပြီး ထိုင်ခုံက နှစ်လုံးတည်း။ စား… ပေါ်၌ လှပစွာပုံဖော်ထားသော လေးထောင့်စပ်စပ် ကိတ်မုန့်ကြီး… တစ်လုံး။

"ထိုင်…ကိုရင့်၊ ချယ်ရီက ကိုရင့်နောက်ကျနေလို့… လာတောင်မလာတော့ဘူးထင်နေတာ၊ အခုနက ဖုန်းဆက်သေး… တယ် ကိုရင့်ဖုန်းက ဆက်သွယ်မှုပြင်ပရောက်နေတာနဲ့… အဲဒါ အိမ်ဖုန်းဆက်တော့ ဦးဇော်ဟိတ်နဲ့တွေ့တယ်သိလား၊ ကိုရင့်…





…ပြင်သွားတာ မရောက်သေးဘူးဆိုတာနဲ့ စိတ်ကိုလျှော့ထားတာ၊ …ဗွန်း…နို့မို့ဆို အိမ်အထိလာခေါ်မှာ မယုံမရှိနဲ့"

မျက်ဆန်နက်လေး ထောင့်ကပ်လိုက်၊ မျက်စောင်းထိုးမယ် …ညှိရွယ်လိုက်၊ နှုတ်ခမ်းက ပြုံးယောင်သမ်းစွာပြောလိုက်၊ တဖန် …ရှုပ်ပုပ်ဖြစ်သွားလိုက်နှင့် မျက်နှာကို အမျိုးစုံ ကြိုးခုန်ပြနေသော …ချယ်ရီမင်းအား သမ္မာက ငေးကြည့်တာ အကောင်းမဟုတ်။ …စိတ်ပျက်စွာနှင့်ပါ။ လည်ပြတ်ဂါဝန်တိုက လက်ပြတ်ငွေမှင်ရောင် …ခြမ်းတိုင် ရေကူးကန်ရဲ့ အရောင်ဟပ်မှုကြောင့် မျက်စိကျိန်းချင် …စရာ အရောင်ပြိုးပြိုးပြက်ပြက်နှင့်။ အထူးပြုလုပ်ချက်များသော …မျက်နှာပေါ်က မိတ်ကပ်ရောင်စုံကလည်း လင်းတစ်ခါ မှိန်တစ်လှည့် …နှင့် သူ့ကို မဆွဲဆောင်နိုင်တာ အသိသာကြီး။ သို့ပေမဲ့…

"ဟိတ်…ကိုရင့်"

"အင်း…ဟင်"

"ဘာလို့ အဲဒီလောက်အထိ စိုက်ကြည့်နေတာလဲ"

"အဟွန်း"

သမ္မာက ခုံမှာကျောမှီရင်း အသံထွက်အောင် ရယ်သည်။ …မှ အကြည့်ကို ရေကူးကန်ဆီပို့ကာ…

"မမြင်ဖူးလို့"

"ဟုတ်ပါ့မလား၊ ယုံချင်စရာ မကောင်းဘူးနော်၊ သူ့နားမှာ



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီထက်လှတဲ့ မိန်းကလေးတွေ တပုံတပင်ကြီးရှိနေမှာကိုများ''

အင်း…ထင်ရာစွတ်ရွတ်ပြီး အမိပွာယ်ကောက်သည်။ ရှိပါစေတော့။ ဘယ်သူ့စိတ်ချမ်းသာလျှင် ကမ္ဘာကြီး ငြိမ်းချမ်းသည်ဆိုလားပဲ။ ကမ္ဘာနဲ့မရှိတောင် လတ်တလော သမ္ဘာစိတ်ချမ်းသာဖို့ အရေးကြီးသည်။ သမ္ဘာက ကုတ်အပြူရင်ဘတ်ကြယ်သီးကို ဆွဲတပ်ရင်း…

''မွေးနေ့က ချယ်ရီနဲ့ကိုယ် နှစ်ယောက်တည်းလား၊ အန်ကယ်မင်းတို့၊ ကိုဇော်မင်းတို့ရော''

''အမလေး…ပြောမနေပါနဲ့ သမ္ဘာရဲ့၊ အခုတင် ဖုန်းထဲမှာ ရန်ဖြစ်ပြီးပြီ၊ ကိုကိုကြီးက သူ့အပေါင်းအသင်းတွေနဲ့ ခရီးလွန်နေလို့တဲ့၊ ချယ်ရီ့မွေးနေ့ကို အမှီပြန်မလာနိုင်ဘူး၊ ဖေဖေကတော့ ဒီညနေမှ ဂေါ့(ဖ်)ရိုက်ဖော်ရိုက်ဘက်ချင်း ဒင်နာတဲ့လေ၊ ညပြန်လာမှ ဘတ်(ဒ်)ဒေးပရဲဆင့်ယူတော့တဲ့၊ အဲဒါနဲ့ သမ္ဘာနဲ့ချယ်ရီ နှစ်ယောက်တည်း ဖြစ်သွားတာ၊ ဘာလဲ သမ္ဘာက ချယ်ရီနဲ့ နှစ်ယောက်တည်းဆို မွေးနေ့ပွဲ မကျင်းပချင်ဘူးလား''

''မပြောမိပါဘူး၊ အဲဒီလို''

သမ္ဘာက ကုတ်အကျီအတွင်းအိတ်ကို နှိုက်ပြီး လက်အထုတ်၌ အပြာရင့်ရောင် ကတ္တီပါဗူးဝိုင်းလေး ပါလာ၏။ ခုံပေါ်မှနေ၍ သူမရှိရာဘက် လှမ်းထိုးပေးရင်း…





''ဟက်ပီဘတ်ဒေးပါ ချယ်ရီ''

''ကျေးဇူးပဲ သမ္ဘာ၊ ဘာလေးလဲဟင်၊ ချယ်ရီတော့ မစောင့်နိုင်ဘူးနော်. တစ်ခါတည်း ဖွင့်ကြည့်မှာပဲ''

ပြောပြောဆိုဆိုနှင့် ဗူးလေးဖွင့်တော့ အတွင်းမှာ နှင်းဆီခိုင်ခွင့်ရင်ထိုးလေး။ ပတ္တမြားနှင့် ပန်းဖူးပုံစံ ဖော်ထားပြီး ရိုးတံလေးနှင့် ရွက်ခက်လေးက ကျောက်စိမ်းတွေ စီခြယ်ထားသဖြင့် နှင်းဆီခိုင်လေးက ကြွကြွရွရှနှင့် အသက်ဝင်လှုပ်ရှိသည်။ ဒါမျိုး ရင်ထိုးတစ်ခုအတွက် ဈေးပေးရမှာလဲ မနည်းမနောလို့ တွေးရင်း ချယ်ရီ နှုတ်ခမ်းထောင့်၌ အပြုံးရိပ်ထပ်၏။

''နင် နောက်ကျမနေနဲ့၊ အချိန်မဆွဲနဲ့ ချယ်ရီ၊ ဒီမွေးနေ့မှာ မိုင်အောင်ဖန်တီး၊ ငါနဲ့ဖေဖေက တမင်ကာကာ ရှောင်ပေးတယ်ဆိုတာ နင့်စီမံကိန်း အကောင်အထည်ဖော်လို့ရအောင်၊ သမ္ဘာရင့်ကိုသာ နင် အသာဆွဲစားလိုက်၊ သေချာတယ် ငါတို့ မင်းစံအိမ်က နှစ်ရှည်သူဌေးလောင်းဖြစ်ပြီ''

ဒီနေ့ အစီအစဉ်အတွက် မောင်နှမချင်း လက်ဝါးရိုက်ပြီးသား။ ချယ်ရီက နှင်းဆီရင်ထိုးလေးကို ထုတ်ယူရင်း သမ္ဘာဆီ မော့ကြည့်တော့…

''မင်းကြိုက်မှာပါ ချယ်ရီ''



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တာပေါ့၊ သမ္မာလက်ဆောင်ပဲဥစ္စာ၊ ဒီတိုင်းတော့ မရဘူးဆရာ"

ချယ်ရီက ပြုံးပြုံးလေးနှင့် ထိုင်ရာမှထကာ ခုံကိုပါ သမ္မာနားဆီ ဆွဲချသွားသည်။ သမ္မာ့ဘေး၌ မျက်နှာလှည့်ဝင်ထိုင်ရင်း

"သမ္မာကိုယ်တိုင် တပ်ပေး"

သမ္မာက စိတ်ရှုပ်စွာ သက်ပြင်းမောကို ကျိတ်ချသည်။ ထင်တော့ထင်သား။ ဒီလိုဇာတ်ကွက်တွေ ထွင်လာမည်ဆိုတာ။ လည်ကပ်ဆွဲကြိုးတွေ၊ လက်စွပ်တွေဆို သူမပိုစိတ်ကူးယဉ်သွားမှာစိုး၍ ရင်ထိုးဝယ်ပေးတာတောင် သမ္မာ့အတွက် စက်ကွင်းက မလွတ်ချင်။ သမ္မာက ရင်ထိုးကို လှမ်းယူရင်း ပြုံးနေသော သူမမျက်နှာကို မကြည့်ဘဲ အနောက်သို့မျှော်ကြည့်စဉ် ရင်ထဲအေးသွားသလို ခံစားရသည်။ အဖြူရောင် မြန်မာဝတ်စုံက အင်္ကျီလည်ပင်းတွေ၊ လက်တံတောင်ဆစ်နားတွေမှာ အနားကွင်းထားတာ ရွှေရောင်ချိတ်နှင့်။ ထဘီကလည်း ဒူးနားချိတ်ရွှေရောင်ဝမ်းဆက်။ ခေါင်းလျှော်ပြီးခါစ ဖြစ်ဟန်တူသည်။ ဆံပင်တွေကို အထိန်းအကွပ်မရှိ။ ဒီအတိုင်း လွတ်လပ်စွာ ဖြန့်ချထားတော့ တင်ပါးတစ်ဝိုက်ဝဲဖြာကာ ခြေတစ်လှမ်းချတိုင်း စည်းချက်ညီစွာ လှုပ်ရှားသည်။ လက်ထဲ၌ ပန်းကန်ပြားအကြီးစားဖြင့် အောက်ခံကိုင်



ထားသော ပန်းကန်လုံး အကြီးကြီးက အငွေ့တထောင်းထောင်းထွက်နေတာ သမ္မာတောင် မြင်နေရသည်။ ဘေးဘီကိုလည်း အာရုံမထား။ သူ့ထံလည်း အကြည့်မရောက်ဘဲ နုတ်ခမ်းလေးစုပိုင်းလျက်တစ်လှမ်းချင်းလှမ်းပြီး ဂရုတစိုက် သယ်လာပုံက ချိန်ကိုက်ဗုံးတစ်လုံးလို။

"တပ်လေ…သမ္မာ၊ ဘာတွေငေးနေတာလဲ"

ချယ်ရီ့အပြောကြောင့် သတိဝင်သည်။ သမ္မာက ခေါင်းငုံ့ထား တပ်ပေးရပေမယ့် အာရုံက ချယ်ရီမင်းဆီမှာ မရှိတာတော့ အသေအချာ။

"အို…အရမ်းလှသွားပြီ၊ ကြည့်စမ်း သမ္မာ၊ ချယ်ရီဝတ်ထားတဲ့ အင်္ကျီအရောင်နဲ့ ဟပ်နေတာပဲနော်"

"အင်း"

ကျေနပ်နှစ်သိမ့်နေသော သူမကိုကျော်ပြီး အဖြူရောင်အဆိုဆီ အကြည့်ကအရောက် အကြည့်သူခိုးကို လူမိသွားသည်။ ဟင်းချိုလုံးပန်းကန်ကို ဂရုစိုက်သယ်လာသော မခက်က ရှေ့စားပွဲဆီလှမ်းအကြည့်…

"အို"

ရင်ထဲ အမြွှာက်တစ်ချက် ပစ်ဖောက်ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ နွေးထွေးခြင်း၊ ကြင်နာခြင်း ရောင်စဉ်ပါသော အကြည့်က မခက်ရင်ထဲ လျှပ်စီးလက်သွားသလို။ ဖြိုးဖြိုးဖျပ်ဖျပ်နှင့် တစ်ခဏ ချင်း ရင်ခုန်သံက ဆူညံလာ၏။ ရှေ့ဆက်ရမည့် ခြေလှမ်းတို့က နေရာမှာတင် အင်အားမဲ့ခြင်းသို့ ရောက်သည်။

"ဒီနေ့ ငါ့မွေးနေ့ရှိတယ်၊ ညစာကို စီစဉ်ရမယ့်ဟာတွေ ငါပြောပြမယ်၊ နာရီနဲ့ ပို့ရမဲ့ဟင်းပါ တစ်ခါတည်းမှတ်"

မမလေး အမိန့်ချတှန်းက ဘယ်သူဘယ်ဝါဆိုတာ မခက် သိခွင့်ရခဲ့တာမဟုတ်။ အခုတော့…

"မင်းရှေ့မှာ ကိုယ်အမြဲရှိနေမယ် မုန်းမခက်"

မမြင်ရတောင် အမြဲသတိရနေသော စကားတစ်ခွန်း သူ့ကို မြင်နေရမှ ပြန်ကြားယောင်မိတာ အဆန်းလား။ မခက် သူ့အကြည့်စက်ကွင်းမှ ရုန်းထွက်ရန် အင်အားယူဆဲမှာပဲ…

"ဘာငေးနေတာလဲ မခက်"

ရုတ်တရက် လှည့်အော်တဲ့ မမလေးကြောင့်…

"အမေ့"

"ခွမ်း…ချလွမ်း"

သံစုံတီးဝိုင်းမဟုတ်ဘဲ အသံတွေ ဆူညံသွားသည် လန့်၍ လွှတ်ကျခြင်းနောက်မှာ မခက်က ထိတ်လန့်ခြင်းဖြင့် ငုံ





တုပ်ထိုင်ချရင်း…

"မမလေး မခက်က"

"တော်တော့"

မမလေးက ဝိတ်အော်တော့ ကြောက်ရွံ့စွာ ဇက်ကလေး ငုံသည်။ အယောင်ယောင်အမှားမှားနှင့် ပန်းကန်ကွဲတွေကောက်ဟန် ပြင်တော့…

"ဟိတ်…မကောက်နဲ့"

လေထဲမှာတင် လက်က ဆတ်ခနဲတွန့်၏။

"ကောက်ပလေ့စေ သမ္မာ၊ ဒီပန်းကန်လုံးလေးသယ်လာ တာ ဒီလောက်တောင် အသုံးမကျတာ၊ နင်ဟာလေ…တောက် ထမင်းစားပြီး လူတော့ဖြစ်ပါရဲ့၊ လူလိုဘာမှအသုံးမဝင်တဲ့သူ"

ချယ်ရီက ဒေါသနှင့်မောဟ မျဉ်းပြိုင်ပြေးနေသဖြင့် သမ္မာ ကို မေ့သွားသည်။ မျက်ဝန်းထဲ ရုပ်ရှင်အနေးကွက်လို ထပ်ခါ ထပ်ခါ မြင်ယောင်နေတာက သမ္မာအား ငေးမောနေသော ဒင်း၏ အရိုက်မက်မက် ငေးနေတာများ။ အမေအချိုးအတိုင်း ဒီသမီးမှာ မှားယောင်းမြူဆွယ်ခြင်းတွေက အပြည့်ဆိုလျှင်…

"တောက်"

တက်ခေါက်ပြီး ဒေါသခြေလှမ်းက ရှေ့တိုးတော့…



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ ချယ်ရီ"

သမ္မာက သူမနှင့်မခက်ကြား တံတိုင်းတစ်ခုလို ပိတ်ကွယ်ပြီးမှ...

"မင်းမွေးနေ့ကို ဟိုတယ်မှာပဲ သွားကျင်းပရအောင်"

"ဟို...တယ်"

သံယောင်လိုက် ရေရွတ်ရင်း သမ္မာပေးသော အခွင့်အရေးက သူမအတွက် ကြီးကျယ်ခမ်းနားလွန်းတာအမှန်။ သမ္မာကတော့ မျက်ခုံးတစ်ချက် ပင့်ပြရင်း...

"အိုခေ...သွားရအောင်"

အခုထိ ယန်းကန်ကွဲတွေနား ပုဆစ်တုပ်ထိုင်နေသော မခက်ဘက် လှည့်ကြည့်ကာ...

"မင်းမမလေးအတွက် မင်းအစား ကိုယ်ပဲ မွေးနေ့ဆွဲ အလျော်ပေးလိုက်ပါ့မယ်၊ အဲဒါတွေ ကောက်မနေနဲ့တော့"

ဖျတ်ခနဲ မျက်စိမှိတ်ပြသော သူ့အပြုအမူကြောင့် မခက်က ယန်းကန်ကွဲတွေနားမှာ ကြောင်အမ်းအမ်းနှင့် ကျန်နေခဲ့သည်။ ကားတံခါးပိတ်သံ၊ ကားစက်နှိုးသံတွေအပြီးမှာ ခြံကြီးတစ်ခုလုံး တိတ်ဆိတ်သွား၏။ မခက်က ယန်းကန်ကွဲအစတွေ ရှင်းလျှက်လက်အလုပ်မ်းဦး...





"အစ်မ"

"ဟင်"

ကိုယ်သိထားခြင်းမရှိသော မျက်နှာစိမ်းကောင်လေး နှစ်ယောက်။

"ကျွန်တော်တို့က ပုလဲသုခကပါ၊ အစ်မ သွားနားပါ၊ ဒါတွေရှင်းထားပေးပါ့မယ်"

"ဟို"

မခက်က ငြင်းဆိုရန် ကြံသည်။ မခက်အကြံကို ထိုကောင်လေးတွေက ကြိုတင်တွက်ဆမိသည့်အလား။

"ကိုရင့်က အဲဒီအတိုင်း ညွှန်ကြားသွားလို့ပါ"

မှန်းမခက်က ပုဆစ်တုပ်ထိုင်နေရာမှ ဖြည်းညင်းစွာ ထတ်တပ်ထရပ်သည်။ ညသည် အားကောင်းသော အမှောင်ထုကို တိုးဝင်ရန် အသင့်ဖြစ်လျက်။ မခက်ကလည်း တဒင်္ဂဆုံဖူးသော သူ့အကြည့်ထဲ တိုးဝင်ရန် အားယူလျက်။ စူးစမ်းလေ့လာ အဖြေရှာရန်အတွက်ဆိုရင် မှန်းမခက်ရဲ့ရှေ့မှာ သူရပ်တည်ပေးမှာ တကယ် လားလား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"နင် သိပ်လက်သွက်နေတယ်ပေါ့ ဟုတ်လား မှန်းမခက်"

မိုးခြိမ်းသံမျှ ကျယ်လောင်သော အသံကြောင့် မခက်က ပန်းပင်ရေလောင်းနေရာမှ ဆတ်ခနဲ လန့်သွားသည်။

"ရှင်...မမလေး"

ရေပိုက်ကိုချပြီး ဒီဘက်လှည့်တာနှင့် ဖြောင်းခနဲဆိုတဲ့ မြည်သံကျယ်ကြီးနှင့်အတူ မျက်ဝန်းထဲ ကြယ်လရောင်စုံဖြာထွက်သွားသည်။ ရိုက်ချက်က ပြင်းတာမို့ လူက ယိုင်ထွက်သွားသည်။ ထူပူကျိန်းစပ်သော ပါးပြင်အား လက်ဝါးနှင့်အုပ်ကိုင်ရင်း...

"ဘာဖြစ်လို့လဲ မမလေး"





"ဘာဖြစ်လို့လဲ ဟုတ်လား၊ နင့်အပြစ် နင်မသိဘူးလား"

"မမလေး မခက်က"

"ဖြောင်း"

လွှတ်နေသော ပါးတစ်ဖက်သို့ နောက်ထပ်လက်ဝါးတစ်ချက်က အားပြင်းစွာ စိုက်ကျသည်။ ဒီတစ်ကြိမ်တော့ မခက် ထောင့်မခံနိုင်။ ခွေလဲကျသွားတာက စွတ်စိုသော မြက်ခင်းစိမ်းဆီ။ အစိမ်းရင့်ရောင်ပေါ် အဝါရောင်ရွက်ကြွေတစ်စလို ပုံပုံလေးလဲနေသော မခက်ကို မမလေးကြည့်တာက မုန်းတီးရွံရှာစွာ။

"ဟွန်း...နင့်ကိုယ်နင် သိပ်လည်လှပြီလို့ ထင်နေသလား ခက်၊ ဟင် နေစမ်းပါဦး နင်က ငါပတ်သက်သွားမှုလူနဲ့ လိုက်ပတ်သက်နေရအောင် ဘာလဲ ငါ့ကို တန်းညှိနေတာလား၊ ဆိုယ့်အဆင့် ကိုယ်မသိဘူးလား၊ နင်က မယားငယ်မရဲ့သမီး၊ ဒါက"

"ဒီကိစ္စက နင်နဲ့လည်းဆိုင်တယ် ချယ်ရီ"

အပွဲပွဲနဲ့ရှိန် ကိုကိုကြီးကလည်း ဒီထဲဝင်ပါလာပြီဖြစ်သည်။ အကျီလက်တိုကို တံတောင်ဆစ်များအထိ ပင့်တင်ကာ အနားသို့ လျှောက်လာသူ ကိုကိုကြီးအား မခက်က လဲကျနေရာမှ ကြောက်ရွံ့ ထိတ်လန့်စွာ ကြည့်သည်။ ကိုကိုကြီးက မခက်အား မုန်းတီးစွာ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ရင်း…

"နင်က ငါ့အပေါင်းအသင်းကို လူလို့မထင်ဘူးပေါ့ ဟုတ်လား မုန်းမခက်"

"ကိုကိုကြီး"

"မခေါ်နဲ့၊ ငါ နင့်အစ်ကိုလို့ မခံယူဘူး၊ နင့်ကိုယ်ထဲမှာ ငါ့အဖေရဲ့သွေး တစ်ဝက်နှောခဲ့တယ်ဆိုပေမယ့် ဒါ အလိုမတူတဲ့ သွေး၊ နင့်အဖေကို မုန်းတဲ့သွေးလေ၊ ဒီမှာ မောင်နှမဆိုတာ အရေ ကြီးရင် သွေးနီးတယ်တဲ့"

ကိုကိုကြီးက ဒီအတိုင်းပြောရုံနှင့် အားမရ။ ခါးထောက်ပြီး ရွံရှာသလို မျှော်ဝန်းနှင့် ငုံ့ကြည့်သည်။ ပြီးတော့မှ နှုတ်ခမ်းတို့က ဟိုဘက်ဒီဘက် ဆောင့်ဘင်ခတ်အောင် မဲ့ရွဲ့ရင်း…

"နင်က ငါတို့သွေးကို နီးအောင်မလုပ်ဘူး၊ အမြဲတမ်း ဝေးသထက်ဝေးအောင်လုပ်တယ်၊ အေးပေါ့လေ ငါ့အပေါင်းအသင်း ထက်စာရင် သမ္မာရင့်လိုလူကို ပိုကပ်မှာပေါ့၊ သမ္မာရင့်ရဲ့ ချမ်းသာ ကြွယ်ဝမှုတွေကို နင့်ရှေ့မှာ ငါတို့ကြော်ငြာသလို ဖြစ်သွားခဲ့ပြီကိုး"

"သမ္မာရင့်"

မခက်က တိုးတိုးလေး ရေရွတ်ရင်း တစ်ခုသော နံနက် ခင်းကို သတိရသည်။





"မင်းရှေ့မှာ ကိုယ်အမြဲရှိနေမယ်"

ကတိစကားဖြင့် မခက် ရင်ခုန်သံများကို လှုပ်နှိုးခဲ့သော နံနက်ခင်း။ ယနေ့အထိ မခက်မှာ မမေ့နိုင်ဘဲ ရှုးသွပ်ခဲ့ရသော နံနက်ခင်း။ အမှတ်ရခြင်းနှင့်ထပ်တူ မခက်က ကြောက်ရွံ့စိုးထိတ်စွာ ကိုကိုကြီးကို ဖျတ်ခနဲ မော့ကြည့်သည်။

"သြော်…အခုတော့ သတိရသွားပြီပေါ့ မချော၊ ဟုတ်လားဟင်၊ ငါ့သူငယ်ချင်း အောင်ကျော်က ပြောပြီးသား၊ နင့်ကို ကယ်ထုတ်သွားတဲ့ ပလော့(တ်)လေးက သိပ်လှတယ်ဆိုပဲ၊ အပွန်း ရာမမင်းသား မယ်သီတာကို ကယ်ထုတ်သွားတဲ့ဒီဇိုင်းနဲ့"

"မဟုတ်ရပါဘူး ကိုကိုကြီးရယ်၊ မခက်ကလေ"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း၊ နင့်အသံကို မကြားချင်ဘူး၊ နင့်ရုပ်လည်း မမြင်ချင်ဘူး၊ ဒီမှာ မခက် ဥပဒေမရှိရင်လေ ငါ နင့်ကို ရိုက်သတ်တယ်သိလား၊ မယားငယ်အမျိုးအတိုင်း လာတဲ့ ကောင်မ၊ ငါနဲ့ ပခုံးချင်းလိုက်ယှဉ်တာကို ငါရွံတာဟဲ့၊ ကိုမော်တွန်း တလည်း တစ်မျိုး၊ အခု သမ္မာရင့်ကျတော့လည်း နင် အလွတ် မပေးပြန်ဘူး၊ နင်ဘယ်လိုမိန်းမလဲ၊ ပတ်သက်စရာ ယောကျ်ား တော်တော်ရှားသလား"

ချယ်ရီမင်းဟာ အော်ရင်းနှင့် အသံတွေတောင် ဒေါ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ရင်ထဲမှာ မနာလိုခြင်း၊ ခံရခက်ခြင်း စသည့်မီးတွေက အလှည့်ကျ လောင်မြိုက်နေတာကိုက ရင်နာစရာကောင်းလှသည်။ ပြောနေရင်းက ဒေါသကို ထိန်းလို့မရတော့အောင် အားမလို အားမရ နှင့် လက်တွေခါ၊ ခေါင်းတွေယမ်း၊ နှုတ်ခမ်းတွေ မဲ့တာရွဲ့တာ အားလုံးက စည်းချက်ညီညီ စနစ်တကျ။ မခက်ရှေ့သို့ တဆောင့် ဆောင့်လျှောက်လာပြီး ခါးကိုင်းကာ ခေါင်းငုံ့တော့လည်း ကိုယ့်ကို နာကျင်အောင် လုပ်လေမလားဆိုတဲ့ စိုးစိတ်နှင့် မခက်မှာ မျက်စိတွေ မှိတ်ချပစ်တာ အခါခါ။

"တော်တော့ ချယ်ရီ၊ ပါးစပ်အော်ရင် လူကြားရုံပဲရှိတော့မှာပေါ့"

ဇော်မင်းက အိမ်ရှေ့ခြံကြီးဆီ မျက်လုံးဝေ့၍ ပြောတော့ ကျေနပ်ခြင်းမရှိသေးသည့် မမလေးက လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်ကာ အားမလိုအားမရဟန်ဖြင့်...

"တောက်...ဒင်းကို အမှန်ချေပစ်ချင်တာ ကိုကိုကြီး"

"အေးပါ...ချေရမှာပေါ့၊ သူနဲ့ထိုက်တန်တဲ့ အပြစ်ဒဏ် ဘယ်လိုပေးရမလဲဆိုတာသာ ညည်း စဉ်းစား"

"ကောင်းတယ်၊ သူ့ကို မရိုက်တော့ဘူး၊ သူ့အရေခွံထ ထူနေပြီ၊ အရိုက်အနှက် ခံရပါများလို့ ထုံနေလောက်ပြီ"



ချယ်ရီမင်းက နှုတ်ခမ်းအထက်နားရှိ မှဲ့ကလေးလှုပ်သွားအောင် ခပ်မဲ့မဲ့ပြုံးရင်း မခက်ကို အေးစက်စွာ စိုက်ကြည့်သည်။ ထိုအကြည့်ကြောင့် မခက်မှာ ကျောရိုးထဲအထိ စိမ့်သွားအောင် ထိတ်လန့်သွားရပြီး...

"မမလေး"

"နင့်ပါးစပ်ကို ပိတ်ထား"

ချယ်ရီက ပြန်အော်ရင်း ဆွဲခေါ်လာတာ ရေကူးကန်နားဆီ။ ကန်နားရောက်တာနှင့် မခက်က သူမအကြံကို ရိပ်မိဟန်တူသည်။

"ဟင့်အင်း...မမလေး၊ မခက်ကို အဲဒီလိုမလုပ်ပါနဲ့နော်၊ မခက် ကြောက်လို့ပါ၊ မမလေး စိတ်ကျေနပ်တဲ့အထိရိုက်ပါ၊ မခက် ခံပါ့မယ်နော်၊ မမလေးရယ် မခက် ရှိကြိုးခိုးပါရဲ့"

"တော်စမ်း နင့်ပါးစပ်ပိတ်ထား၊ ဒီမှာ မုန်းမခက်၊ နင့်ကို ငါရိုက်ရင် ငါ့အသားပဲနာမှာ၊ ငါ့လက်တွေ ထပ်ပြီးအနာမခံနိုင်တော့ဘူး ဟွန်း...ရိုက်ရင်းသေရင်လည်း ငါပါအမှုပတ်မှာ၊ ဒီကိစ္စဆိုင်းရလွယ်တယ်၊ နင့်ဟာနင် ရေနစ်ပြီးသေတယ်ပြောရုံပဲ"

"ဟင့်အင်း...မလုပ်ပါနဲ့ မမလေး"

"သွား...နားညည်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သံလည်း ချယ်ရီက မကြားချင်တော့

ထို့ကြောင့် လက်အုပ်ချီကာ မျက်ရည်လည်ရွှဲ တောင်းပန်နေသော မခက်အား ရေကန်ထဲသို့ လက်နှစ်ဖက်ဖြင့် အားကုန်ဆောင့်တွန်း ချခြင်းပင်။ ခြေကားယား လက်ကားယားနှင့် ပြုတ်ကျသွားသော မခက်က ရေကူးကန်ထဲ မြုပ်ချည်ပေါ်ချည် ဖြစ်ရင်းက ဝူးဝူးဝါးဝါး အော်လေသည်။ ချယ်ရီက အနားသို့ရောက်လာသော ကိုကိုကြီး အား ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မခက်အား မေးဆတ်ပြရင်း

"ချယ်ရီ့အကြံ မကောင်းဘူးလား ကိုကိုကြီး၊ ခင်းထ သေဘေးနဲ့နီးမှ နောက်တစ်ခါ မလုပ်ရဲအောင်၊ အဲဒါမှ မှတ်မိသွား မှာ"

"ချယ်ရီ မင်းအကြံ လျော်ကန်သင့်မြတ်လှပါကြောင်း"

ရေကူးကန်ဘေးနားမှာရပ်ကာ ကိုကိုကြီးရဲ့ထောက်ခံမှု ချယ်ရီ့စိတ်နှင့်တစ်ထပ်တည်း။ ချယ်ရီမင်းက တစ်ခါပေါ်လာတိုင်း ဝူးဝူးဝါးဝါးအသံတွေပြုပြီး ကယ်ပါယူပါ တစာစာအော်နေပုံရသော မခက်အား သွေးအေးကျေနပ်စွာ စောင့်ကြည့်သည်။

"မကယ်ဘူး မခက်၊ နင်သေသင့်တယ်၊ သမ္မာရင့်ဆိုး ငါ့တစ်ဦးတည်းမူပိုင်ကို နင်ပတ်သက်ခဲ့တာကို နင်သေသင့်တယ်

◆ ◆ ◆



## အခန်း (၁၁)

"ကိုရင့် အောက်မှာ နံနက်စာ အသင့်ဖြစ်ပါပြီ"

"အေး...လာပြီ"

သမ္မာက ပြေးစက်ပေါ်မှ အသံပြုရင်း စက်ကိုပိတ်သည်။ အခန်းက သူ့အားကစားလုပ်သည့် မှန်ခန်း။ တစ်ခန်းလုံး မှန်အပြည့်ကာထားပြီး အပြင်မှကြည့်လျှင် စိမ်းပြာရောင် မှန်ဝိတ်ကြီး တွေသာ တွေ့ရပြီး အတွင်းမှပြင်ပသို့ ရှင်းလင်းစွာတွေ့ရသည့် မှန်အကြည်မျိုး။ ထို့ကြောင့်လည်း သမ္မာက ဟိုဘက်ခြံကို လှမ်း တွေ့ရတာ။ လှမ်းတွေ့လို့လည်း မှုန်းမခက်ဆိုသော မိန်းကလေးနှင့် ပြန်ဆုံရတာ။ ဆံပင်အရှည်ကြီး၊ ခေတ်ဟောင်း အဝတ်အစား တွေနှင့် ကိုယ်လုံးကပြည့်ပြည့်။ ထူအမ်းသော နှုတ်ခမ်းနှစ်လွှာအား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို အားယူသည့်အခါတိုင်း ဖိပိတ်လေ့ရှိသည့်အခါ ဘယ်ဘက်ပါးပြင်ပေါ်က ပါးချိုင့်လေး ခွက်ဝင်သွားတာကအစ သူ တခုတ်တရ မှတ်မိနေတာကိုက ဆန်းကြယ်မှုပင်။ သမ္မာက ချွေးစွဲနေသော ခန္ဓာကိုယ်အထက်ပိုင်းကို အနီးရှိ သဘက်ပိုင်းကြီး လွှမ်းခြုံပြီး မှန်ချပ်ကြီးတွေနား လျှောက်သွားသည်။ အနားရောက်မှ အဝတ်ဖြူလွှမ်းထားခြင်းကို ဆွဲလှန်ပစ်သောအခါ ဒေါက်စင်နှင့် အကျအနတင်ထားသော မှန်ပြောင်းကြီးက ပေါ်လာ၏။

"အဟွန်း"

နှုတ်ခမ်းမှာ ကြည်မွေ့ခြင်းက အပြုံးဖြင့် ဖြစ်တည်လျက်။ သူမနှင့်တွေ့မှပင် သမ္မာ့ဆီမှာ အိမ်ရှေ့ခြံ မြင်ရသမျှအခန်းတိုင်း မှန်ပြောင်းတွေ တပ်ဆင်ထားရသောအဖြစ်။ ဒါကြောင့် ထူးမြတ်က တောင် သူ့အိပ်ခန်း၊ အားကစားခန်း၊ ဧည့်ခန်းတွေမှာ အဝေးကြည့် မှန်ပြောင်းတွေ တပ်ဆင်ပေးရင်းက...

"အကြောင်းမသိတဲ့သူဆို ဒီလိုထင်မှာ ကိုရင့်ရ၊ ဒီအိမ်မှာ နက္ခတ္တဗေဒပညာရှင်များ နေသလားဆိုပြီးလေ"

"မှန်ပြောင်းတွေ များလို့လား"

သူကပြန်မေးတော့ ရယ်ကျဲကျဲဖြင့်...

"အင်းလေ...ကြယ်တွေ ဂြိုဟ်တွေကို ကြည့်သလား





ပြီး"

နောက်တီးနောက်တောက် ပြောတတ်သည်။ တစ်ခါတစ်ရံ သူတို့အခန်းထဲ ဝင်လာသောအချိန် သမ္မာက မှန်ပြောင်းကြည့်နေချိန်နှင့် ကြုံကြိုက်ပါက...

"ကိုရင့်...နတ်သမီးရှာနေတာ"

ပြီးတော့ မကြားတကြား ပြောသေးသည်။

"နတ်သမီးတော့ တွေ့ပြီ၊ နတ်သမီးကို ဘယ်လိုမျှားရလဲ စဉ်းစားတုံး"

သမ္မာက ထိုစကားတွေကြားတိုင်း မျက်နှာတစ်ဖက်လွဲတာ ပြုံးစိစိဖြစ်ရစမြဲ။ အခုလည်း သူမရှိရာကို ငေးချင်ပြန်ပြီ။ အချိန်အကြာကြီးမဟုတ်ပေမယ့် တစ်နာရီ၊ တစ်စက္ကန့်ပဲဖြစ်ဖြစ် သူမကိုတွေ့ရလျှင် သူကျေနပ်ပြီ။ ထို့ကြောင့် သမ္မာက ခါးကိုင်းကာ မှန်ပြောင်းဖြင့် တစ်ဖက်ခြံဆီ အကြည့်ပို့သည်။ ဒီအခန်းထဲက မှန်ပြောင်းက ခြံထဲက ရှုခင်းကို တန်းတွေ့ရသည်။

"ဟာ"

မြင်လိုက်ရသောမြင်ကွင်းကြောင့် သမ္မာက ဟာခနဲ အကျယ်ကြီး အော်ပစ်သည်။ သေချာအောင် မှန်ပြောင်းကို ဆက်ကြည့်သည်။ မြင်ကွင်းက ကျဉ်းပေမယ့် သူ့အမြင်မှားနိုင်။



www.burmeseclassic.com

www.burmeseclassic.com



အဝါနုရောင်ဝတ်စုံဝမ်းဆက်နှင့် မှန်းမခက်ရှိနေသော နေရာက ရေကူးကန်ထဲမှာ။ မြုပ်ချည်ပေါ်ချည်။ သမ္မာ မှန်ဘီလူးကို နေရာရွှေ့ သည်။ ရေကူးကန်ဘေးဘောင်၌ တွေ့ရသူ ဟိုမောင်နှမ။ သမ္မာက မှန်ပြောင်းရှေ့မှ ချက်ချင်းခွာသည်။ အခန်းတံခါးကို ဆွဲဖွင့်ရင်းက လှေကားတစ်လျှောက်ပြေးဆင်းရင်း...

"ထူးမြတ်"

"ဗျာ...ကိုရင့်၊ ဟင် အကျီမလဲဘဲနဲ့"

"ကားရော"

"ပေါ်တီကိုအောက်မှာ"

သမ္မာက သဘက်ကြီးကို ပခုံးပေါ် ဖြစ်သလို ဆွဲပတ်ရင်း ကားဆီ ခြေလှမ်းကျဲကြီးနှင့် တလွှားလွှားလျှောက်သည်။

"ကိုရင့်"

ထူးမြတ်က နောက်မှ တစ်ခုခုပြောရန် ပြေးလိုက်လာ...

"စက်သွားနှိုး"

ပြောချင်သူက မပြောဘဲ အမိန့်အတိုင်း နာခံလိုက်ရ... အဖြစ်။ ထူးမြတ်က စက်နှိုးထားတဲ့ ကားပေါ် သမ္မာက ဝင်ထိုင်... ရင်း...

"ရှေ့ခြံကို အမြန်မောင်း၊ တစ်စက္ကန့်လောက်တော...





...ငါနောက်ကျလို့မဖြစ်ဘူး"

"ဟုတ်...ကိုရင့်"

မျက်နှာပေါ် မညီညွတ်ခြင်းတို့ကို တွေ့နေရ၍ ထူးမြတ်က ...အချိန်မဆွဲနိုင်။ ကားကို ခြံထဲမှ တရှိန်ထိုးမောင်းထွက်ပြီးတာနှင့် ...မင်း'စံအိမ်က ဖွင့်ထားသော ခြံတံခါးတောက်လျှောက် မောင်းဝင် ...ခဲ့သည်။ 'မင်း'စံအိမ်ရဲ့ ပေါ်တီကိုအောက် ကားရပ်တာနှင့် ...သမ္မာက အချိန်မဆိုင်းဘဲ ကားတံခါးဖွင့်ဆင်းတာက ရေကူးကန် ...ဆီ။

"ဟယ်...သမ္မာ"

ကိုယ်အထက်ပိုင်း ဗလာကျင်းထားသော သမ္မာကို တွေ့၍ ...ယ်ရီက တအံ့တသြ လှမ်းခေါ်သည်။ မှန်းမခက်ရေနှစ်တာကို ...ကြည့်ပြီး သဘောကျကျေနပ်နေသော ဖော်မင်းက အထိတ်တလန့် ... နောက်လှည့်ကြည့်သည်။ သမ္မာကတော့ ဘယ်သူမှ ဂရုစိုက် ...။ ကိုယ်အထက်ပိုင်းရှိ သဘက်ကြီးအား ရောက်ရာပေါက်ရာ ...သစ်လိုက်ရင်း ရေကူးကန်ထဲ ဒိုင်ဗင်ထိုးဆင်း၏။ ပြာလဲ့လဲ့ရေရဲ့ ...ကက်ခြေမှာ ရုန်းကန်အားမရှိတော့သော မခက်က ငြိမ်သက်စွာ။ ...ရုန်းရှားမှုမရှိတော့။ သမ္မာက မခက်ကို ချိုင်းအောက်မှ သိုင်းဖေ... ...ကန်ဘောင်ဆီ အားစိုက်ပြန်ကူးလာခဲ့သည်။ ရက်စက်...တ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက် ရင်ထဲမှာ ရှုံ့ရှာမီးက အားကောင်းလာစေ၏။ ကန်ဘောင်၌ အသင့်စောင့်နေသော ထူးမြတ်က သတိလစ်နေသော မခက်ကို ကူပြီးဆွဲတင်သည်။ သူ ကန်ဘောင်ပေါ် ခုန်တက်ပြီးချိန်မှာတော့ အနားသို့ ချယ်ရီက ရောက်လာပြီး…

"ဒါဘာလုပ်တာလဲ သမ္မာ"

ဘာမေးမေး သူဖြေစရာမလို။ သမ္မာက မခက်ရင်ဘတ်ကို အားကုန်ဖိရင်း ရေတွေအန်ထွက်သွားစေဖို့ ကြိုးစားသည်။ ထင်သလောက် အလုပ်မဖြစ်မသာအခါ မခက်နှာခေါင်းကို ညှစ်ပိတ်ထားပြီး လေတဝ သူ ရှူရှိုက်ကာ တစ်ကြိမ်တစ်ခါမှ မထိတွေ့ဖူးသော မခက်နှုတ်ခမ်းဖျားသို့။ နွေးထွေးခြင်း၊ အေးစက်ခြင်းနှစ်ရပ်သော အကြောင်းတရားများက သူ့နှုတ်ခမ်းဖျားမှတစ်ဆင့် မခက်ထံ ကူးစက်သွားပြီးနောက် ကမ္ဘာလောက ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်း ကြီးစိုးသွားပြီး ရင်လှိုင်းခတ်သံကသာ နှုးညံ့ခြင်း လေပြည်ထဲ မျောလွင့်လျက်။

◆ ◆ ◆



## အခန်း (၁၂)

"အို…ဒီလိုခေါ်သွားလို့မရဘူး သမ္မာ၊ ဒီမှာ မုန်းမခက်ဟာ ချယ်ရီတို့အိမ်သား၊ ချယ်ရီတို့ရဲ့ညီမ၊ သူစိမ်းတစ်ယောက်တစ်ယောက်ဝင်းကိုယ့်ခြံထဲလာပြီး ပစ်စလက်ခတ် ဆွဲခေါ်သွားရအောင် မုန်းမခက်က တန်ဖိုးမဲ့ သစ်ကိုင်းတစ်ခက်မဟုတ်ဘူး၊ သူ့ကို အုပ်ထိန်းထားတဲ့ သူတွေကလည်း ငုံ့ကွက်ထောက်ထားစရာမလိုတဲ့ လူပေလူလွင့်တွေ မဟုတ်ဘူး၊ မခက် နင် လိုက်သွားစရာမလိုဘူး"

မခက်ရော သမ္မာပါ ရေတွေက စိုစိုရွဲလို့။ မခက်လက်ခေါ်းဟာ သမ္မာ ဆုပ်ကိုင်ထားသည့်အတွက်ကြောင့်သာ သွေးနွေးတော်ရနေတာ။ ဒီလက်တဝါးမှလွဲ၍ ကျန်သောခန္ဓာကိုယ်အစိတ်

www.burmeseclassic.com

www.burmeseclassic.com



အပိုင်းတွေက ရေကြောင့်ရော စိုးရိမ်ထိတ်လန့်မှုကြောင့်ရော ပေါင်း၍ အေးစက်ထုံကျင်၍နေသည်။ မခက်က ဒေါ်သရောင် တလက်လက် တောက်ပနေသော မမလေးအား ရင်မဆိုင်ရဲတာနှင့် သူ့ပခုံးစွန်း နောက်နားမှာ ကိုယ်ကို ကွယ်ရပ်ပစ်သည်။

"မခက်"

"သူ့ကို ခေါ်စရာမလိုဘူး၊ ပြောစရာရှိရင် ငါနဲ့ပြောမယ်"

ရေစိုနေသော ဆံပင်တို့ကြောင့် မျက်နှာက ပိုထင်ရှားလာ တာလား။ ဒေါ်သကြောင့် စေ့စေ့ပိတ်ထားသည့် နှုတ်ခမ်းများ ကြောင့်ပဲ သူ့မျက်နှာဟာ ခက်ထန်နေသလား။ ချယ်ရီ မသိ ချယ်ရီ သိတာက သူ့မရှေ့မှ မခက်နဲ့သမ္ဘာ အတူယှဉ်တွဲမသွားရေ ပင်။ ချယ်ရီ့နှုတ်ခမ်း၌ လှောင်ရိပ်က စွန်းထင်သည်။ လက်ပိုက် ကာ မျက်တောင်တွေ စင်းချပြီး သမ္ဘာအား စေ့စေ့စိုက်ကြည့်နေပုံ က ခပ်ရိရိနှင့်။

"မခက်တို့ ဘယ်တုန်းက ကိုယ်စားလှယ်တွေ ဘာတွေ ခန့်လိုက်သလဲ မသိပါဘူး၊ ရယ်ရတယ်၊ ပြီးတော့ ချီးကျူးရမယ် မခက်၊ နင့်မာယာတွေအတွက်လေ၊ သမ္ဘာအတွက်တော့ စိတ် ကောင်းဘူးသိလား၊ သူသုံးတဲ့မာယာအောက်မှာ ပြားပြားဝပ် ဒူးတု ခစားသွားရလို့"



"အဲဒါ ငါ့ကိစ္စပါ မုန်းမခက် မင်း ငါနဲ့လိုက်ခဲ့"

"ဟုတ်"

မခက်က အလျှင်စလို ခေါင်းညိတ်တော့ ချယ်ရီ့ရင်ထဲ တင်းခဲ။ ဒီထက်ပိုပြီး တား၍မကောင်းတော့။ တားပိုင်ခွင့်ရှိပေမယ့် အခုနေခါမှ ကိုယ်က အုပ်ထိန်းသူဆိုတဲ့ပါဝါက ထုတ်ပြလို့မဖြစ်နိုင် တဲ့ အခြေအနေ။ ချယ်ရီတို့က ကိုယ့်လုပ်ရပ်ကြောင့် အရှုံးပြန်သပ် ရမယ့် အနေအထားမို့...

"ကိုကိုကြီး"

တိုင်ပင်သလို၊ ခွင့်တောင်းသလိုနှင့် လှမ်းခေါ်သည်။ ော်မင်းက မခက်အား မထိတရိပြုံးပြကာ...

"ပေးသွားလိုက်ပါ၊ အိမ်အလည်သဘောမျိုးပေါ့၊ ဖေဖေ တာမှ ပြန်ခေါ်နိုင်းမယ်၊ သမ္ဘာကိုတော့ အားနာပါရဲ့၊ အစိုးရိမ်ကြီး း လာရတာ ဒုက္ခခေါ်ပေးသလို ဖြစ်နေပြီဆိုတော့လေ၊ သူ့ကို ပြစ်ရှိလို့ အပြစ်ပေးတာကို"

"အပြစ်ပေးတာကို လက်ခံနိုင်ပေမယ့် နှိပ်စက်တာမျိုးကို တော့ ကျွန်တော် ကျောခိုင်း မျက်စိမှိတ်မနေနိုင်ဘူး၊ ဒါကြောင့်ပါ ိုဇော်မင်း၊ ဒါဆို မေးချင်လိမ့်မယ်၊ ခင်ဗျားနဲ့ မခက်ရဲ့ပတ်သက် လို့၊ ခင်ဗျားက ယဉ်ကျေးမှုအရ မမေးတာပဲဖြစ်ဖြစ်၊ မကြားရဲ

www.burmeseclassic.com

www.burmeseclassic.com



လို့ မမေးတာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အားလုံးသိအောင် ကြေညာခဲ့မယ်၊ မုန်းမခက်ကို မင်းစံအိမ်က အပြီးတိုင် ခေါ်ထုတ်သွားခဲ့တာက ပုလဲသုခရဲ့ မိသားစုဝင်အဖြစ် သတ်မှတ်ဖို့ပဲ၊ ရှင်းအောင်ပြောရရင် မုန်းမခက်ကို ကျွန်တော်လက်ထပ်မယ်"

"အို"

ကြားရသောစကားက ယုံနိုင်ဖွယ်ရာမရှိပေ။ မခက်က ရှက်ရွံ့ထိတ်လန့်စွာ သူ့လက်ဖဝါးအတွင်းက ရုန်းထွက်တော့ သမ္မာက လွှတ်မပေးဘဲ တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ထားရင်းက ဒီခြံထဲကထွက်ရန် ခြေလှမ်းပြင်သည်။ ထို့နောက် မခက်ရှိရာကို မျက်နှာလှဲကာ…

"ဒီနေ့ ဒီအချိန်ဟာ ဒီခြံကြီးထဲ ခြေချရစ်တာ မင်းအတွက် နောက်ဆုံးပဲ မုန်းမခက်၊ မင်းစံအိမ်ကို ကျောခိုင်းပြီး နောက်ထပ် မျက်နှာမူတဲ့အနာဂတ်မှာ မင်းအတွက် အငြိတ်ဆိုးတွေ အရိပ်မိုးခြင်းတွေ မရှိစေရဘူး၊ ကိုယ်ကတိပေးတယ်"

မုန်းမခက်နှင့် ဆန့်ကျင်ရာဆီ မျက်နှာမူတော့ နူးညံ့ခြင်းတွေ ပျောက်ဆုံးကုန်တာ အံ့သြစရာ။ အတွန့်ချိုးထားသော မျက်ခုံးတွေက အလိုမကျခြင်းကို ဖော်ပြသည်။ ဇော်မင်းတို့မောင်နှမထံ ငေ့ခနဲကြည့်ပြီးမှ…

ဝိုး : မို : ၁၁၆ ပ



"မင်္ဂလာကိစ္စအတွက် ဦးဇော်ဟိတ်ကို လွှတ်လိုက်မယ်"

ပြောပြီး မခက်ကို ဆွဲခေါ်သွားတာ တယုတယ မြတ်နိုးခြင်းများစွာနှင့်။ ရေစိုကပ်နေသော မခက်ကိုယ်ပေါ် သဘက်ကြီး လွှမ်းခြုံပေးပြီး ကားပေါ်တက်နိုင်းသည်အထိ ချယ်ရီက မျက်စိ တဆုံး ငေးတာ ဒီခြံကြီးထဲမှ ကားထွက်သွားသည်။

"တောက်…ဒီကတစ်သက်လုံး ကျွေးမွေးလာတာကို ခြေစုံကန်ပြီး ကောက်ကောက်ပါအောင် ထွက်သွားတာများ တစ်ချက်မှမငြင်းဘူး၊ တွေ့လား ချယ်ရီ၊ အခုတော့ မြစ်ထဲက ငါးတင်မကဘူး ပိုက်ထဲမိတဲ့ ငါးတောင် လွှတ်သွားတဲ့အဖြစ်မျိုး၊ ဖေဖေ့ကို ဘယ်လိုပြောကြရင် ကောင်းမလဲ၊ ဖုန်းဆက်ခေါ်ပြီး အကြောင်းနဲ့ရှင်းပြရင်း ကောင်းမှာ၊ ဖေဖေပြန်ခေါ်ရင်တော့ မခက်ကို ပြန်ထည့်ပေးမယ်နဲ့တူတယ်"

"ထင်လို့လား ကိုကိုကြီး၊ သမ္မာရင့်က ဒီလောက်အထိ လွယ်လွယ်ကူကူ ခေါင်းညိတ်၊ ခေါင်းခါတတ်တဲ့ လူစားမျိုးတဲ့လား"

ချယ်ရီက ဒေါသကို မနည်းကြီး ထိန်းထားရဟန်နှင့်ပြောသည်။ ဇော်မင်းက ရေကူးကန်ဘေး၌ ဒီတိုင်းကြီးထိုင်ချပစ်ကာ…

"မရလို့မဖြစ်ဘူးလေဟာ၊ သမ္မာကို ချိန်ထားတာနှင့်၊

ဝိုး : မို : ၁၁၆ ပ

www.burmeseclassic.com

www.burmeseclassic.com



တဘာယ်အပိုင်ပစ်တာက မုန်းမခက်ဆိုတော့”

“သွားပါစေ၊ လွှတ်ထားပေးလိုက်၊ မက်လောက်စရာမရှိဘူး၊ ဒါပေမဲ့ ရင်ထဲမှာ ဖုသွားတာတစ်ခုပဲ”

“ဘာလဲ”

“မာနနဲ့သိက္ခာ တစ်ဝက်စီပါသွားတာလေ၊ အဲဒီအတွက် သမ္မာရင့်ကိုရော မုန်းမခက်ကိုပါ မကျေဘူး၊ အဲဒါ အခွင့်သင့်ရင် ကိုယ်ပေးတာနဲ့ထပ်တူ ချယ်ရီက ပြန်ယူမှာ”

ကြိမ်းဝါးပြီး အိမ်ကြီးရဲ့နောက်ဘက်မှ လှည့်ဝင်သည်။ အခန်းဆီရောက်တော့ ချယ်ရီက မွေ့ယာပေါ် ကန့်လန့်ကြီး ဒိုင်ဗင်ထိုးချ၏။ နားထဲမှာ ကြားနေတာက သမ္မာရင့်၏ ကြေညာချက်များ။

“မုန်းမခက်ကို လက်ထပ်မယ်”

ဒါဆို ကိုယ့်ဆီရောက်လာသမျှ ကိုယ့်ကို သူပေးခဲ့သမျှ အရာတိုင်းက ချယ်ရီမင်းဆိုတဲ့ သူ့မအတွက် မဟုတ်ဘူးလား။ မုန်းမခက်နဲ့ယှဉ်လျှင် ကိုယ်က အရံလူဖြစ်ခဲ့သည်လား။ ခေါင်းကို ကြမ်းကြမ်းခါထုတ်ပေမယ့် ရင်ထဲက အနာကတော့ လွင့်စင်ပျောက်မသွားခဲ့။ ကိုယ့်လက်အောက်ငယ်သားက ထိုးနှန်းတက်သွားမည့် အဖြစ်မျိုးကို ချယ်ရီက မခံစားနိုင်ပေမယ့်…

သွားစမ်းပါ သမ္မာရင့်က ချယ်ရီမင်းအတွက်တော့ သီချင်း



ခေါင်းစဉ်လိုပင်။ မက်လောက်စရာမရှိပေမယ့် မမက်ချင်ခဲ့တာက မာနရဲ့အစဉ်အလာ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

''အဲဒါ သူများကို အပြစ်မတင်နဲ့၊ နင်တို့အသုံးမကျလို့''

''ဖေဖေ''

''ဘာမှဆင်ခြေမတက်နဲ့''

ဦးသက်မင်းက ဝိတ်အော်တော့ သားသမီးနှစ်ယောက်စလုံး အသံတိတ်သွားသည်။ ကျေနပ်သွားပုံတော့မရ။ ခေါင်းငုံ့ကာ နှုတ်ခမ်းတွေကို စူထော်ထားတာက ချယ်ရီမင်း ထိပ်ဆုံးမှ။ ဦးသက်မင်းက လက်နောက်ပစ်ပြီး ဧည့်ခန်းကို ပတ်လျှောက်သည်။ ဆောက်တည်ရာမရခြင်းကို လမ်းလျှောက်ခြင်းဖြင့် ဖြေသိမ့်ပြီးမှ...

''အစောကြီးကတည်းက ညည်းတို့ကို မပြောခဲ့ဘူးလား နံရံတိုင်းမှာ နားတွေရှိတယ်၊ ကိုယ်က မြင်နိုင်မှ ဒီမျက်စိနှစ်လုံးထဲ





သူများပတ်ဝန်းကျင်ဆိုတာ မျက်လုံးပေါင်းများစွာဆိုပြီးတော့၊ အထူးသဖြင့် ချယ်ရီ ဒေါသဖြစ်လာပြီဆိုရင် မထိန်းနိုင်မချုပ်နိုင်၊ ဒီကြားထဲ သတ်ကပါ၊ ခြေထောက်က ဟိုကန်ဒီကန်နဲ့''

''ဖေဖေကလည်း သူ့သမီးကိုထိတာနဲ့''

''နာလို့ပြောနေတာမဟုတ်ဘူး ချယ်ရီ၊ အခု ညည်းမဆင်ခြင်လုပ်လိုက်တော့ ဘာတွေအကျိုးထူးသွားလဲ''

''ကိုယ့်ခြံဝင်းထဲ ဖြစ်တာပဲ၊ မမြင်လောက်ဘူးလို့ထင်တာပေါ့၊ တစ်သက်လုံး ဒင်းကို ဒီလိုအပိုးချိုးခဲ့တာပဲ၊ ဘာသံမှ မကြားရပါဘူး၊ ယောက်ျားကြီးတန်မဲ့ စပ်စုတဲ့ ဒီသမ္ဘာရင့်နဲ့ကျမှ''

''အဲဒါ ညည်းသတိထားရမှာပေါ့''

''ဩော်...ဒေါသဖြစ်နေတာကိုပဲ၊ သူ့ကိုရိုက်ဖို့ ချယ်ရီက နေရာရွေးနေရဦးမှာလား ဖေဖေရဲ့''

ချယ်ရီက ဆူလျှင်မခံ။ ပက်ခနဲ ပြန်ပြောမည့်စကားက သည်း မရှားပါ။ ဒီပွဲမှာ နှုတ်ဆိတ်စွာနေသူက ဇော်မင်း။ ဦးသက်မင်းက ချယ်ရီရှေ့ဆိုဖာမှာ ဝင်ထိုင်လိုက်ရင်းက ခုံဖာကျောမှီပေါ် ခေါင်းလှန်တင်ထားသည်။ စိတ်ရှုပ်စွာ သက်ပြင်းကို ရှိုက်ထုတ်ရင်း

''ရှေ့ဆက်မယ့် နည်းလမ်းတောင် မတွေးတတ်အောင်ဖြစ်နေပြီ၊ ညည်းတို့လည်းအသိ၊ လက်ရှိမှာ ဒက်ဒီ့အိမ်က အဆိုးတက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ၊ ရှယ်ယာလက်ကျန်ကလည်း ကုမ္ပဏီဖျက်သိမ်းတာနဲ့တိုး
ထုတ်ထားတာက ဘယ်မှာကျန်လို့လဲ၊ ဇော်မင်း သဘော်တက်ချင်
တယ်ဆိုပြီး ထုတ်ပေးတဲ့ငွေက နောက်ဆုံးပဲ၊ ဖေဖေက ညည်း
အားကိုးပြီး သမ္ဘာရင့်ဆီက"

"ဟွန်း…ဖေဖေ့သမီးက လက်နှေးနေတာလေ၊ ဟို
ဟိုတယ်တွေ ဘာတွေခေါ်သွားပြီး မွေးနေ့ကျင်းပပေးတာကို"

"ကိုကိုကြီးမသိဘဲ ဘာမှမပြောနဲ့"

ချိတ်ထားသော ခြေထောက်ကိုချပြီး ဆတ်ခနဲထရပ်တော
အနီရဲရဲ ပိုးဂါဝန်ရှည်က ဝဲခနဲ ပျော့အိစွာ ခန္ဓာကိုယ်မှာ ကပ်
သည်။ တမင်တကာ ပြင်ဆင်ထားသော အသားအရောင် အဖြူ
ဂါဝန်အနီတို့က လိုက်ဖက်ညီစွာ။ ဦးသက်မင်းက အပြစ်ကင်းသော
အလှတရားများနှင့် ချယ်ရီ၌ အပြစ်မကင်းသော မောဟတရား
ဘာကြောင့်ပြည့်နှက်နေတာလဲလို့ တွေးနေမိသည်။ ချယ်ရီကတော
ဆိုဖာကျောမှီမှာ တင်ပါးမှေးမှီထားရင်း…

"ဟွန်း…ဟိုတယ်ကို သူနဲ့ချယ်ရီ နှစ်ယောက်တည်း
သွားရတာမှ မဟုတ်တာ၊ ဘေးနားမှာ ဆော်ဒီဂတ်တွေ၊ သက်တော်
စောင့်တွေက အနားမခွာတမ်း နေနေတာ၊ ချယ်ရီက ဘာလုပ်
လဲ၊ အခုမှ ပြန်တွေးမိတာလေ၊ သူသက်သက် ချယ်ရီကို ပထုတ်



သာ၊ အဲဒီနေ့က ကြည်နူးစရာ၊ သာယာစရာ ဘာမှမရှိခဲ့တာအမှန်
ပဲ"

ချယ်ရီပြောတော့လည်း ဖြစ်နိုင်ချေရှိသည်။ ကိုယ့်သမီး
သာ ဒီလိုကိစ္စမျိုးမှာ လက်နှေးဖူးသူမှ မဟုတ်တာ။ ဖြစ်ခဲ့သမျှ
အချိန်တိုင်းမှာ ချယ်ရီက ဒီအိမ်ရဲ့စီးပွားရေးကို တစ်ထောင့်တစ်နေရာ
မှ ကူညီပံ့ပိုးပေးခဲ့တာချည်းပင်။ ဦးသက်မင်းနှင့် ဇော်မင်းတို့က
တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်း အမေးအဖြေ လုပ်နေစဉ်မှာပင်…

"တီ…တီ"

ဟွန်းသံကြောင့် လှမ်းကြည့်တော့ ပေါ်တီကိုအောက်၌
ရပ်ထားတာက သမ္ဘာတို့အိမ်ရဲ့ ကားကြီး။

"လာပါပြီ ရွှေနေကြီး၊ ဖေဖေ လုံးဝမလျှော့နဲ့နော်၊
ဆိုကောင်မလေးကို ရအောင်ပြန်ခေါ်"

ချယ်ရီက နှုတ်ခမ်းလှုပ်ရုံ သတိပေးစကားဆိုသည်။
ရွှေနေကြီးနှင့် အဖော်လူရှယ်ကတော့ ဧည့်ခန်းထဲဝင်လာပြီ၊ ဦးသက်
မင်းက ထိုင်ခုံတွေဆီ ညွှန်ပြရင်း…

"ထိုင်ပါ ရွှေနေကြီး၊ သမ္ဘာရင့်က လွှတ်လိုက်တာနဲ့
လာတယ်"

"ဟုတ်ပါတယ်၊ မင်္ဂလာကိစ္စ ပြောမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…အဲဒီကိစ္စမပြောခင် ရှေ့နေကြီးရဲ့ သမ္မာရင်
လုပ်သွားပုံက သိပ်မကောင်းတာတော့ ကျုပ်အရင်ပြောရမှာပဲ"

ဦးသက်မင်းက သူ့အပြောကို နားစွင့်နေသော ရှေ့နေကြီး
ကို တစ်ချက်ကြည့်ပြီးမှ…

"ကျုပ်အိမ်ထဲကိုဝင်ပြီး ကျုပ်သမီးကို ဖွတ်ခေါ်သွားတာ
ကတော့ သိပ်အရုပ်ဆိုးတဲ့ ဖြစ်ရပ်ပဲဗျ၊ ရှေ့နေကြီးတို့ မျက်နှာသာ
မရှိရင် ကျုပ် သမ္မာရင့်ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲတယ်"

ဦးဇော်ဟိတ်က ခေါင်းညိတ်သည်။ ဒါပေမဲ့ ဦးသက်မင်း
ပြောသည်ကို သဘောတူထောက်ခံခြင်းမဟုတ်။

"ဒါကြောင့် မင်္ဂလာကိစ္စတွေဘာတွေ ပြောမနေပါနဲ့တော့
ကျွန်တော့်သမီးကို ပြန်ပို့ပေးပါ"

"အဲဒီလိုတော့မဖြစ်ဘူး ဦးသက်မင်း"

"ဘာဖြစ်လို့လဲ"

နှစ်ဦးနှစ်ဖက်ရဲ့ အခြေအနေမှာ ပျော့ပြောင်းညင်သာမှုက
မရှိတော့။

"မိန်းကလေးကို သူ့ဒွေးက အတင်းအဓမ္မခေါ်ဆောင်သွား
တာမျိုးမှ မဟုတ်တာ၊ သူက အလိုမတူခဲ့ရင် ကျွန်တော်တောင်
ဒီအိမ်အထိ ရောက်လာစရာ အကြောင်းမရှိဘူး၊ အိမ်ချင်းက မျက်နှာ





ချင်းဆိုင်၊ ဝရန်တာတစ်ချက်ထွက်ပြီး အော်ပစ်တာနဲ့ ပွဲကပြီးတယ်၊
ပြီးတော့ ကျွန်တော်တို့သူ့ဒွေးက မိန်းကလေးကို မေတ္တာအစစ်နဲ့ချစ်
သို့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လက်ထပ်ယူဦးမှာဗျ"

ချယ်ရီက ရှေ့နေကြီးရဲ့စကားကို အသံမထွက်ဘဲ မဲ့ရွဲ့ပြ
ရင်းက မယုံကြည်သလို မျက်ဝန်းတွေနှင့် ဦးသက်မင်းက ခပ်မဲ့မဲ့
ပြုံးပြီး…

"ဒါကတော့ ပါးစပ်ပါရင် လူတိုင်းပြောတတ်တဲ့စကား
ပေါ့ပါ၊ ကျုပ်သမီးကို ကျုပ်ဆီပြန်ပို့ပေး၊ ခင်ဗျားတို့သူ့ဒွေးက သိပ်ချစ်
ပါတယ်ဆိုရင် ဝတ်သိက္ခာရှိရှိ လာတောင်း၊ အဲဒါမှ မလုပ်ပေးနိုင်
ဘူးဆိုရင်တော့ ကျုပ်ပြောခဲ့သလိုပဲ မောင်သမ္မာကို တရားစွဲရလိမ့်
မယ်"

ဦးဇော်ဟိတ်မျက်နှာက တင်းခနဲဖြစ်သွားသည်။ ဒေါသ
ထောက်ကြောင်းကြောင့် မျက်နှာပေါ် အနီရောင်ရာသီဥတု ထင်ကျန်
သွားပေမယ့် အပြုံးကတော့ ပြုံးထားနိုင်ဆဲဖြစ်ကာ…

"လူချင်းတူပေမယ့် လေရှူတာချင်း ကွဲပြားကြတာ
ရှိတာပဲ ဦးသက်မင်း၊ ကျွန်တော်တို့သူ့ဒွေးက ဘယ်ဟာအဆိပ်ငွေ့
ဘာက အောက်ဆီဂျင်ဆိုတာ ကွဲကွဲပြားပြားသိတယ်၊ ဒါကြောင့်
ရှုတ်နှုတ်သင့်တာနဲ့ သိမ်းဆည်းသင့်တာကို ခွဲခြားပြီး ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း…ပြောရင်းနှင့် ချယ်ရီနှင့်ကိုကိုကြီးဘတ် အကြည့်တွေရွှေရင်း ပြောပုံက ကိုယ်ကပဲ အဆိပ်ငွေ့ဖြစ်နေသလို လို၏ စိတ်ထဲ ခံပြင်းသွားသည်နှင့် နှုတ်ခမ်းကိုပါ ဖိကိုက်ထားမိ သည်။ ဦးဇော်ဟိတ်ကတော့ သူမဖြစ်ပျက်သွားပုံကို ဂရုမထားဘဲ ပြောစရာရှိသောစကားကို ရှေ့ဆက်၏။

"ဦးသက်မင်း သဘောပါ၊ တရားစွဲမယ်ဆိုလည်း သူဌေး က သွေးကြောင်နေတဲ့သူမှ မဟုတ်တာ၊ ဒါပေမယ့် ဥပဒေကြောင်း အရ သူဌေးဘက်ကလည်း တရားပြန်စွဲလို့ရတဲ့ အနေအထားမျိုး ရှိပြီးသားပါ"

မျက်မှောင်ကျုံ့ပြီး ဦးသက်မင်းက နားစွင့်သည်။

"မိန်းကလေးပေါ် နှိပ်စက်ညှင်းပန်းမှု၊ အသက်အန္တရာယ် ထိခိုက်နိုင်တဲ့ အမှုတွေနဲ့ တရားပြန်စွဲမယ်ဆိုရင်"

"ဟာ…ဒါကတော့ မိဘက သားသမီးကို ဆုံးမတာပဲ ဗျ"

ရှူးရှူးရှဲရှဲနှင့် ဦးသက်မင်းက ထအော်သည်။

"သူဌေးမြင်တွေ့တဲ့အချိန်က ဦးသက်မင်း ဆုံးမနေတာ မှမဟုတ်ဘဲ"

အကြည့်က ဒိုင်းခနဲ မင်းနှစ်မင်းထံ ရောက်သည်။ ဇော်မင်း





နှင့် ချယ်ရီမင်းက ဖခင်ရဲ့အကြည့်ကို ရင်မဆိုင်ရဲသလို ခေါင်းငုံ့ ကျတ်လွှာချ၏။

"ကဲ…သဘောပါပဲ ဦးသက်မင်း၊ ဒါက မုန်းမခက်ကို အင်တောင်းတဲ့ ကျွန်တော်တို့သူဌေးရဲ့ စေတနာပါ"

အညိုရောင်စာအိတ်အထူက စားပွဲပေါ်တွင် အချိန်အကြာ ကြီး ရှိခွင့်မပေး။ ဇော်မင်းက ဖျတ်ခနဲ ဆွဲယူကာ စာအိတ်ထဲက အရာတွေကို တစ်ခုချင်း ဆွဲထုတ်ကြည့်ရင်းက မျက်နှာပေါ် လောဘ အရောင်ကြောင့် တောက်ပလာခဲ့၏။

"ဖေဖေ…ဒီမှာ"

ဦးသက်မင်းထံ ကမ်းပေးသည်။ ဦးသက်မင်းရဲ့ အပြောင်း အလဲကို ရှေ့နေကြီးက ပြုံး၍ကြည့်ရင်း…

"ငွေက အရာခပ်သိမ်း မပြီးမြောက်နိုင်ပေမယ့် အရာ တော်တော်များများကိုတော့ အောင်မြင်စေတာ အမှန်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မခက်က ညှော်ခန်းစားပွဲပေါ်ရှိ ပန်းအိုးထဲက ပလတ်စတ[illegible] ပန်းတွေကို ဖယ်ထုတ်ပစ်သည်။ ခြံထဲမှ ခူးလာသော နှင်းဆီဖြူ[illegible] ဝါတွေကို အရွက်နှင့် ဆူးတွေ သေချာသန့်စင်ပြီး ပန်းအိုးထဲ [illegible] တကျ ထိုးစိုက်သည်။ အဖြူကို နောက်ခံထား၍ နှင်းဆီနီ[illegible] နှင်းဆီဝါကို ကြားညှပ်ကာ တစ်ပွင့်စီ ထိုးစိုက်တော့ ပန်းအိုး[illegible] အရောင်အသွေးစုံလင်သွားသည်။ ပြီးတော့ ညှော်ခန်းတစ်ခန်းလုံး[illegible] လည်း နှင်းဆီရနံ့တွေ ကြိုင်လှိုင်ထွက်နေတာက စိတ်ကြည်နူး[illegible] စရာ။ ပန်းအိုးလေးကို ရှေ့တိုးနောက်ငင် အားရအောင် ကြည့်ပြီ[illegible] မှန်စားပွဲအလယ်မှာ နေရာချသည်။ ဒီနေ့ဆို ဒီအိမ်ကို မခက်ရော[illegible] တာ နှစ်ရက်ရှိပြီ။ ရောက်စ ပထမရက်မှာတော့ မခက်က ညှော်[illegible]



လိုပင်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ သူမအတွက် အိပ်ခန်း တစ်ခန်း ပေးထားသည်။ ထိုအခန်းက မင်းစံအိမ်မှာ နေရသောအခန်း နှင့် တခြားစီ။

"မမလေး...ဒီဘက်မှာ ရေချိုးခန်းရော အိမ်သာပါ တွဲလျက်သား ပါပြီးသားခင်ဗျ၊ ရေပူ၊ ရေအေး စနစ်နှစ်မျိုးစလုံး ပါတယ် မမလေး၊ အဝတ်အစားကတော့ ကိုရင့် ဒီနေ့ဝယ်လာပြီး ဗီရိုထဲ တည့်ပေးမယ်လို့ မှာသွားတယ်ခင်ဗျ၊ မမလေး ဒီမှန်တင်ခုံ ပေါ်က အလှပြင်ပစ္စည်းတံဆိပ်တွေရော ကြည့်ပါဦး၊ အဆင်ပြေရဲ့ လား၊ ကြိုက်ရဲ့လား"

မခက်ကို ညှော်ခံသောသူက သူ့ဌေးရဲ့နောက်လိုက် ကောင်လေး။ မခက်နှင့် သူ့ရဲ့အသက်အရွယ်က မတိမ်းမယိမ်းမို့ 'မမလေး မခေါ်ပါနဲ့'ဆိုပြီး တားတာလည်းမရ။ လူဆိုတာ သူ့ရာထူး အဆင့်အတန်းနဲ့ လိုက်လျောညီထွေရှိအောင် ခေါ်ရမှာ။ အသက် အရွယ်နှင့် ဘာမှမဆိုင်ပါတဲ့လေ။ သူတို့အဆိုအမိန့် သူတို့ဒဿန နဲ့တော့ ဟုတ်နေတာပါပဲ။ မညီညွတ်ခြင်းများစွာနှင့် နေသားမကျ သူက မခက်ပါ။ မှန်တင်ခုံပေါ်တင်ပေးထားသော အလှပြင်ပစ္စည်း တွေက အမျိုးအစား စုံလင်လှကာ နာမည်ကြီးတံဆိပ်တွေချည်း ပင်။ မခက်က ကိုယ်တိုင်တော့ ဝယ်မသုံးဖူးပေမယ့် မမလေးနှင့်





www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်နေလာသူမို့ ထိုတံဆိပ်တွေကို ရင်းနှီးပြီးသား။ သို့သော်
မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေကို ကိုယ်တိုင်မကြိုက်တော့လည်း…

"မခက်ကိုလေ ကျောက်ပြင်နဲ့ သနပ်ခါးတုံးကြီးတစ်တုံး
လောက် ရမလားဟင်၊ ဟို သူဌေးကို မခက် ခွင့်တောင်းပြီး
ဝယ်နိုင်းရင်ရော အဆင်ပြေမလားပဲ၊ မခက်က သနပ်ခါးပဲလိမ်း
နေကျမို့လို့ပါ၊ ဟို ဒါတွေလိမ်းရင် အဆင်မပြေဘူးရှင့်"

မရဲတရဲ တောင်းဆိုမိတာပါ။ ထိုနေ့ပဲ အချိန်မဆွဲတဲ့ မခက်
ရှေ့ရောက်လာတာက ကျောက်ပြင်နှင့် သနပ်ခါးတုံးကြီး။ ရရချင်း
မခက်က အားပါးတရ သွေး၍ လိမ်းပစ်တာ ခြေဆုံးခေါင်းဆုံးအထိ
ပင်။ သူဌေး သမ္မာရင့်ကိုတော့ မခက်အား ခေါ်လာပြီး ညနေက
ခဏတဖြုတ် တွေ့လိုက်ရကာ ဒီနေ့အထိ မျက်နှာချင်းမဆိုင်ရသေး

"ကိုရင့်က မနက်ဆို အစောကြီးထွက်တာ၊ ညကျတော့
မိုးချုပ်မှပြန်ရောက်တော့ မမလေး အိပ်ချိန်ဖြစ်နေပြီလေ၊ အဲဒါကြောင့်
မတွေ့ရတာပါ၊ မမလေးလိုအပ်တာမှန်သမျှ ကျွန်တော့်ကိုပြော
အားလုံးစီစဉ်ပေးပါ့မယ်"

ပြောသူ ကောင်လေးက ယူးမြတ်ပါတဲ့။ မခက်အတွက်
တော့ တကာယ့်လိုလေသေးမရှိပင်။ ထမင်းစားချိန်ဆိုလျှင် အသား
ဟင်းတွေ၊ အရွက်ကြော်၊ အရည်ဟင်း၊ အသုပ်စုံနှင့် တကာယ့်ထမင်း



ပွဲကြီးမှာ စားရတာ တထီးတနန်း။ စားပြီးလျှင်လည်း အချိုတည်း
စရာက အသင့်။ နေ့ခင်းတစ်ကြိမ်၊ ညတစ်ကြိမ်ကို ကြိုက်နှစ်သက်
ရာ ဖျော်ရည်တွေ သုံးလေးမျိုးလုပ်ပြီး မခက်ထံ ပို့ပြီးပြီ။

"နွားနို့ရော၊ ကော်ဖီရော၊ အသီးဖျော်ရည်တွေရော
ဘာလုပ်ဖို့လဲ၊ မခက်က အဲဒီလောက်အများကြီးကို"

"မမလေး ကြိုက်ရာရွေးပါ"

"မကြိုက်ဘဲ ကျန်နေတာကျတော့ရော"

"သွန်ပစ်မှာပေါ့"

"အယ်…နမြောစရာ၊ ထားခဲ့ အကုန်၊ တစ်မျိုးစီသောက်
မယ်၊ နောက်ဆို အခုလိုအများကြီးမပို့ပါနဲ့၊ ကော်ဖီခါးခါးတစ်ခွက်ထဲ
ဆုပ်"

ကောင်လေးက မချိုမချဉ်ပြုံးနှင့်…

"မမလေးက ကိုရင့်နဲ့ အကြိုက်ချင်းတူသား၊ အင်းပေါ့
လေ မမလေးတို့က အသွင်တူလို့ အိမ်သူဖြစ်တာ"

ပြောသောစကားက ဘာလိုလို။ ဘေးလူတွေက အဲဒီလို
အတ်မှတ်ကြပေမယ့် အခုထိ ဒီကိုခေါ်လာသော ကာယကံရှင်က
ပြင် လူတောင်မမြင်ရတော့။ ပျောက်ချက်သားကောင်းနေပုံက မခက်
ဆို မျက်လှည့်ပြနေသလိုပင်။ မခက် ဒုက္ခတွေ့နေလျှင် သူရောက်




www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မခက်အတွက် အန္တရာယ်ကင်း သေးရှင်းနေတော့ သူ့အား မတွေ့ရတော့။

"ဟွန်း…သူ့ကိုအမြဲတွေ့နေရဖို့ ငါကပဲ ဒုက္ခရောက်နေရ မလိုဖြစ်နေပြီ နှင်းဆီတို့ရေ"

မခက်က ပန်းပွားတွေကို လက်ညှိုးနှင့် ထိတွေ့ဆော့ကစား ရင်း ခပ်တိုးတိုးပြောသည်။ ထို့နောက် ကြက်မွေးတစ်ချောင်းဖြင့် အိမ်သန့်ရှင်းရေးလုပ်ရန်အထ…

"မှန်းမခက်"

"အမေ့"

လူက ဆတ်ခနဲတုန်သွားသည်။ လက်ထဲက ကြက်မွေး ပါ ဖြန်းဒိုင်းပြုတ်ကျကုန်၏။ အတုန်တုန်အရီရီနှင့် ကြက်မွေးကို ငုံ့ကောက်တော့…

"ဆောရီး…ကိုယ်ရောက်နေတာ မင်းသိတယ်ထင်လို့"

ကြက်မွေးနားမှ ခြေထောက်တစ်စုံ လာရပ်တာကို တွေ့ သည်။ မခက်က သူ့အကြောင်းတွေးနေဆဲ သူရောက်လာသော တိုက်ဆိုင်မှုကြောင့် ရင်ထဲမှာ ရှက်စိတ်နှင့် လူက ရှန်ဖြစ်နေရသည်။

"မင်း အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့"



မခက်က ကြက်မွေးကို ရင်မှာပိုက်ရင်းပြောကာ…

"သံပရာရည် သောက်မလားဟင်၊ အပြင်ကလာတော့ အမောပြေပေါ့"

မရဲတရဲနှင့် မော့ကြည့်ပြီး မေးတော့ ရယ်မြူးရိပ်သမ်း သော သူ့မျက်ဝန်းတွေနှင့် ဒိုင်းခနဲဆုံသည်။ သူက လက်နှစ်ဖက် ကို ဘောင်းဘီအိတ်ထဲ ငြိမ်းချမ်းစွာ ထည့်ထားသည်။ အတွင်းက အဖြူပေါ် အပြာပွင့်ကြီးတွေပါသော ရှပ်အင်္ကျီနှင့် ကုတ်အနက်က ဘယ်တော့မှ ရင်ဘတ်ကြယ်သီးတပ်မဝတ်ပေမယ့် သူ့ပုံစံက ဖရို ဖရဲမဆန်လှ။ အင်္ကျီလက်ကို တံတောင်ဆစ်နားထိ ပြီးစလွယ် ခေါက်တင်ထားသောစတိုင်က မိသည်။ ထို့ကြောင့်လည်း သူ 'မင်း' ခေါ်သံကို လာကတည်းက မခက်က အတွင်းတစ်နေရာက ဝေးမော နေရတာ အမြဲဆိုလျှင်။

"ဟိတ်…ဝေးလှချည်လား"

"ရှင်"

မြူးကျယ်သွားတဲ့ မျက်ဝန်းလေးမှာ ရှက်ရိပ်စွန်းသည်။ ပြီးတော့မှ ကပျာကယာ သားဘက်ဆီ အကြည့်လွှဲတဲ့ပုံစံကြောင့် သူ့ရွာက အသံထွက်အောင် ရယ်သည်။ ဒီတော့လည်း မျက်ဝန်းက ငြိမ်မနေ။ ဖျတ်ခနဲ -မျက်လွှာပင့်ကြည့်ပြီးမှ…

www.burmeseclassic.com

www.burmeseclassic.com



"ဟို…သံပရာရည် သွားယူလိုက်ဦးမယ်"

ဆုံးဖြတ်ချက်ရဲ့နောက်မှာ ခြေထောက်က လှစ်လှစ် [illegible] အောင် ပြေးရန်ပြင်သည်။

"နေဦး"

သမ္ဘာက နောက်ကျောမှာ အသာလက်ပိုက်ရပ်နေကာ [illegible] ကိုယ်လုံးပြည့်ပြည့်လေးကို ငေးရင်း…

"သံပရာရည်ကို အပေါ်ထပ်က ကိုယ့်အခန်းဆီလာ [illegible] ပေး"

"ဟုတ်"

သူ ရှေ့ကထွက်သွားဖို့သာ အမိကမို့ မခက်က မီးဖိုခန်း ဆီ အပြေးဝင်ခဲ့သည်။ ဒါတောင် ရင်ခုန်က ပြေသေးတာမဟုတ် [illegible] မီးဖိုခန်းထဲ၌ အဖြူရောင် ခါးစည်းအကျီကြီးတကားကား [illegible] ချက်ပြုတ်နေသော ထူးမြတ်က မခက်အား အလန့်တကြား လှည့် ကြည့်ကာ…

"မမလေး…ကြက်မွေးကြီးနဲ့၊ ဘာလုပ်တာလဲ"

"သြော်…အင်း"

နီးစပ်ရာခုံမှာ ကြက်မွေးကြီးထိုးသွင်းရင်း…

"သံပရာရည် လာဖျော်တာ"





"ကိုရင့်အတွက်လား"

"အင်း"

ခေါင်းညိတ်ပြီး အစပ်တည့်အောင် ဖျော်သည်။ ခဏခဏ မြည်းကြည့်ပြီး အရသာကို စိတ်တိုင်းမကျတာဟာ သူ့အပေါ် အကောင်းဆုံးတွေသာ ပေးချင်သော စေတနာကြောင့် ဖြစ်ပါလိမ့် မည်။ သံပရာခွက်ကို မဖိတ်အောင် သတိထားကိုင်ပြီး လှေကား ကျွကြီးတွေကို ဝိုက်တက်သည်။ သူ့အခန်းရှေ့ တံခါးခေါက်ပြီးမှ တစ်ခါမှ မဝင်ဖူးသော သူ့စိမ်းယောက်ျားလေးအခန်းဆိုသောအသိက ငြိမ်ကျသွားသော ရင်ခုန်သံကို တဖန်ပြန်ဆူညံလာစေသည်။ မငြိမ် သက်သော ရင်ခုန်သံအား သူမက ပြန်တရားချနေစဉ်မှာပဲ အခန်း တံခါးက ရှပ်ခနဲ ပွင့်သွားသည်။

"ဝင်ခဲ့"

သူကခေါ်တော့ မခက်က သူ့နောက်ပါးမှာ ရို့ရို့လေးပါ သွား၏။ အခန်းထဲမှာ နှစ်ယောက်အိပ်ခုတင်ကျယ်ကြီး။ ဗီရိုသုံးခန်း တွဲနှင့် မှန်တင်ခုံတစ်လုံးရှိသည်။ ခုတင်ဘေးစားပွဲပေါ်မှာ ကွန်ပျူ တာနှင့် စာအုပ်စာတမ်းတွေ၊ ဖိုင်တွေက သပ်သပ်ရပ်ရပ် မရှိလှ။ မခက်က သံပရာရည်ခွက်ကို စားပွဲပေါ်တင်ပြီး…

"ဒီစာအုပ်တွေ မခက် ရှင်းပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး၊ မင်းလုပ်စရာ၊ ထိုင်ဦး ပြောစရာရှိလို့"

သူက မွေ့ယာပေါ်ထိုင်ချတော့ မခက်က ခုတင်ဘေး ကော်ဇောပေါ် ပုဆစ်တုပ်လေး ထိုင်ချသည်။

"ပြောပါ သူဌေး၊ မခက်လည်း ပြောစရာလေး ရှိပါ တယ်"

"အင်း…မင်းပြောစရာရှိတာ အရင်ပြော"

မွေ့ယာဆီ လက်နောက်ပစ်ထောက်ရင်း အပေါ်စီးက မြင်နေရသော သူမအလှအပတွေကို စီးမိုးစိုက်ကြည့်မိသည်။ ကိုယ်က အပေါ်စီးက ထိုင်နေတာက အထက်စီးဆန်ချင်လို့မှမဟုတ် တာ။ လာပါ အတူထိုင်ဆိုလည်း မချောက အရှက်သည်းပြီး ထွက်ပြီးမှ နောက်ထပ် မျက်နှာချင်းမဆိုင်စရာ အကြောင်းတွေ ဖြစ်လာနိုင်သည်။ ထို့ကြောင့် သမ္ဗာက ထူထဲကော့ရော့နေသော မျက်တောင်တွေမှအစ အကွေ့အကောက် အမို့အဝှမ်းတွေ ကောက်ကြောင်းဝီသ ထင်ရှားစွာကို သိမ်းကျုံးငေးမောတာ မြတ်နိုး ခြင်းများစွာနှင့်ပါ။

"ဟို…တခြားတော့မဟုတ်ပါဘူး သူဌေးရယ်၊ မခက် လေ ဒီမှာ ပေါ်ကြော့ကြီးတော့ မနေချင်ဘူး၊ အဲဒါ ကိုထူးမြတ်ကို ပြောပြီး မီးဖိုချောင်ဝင်ဖို့ကျတော့ သူက သူဌေးကိုပြောပါတဲ့၊ သူဌေး



ဆီက ခွင့်ပြုချက်မရဘဲ သူမခိုင်းရဲဘူးတဲ့"

"အဲဒီတော့"

မခက်က သူ့ထံမော့ကြည့်ပြီးမှ…

"သူဌေးခွင့်ပြုဖို့ပါ"

"အင်း…ကိုယ် မင်းကို ပြောစရာရှိတာ အရင် နားထောင်"

"ဟုတ်…ပြောပါ သူဌေး"

အင်း…ဒီလိုဆိုတော့လည်း ခေါင်းညိတ်နာခံသားပင်။

"မနေ့က ကိုယ့်ရှေ့နေကို မင်းအိမ်ဆီ လွှတ်လိုက်တယ်"

"ဖေဖေတို့ဆီ"

"အင်းပေါ့၊ မင်းအဖေကိုင်ထားတဲ့ ဟိုဘက်ခြံရယ်၊ နောက်ပြီး ကိုယ်စီးနေကျ ကားလိုမျိုး၊ နံပါတ်တော့ မတူဘူးပေါ့၊ အဲဒီကားရယ် ငွေနည်းနည်းကို ချက်(ခ်)ရေးပြီး မင်းကိုတင်တောင်း ထားတယ်"

"ရှင်"

ဒီတစ်ခါတော့ ခေါင်းမော့လာတာဟာ အံ့သြခြင်းများစွာ နှင့်ပါ။ မျက်ဝန်းတို့ ပြူးကျယ်ဝိုင်းစက်နေတာက မျက်တောင်တွေ တာ ယပ်တောင်သဖွယ် ကော့တက်ပြန့်ကားနေသည်။ နှုတ်ခမ်းတည်း

www.burmeseclassic.com

www.burmeseclassic.com



က ဆေးရောင်မခြယ်သော နှုတ်ခမ်းစုလွေးလွေးလေးက ဖွင့်ဟသွား တာများ တော်တော်နှင့် ပြန်မစေ့နိုင်။

"အဲ…အဲဒီခြံက သိန်းထောင်ချီပြီးတန်တာဆို"

"အင်း…ကားကလည်း သိန်းထောင်ချီတာပဲ"

ငွေသားဘယ်လောက်ဆိုတာတော့ ထည့်မပြောတော့ပါ။ သမ္မာရဲ့ တန်ဖိုးထားခြင်းကို အရိုးခံမလေးက ငွေနှင့်ချည်နှောင် သည်လို့ ထင်သွားမှာ စိုးရိမ်မိပါသည်။ အခုတောင် တအံ့တဩ မျက်နှာလေးက ချက်ချင်း ပျောက်မသွားဘဲ…

"အဲဒီလောက်အများကြီးကို သူဌေးက ဖေဖေတို့ကို ဘာလို့"

"မင်းကိုတင်တောင်းတာလေ"

"မခက်ကို"

ရင်ဘတ်ကို လက်ညှိုးလေးနှင့် ကော့ကပ်ပြီး မေးပုံက မယုံနိုင်တဲ့ပုံစံမျိုးနဲ့။

"အင်းလေ…မင်းကိုလက်ထပ်မယ်လို့ ပြောထားတာပဲ"

"ဟို…အဲဒါက မမလေးရဲ့ တမင်တကာ ပြောခဲ့တာ မဟုတ်ဘူးလားဟင်"

"လက်ထပ်တယ်ဆိုတာက အဲဒီလို ပြီးစလွယ်ပြော





လေထဲပျောက်ပစ်လို့ရတဲ့ အရာမျိုးလား"

သူ့အသံက ဒေါသသံပါသွားတော့လည်း မခက် ထန့်သွားရသည်။ ထင်မထားမိတာကို ကြားတော့လည်း တန်းထောင်ပြီး ခေါင်းမညိတ်နိုင်။ သူ့ကို မယုံကြည်တာ မဟုတ်ပေ မဲ့ မခက်ကိုယ် မခက် အထင်မကြီးနိုင်တာဆိုရင်။

"မခက်က"

"အဲဒီလောက် သိန်းထောင်ပေါင်းများစွာနဲ့ မင်းကို တင်တောင်းခဲ့တဲ့ ရည်ရွယ်ချက်က ဒီအိမ်မှာ မင်းကို တောက်တို ယ်ရနိုင်းဖို့ ဖြစ်မတဲ့လား၊ မင်းက ဒီစံအိမ်ကြီးရဲ့ အရှင်သခင်"

"ဟင့်အင်း…အဲဒီလိုကြီး မခက် မနေတတ်လို့ပါ၊ သူဌေး တို့ မခက် ကျေးဇူးတင်ပါတယ်၊ ဒီလိုလုံခြုံတဲ့အရိပ်တစ်နေရာ ပေးတာကိုပါ၊ ဒီအိမ်ကြီးမှာ မခက်နေရတာ ပျော်တယ်၊ ပြီးတော့ အဆူအရိုက် မခံရတာကိုက ကျေးဇူးတင်စရာ ကောင်းနေပါပြီ သူဌေးရယ်၊ မခက်က ကိုယ့်ဘဝကို သူဌေးရှေ့မှာ ကြီးတစ်စလို ချပြီး နေမယ်စိတ်ကူးထားတာ၊ ဒါပေမဲ့ လက်ထပ်ဖို့ကျတော့"

"မလိုက်လျောနိုင်ဘူးပေါ့"

"မတန်ဘူးထင်လို့ပါ"

တိုးတိုးလေးပြောပြီး ခေါင်းငုံ့သွားသည်။ သမ္မာက သူမ



www.burmeseclassic.com

www.burmeseclassic.com



ပခုံးကို ဆွဲယူမတော့ ဖျတ်ခနဲ မျက်လွှာပင့်ကြည့်သည်။ သမ္ဘာက
သူ့မျက်လုံးတွေဆီ အတည်စိုက်ကြည့်ရင်း...

"နောက်တစ်ခါ မတန်တာတွေ၊ ကျေးဇူးတင်တာတွေ
မပြောနဲ့၊ မင်းက ကိုယ်လက်ထပ်မယ့် ဇနီးလောင်း"

"အဲဒါက"

"မငြင်းနဲ့လေ၊ မင်းစကားနဲ့မင်းပဲ၊ ကြိုးတစ်စလို ပုံချ
ထားမယ်ဆိုပြီးတော့ အဲဒီကြိုးနဲ့ ကိုယ်က အချည်နှောင်ခံလည်း
ဖြစ်တာပဲကို"

"ဒါပေမဲ့"

"ပြောစရာမပြီးသေးဘူး၊ သူဌေးလို့ခေါ်တာလည်း ဖြစ်
မယ်"

"ဘယ်လိုခေါ်ရမှာလဲ"

"ရုပ်ရှင်တွေထဲမှာ မင်းသား၊ မင်းသမီးတွေ ချစ်သူဖြစ်ရင်
ဘယ်လိုခေါ်ကြလဲ"

"ကိုယ်တို့ မောင်တို့ အဲ"

သတိလက်လွှတ်ပြောပြီးမှ သတိတရနှင့် နှုတ်ခမ်းကို
လက်ဝါးနှင့်အုပ်သည်။ ဖြူနုသော မျက်နှာဟာ အဝတ်နီစတစ်စ
ရဲတွတ်သွားတာကို သမ္ဘာက ငေးရင်း...





"ကိုယ့်ကို ဘယ်လိုခေါ်မှာလဲ"

"အာ...ချက်ချင်းကြီးပဲ၊ မခက်က"

မျက်နှာကို ဝှက်စရာနေရာ ရှာပေမဲ့ မတွေ့။ သမ္ဘာက
သူ့ထရပ်ကာ မခက်ကိုပါ ဆွဲထူထစေရင်း...

"စဉ်းစားဦးပေါ့၊ သူဌေးဆိုတာကလွဲရင်"

ရုတ်တရက် ခါးလေးကို တင်းနေအောင် ဖက်တော့
ရင်နှစ်လွှာက ထပ်ညှပ်ပူးကပ်သွားသည်။

"ဟင့်အင်း...မခက်ကလေ သူဌေးကို"

"ခေါ်ပြန်ပြီလား"

မျက်နှာကြီး ငုံ့မိုးလာတော့ သူ့ရင်ဘတ်ကို မခက်က
လက်ဝါးနှင့် တွန်းထားရင်း...

"မခေါ်တော့ဘူး၊ ဒါဆို လွှတ်"

"မလွှတ်ဘူး၊ ဘယ်လိုခေါ်မှာလဲ"

"သူ့ပဲစဉ်းစားဆိုပြီးတော့"

"တော်ပြီပေါ့၊ ဒီလောက်စဉ်းစားရရင်"

နဖူးချင်း ထိတိုက်ရင်း ပိုင်စိုးပိုင်နင်းနှင့် မျက်စိမှိတ်ကာ
နှာခေါင်းရှုံ့ပြတော့ မခက်မှာ ရှက်စိတ်တွေပျောက်ပြီး ခစ်ခနဲရယ်မိ
သည်။ သူမ မခက်မေးဖျားကို လက်ခုံနှင့်ပင့်မရင်း နှုတ်ခမ်းပြင်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ဖွဖွလေးနမ်းကာ…

"မင်းအမြဲ အဲဒီလိုရယ်နေအောင် ကိုယ် ဖန်တီးပေးမယ်"

သူ့ရဲ့ ညှို့နိုင်စွမ်းတွေအပေါ် သူမက အလဲလဲအပြိုပြို ယစ်မူးမိရင်း တစ်ကိုယ်လုံး၌ စီးဆင်းနေသော သွေးကြောတွေဟာ ချိုမြိန်သော ပျားရည်မြစ်တစ်စင်းဖြစ်သွားသည်။ လုံခြုံနွေးထွေးသော ရင်ခွင်နန်းတော်မှာ မခက်က ပါးမို့မေးကပ်ရင်းက…

"ကိုကို"

တိုးတိုးခေါ်တော့ သူက အကျယ်ကြီးရယ်ကာ မခက်ကိုယ်လေးကို တင်းတင်းဆွဲဖက်ရင်း…

"မင်းကို စချစ်မိတဲ့အကြောင်း ပြောပြမယ်"

"အခုလားဟင်"

"ဟင့်အင်း…မင်္ဂလာဦးညမှ"

ဒုတိယအကြိမ် ပါးပြင်ကို ဖွဖွနမ်းရင်း…

"တံဆိပ်ရိုက်ထားတာ၊ ကိုယ်လက်ထပ်မယ့် မိန်းလောင်းဆိုတာ မမေ့အောင်"

ကျူးကျော်ခြင်းမရှိသော အနမ်းတို့ဟာ ကန့်သတ်စည်းဘောင် တစ်ပိုက်ပဲ ပြန့်ကျဲရင်းက။ မုန်းမခက်က ရင်ခုန်သံများနှင့် တစ်ယောက်တည်း ရူးဖြစ်နေဆဲ။

◆ ◆ ◆

## အခန်း (၁၅)

"ရပြီလား၊ ခေါင်းမူးနေသေးလား မခက်၊ အိပ်ခန်းထဲ သွားနားပါတော့လား"

"ရပါတယ် ကိုကိုရယ်၊ ပွဲက ပြီးမှမပြီးသေးတာ၊ အရမ်းကြီး ခေါင်းမူးတာလည်း မဟုတ်ပါဘူး၊ ငြီးစီစီဖြစ်တာပါ၊ ဒီလက်ဝတ်လက်စားတွေက ကုတ်ပိုးမှာ လေးနေသလိုမျိုးဖြစ်နေတာလေ"

"အင်း…ပွဲကလည်း နှစ်ပွဲဆက်သွားတာကိုး၊ ဆောရီး ကိုယ်ကလည်း လုပ်ချင်စိတ်ဆန္ဒပဲ များသွားတာ၊ မင်း ဒီလောက်အထိ ပင်ပန်းလိမ့်မယ်လို့ ထည့်မတွက်မိဘူး"

"မတွက်တာပဲ ကောင်းပါတယ် ကိုကိုရဲ့၊ မခက်က

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစည့်ခံပွဲတွေ လုပ်ရတာကိုပဲ ပျော်နေတာ၊ အကြောင်းသိချင်းတွေ ဆို့နင်တော့ အကဲ့ရဲ့ခံရမှာသေချာတယ် ကိုကို၊ အပွန်း…မ၀တ်ဖူး မ်စားဖူးတာတွေနဲ့ဆိုတော့ နေသားမကျတာလို့လေ”

မခက်က ကိုယ့်ကိုယ်ကို ငုံ့ကြည့်ရင်း ခပ်တိုးတိုးပြော သည်။ ရင်ပြတ်ဂါဝန်ဖြူကြီးက ခါးနားတစ်လျှောက် ခပ်ကျပ်ကျပ် လေးကို ခါးအောက်ပိုင်းမှစ၍ အကားကြီးဖြစ်အောင် ချုပ်ထားတဲ့ ဒီမင်္ဂလာ၀တ်စုံရဲ့တန်ကြေးက သိန်းချီပါသတဲ့။ လည်ပင်း၌ ရှင်းရှင်း လေးဖြစ်အောင် ဆွဲထားသော တစ်တန်းသွား စိန်လည်တုံး လက်ကောက်၀တ်၌ လက်ပတ်အကြီးစား စိန်လက်ကောက်ရဲ့ တန်ကြေးက မခက်ရဲ့တစ်သက်တာမှာ မမှန်းဖူးသည့် ပမာဏမျိုး။

“ဒီစိန်တွေက ရှေးစိန်တွေ၊ ကိုယ့်အဘွားကနေ မေမေ့ကို လက်ဆင့်ကမ်းခဲ့တာ၊ ဒီဇိုင်းက ပုံတုံးနေတော့ ဒီခေတ်နဲ့ဆို အဆင် ပြေမှာမဟုတ်ဘူး မှန်းမခက်ရဲ့၊ ဒီဇိုင်းပြောင်းပစ်လိုက်မှ မင်းနဲ့လိုက် မယ့် လူငယ်ဆန်ဆန်စတိုင်မျိုးပေါ့”

ကိုကိုကိုယ်တိုင် သူမပါခေါ်ပြီး နာမည်ကြီးစိန်တိုက်၌ နှစ်သက်ရာ ပုံဆန်းရွေးစေခဲ့တာပါ။ မနက်ပိုင်းက ဟိုတယ်မှာ စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာပွဲ။ မခက်က ထိုင်မသိမ်းနှင့် ကိုကို က ခေါင်းပေါင်း၊ တောင်ရှည်၊ ရွှေဖလားရောင်ဆင်တူဖြင့် တူစုံ





သည့်ပွဲ။ ထိုပွဲသို့ ဖေဖေနှင့်ကိုကိုကြီးပဲ တက်ခဲ့သည်။ မမလေးက တော့ ပါမလာခဲ့။

“ကိုယ့်အရှက် ကိုယ်ခွဲ၊ ကိုယ့်အထုပ် ကိုယ်ဖြည်တဲ့ပွဲမျိုး ခို ချယ်ရီက မတက်နိုင်ဘူး၊ သမ္ဘာကိုတော့ အားနာပါရဲ့၊ ဆောရီး”

ဖိတ်စာရိုက်ရန် စာစီသောနေ့မှာပင် မခက်အား ရှေ့ထား ၍ ပုတ်ထုတ်ပစ်ခဲ့သည်။ နှုတ်ခမ်းတို့မှာလည်း မဲ့ပြုံးဖြင့် လှောင် ရယ်တာ ကျကျနန။ ဖိတ်စာ၌ မခက်မိဘနေရာတွင် ဖေဖေ့အမည် နှင့် မေမေ့အမည်ပဲ ထည့်ချင်သည်လို့ အရေးဆိုခဲ့တာကိုး။ ကိုကို ကတော့ မခက်ကို အားပေးရှာသည်။

“ဖအေတူ မအေကွဲမောင်နှမဆိုတာ ဒီလိုပဲ မခက်၊ အရင်း လောက်တော့ သူတို့မှာ နွေးထွေးမှုမရှိဘူး၊ ဒီအပေါ် လိုက်ခံစားနေ ရင် မင်း အလဲလဲအပြိုပြိုဖြစ်နေမှာပဲ၊ ဖြစ်တာတဲ့သဘောလို့ နှလုံး သွင်းလိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ၊ အတိတ်ကို သတိမရ နဲ့လို့ ကိုယ်မချုပ်ချယ်ဘူး၊ ဒါပေမဲ့ ထုတ်နုတ်သင့်တာနဲ့ သိမ်းဆည်း သင့်တာကိုပဲ မင်းခွဲခြားတတ်ရင် ရပြီ၊ ကိုယ့်ရင်ခွင်က မင်းမျက်ရည် တွေကို အစွန်းထင်းမခံနိုင်ဘူး”

ကိုကိုပြောတော့လည်း ဟုတ်သားပင်။ တစ်ခါတစ်ရံတော့ ပျော့ညံ့လွန်းတဲ့ စိတ်ကို မုန်းတီးပစ်ချင်လာပေမယ့် သူမက ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



အထိ မတက်နိုင်သေးသောအခါတွင်။

"ငြိမ်လှချည်လား မုန်းမခက်၊ မသက်သာဘူးလား"

ပခုံးပေါ် ခေါင်းမှီတင်ထားသည့် သူမမေးဖျားလေးကို

သမ္ဘာက ခပ်သာသာကိုင်လှုပ်သည်။

"ဟေး…အိပ်ပျော်သွားပြီလား"

"မဟုတ်ပါဘူး ကိုကိုရဲ့၊ အတွေးလွန်နေတာပါ"

"ကဲ…အဲဒီအတွေးတွေထဲက ထွက်ခဲ့တော့"

ကိုကိုက သူမနှာတံချွန်ချွန်လေးကို ချစ်စနိုးနှင့် ဗိညှ

ပြောတော့ စိတ်ထဲမှိုင်းနေတာတွေ လွင့်စင်ပြေးကုန်သည်။

"အိပ်ခန်းထဲမှာ သက်တောင့်သက်သာ သွားလှဲ

အဲဒီ လေးလံနေတာတွေ ချွတ်ပြီးတော့"

"နေပါစေ၊ ညှော်ခံရဦးမယ့်ဥစ္စာ"

"လူရင်းတွေပဲကျန်တော့တာ မုန်းမခက်ရဲ့၊ ဒီပွဲက ဒင်

ဆိုတော့ သောက်မယ်၊ စားမယ်ဆိုတဲ့ လူတွေချည်းပဲ၊ ကို

တစ်ယောက်တည်း ထိန်းလို့ရတယ်၊ တက်တော့မလား၊ ကိုယ်လို

ပို့မယ်လေ"

သူမကို ဘေးတစောင်းငုံ့ချရင်း ဂရုတစိုက်မေးတဲ့ ကို

အား မခက်ကငေးရင်း ခေါင်းခါပြသည်။ ကိုကိုဟာ မခက်ဘ



မွှေးသား။ ကာယ်တင်ရှင်ပါ။ အိပ်မက်ပင် မမက်ဖူးသော ဘဝ

တစ်ခု ဖန်ဆင်းပေးခဲ့သူ။ နွေးထွေးလုံခြုံသော အရိပ်တစ်ခု အုပ်မိုး

ပေးခဲ့သူဆိုလျှင်။

"ကိုရင့်…ခြံထဲမှာ ဦးမှိုင်းလွှတ်ထားတဲ့ လူကြုံရောက်နေ

တယ်၊ ကိုရင့်တို့အတွက် လက်ဖွဲ့ပစ္စည်းပါ ထည့်ပေးထားတယ်တဲ့၊

အဲဒါ လက်ခံဖို့"

"အိုခေ…ထူးမြတ်"

ကိုကိုက ခေါင်းတစ်ချက်ညိတ်ရင်း သူမကို ပခုံးနှစ်ဖက်

အား ဖေးမကိုင်ကာ…

"ဦးမှိုင်းဆိုတာ ကိုယ့်ရဲ့အခင်ဆုံးနဲ့ အလေးစားရဆုံး

မိတ်ဆွေလေ၊ သူက ဒီမှာမရှိဘူး၊ အမေရိကားမှာ၊ ကိုယ်လက်ထပ်

မယ်ဆိုတာကို အံ့ဩနေတဲ့သူ၊ အခု သူ့လူကြုံလာတယ်တဲ့၊ အဲဒါ

ကိုယ်သွားညှော်ခံရမယ်၊ မုန်းမခက် ဒီမှာပဲထိုင်မလား"

"ဟုတ်…မခက် လိုက်ညှော်ခံရမလားဟင်၊ ကိုကို

တစ်ယောက်တည်း ဖြစ်နေတော့လေ"

လှမ်းလက်စ ခြေလှမ်းက တုံ့သွားသည်။ တယုတယ

မွေးမြူထားသော သစ်ပင်လုံးလုံးလေးရဲ့ အောက်မှာ ကိုယ်ကို

ချတ်ခနဲ ကွယ်ရပ်ပစ်သည်။ ရင်ထဲ၌ ရင့်သန်လာသော မုန်းတီး

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ခံရခက်ခြင်းတွေ သက်သာပပျောက်သွားစေရန် ဒီဘ
လျှောက်လာခါမှ မဆုံချင်သောသူနှင့် ဆုံနေရပြီ။

"ဦးသက်မင်းမှာ သမီးနှစ်ယောက်ရှိတာ ဒီမင်္ဂလာဖိတ်
ရမှ သိတာ၊ အရင်က မသိခဲ့ဘူး"

"သမီးငယ်လေးက ကံကောင်းတာပေါ့၊ မောင်သမ္မာ
တာ စီးပွားရေးမှာ အောင်မြင်မှုတွေ လျှမ်းလျှမ်းတောက်သလော
မာနတွေက တလောကြီးနဲ့လူမျိုး၊ ဒီလိုလူမျိုးကိုရတာ စီးပွားရေးအ
ရော အချစ်ရေးအရပါ ကံကောင်းတာလေ၊ သမ္မာရင့်သမိုင်းကြောင်
မှာ မိန်းမကိစ္စနဲ့ပတ်သက်ပြီး အရှုပ်အရှင်းဆိုတာ မကြားဖူးခဲ့ပါဘူး"

"နောက်ကားက ကျော်တက်သွားတာပေါ့ သမီးအကြီး
လေးကို၊ အားမငယ်နဲ့ သမီး၊ အန်တီ့မိတ်ဆွေတွေရဲ့ သားတွေ
တယ်၊ အန်တီ စပ်ဟပ်ပေးမယ်၊ မောင်သမ္မာရင့်လောက် အာ
မကြီးပေမယ့် သူတို့လည်း စီးပွားရေးလောကမှာ ဘုရင်တစ်ဆူ
သူတလူ ငါတမင်းမျိုးပေါ့၊ နော် ဦးသက်မင်းရေ"

"သမီးအကြီးလေးက ချောတာ၊ အငယ်လေးက ချစ်
ကောင်းတာ၊ ဒါကြောင့် ငါတို့သမ္မာရင့်ကြီး ဥာဏ်မမိုင် ရှာန်လျှော
သွားတာဖြစ်မယ်ကွ"

ကြားသမျှစကားတိုင်းမှာ စိတ်ကျေနပ်စရာ တစ်ကွ



လေးမှမရှိ။ ချယ်ရီမင်းရဲ့ အခင့်ဟာ ကိုယ့်အိမ်မှာ နိုင်းစေလာ
သော ကျေးကျွန်မတစ်ယောက်နှင့် တစ်တန်းစားထဲ ဖြစ်သွားပြီလား
လို့ တွေးတိုင်း ရင်ထဲမှာ ဆူးတစ်ချောင်းစိုက်ဝင်နေသလို အောင့်
သက်သက်။ မျက်ရှုရှုခံစားရတာ အမှန်။ ဒီလိုအသံတွေ၊ ဝေဖန်
ခြင်းတွေ မကြားလို၍ မနက်ကပွဲကို မတက်ခဲ့တာ။ ချယ်ရီ့ဆုံးဖြတ်
ချက်အတိုင်းသာဆိုရင် ဒီဒင်နာကို ခြေချစရာအကြောင်းမရှိ။ သို့ပေမဲ့

"မျက်နှာချင်းဆိုင်ခြံကို မသွားဘူးဆိုရင်တော့ ကိုယ့်ဘက်
က အရှုံးဖောင်းသွားမှာ သမီး၊ ပြီးတော့ သမ္မာရင့်အပေါ်ပဲ သမီး
က မျက်နှာချင်းမဆိုင်ရဲသလိုဖြစ်နေမယ်"

"မဆိုင်လိုက်တာ ဖေဖေရာ"

ဆံပင်တွေဝဲခါပြီး ကန့်ကွက်ဟန်ပြင်တော့ စီးကရက်ကို
အားပါးတရ ရှိုက်ဖွာတဲ့ ကိုကိုကြီးကပါ စကားဝိုင်းထဲ ဝင်ပါလာ
သည်။

"နင်ကလည်း ရှုထောင့်တစ်မျိုးကနေ ဝင်ခံစားစမ်းပါ၊
နဝိုက မခက်က ငါတို့ရဲ့ကျေးကျွန်၊ အခု ငွေဝယ်ကျွန်၊ စိတ်ချ
မခက် ငါတို့ရဲ့အရိပ်အောက်က ထွက်မသွားစေရဘူး၊ ပါးပါးနပ်နပ်
ကိုင်တွယ်တတ်ဖို့ပဲလိုတာ"

ဖေဖေကတော့ ကိုကိုကြီးထံ မကျေနပ်သော အကြည့်

www.burmeseclassic.com

www.burmeseclassic.com



တဝင်းဝင်းနှင့် လှမ်းကြည့်ကာ…

"အေးပါ…မင်းလည်း စီးကရက်ကိုပါ ပါးပါးနပ်နပ် ကိုင်တွယ်တတ်ပါစေ၊ သောက်လိုက်တာ လက်ထဲကမချစတမ်း ပါးစပ်ကမှုတ်ပြီး ဖင်ကပါ မီးခိုးအူမဲ့ကောင်"

မြွားဦးက ကိုကိုကြီးဘက် လှည့်တော့မှာမို့…

"ချယ်ရီ အဲဒီဒင်နာကိုလိုက်ရင် ဝတ်စုံက စီစဥ်ရဦးမှာ ဖေဖေ၊ ဝတ်စုံဖိုးပေး"

တောင်းတော့ တစ်သိန်းနှစ်အုပ်က သူမလက်ဖဝါးထဲ မခဲမယဥ်း ကျလာ၏။

"မှတ်ထား သမီး၊ အဲဒါ မခက်ရဲကောင်းကျိုးတွေ၊ သူ့ကို တင်တောင်းတဲ့ခြံကို အမြတ်ရလို့ ဖေဖေ ပြန်ထုတ်လိုက်တယ်"

"ကြည့်လုပ် ဖားသားရေ၊ သမ္ဘာရင့်သိမှ ကျိုင်တွေပူကုန် မှာ၊ ဒီကောင်က လျှော့တွက်လို့ရတာမဟုတ်ဘူး၊ လိုချင်တာရှိလို့ ကျွန်တော်တို့ကို အမ်းထားတာ"

စိုးရိမ်သလိုနှင့် ကိုကိုကြီးက သတိပေးတော့ ဖေဖေက ဟက်ခနဲရယ်သည်။

"မပူပါနဲ့ကွာ၊ ကိုယ့်သမီးတစ်ယောက်လုံး ပေးထားရတာ ပဲ၊ ကိုယ့်သမက်ပိုက်ဆံ ကိုယ့်ပိုက်ဆံပေါ့"





ထိုညက သားအဖသုံးယောက် လက်ဝါးချင်းရိုက်ခဲ့ခြင်းက ဲ သူမ ဒင်နာပွဲတက်ရန် အတည်ပြုဖြစ်သွားခဲ့တာ။ ထို့ကြောင့်ပဲ အရပ်ကိုရောက်ခဲ့ပြီး မကြားချင်တာ၊ မမြင်ချင်တာတွေက မျက်စိ ထဲ နားထဲ ဖွတ်အတောင်း ဝင်ရောက်တဲ့အဖြစ်။

"ဒါဆို နေခဲ့နော်၊ ပြီးတော့မှ ကိုယ်အိမ်ပေါ်ပို့ပေးမယ်"

သမ္ဘာရင့်ရဲ့ မှာကြားသံက အတိတ်ဆီပြေးနေသော ချယ်ရီ တ်ကို ဆွဲခေါ်သွားသည်။

"ဟုတ်…ကိုကို"

ပလီပလာအသံနှင့် နာခံနေသော မခက်ကို မမြင်နိုင်မှန်း သိရက်နှင့် မဲ့ရွဲ့ကာ ရှုံ့ချမိသည်။ သမ္ဘာရင့်ရဲ့ ခြေသံက သူမတို့နှင့် အဝေးသို့ တဖြည်းဖြည်း ပါးလျပျောက်ကွယ်သွားမှ ချယ်ရီက သစ်ပင်အကွယ်မှ ထွက်သည်။ အမှောင်ထဲမှာပင် ဝတ်စုံအဖြူ ၏ထည်ရောင်တို့ကြောင့် မခက်အား ပီပြင်ထင်ရှားစွာ တွေ့ရ၏။ ညှည်လျားသော ဆံပင်ကြီးအား မရိုင်းမရင့်အောင် ဆံထုံးပုံ့ပုံ့လေး ထုံးထားပြီး စိန်စီကလစ်တွေ၊ သရဖူတွေကြောင့် မှောင်ထဲမှာတောင် ပြိုးပြိုးပျက်ပျက်။ ချယ်ရီက ခပ်မဲ့မဲ့ပြုံးရင်း အနားသို့ရောက်အောင် လျှောက်သည်။ ဖွဖွနင်းသော ခြေသံကြောင့် သူမက လည်ပင်း ထိအောင် လှည့်ကြည့်ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



“မမလေး”

ဆတ်ခနဲ ထရပ်တာက အလန့်တကြား။ ဂါဝန်ဖြူကြီး
ခြေမျက်စိကိုကျော်ကာ မြက်ခင်းစိမ်းပေါ် ဒီအတိုင်းပုံကျသည်
ပန်းသွေးရောင် စိုအိအောင် လက်စွမ်းပြထားတဲ့ မခက်မျက်နှာ
ချယ်ရီက လက်ပိုက်ကာ စေ့စေ့ကြည့်သည်။ ထို့နောက် တစ်ကို
လုံး စုန်ချည်ဆန်ချည်ကြည့်ပြီးမှ…

“အယွန်း…နင်သိပ်ပျော်နေတယ်ပေါ့၊ ဟုတ်လား မခ
သီချင်းထဲကလို ရွှေရုပ်လေးကောက်ရတဲ့အတိုင်းပေါ့ ဟုတ်လား

“မဟုတ်ပါဘူး မမလေးရယ်၊ မခက်က”

တစ်ကိုယ်လုံး နက်မှောင်နေသော လည်ပင်းကပ်ပိုးဂါဝန်အနှ
ပင်(န်)ဆယ်ဟီး(လ်)ကလည်း အနက်နှင့်။ ကိုင်ထားသေ
လက်ကိုင်အိတ်ဖောင်းဖောင်းလေးကလည်း အနက်။ ကျောလယ်
ဆံပင်တွေကို လွတ်လပ်စွာ ဒီအတိုင်း ဖြန့်ချထားတဲ့ မမလေး
ဝတ်စုံနှင့်အပြိုင် မျက်နှာပေါ်မှာ အရောင်ရင့်သည်။ မခက်
အရင်အတိုင်း ရိုကျိုးသောခန္ဓာ၊ မမလေးမြင်လျှင် စိုးထိတ်
ဆွံ့အသွားသော နှုတ်ခမ်းပါးတို့၌ စကားတို့က ရှားပါးခြင်းအ
ကို ရောက်သည်။

“နင်ပြောတာကို နားထောင်ဖို့ ငါလာတာမဟုတ်



မှန်းမခက်၊ ငါသတိပေးတာ နင် နားထောင်”

“ဟုတ်…ပြောပါ မမလေး”

“နင့်ဘဝ မမေ့နဲ့လို့၊ မာန်မတက်နဲ့လို့၊ ပြောချင်တာ၊ နင့်အမေက ဖေဖေ့ရဲ့ အငယ်အနှောင်း၊ နင့်အမေကြောင့် ငါ့အမေ သေခဲ့ရတာ၊ အဲဒီစိတ်နဲ့ ငါတို့မိသားစုပြိုကွဲခဲ့ရတာ၊ ဒီမှာ ကံအား လျော်စွာ နင် ဒီနေရာကို ရပေမယ့် မမီတဲ့ပန်းကို တုံးခုပြီးမလှမ်း ချင်စမ်းနဲ့၊ နင် အကျွန်မှာပဲ၊ မယားငယ်ရဲ့သမီးဟာ ဘယ်တော့မှ မယားကြီးဖြစ်မလာဘူး”

“မမလေး…မေမေ့ကို အဲဒီလောက်အထိ မပြောပါနဲ့ မမလေးရယ်၊ မခက် မေမေက”

“တော်စမ်း…နင် အဲဒီလို ဘယ်တုန်းကများ ငါ့ကိုပြန် ပြောဖူးလို့လဲ၊ ဘာလဲ သမ္ဘာရင့်အရိပ်အောက်မှာ ရှိနေတဲ့နင့်ကို အရင်ကလို ငါမရိုက်ရဲဘူးထင်လို့လား၊ သွားစမ်းပါ”

အပြောနှင့်အတူ ဆံပင်တွေပါ ဝဲခနဲခါထုတ်တော့ ရက်စက်ခြင်းသရုပ်က ပိုပီပြင်လာသည်။

“နင့်ဟာနင် ပလ္လင်ပေါ်ပဲတက်ထိုင်ထိုင်၊ နန်းတော်ကြီးထဲ ဝဲနေနေ၊ ငါ့အတွက်တော့ နင်က မယားငယ်ရဲ့သမီး၊ ငါ့ခြေဖဝါး အောက်မှာ နေရတဲ့သူ၊ ဒါပေမဲ့ ဝင့်ဆိုတာလည်းတတ်တယ်၊ နင်

www.burmeseclassic.com

www.burmeseclassic.com



သတိထား၊ သူများမိသားစုကို ဖြိုခွဲတဲ့ နင့်အမေအကြောင်း သမ္ဘာရှင် သိသွားတဲ့တစ်နေ့''

ခိုးထိတ်ခြင်း၊ ရှက်ရွံ့ခြင်းတွေနှင့် မခက်က ဂါဝန်စနစ်ဖယ် ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ ရင်ထဲဗလောင်ဆူ နေတာက စည်းစိမ်ဥစ္စာတွေကို တပ်မက်တွယ်ငြိခြင်းမဟုတ်ပါ ခံစားတတ်သော နှလုံးသားဟာ လူမှန်းသိတတ်စကတည်းက ဒဏ်ရာဆိုတာနှင့် မစိမ်းတော့။ အခုကျတော့ ရင်ခုန်ခြင်းစည်းချက် က ညီလာကာမှ ဘဝဟာ ဆက်ထုံးများနှင့် မညက်ညောပြန်ဘူ လား။ အားငယ်စိတ်နှင့် ဖျတ်ခနဲ မျက်လွှာချတော့ မျက်ခမ်းစော် နားတွေမှာ စိုစိုစွတ်စွတ်လေး ဖြစ်လာတာသိသည်။ ထစ်ခနဲရှိလျှင် ကျချင်သည့်မျက်ရည်က ဝမ်းနည်းခြင်းရဲ့ ရှေ့တော်ပြေး။ မခက်က မျက်ရည်နှင့် အတွင်းစစ်ဖြစ်နေတာကို ချယ်ရီက အားရကျေနပ်စွာ ကြည့်ရင်း...

''အဲဒီတစ်နေ့ မရောက်ခင်အထိတော့ နင် သမ္ဘာရင်နား မှာ ရှိနေဦးမှာပေါ့၊ ပြီးတော့ ကိုကိုလို့ တဝကြီးခေါ်ထားလိုက်ဦး ပေါ့''

မမလေး သူမအပါးမှ လှည့်ထွက်သွားတော့ အမြင်တွေ ဝေဝါးလာတဲ့အထိ မျက်ရည်တွေ ပြည့်လျှံလာ၏။ ငိုရှိုက်ခြင်းအချိုး



အစား ဘယ်နှမျိုး ခွဲခြားလို့ရပါသလဲ။

မုန်းမခက်ကတော့ များစွာသော ငိုရှိုက်ခြင်းတွေမှာ ဒီတစ်ခါ အငိုမလွယ် အရှိုက်အခက်ဆုံးဆိုလျှင်။ ကိုကို့ကို ချစ်မိ တာကိုက ရင်ခွင်မှာ ဝေဒနာတိုးဖို့အဖြစ်တဲ့လား။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အခန်းတံခါးဖွင့်ဝင်တာနှင့် ချစ်စရာကောင်းသော မြင်ကွင်းက ဆီးကြိုနေ၏။ ပန်းနုရောင်သမ်းသော အခန်းထဲ အဖြူရောင်နတ်သမီးတစ်ပါး အိပ်ပျော်နေပုံက ရှိသမျှသဘာဝအလှတွေ လက်မှိုင်ချသွားစေသည်အထိ။ သမ္မာက ကုတ်အင်္ကျီကြယ်သီးတွေကို ဖြုတ်ရင်းက အိပ်ခန်းတံခါးကို နောက်ပြန်အသံမမြည်အောင် ပိတ်သည်။ ခုတင်ဆီ ဖြည်းဖြည်းချင်း လျှောက်လာပြီး သူမကို ငုံ့မိုးကြည့်သည်။ ဒီညက ဘတ်ချလာနိုက်မို့ ခင်ရာမင်ရာတွေကို ဘီယာဝိုင်းရော ယမကာဝိုင်းပါ ဖွဲ့ပေးရင်း သူတို့ဝိုင်းသိမ်းတော့ပဲ ဆယ့်နှစ်နာရီကျော်နေပြီ။ တစ်နေကုန် ပင်ပန်းထားတဲ့ သူမက ဒီအချိန်ထိ ဘယ်စောင့်နိုင်တော့မလဲ။ အတွေးနဲ့ပြုံးရင်း မွေ့ယာအစွန်း၌ သမ္မာ ဝင်ထိုင်သည်။ ပန်းနုရောင်အိပ်ရာခင်းပေါ် ခေါင်းအုံး





ခေါင်းမတင်ဘဲ လက်တစ်ဖက်ကွေးကာ ခေါင်းအုံးထား၏။ လက်တစ်ဖက်က ဖက်လုံးကို လှမ်းဖက်ထားကာ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ရင်း အိပ်ပျော်နေပုံက တစ်ခုခုကို စိတ်တင်းထားသောပုံ။ သမ္မာက ဖက်လုံးပေါ်တင်ထားသော လက်လေးကို ဆွဲရင်း မချွတ်ရသေးသော လက်စွပ်တွေ၊ ဓာလက်အိတ်တွေကို ဖွဖွလေးဆွဲချွတ်ပေးသည်။ အိပ်ပါစေ။ လွတ်လွတ်လပ်လပ်။

"စိန်လည်တုံတွေ၊ လက်စွပ်နဲ့ လက်ပတ်တွေ ပတ်ထားအကြောင့် ဓက်ကြောတွေနာ၊ လက်တွေလေးနဲ့ ဖြစ်နေတာလေကိုရဲ့၊ အဟင်း...မခက်ရဲ့ဘဝမှာ လက်ဝတ်ရတနာ ဝတ်တယ်တာ ဒါ ပထမဆုံးဆိုတော့ ဒီလောက်တော့ရှိမှာပေါ့"

သူ့လက်မောင်းကို အားကိုးတကြီး တွယ်ချိတ်ထားရင်းအားကပ်ပြီး တိုးတိုးလေးပြောတာကို ပြန်ကြားယောင်မိတော့မှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်။ ကံမကောင်းခြင်းနှင့်သာ ရှင်သန်ခဲ့ရသော သူမရဲ့အတိတ်နေ့ရက်တွေအတွက် သမ္မာက အကောင်းဆုံးသော အရာတွေကို အနာဂတ်မှာ ဖန်တီးချင်ပါသည်။

"နောက်တော့ အဲဒါမျိုးတွေ ဝတ်ရလွန်းလို့ မင်း ငြီးငွေ့သွားမှာ သေချာတယ်"

သူက အပြုံးနှင့်ပြောတော့ မှန်းမခက်က သားတစောင်း



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသော သမ္ဘာမျက်နှာကို ပြုံးရီရီနှင့် ငေးမောကြည့်ကာ

"ကိုကိုကျတော့ ကံကောင်းလိုက်တာနော်"

"ဘာဖြစ်လို့လဲ"

"ပိုက်ဆံရှိတယ်၊ အာဏာရှိတယ်၊ အောင်မြင်ကျော်ကြ[ား]တယ်၊ ပြီးတော့"

"ကျန်သေးလား၊ ကိုယ့်ရဲ့ဂုဏ်ပုဒ်တွေ အဲဒီလောက်မျ[ား]မယ်တောင် ထင်မထားဘူး"

သမ္ဘာက ကော်လံစကို လက်နှစ်ဖက်နှင့် ထောင်ရင်း ရွတ်နောက်နောက်နှင့်ပြောတော့ မှန်းမခက်က သူ့လက်မောင်း ပါးအပ်ပြီး ရယ်တာ ပါးချိုင့်တွေ ခွက်ဝင်တဲ့အထိ။

"တကယ်ပြောတာ၊ ကိုကိုက ရုပ်ချောပြီး အရပ်မြင့်တာ လည်း ကံကောင်းတာပဲ"

"အဟား...အဲဒါလည်း ကံကောင်းတယ်လို့ ပြော ရတာပဲလား"

"ဒါပေါ့...ဒီမှာကြည့်ပါလား"

မျက်ဆန်လေးထောင့်ကပ်ပြီး သူမကိုယ်သူမ လက်ညှိုးထိုး ပြသည်။

"မခက်က အရပ်ပုတယ်လေ၊ ကိုကို့ကို မမှီတော့ ဟီး(လ်)အမြင့်ကြီး စီးထားရတာ၊ ခြေဖနောင့်ကြောတွေ နာတာ မျိုး၊ ချော်မလဲအောင် ထိန်းလျှောက်ရတဲ့ ဒုက္ခတစ်မျိုးနဲ့ ပါ ကံမကောင်းတာပေါ့"

"ကိုယ်ကြားဖူးတာကတော့ အရပ်ပုတဲ့လူတွေ အရွယ် တင်သလားပဲ၊ အသက်ကြီးပုတွေဆို ကြည့်ပါလား အသက် လောက်ကြီးကြီး သူတို့ကြည့်လိုက်ရင် ဒီအတိုင်းပဲ၊ အရပ်ရှည် သူတွေကျတော့ အသက်ကြီးလာရင် ခါးကိုင်းလာတာတို့၊ ရင် ကြည့်မကောင်းတာတို့နဲ့ သူ့မှာလည်း ဆိုးကျိုးတွေအများ ပဲကို"

"အံမယ်...ဒီလိုဆိုတော့လည်း ကိုကိုက မခက်စိတ်ချမ်း အောင် ပြောတတ်သား၊ မခက်တောင် အရပ်ပုတာကို ကိုကို့နဲ့ မှ ဂုဏ်ယူရမလို ဖြစ်နေပြီ"

ကလေးဆန်သော ဖြူစင်ခြင်းတွေထဲမှာ သမ္ဘာက နစ်မြုပ် ဆုံးခဲ့တာ ဟိုအရင်ကတည်းက။ သမ္ဘာက ချစ်မဝစွာ သူမကို မောရင်း နဖူးပြင်နှင့် ပါးပြင်တွေကို ဖရိုဖရဲကျနေသည့် ဆံပင် တွေကို သူက ဖွဖွသပ်တင်ပေးသည်။ လည်ဆွဲကိုဖြုတ်ပေးရန် ညိကုပ်အစပ်နားဆီ လက်အလှမ်း...

"အင်း"

သံရှည်ဆွဲပြီး ငြီးငြူသံနှင့်အတူ ဖျတ်ခနဲ မျက်လွှာတို့ပွင့်

www.burmeseclassic.com

www.burmeseclassic.com



လာကာ…

"ဟင်…ကိုကို"

မြင်မြင်ချင်းပင် ငုတ်တုတ်ထထိုင်သည်။ ထို့နောက် အိပ်မှုံ စုံမွှားဖြစ်နေသော မျက်လုံးကို လက်နှင့်ပွတ်သပ်ပစ်ကာ…

"ဆောရီးနော် ကိုကို၊ မခက်လေ တအားအိပ်ချင်တာနဲ့ အပြင်က ကိုကိုတို့အသံကို နားတော့စွင့်ထားပါရဲ့၊ ဒါပေမဲ့ ကိုကို ဝင်လာတာ မသိလိုက်ဘူး ဖြစ်သွားတော့လေ"

"အဲဒီလောက်အထိ ရှင်းပြစရာလိုလို့လား"

သမ္ဘာ မျက်ဝန်းတို့ထဲတွင် ကြည်နူးရိပ်ကြောင့် တလက် လက် တောက်ပလာပြီး နှုတ်ခမ်းလွှာ၌ မြတ်နိုးခြင်းအပြုံးဖြ ဖြစ်တည်လျက် မေးသည်။ မခက်က လည်တိုင်ကို လက်နှင့်ပတ် ရင်း…

"မခက်က ကိုကို့အပေါ် တာဝန်မကျေမှုး ဖြစ်သွားမှာ လို့"

"တာဝန်ကျေစရာမလိုဘူး၊ ချစ်တတ်ဖို့ပဲလိုတာ"

အိပ်ရာနိုးကာစ ဖူးအစ်နေသည့် မျက်နှာလေးအား သမ္ဘာ က လက်ဝါးနှစ်ဖက်ထဲထည့်ကာ အသေအချာကြည့်သည်။ မျက်ဝန်း၌ ဖြန့်ခင်းထားသော ရင်တွင်းစကားတွေရဲ့ အဓိပ္ပာယ်





အဖြေရှာနေသည့်ဟန်နှင့်။ မခက်က အဲဒီလို စူးနစ်စွာ အကြည့်ခံရ တော့လည်း မနေတတ်ပြန်။ မျက်ဝန်းတို့ကို ဟိုဒီလွှဲလို့ရပေမယ့် မျက်နှာကတော့ ကိုကို့အကြည့်ရိပ်အောက်မှာ ရုန်းထွက်ခွင့်မရှိ။ သမ္ဘာက ပန်းသွေးရောင်ဆေးတို့ ပျက်ပြယ်စပြုသော မျက်ခွံမို့မို့ လေးထံ ဖျတ်ခနဲ အကြည့်ရောက်ရင်း…

"မင်း ငိုထားလား မခက်"

"ဟို…မဟုတ်"

"မလိမ်နဲ့၊ ကိုယ်က မင်းမျက်နှာကို သင်ရိုးတစ်ခုလို အလွတ်ကျက်ထားတဲ့လူ၊ မင်းငိုထားတယ်၊ ဘယ်သူ့ကြောင့်လဲ၊ ကိုယ့်ကြောင့်လား"

"ဟင့်အင်း…ကိုကို့ကြောင့် မဟုတ်ပါဘူး"

ချက်ချင်းငြင်းဆန်ပုံက သူတရားခံမဟုတ်မှန်း သေချာစေ …ည်။

"ဒါဆို မင်းငိုအောင် ဘယ်သူလုပ်တာလဲ၊ ချယ်ရီမင်း …ကြောင့်လား"

နှုတ်က ဝန်မခံ။ ဒါပေမဲ့ မျက်လွှာဖျတ်ခနဲ ပင့်ကြည့်ပုံက …န့်တကြားမို့ ဝန်ခံတာထက် ပိုထိရောက်သည်။ မခက်က …င်ပေါ်မှ ခြေချရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုအကျီလဲဖို့ မခက်လုပ်ပေးမယ်"

"မခက်"

ခေါ်ရင်း လက်ဖျားလေးကို လှမ်းဆွဲသောအရှိန်ကြောင့် မခက်က သူ့ရင်ခွင်ထဲ ပစ်ကျလာသည်။ ထိုအရှိန်ကို မထိန်းနိုင်ဘဲ နှစ်ယောက်သား မွေ့ယာပေါ် ပစ်ကျတော့ အလုံးလုံးအထွေးထွေး။ မခက်က သူ့ရင်ဘတ်ပေါ် မျက်နှာအပ်ရင်း ကျတာမို့ ကျုံးထရုန်းပြင်ဆင်သည်။ နီးကပ်သွားတဲ့ မျက်နှာနှစ်ခုမှာ မခက်မျက်ဝန်းထောင့်၌ ငိုရိပ်တွေ ဆင်နေတာကို သမ္မာ တွေ့တာမို့ ခါးကနေ တင်းတင်းဆွဲဖက်ထားတော့ မခက်ဟာ သူ့ရင်ခွင်ပေါ်မှာ မလူးသာ မလွန့်သာ။

"ထူးမြတ်ကပြောသားပဲ၊ ကိုယ်က မင်း ထိခိုက်မယ် မထင်လို့ ဘာမှမမေးခဲ့တာ၊ ပြောပါဦး မင်းကို ဘယ်လိုစကားလုံးတွေနဲ့ ထိုးနှက်သွားလဲဆိုတာ"

မေးကာမှ မျက်ရည်က မျက်တောင်ဖျားတစ်ဝိုက် စိုစွတ်ကာ လှုပ်လီလှုပ်လဲ့ ဖြစ်လာသည်။ ငိုချင်စိတ်ကို ထိန်းချုပ်ရာ မအောင်မြင်တော့ ကိုကို့ရင်ခွင်၌ မျက်နှာကိုအပ်ချရင်း မျက်ရည်တို့ကို လွှတ်လပ်ခွင့်ပေးသည်။

"ဟာ…ယော့ မခက်၊ အဲလိုမငိုနဲ့လေကွာ၊ အဲဒီလိုငိုနေ



တော့ ကိုယ်က ဖြေရှင်းပေးလို့ ဘယ်ရမလဲ"

အော်နေပေမဲ့ အချည်းနှီးသာ။ မျက်နှာကို ဆွဲမော့လည်း မခက်က သူ့ကျောပြင်ကို အတင်းကုပ်ခြစ်တွယ်ဖက်ထားကာ သူ့ရင်ဘတ်မှ တစ်လက်မတောင် မခွာတော့။ ပြီးတော့ ဗလုံးဗထွေးနဲ့ ပြောတာရှိသေးသည်။

"ကိုကိုနဲ့ မခွဲချင်ဘူး၊ ဘာအကြောင်းနဲ့မှ မခက်ကို မထားခဲ့ပါနဲ့ကိုကိုရယ်၊ မခက်လေ ကိုကိုနဲ့"

သမ္မာ စိတ်မရှည်တော့။ သူမကို ခါးလေးမှဖက်ပြီး မွေ့ယာပေါ် ကိုယ်ကို တစ်ပတ်လှိမ့်ချတော့ အားပါးတရငိုနေသော မျက်နှာလေးက အကာအကွယ်မဲ့သွားသည်။ သမ္မာက သူမပါးပြင်ကို လက်မနဲ့ဖွဖွသပ်ရင်း…

"ဆက်ပြောလေ"

တိုက်တွန်းတော့ နီမြန်းမြန်းဖြစ်နေသည့် မျက်ရည်လူးမျက်နှာလေးနှင့် သူ့ကျောပြင်အား ကျုံးဖက်ရင်း…

"မခက် ကိုကိုနဲ့မခွဲနိုင်ဘူး"

"ဘယ်သူကရော ခွဲနိုင်တယ်ပြောလို့လဲ"

မခက်က မျက်တောင်ကို သုံးလေးချက် ဆက်တိုက်ပုတ်ခတ်လုပ်ပြီးမှ….

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မခက်အကြောင်း ဘာမှသိလည်းမသိဘဲနဲ့"

"အဲဒီလိုထင်လို့လား"

မခက်က ခေါင်းညိတ်ပြသည်။ သမ္ဘာက မွေ့ယာပေါ် တစ်ပတ်လိမ့်ဆင်းတော့ သူကလည်း ပက်လက်လှဲချပြီးသား ဖြစ်သွား၏။ မခက် ပခုံးအောက် လက်လျှိုသွင်းပြီးဆွဲဖက်တော့ သူ့မကိုယ်လေးက အလိုက်သင့်ပါလာက သူ့ရင်ဘတ်ပေါ် မေးဖျား နှင့် ထောက်မှီထား၏။

"မင်းကို ကိုယ် ဟိုးလွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ကမ်းခြေမှာ စသိခဲ့တာ"

"မခက်ကို ကိုကိုက"

အံ့သြခြင်းနှင့် အရောင်တောက်မျက်နှာလေးကို သူ ခေါင်းညိတ်အဖြေပေးသည်။ မျက်ရည်က ယက်ကျနိုစ်ဗွတ်နေ… မယ့် အသစ်တော့ ထပ်မဖြစ်လာပေ။

မင်္ဂလာဦးညကျမှ စချစ်တဲ့အကြောင်း ပြောပြမယ်ဆို… မှတ်မိလား"

မခက်က ကလေးတစ်ယောက်လို ခေါင်းညိတ်ပြ… အားတက်သရော။ သူက လက်ဆန့်၍ ခေါင်းအုံးအောက် လှမ်းနှိုက်… သည်။ လက်ထုတ်တော့ ပြန်ပါလာတာက အညိုနုရောင် သား…





ဖုံးနှင့် ဒိုင်ယာရီလေး။ မခက်က ထိုစာအုပ်ကိုမြင်တာနဲ့ လှဲနေရာမှ ဝုန်းခနဲထထိုင်ကာ…

"ကိုကို အဲဒါ မခက်ရဲ့"

လှမ်းယူတော့ သူက အသာတကြည် ထည့်ပေးသည်။

"မခက်ကို အဲဒီကတည်းက စိတ်ဝင်စားခဲ့တာဆို ယုံမလား၊ ပုစွန်ဆီရောင်သမ်းတဲ့ ပင်လယ်ကမ်းခြေရဲ့ နေဝင်ချိန်မှာ ဆံပင်ရှည်ကြီးနဲ့ ငိုရင်းရှိုက်ရင်း တစ်ယောက်တည်းစကားတွေ ပြောနေတဲ့ ကောင်မလေးကို ကိုယ့်ရင်ခွင်ထဲ ထည့်သိမ်းချင်ခဲ့တာ အဲဒီကတည်းက"

"ဒါဆို ကိုကိုက မခက်ကို အဲဒီကတည်းက သိနေတာ ပေါ့နော်"

သမ္ဘာက ခေါင်းနောက်သို့ လက်လျှိုခုသွင်းထားရင်းက

"အင်း…နောက်နေ့ မခက်တည်းတဲ့ ဘန်ဂလိုကို ကိုယ် ရောက်တယ်၊ မခက်ကိုစုံစမ်းတော့ ပြန်သွားပြီတဲ့၊ အဲဒီကတည်းက ဒီစာအုပ်လေးကို ကိုယ်သိမ်းထားခဲ့တာ၊ အထဲက အကြောင်းအရာ တွေကို မဖတ်ဘဲ ထားခဲ့သေးတယ်၊ တစ်ပါးသူ အတွင်းရေးဆို တော့လေ"

သူပြောသမျှကို မခက်က ဒိုင်ယာရီစာအုပ်လေး ရင်ဝယ်



www.burmeseclassic.com

www.burmeseclassic.com

ပိုက်ပြီး နားထောင်နေမိတာ ငြိမ်ငြိမ်လေး။ သူက မခက်ရှိရာဘ... တစောင်းလှည့်ရင်း ခေါင်းကို လက်နဲ့ထောက်ထားကာ…

"ဆံပင်အရှည်ကြီးနဲ့ ကောင်မလေးတွေတွေ့တိုင်း ကို... လိုက်ကြည့်ခဲ့တာ၊ လမ်းလည်း လမ်းပေါ်၊ ကားလည်း ကား... ပေါ့၊ ပြန်တွေးကြည့်ရင် အခုမှ ရှက်ဖို့ကောင်းမှန်းသိတယ်၊ ကိုယ်... တဲ့လူက မခက်ကိုဆိုပေမယ့် အကြောင်းမသိတဲ့သူတွေက ကိုယ့်... အငမ်းထူတဲ့ပုံလို့ ထင်ကြမှာလေ"

"ကိုကိုကလဲ"

မခက်က လက်ညှိုးလေးကိုက်၊ ပခုံးလေးတွန့်က... ရယ်ရင်း…

"ကိုကို့ရုပ်က အဲဒီလိုမထင်ရပါဘူး၊ မခက်ဆို ကို... မမလေးဆီလာတိုင်း အမြဲချောင်းချောင်းပြီး ကြည့်ခဲ့ရတာ၊ မခ... ထင်တာက ကိုကို့ကို မခက်က အရင်ဦးအောင် သိတယ်ဆိုပြီးတော့... လေ"

"ဒါဆို ကိုကိုက မခက်ကို အရင်စသိခဲ့တာပေါ့လေ"

"ဒါပေါ့…မခက်တင်မကဘူး၊ မခက်အကြောင်းတွေ... အားလုံးပါ ကိုယ်သိတယ်၊ ဒီစာအုပ်ကိုဖတ်ပြီးတော့လေ"

"ဒါဆို မေမေ့အကြောင်းပါ"





"ကိုယ်အားလုံးသိတယ်၊ အဲဒါကြောင့် မခက်က ဘာကို ...ရိမ်နေတာလဲ၊ မခက်ကို ခွဲသွားစရာ ဘာအကြောင်းမှ ကိုယ်တို့ ...ကြားမှာ မရှိတော့ဘူး"

သူက မခက်လက်ဖဝါးလေးကို ဆွဲယူပြီး ရင်ဘတ်ပေါ် ...တင်ရင်း ပြောသည်။ မခက်က ဒိုင်ယာရီစာအုပ်လေးပါ သူ့ရင်ဘတ် ...ပေါ် လှမ်းတင်ရင်း…

"ကံအကြောင်းမလှလို့ မေမေက ဖေဖေ့ရဲ့ ဒုတိယမိန်းမ ...ခဲ့ပေမယ့် သူများမိသားစုကို ပြိုကွဲပါစေဆိုတဲ့စိတ်မျိုးတော့ ရှိမယ် ...ထင်ဘူးကိုကိုရယ်၊ မခက် လေးနှစ်သမီးအရွယ်မှာ မေမေ ဆုံးသွား ...ခဲ့တာ၊ မခက် မှတ်မိသလောက် မေမေက ရိုးသားတဲ့သူ၊ ...စိတ်စေတနာကောင်းတဲ့သူလို့ပဲ ထင်နေခဲ့တာ အခုထိပဲ၊ မမလေးတို့ ...ကိုကြီးတို့ဘက်က ကြည့်တော့လည်း မှန်ပါတယ်၊ သူတို့အမေ ...ရာကို မေမေဝင်ခဲ့ပေမယ့် မေမေကပဲ အရင် လောကကြီးထဲက ...ထွက်ခွာခဲ့ရတာကို"

"ဒါပေမဲ့ မေမေ့အပေါ် မနာလိုလောက်အောင်လည်း ...မေက မကြင်နာခဲ့ပါဘူး"

တစ်ဖက်သားအပေါ် ဒီနေ့အထိ အကောင်းမြင်ဆဲ မခက် ...အား သူ့လက်မောင်းပေါ် ခေါင်းအုံးပြီး အိပ်စေသည်။ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မေးခွန်းတွေအများကြီး။ လူကြီးချင်း ဘယ်လောက်အမုန်းပွ
ပါစေ ကိုယ့်ရင်မှဖြစ်သော သမီးအပေါ် ဦးသက်မင်းရဲ့ အပြုအ
တွေက တစ်ခါတစ်ရံမှာ သူစိမ်းဆန်လွန်းနေတာက တစ်ဖက်မှ
ရောက်တဲ့အထိ။ သမ္မာက သက်ပြင်းရှိုက်ရင်း သူ့ရင်ခွင်ထဲ ပိ
လေးလှဲနေသော မခက် နဖူးစွန်းမှာ ပါးအပ်ရင်း…

"ပြီးခဲ့တာတွေ ထားခဲ့တော့ မခက်၊ ကိုယ့်ရင်ခွင်ထဲမှ
မခက်ရှိတဲ့အချိန်ကစပြီး နောက်ထပ် ကံမကောင်းခြင်းဆိုတာ မခ
အတွက် ဖြစ်မလာစေရဘူး၊ အရာရာကို ကိုယ့်အချစ်နဲ့ပဲ"

ကိုကို့အသံ တိုးတိတ်သွားတာနှင့်နည်းတူ အခန်းမီးအ
ဖြောက်ခနဲ မှိတ်ကျသွားသည်။

"ကို…ကို"

အထိတ်တလန့် ခေါ်သော နှုတ်ခမ်းများဟာ နွေးထွေး
တခြင်းတွေ ဖြစ်ပေါ်ခဲ့ပြီး ရင်ခွင်ရာသီဟာ အမြန်ဆုံးနှုန်းနှင့် ကူ
ကိုပတ်သည်။ ညက တိတ်ဆိတ်ခြင်းတေးသွားဖြင့် မေတ္တာဘွဲ့
ကျူးရင့်ရင်း အနမ်းမိုးရွာသော ရင်ခွင်ဆောင်းရာသီမှာ မခက်
မချမ်းဘဲ နွေးထွေးနေခဲ့ပါသည်။

◆ ◆ ◆

## အခန်း (၁၇)

"အာ…ဦးမှိုင်း၊ လုပ်ချလိုက်ပြန်ပြီ၊ အကြောင်းမကြား
ဘာမကြားနဲ့ ကြို့ပြောလေ၊ ကျွန်တော်လာကြိုမှာပေါ့၊ အခု လေဆိပ်
ရောက်နေပြီလား၊ ဘယ်နှနာရီ လေဆိပ်ဝင်မှာလဲ"

ကိုကိုက ကားကို အရှိန်လျှော့မောင်းရင်း လက်ကနာရီ
ကို တစ်ချက်ကြည့်သည်။

"ကျွန်တော် လာကြိုမယ်၊ အဲဒီမှာပဲ စောင့်နေ၊ အဟား
အခုတော့မရဘူး၊ အင်းလေ ဦးမှိုင်း သိရဲ့သားနဲ့၊ ဒါပေါ့ အလုပ်
က ပိုရှုပ်လာပြီ"

ကိုကိုက ဖုန်းပြောရင်း မခက်ဘက်လှည့်ကာ မျက်စိ
တစ်ဖက် မှိတ်ပြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ချင်းစာပေါ့ဗျာ၊ ဒါမျိုးအချိန်ဆိုတာ အဟွ
ဟန်နီးမွန်းလား၊ ထွက်တယ်၊ ဘန်ဟောက်နဲ့စင်ကာပူ၊ မလာချင်
ဘူးဗျာ၊ ဦးမှိုင်းဆီရောက်ရင် ပုဏ္ဏားရှည်ဆံမ်းခရီးက ယမကာပေါ
ပြီး မူးသွားမှာ၊ အပ်ကြောင်းထပ် စာတ်ပြားကြီးလည်း နားမထော
ချင်တော့ဘူး၊ အဟား ဟား ဒါပဲ၊ နောက် လေးဆယ့်ငါးမိနစ်အတွ
ရောက်မယ်"

ဖုန်းကိုပိတ်တာနှင့် ဟိုတယ်ထဲ ကားကွေ့ဝင်တာ
ကွက်တိ။ ကိုကိုက ပါကင်ထိုးတုန်း မခက်မှာ ဘေးကထိုင်ရ

"သွားစရာရှိလို့လား ကိုကို၊ သွားပါ၊ မခက်က ဒီမ
အားလုံးနဲ့သိနေပြီကို၊ ကိုကို ပြထားတဲ့ဟာတွေလည်း မှတ်မိ
တယ်၊ မခက်ဟာမခက် သွားမယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ ပြော"

ကားထဲက မထွက်သေးဘဲ ကိုကိုက စက်သပ်သည်
နှစ်ယောက်သား ဆင်တူတပ်ထားသည့် အညိုဖျော့ရောင် မျက်မှ
ပိုင်းကို နဖူးစပ်ဆီပင့်တင်တော့ မခက်အပေါ် ကြင်နာမြတ်နိုးသ
အကြည့်တွေ အမြဲကြည့်တတ်သည့် ကိုကို့မျက်ဝန်းအား အ
အကွယ်မဲ့ တွေ့ရသည်။ မခက်ကတော့ မျက်မှန်ကို ကိုင်းမှချွတ်
ရင်း ကိုယ့်ကိုယ်ကို ငုံ့ကြည့်ကာ...

"ဟို...ဒီအဝတ်အစားကြီးတွေနဲ့ ဝင်သွားမှာ မရဲသလို
"

အစိမ်းဖျော့ တီရှပ်ပေါ် ရေညှိစိမ်းဂျက်ကက်က ချိုင်း
အောက်လောက်သာ ရှိသည့်အတို။ အောက်ကဘောင်းဘီက
တ်တွေအများကြီးပါသည့် ဒူးကျ ရေညှိစိမ်းရောင်က အောက်ခြေ
နားမှာ ကြိုးစည်းထားတာမို့ မခက်ပုံစံလေးက ကလေးဆန်သော
လှအပတွေနှင့်။ တင်ပါးကျော်အထိ ရှည်လျားသော ဆံပင်တို့ကို
စိမ်းရင့်ရောင် ခေါင်းစည်းကွင်းနှင့် စုစည်းထားသည်။ ဖိနပ်က
တ်ခန့်စိမ်းရောင် ကြိုးသိုင်းအမြင့်။

"အယ်...ကိုကိုကပါ အဲဒီလိုကြီး ကြည့်နေတော့"

မခက်က မျက်မှန်ကိုင်းကို ကိုက်ပြီး အရောင်ရင့်မျက်နှာ
ရှင့်ဆိုသည်။

"မခက်က ချစ်ဖို့ကောင်းလို့ပါ၊ ကိုယ်က ကြည့်မဝဖြစ်နေ
တာ၊ ကလေးတစ်ယောက်လိုပဲ အပြစ်ကင်းတယ်၊ ချစ်သူ
တစ်ယောက်လိုလည်း ချစ်ဖို့ကောင်းတယ်၊ ကိုယ့်ပွဲတက်ဖော် ဇနီး
ဆိုလည်း ဣန္ဒြေသိက္ခာက ရှိပြီးသားဆိုတော့"

"ကိုကိုကတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြီ"

"အဟုတ်ပြောတာ မခက်ရဲ့၊ အဲဒါကြောင့် မျက်နှာအောက်




www.burmeseclassic.com

www.burmeseclassic.com



က အပျောက်မခံနိုင်ဖြစ်နေတာ၊ လာ ကိုယ် ရေကူးကန်နားအထိ လိုက်ပို့မယ်၊ အပြန်လည်း ဝင်ကြိုမယ်နော်၊ ကိုယ်မရောက်သေးရင် ကော်ဖီဘားက စောင့်"

"ဟုတ်ကဲ့ ကိုကို"

မခက်က မြူးမြူးလေးပြောပြီး ကားပေါ်မှ ဆင်းသည်။ ကိုကိုက မခက်ရဲ့ ရေကူးဝတ်စုံ ထည့်ထားသည့်အိတ်ရော၊ မခက် ရဲ့ ဘေးလွယ်အိတ်ကိုပါ လက်တစ်ဖက်က ကိုင်သည်။ မခက် လက်ဖဝါးတစ်ဖက်ကို ထပ်ညှပ်ဆွဲကိုင်ရင်း လိုက်ပို့ပေးတာက ရေကူးကန်နားအထိ။ မခက်က ကိုကို့လက်မောင်းကို ပါးလေးမှီ ရင်း ဘေးတစောင်းမြင်ရသည့် ကိုကို့မျက်နှာချောချောကို ငေးမော နိုင်။ အရပ်မြင့်မြင့်မှာ အဖြူရောင် ရှပ်တာရှပ်အား တံတောင်ဆစ် နားအထိ လက်ခေါက်တင်ထားသည်။ ဂျင်း(န်)အနက်တစ်ထည်း ရှူးဖိနပ်ဆင်ရုံနဲ့ ကိုကိုရဲ့ ညို့ငင်အားက ကြီးမားပြင်းထန်သော စက်ကွင်းတစ်ခုလို။ ဒါတွေကြောင့်လည်း မမလေးက ကိုကို့အပေါ် ပစ်ကျခဲ့တာဖြစ်မည်။ မခက်တောင် မကြုံဖူးတဲ့ အသည်းရိုင်းရိုင်း မှာ ကိုကိုမှ ကိုကိုဆိုပြီး စွဲလမ်းခြင်းက ပြဿနာတစ်ရပ်ဖြစ်ခဲ့တာ ပဲ။

"ဟော…လာပါပြီ မုန်းမခက်၊ ကျွန်မက မလာတော့





ဘူးလားဆိုပြီး ဒီကသင်တန်းသူတွေကို မေးနေသေးတာ ကိုသမ္မာ ရဲ့၊ သူက ရေကူးဝတ်စုံဝတ်ရမှာ ရှက်တယ်ဆိုပြီးတော့လေ၊ ကေ နှိုက်လို့ ဒီကိုလိုက်ပို့ရတာနဲ့တူတယ်"

"မဟုတ်ပါဘူး မရှိစီ၊ မခက်က လိမ္မာပါတယ်၊ အရှက် အကြောက်ကြီးတာ တစ်ခုပဲ"

ကိုကိုက မခက်တို့ရဲ့ သင်တန်းဆရာမနှင့် ပြောရင်းက ခက်ခေါင်းကို အုပ်မိုးခါယမ်းကာ…

"သင်တန်းပြီးရင် ဘာစားချင်လဲ၊ စဉ်းစားထား၊ ကြား ထား"

"ဟုတ်"

"ဒါဆို ကိုယ်သွားပြီ"

"ဟုတ်…ကိုကို"

ကိုကို့ကျောပြင်ကို မခက်က မျက်စိတဆုံး လိုက်ငေး သည်။ အဲဒါက မခက်အတွက် ခေါက်ရိုးကျိုးသော အကျင့်တစ်ခု။ ခင်းစံအိမ်မှာ နေရကတည်းက မခက်က ကိုကို့ကို မမြင်ကွယ်ရာမှ ငေးနေကျမဟုတ်လား။ သို့ပေမဲ့ လက်ထပ်ပြီးချိန်မှာတော့ ကိုကိုက ခက်ရဲ့ ပြုပြင်ပြောင်းလဲသူ။ မခက်က ရင်ခုန်မြတ်နိုးခြင်းခြင်း အချစ်တစ်ခုသာ ဆုပ်ကိုင်ပြီး ထားရာနေ၊ စေရာသွားနိုင်ခဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အိမ်နဲ့က မခက်ရဲ့ ရပ်တည်ရှင်သန်ရာကမ္ဘာ။

"မခက်နဲ့ မတွေ့ခင်မှာလည်း တွေ့အောင် ရောက်တဲ့နေရာတိုင်း ရှာတယ်၊ တွေ့တော့လည်း အမြဲတမ်း ဒီကောင်တွေ အကူအညီနဲ့ စောင့်ကြည့်ခဲ့ရတယ်"

အဆောင်ဆောင် အခန်းခန်း၌ထားသော မှန်ပြောင်းရှည်ကြီးတွေကို ကိုကိုက ထုပ်ပိုးသိမ်းဆည်းစေပြီးမှ…

"အခုတော့ မလိုတော့ဘူးလေ၊ မခက် ကိုယ့်နားမှာရှိပြီကိုး"

ပြောခဲ့သောစကားတို့သည် ချစ်တယ်လို့ အကြိမ်တစ်ရာလောက် ရေရွတ်ပြနေခြင်းထက် ပိုလက်တွေ့ဆန်စေသည်။

"ဒါတွေကြောင့် မခက် ဒုက္ခရောက်တိုင်း ကိုကိုရောက်လာခဲ့တာပေါ့ ဟုတ်လားဟင်"

ရင်ခွင်မှာ နွဲ့နွဲ့မှီရင်းမေးတော့ ကိုကိုက ခေါင်းညိတ်ပြကာ…

"အဲဒီကတည်းက စိတ်ကူးထားတာရှိတယ်၊ မခက်ကို လက်ထပ်ပြီးရင် အဲဒီစိတ်ကူးကို အကောင်အထည်ဖော်မယ်လို့"

"ဘာစိတ်ကူးလဲဟင်"

"မခက် ရေကူးသင်ရမယ်"



အံမယ် ကြားစကာ မခက်က အင်တင်တင်နှင့်။

"ရေကြောက်တယ် ကိုကို၊ တခြားဟာသင်ခိုင်းပါလား၊ အဲဒီဟာကိုတော့"

"ကြောက်တယ်ဆိုတဲ့ အရာတိုင်းကို ယဉ်ပါးအောင်လုပ်ရတယ်၊ နောက်ဆို အဲဒီကြောက်တယ်ဆိုတာ ဘဝမှာ ရယ်စရာအဖြစ်ပြောင်းလဲသွားရော၊ ကိုယ်ဆို ငယ်ငယ်က သချင်္ချာတွက်ရမှာ သိပ်ကြောက်တာ၊ သချင်္ချာကလည်း နာမည်နဲ့လိုက်အောင် သင်လေချာလေမဟုတ်လား၊ ဆရာက ရှင်းအောင်သင်လေ ကိုယ့်မှာ နားတွေရှုပ်ပြီး ခေါင်းတွေချာချာလည်လေပဲ၊ ဒါပေမဲ့ ကိုယ် သေချာလေ့ကျင့်တဲ့အခါကျတော့ ဘာသာရပ်ရဲ့ လျှို့ဝှက်ချက်ကို သိလာတယ်၊ အဲဒါက ကြောက်တယ်ဆိုပြီး ရှောင်ပုန်းနေရင် ကိုယ့်ကိုသူက အနိုင်ယူသွားရော၊ ကိုယ်က ဘယ်သူ့အနိုင်ကိုမှ ခံချင်တဲ့လူ မဟုတ်တော့ မာနစိတ်နဲ့ ထပ်တလဲလဲ လေ့ကျင့်ခဲ့တာ၊ ဆယ်တန်းမှာ သချင်္ချာအမှတ်အများဆုံးဆုကို မြန်မာတစ်နိုင်ငံလုံးမှာ ရခဲ့တာ"

"ကိုကိုက တော်လိုက်တာ"

မခက်က တလွိုက်တလှဲ ချီးမွမ်းတော့ ကိုကိုက မခက်ပါးလေးကို ဖွဖွဆွဲလိမ်ရင်း…

"သူများတော်တာချည်း လက်ခုပ်တီးဖို့ မစဉ်းစားနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုတီးတဲ့ ဩဘာသံကို ကြားရအောင် ကြိုးစား''

ကိုကိုက မခက်အတွက်တော့ လမ်းပျောက်သူအ…
လမ်းပြသူ။ အမှောင်ထဲ ကျရောက်သူအတွက် အလင်းဆော…
သူ။ ထို့ကြောင့် ကိုကို့အပေါ် မခက်က အားကိုးစွာ၊ ချစ်ခင်မြ…
စွာနှင့် ဒီဘဝ ခန္ဓာအဆက်ဆက်ကို ပုံအပ်ထားခဲ့သည်ဆိုလျှ…

''ဟင့်အင်း…မကူးချင်တော့ဘူး၊ ရေကသန့်တော…
မဟုတ်ဘူး မရှိစီ၊ မယားငယ်မျိုးရိုးရဲ့ ပိုးတွေ ရေကူးကန်…
ပျံ့နှံ့နေမှာ၊ မဟုတ်ဘူးလား မုန်းမခက်''

အပြောနှင့်အတူ နောက်ကျောမှ ဝင်တိုက်မှုကြောင့် …
တစ်ဖက် အောင့်တက်သွားရသည်။ လှမ်းကြည့်တော့ တစ်ကိ…
လုံး ရဲရဲနီစွေးနေသော အနီရောင်ဝတ်စုံဖြင့် မမလေး။

''မမလေး''

မခက်က အားရဝမ်းသာအပြုံးနှင့် နှုတ်ဆက်ပေမဲ့ မ…
က မခက်အပြုံးကို အသိအမှတ်မပြုဘဲ…

''မရှိစီ…သူနဲ့ပတ်သက်ပြီး ဘာမှသိမထားဘူး…
တယ်''

မရှိစီက မခက်တို့ရဲ့ ဆက်နွယ်မှုကို မသိ၍ ခေါင်း…
ပြသည်။ ကန်ဘောင်ပေါ် ရေကူးရန် ပြင်ဆင်နေသူတွေရဲ့အ…





… မခက်ထဲ ဒိုင်းခနဲဝင်ဆောင့်သည်။ ပူထူသည့်ရှက်စိတ်ဟာ
…သွေးကြောအနှံ့ အဟုန်ပြင်းစွာ စီးဆင်းသွားပြီး ထိုအကြည့်ပေါင်း
…စွာကို မခက် ရင်မဆိုင်ရဲ။ ခေါင်းငုံ့မျက်လွှာချကာ အိတ်နှစ်အိတ်
…ရဲ့ လက်ကိုင်ကိုင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။
…ခွင့်ရှိလျှင် ဖြစ်ချင်ပါသည်။ ဤနေရာမှ အခိုးအငွေ့အဖြစ်
…ခွင့်ပျောက်ကွယ်သွားချင်၏။ မမလေး ထိုးစိုက်တော့မည့်
…တားစား၊ အကြည့်မြားတွေကို ကြိုသိနေ၍ပါ။ မမလေးကတော့
…ခက်ကို ကြည့်နေကျအတိုင်း ထက်အောက်စုန်ဆန်ကြည့်ရင်းက

''ဟွန်း…သူ့အမေက ချယ်ရီတို့အမေကို လုယူခဲ့တာ
လေ''

''အို''

''ဟယ်''

အာမေဋိတ်သံတွေက မခက်ပတ်ဝန်းကျင်အနှံ့အပြားမှ
…ပေါ်ထွက်လာ၏။ မခက်က ကျစ်ကျစ်ပါအောင် အိတ်ကိုင်းကို
ဆုပ်ကိုင်ထားရင်း ခေါင်းငုံ့ကာ မျက်ရည်ဝဲသည်။

''အဲဒါကြောင့် ချယ်ရီ ဒီနေ့ရေမကူးတော့တာ၊ သူ့ရဲ့
ကိုယ်ထဲမှာလည်း သူ့အမေရဲ့သွေးတွေ စီးနေမှာ၊ ဟွန်း မယားငယ်
သွေးလေ''



www.burmeseclassic.com

www.burmeseclassic.com

“ချယ်ရီ”

မရိစ်က လေသံမာမာနှင့် ဖြတ်ခေါ်ရင်း…

“ဒီမှာ ကိုယ်ရေးကိုယ်တာကိစ္စတွေ မပြောကြေး။ ရ
က ရေကူးသင်တန်းပဲဖွင့်တာ၊ အခု ချယ်ရီက တစ်ဖက်သာ
အရှက်ခွဲတော်ကားသလို ဖြစ်နေတယ်”

“မရိစ်တို့ သူ့ဇစ်မြစ်ကိုသိအောင် ပြောပြတာ”

“သိလည်း သူ့ဘဝသူ့အကြောင်းပဲ၊ ဘယ်သူမှ စိတ်
စားဘူး၊ ဘယ်သူမှလည်း စွက်ဖက်မှာမဟုတ်ဘူး၊ ချယ်ရီသိအေ
တို့ တစ်ခုတော့ ပြောလိုက်မယ်၊ သူ့အမေချည်းပဲ အဖြ
ပုံချလို့မရဘူး၊ အိမ်ထောင်တစ်ခုတည်ထောင်တယ်ဆိုတာ တစ်
သတ်တည်းနဲ့ အထမြောက်တာမှ မဟုတ်တာ”

“ဒါပေမဲ့ ချယ်ရီတို့ဖေဖေက သူ့အမေကို မချစ်ခဲ့
မရိစ်”

“မချစ်ပေမယ့် သမီးတစ်ယောက်တောင် မွေးခဲ့ပြီး
ချယ်ရီ ပစ်ချင်တဲ့မြားက မုန်းမခက်ကိုမစူးဘဲ ကိုယ့်မိသား
ပြန်စူးစေတယ်ဆိုတာ သတိထားဦး”

မရိစ်က အပြတ်အသတ်ပင် ပြောပစ်ကာ ချယ်ရီမင်း
မျက်နှာလွှဲရင်း…





“အားလုံး ကိုယ့်အလုပ်ကိုယ်လုပ်တော့၊ မခက်”

“ရှင်”

“အဝတ်သွားလဲလေ၊ ရေကူးကြရအောင်”

“ဟုတ်…မရိစ်”

အားလုံးက ကိုယ့်ကို ပထုတ်လိုက်တာ အသိသာကြီး။
ယ်ရီမင်းက အနီရင့်ရောင် ကျောပိုးအိတ်အသေးလေးကို ပခုံးပေါ်
သလိုပစ်တင်ရင်း ရေကူးကန်နားမှ ခွာခဲ့သည်။ ကိုယ့်ဘဝ
ယ့်အခြေအနေဟာ အရင်က ရွှေထီးဆောင်းခဲ့ရတဲ့ ရွှေမင်းသမီး
ုတ်တော့။ ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး ဟိုတယ်ဝင်းအပြင်
ခပ်ဖြည်းဖြည်းလျှောက်ခဲ့သည်။ ဒေါသကြောင့် ဆူဝေနေသော
တွေးက ဟိုရောက်ဒီရောက်နှင့် ယောက်ယက်ခတ်နေ၏။

“ဖေဖေက ခုန်ဆင်းကြေးနဲ့ လောင်းကြေးထပ်လိုက်တာ၊
ဘက်ခြမ်းနဲ့တိုက်ရယ်၊ ကားရယ် ပါသွားပြီ”

ပြီးခဲ့တဲ့ညက သားအဖတွေ မျက်နှာစုံညီ ဖေဖေက
ပြောသည်။ ခုန်ဆင်းတယ်ဆိုတာ လောင်းကစားလောကမှာ
ကြီးအကြီးဆုံး။ ရှိသမျှ အိမ်၊ ကား ပုံကြေးထပ်ပြီး ရှုံးသောအခါ
င်းပေးရတာမျိုး။ ဝါသနာကြီးလှတဲ့ လောင်းကစားသမား
တစ်ယောက်ရဲ့ဘဝဟာ ဒီလိုပဲလာမှာပင်။ ကိုယ့်အဖေဖြစ်နေ၍

www.burmeseclassic.com



"မိုက်လုံးကြီးလှချည်လား"

ဘာဘာညာညာ အော်ဟစ်ဆူပူလို့မှ မရတာ။ ကုန်တော့လည်း ကုန်လို့ စိတ်လျှော့ထားရုံသာ။ ကိုကိုကြီးကလည်း အရေးအကြောင်းပေါ်လျှင် ဖျောင်းဖျနှစ်သိမ့်မည့်သူ နေရာမှာ ထားမရ

"ဖေဖေတောင် လုပ်ရက်သေးတာပဲ၊ ငါလည်း အိမ်ပစ္စည်း အကုန်လက်ညှိုးထိုးရောင်းပစ်မှာ"

ဒီအစ်ကိုနဲ့ ဒီအဖေကြား မြေစာပင်ဖြစ်ရတာက ချယ်မင်း။ အိမ်ပြန်ချိန် မွန်းတည့်နေဟာ ရင်ထဲအထိ တိုးဝင်လာသပွပြင်းလောင်မြိုက်စွာနှင့် တက္ကစီတစ်စီး ဖမ်းတားသည်။ ကားရပ်တာနှင့် ဘယ်သွားမယ်မပြောဘဲ ကားပေါ်တက်၍ ကူရှင်မှာ ခေါင်းမှီချ၏။

"ဘယ်မောင်းရမလဲ အစ်မ"

"မောင်းပါ၊ ဆင်းချင်တဲ့နေရာကျ ပြောမယ်"

သူမရဲ့ လမ်းညွှန်မှုကြောင့် ကားသမားတောင် အူတိအကြောင်နှင့် စမောင်းသည်။ သောကများတဲ့ ဒီဘဝမှာ ခေါ်တစ်လုံး ဖြစ်သွားရင် သိပ်ကောင်းမည်။ လိမ့်ချင်ရာ လိမ့်ခွင့်ရတာပေါ့။

◆ ◆ ◆



## အခန်း (၁၈)

"မခက်…ဒါ ကိုယ်ပြောတဲ့ ဦးမှိုင်းဆိုတာ၊ နာမည်အပြည့်အစုံက ဦးတိမ်မှိုင်းတဲ့၊ ဦးမှိုင်း ဒါ ကျွန်တော့်အမျိုးသမီး မွန်းမခက်တဲ့"

မခက်က ထမင်းစားပွဲတစ်ဖက်၌ တွေ့ရသော ဦးမှိုင်းဆိုသူအား ပြုံးပြကာ…

"တွေ့ရတာ ဝမ်းသာပါတယ်ရှင့်၊ ကိုကိုက ခဏခဏ ပြောနေလို့ ဦးမှိုင်းအကြောင်းကို ရင်းနှီးနေကျ ဖြစ်နေပါပြီ"

"ဟေ့…ဒီကောင် ငါ့ကွယ်ရာမှာ ငါ့မကောင်းကြောင်းတွေ ပြောတယ်နဲ့တူတယ်"

ဦးမှိုင်းက ကိုကို့ထံ မျက်လုံးဝင့်ကြည့်ပြီး ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ထရယ်ရင်း…

"တခြားမဟုတ်ပါဘူးဗျာ၊ ဦးမှိုင်းက ဘီယာမူးအောင် သောက်ပြီးရင် မျက်ရည်လည်ရွဲနဲ့ ငိုတတ်တယ်ဆိုတာလောက်ပဲ ပြောပြထားတာ"

"အောင်မာ…ငါလည်း မင်းမိန်းမယူတယ်ဆိုတော့ သက်တူရွယ်တူ ယူသလားမှတ်တယ်၊ အခုမှ သေချာတွေ့ရတာ ဟွန်း ကလေး မုန့်ပေးကြိုက်ထားတာကိုး၊ ဘယ်လိုလဲ ဟောကောင် မင်း မုန့်ဖိုးမှ တော်တော်ကုန်သွားရဲ့လား"

တစ်ယောက်တစ်ပြန် နှိပ်ကွပ်မှုများထဲ ရန်လိုခြင်းတွေ မပါ။ ရင်းနှီးချစ်ခင်ခြင်းတွေ တွေ့ရသည်။ ဦးမှိုင်းက ကိုကို လောက် အရပ်မရှည်ပါ။ အရပ်ပုသယောင် ထင်ရပေမဲ့ ခန္ဓာကိုယ် က မဝလွန်း မပိန်လွန်းတာမို့ သူ့အရပ်နှင့်တော့ အနေတော်ပင်။ ဆံပင်ကို ခေါင်းလိမ်းဆီ လိမ်းပြီး နဖူးအပြောင် လှန်သိမ်းထား သည်။ မျက်ခုံးထူထူနှင့် နဝတဲ့ပေါ်တဲ့ ပုံစံက တစ်မျိုးကြည့်ကောင်း ၏။ ဖေဖေနဲ့ သက်တူရွယ်တူပေမယ့် ဖေဖေ့လိုတော့ မှိုးမများ။ ခရော်ကိုဒိုင်း စပို့ရှပ်တစ်ထည် စတိုင်ပင်(န်)နို့နှစ်ရောင်နှင့် မခက်တို့ အိမ်မှာ ညစာလာစားသူဟာ နိုင်ငံရပ်ခြား ကုမ္ပဏီ၌ စကားပြန် စာရင်းကိုင်ရာထူးနှင့် အလုပ်လုပ်နေသောသူဟု မထင်ရက်စရာ။





"ဦးမှိုင်းက နဂိုကဆို ရန်ကုန်ပြန်လာတိုင်း ကိုယ့်ဆီမှာပဲ တည်းတာ၊ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ ဟိုတယ်မှာတည်းမှာ"

ကိုကိုပြောခဲ့တုန်းက မခက်ဟာ ကြားထဲမှ ကုန်ကျစရိတ် ဆို နမြောပြီး"

"ဒီမှာပဲတည်းခိုင်းပါလား ကိုကိုရယ်၊ ဟိုတယ်စရိတ်ဆို တာ နည်းတာမှမဟုတ်တာ၊ ပြီးတော့ သူက တစ်လလောက်နေမှာ ဆို"

"ဒီမှာတည်းရင် ကိုယ်တို့နှစ်ယောက် ညားခါစဆိုတော့ ကူပေးရာကျမှာစိုးလို့တဲ့၊ ဟိုတယ် မတည်းချင်လည်းရတယ်၊ ဆိုယ့်ကွန်ဒိုတစ်ခန်းရဲ့သော့ ပေးထားရုံပေါ့"

"အဲဒါဆိုလည်း ပေးထားလိုက်ပါ၊ နို့မို့ သူကုန်မဲ့ပိုက်ဆံ တွေက နမြောစရာ"

"သူက မနမြောဘူး မခက်ရဲ့၊ မြန်မာနိုင်ငံပြန်လာရင် အနယ်နယ်အရပ်ရပ် ခရီးထွက်တာကို ဝါသနာပါတာ၊ ဒီမှာ ဆိုတယ်ငှားပြီးလည်း တစ်ရက်နှစ်ရက်ပဲနေပြီး ခရီးထွက်တော့တာ ဦးမှိုင်းက ဘာသာစကားမျိုးစုံရတယ်၊ ဟိုမှာ သူက ဘော့(စ်)ရဲ့ ညာယုံလိုနေရတာ၊ သူ့ဘော့(စ်)သွားလေရာ နိုင်ငံတကာလိုက်ပြီး သူက စကားပြန်လုပ်ပေးရတာမျိုး၊ လခက ဒေါ်လာနဲ့ရတဲ့အပြင်

www.burmeseclassic.com

www.burmeseclassic.com



ဘောက်ဆူးတွေ၊ ဘောနပ်(စ်)တွေနဲ့ အများကြီး၊ အဲဒီငွေတွေကို သူ့ခွင့်ရက်တစ်လမှာ ဒီမြန်မာနိုင်ငံမှာ လာသုံးတဲ့သဘော"

"ဪ…သူ့မှာ ပေးစရာမိသားစု မရှိဘူးလားဟင်"

"မရှိဘူး၊ အကုန်ပျောက်ပျက်ကုန်ပြီ"

ကိုကိုပြောသော စကားများအရ မခက်က ဦးမှိုင်း အကြောင်းသိရတာ ဒါအကုန်ပင်။ မိသားစုမရှိ။ တစ်ကိုယ်ရေ တစ်ကာယသမား။ နိုင်ငံခြားမှာ ရက်ရှည်လများ နေရသူမို့ ခက်က စာနာကာ ဒီမှာ မြန်မာထမင်းဝိုင်းလေး ဖန်တီး၍ ညှော်ခံခြင်းဖြစ် သည်။

"ငါ့သမီးက တကယ်ဟင်းချက်ကောင်းတာပဲဟ"

"စားကောင်းရင် စား ဦးမှိုင်း၊ မခက်က အိမ်မှာနေတုန်း က မီးဖိုချောင်ပဲ အမြဲဝင်ခဲ့ရတာဆိုတော့ ဒီအိမ်ရောက်လည်းရော ရော လက်စွမ်းပြခွင့်က မကြုံတော့ဘူးလေ၊ ဒီအိမ်မှာ စားဖိုမှူးထ ထူးမြတ်ဆိုတော့ မခက်မှာ ကိုကိုသွားလေရာလိုက်ရတာနဲ့၊ သင်တန်း တွေတက်ရတာနဲ့တင် ချက်ရေးပြုတ်ရေးဘက် ဦးစားမပေးနိုင်ဘူး ဖြစ်နေတာ၊ အဟင်း…ဦးမှိုင်းရောက်လာမှပဲ စိတ်တိုင်းကျ ကြံခွင့် ရတာ၊ ဦးမှိုင်း ခရီးမထွက်ခင် ရန်ကုန်မှာရှိနေရင် ဒီမှာပဲလာစားပါ မခက် ချက်ကျွေးပါ့မယ်၊ စားချင်တဲ့မုန့်တို့၊ ဟင်းအမည်တွေကို





ရေးပေးထားပေါ့"

"အိုး…ဟိုး…ဟိုး၊ တကူးတကကြီး မလုပ်ပါနဲ့သမီး ရယ်၊ တော်ကြာ သမ္ဘာရင့်ရဲ့မျက်မာန်တော် ရှမှုကို ခံနေရပါဦးမယ်၊ ဒီကောင်က သမီးကို နေမလောင်မိုးမခ ထားချင်တာမျိုးလားမှ မသိတာ"

ကိုကိုက တစ်ရှူးဖြင့် ပါးစပ်ကိုသုတ်ရင်း ရေတစ်ဖန်ခွက် ငှဲကာ မခက်ရှေ့ အရင်ချပေးသည်။ ထို့နောက် ဘူလည်း ရေငှဲ့ သောက်ပြီးမှ…

"ဦးမှိုင်းက မဆိုးဘူး၊ ကျွန်တော့်ကို ခန့်မှန်းတာတော်သား ဗ"

"ဟောကောင်…မင်းလို အတွေ့အကြုံသာမရှိရင် မရှိမယ်၊ ငါလည်း ချစ်တတ်တဲ့လူပါကွ၊ ဒါကြောင့် ဒီနေ့အထိ"

"ဦးမှိုင်း တော်ပြီနော်၊ ခေတ်ပြားပေါင်းတွေ မဖွင့်ကြေး၊ ကျွန်တော်က အသည်းမာပေမယ့် မခက်က မျက်ရည်မခိုင်ဘူး"

သူတို့နှစ်ယောက်သာသိသော အကြောင်းအရာတို့ကြောင့် ဦးမှိုင်းက ခေါင်းညိတ်ကာပြုံးသည်။ မခက်က စားပြီးသား ပန်းကန် ခွက်ယောက်တွေ သိမ်းဆည်းခြင်း၊ စားပွဲခုံရှင်းလင်းရန် ကောင်လေး တွေကို အမိန့်ပေးခြင်းအား တစ်ဆက်တည်း လုပ်ဆောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်တွေကို အကုန်အပြောင်သိမ်း၍ ကြိုးကွင်းပျော့နှင့် စည်းထားသည်။ ရှင်းလင်းနေသော နဖူးပြင်လေးက ကကြီးပုံစံ တံခွန်နှင့် ပြုံးလိုက်တိုင်း စကားပြောတိုင်း သိသာစွာခွက်ဝင်သွားသည့် ပါးချိုင့်လေးနှင့် ခါးတင်ရင်ဖုံး၊ ထဘီစရှည်ရှည်ကို ဝတ်ထားသော ကိုယ်လုံးလေးကအစ ကောက်ကြောင်းထင်ထင်ရှားရှား။ ဒီကလေးမဟာ ချောခြင်းလည်းမဟုတ်၊ လှခြင်းလည်းမမည်ဘဲ တင့်တယ်ခြင်းတစ်မျိုးဖြင့် ဆွဲအားပြင်းသည့် မိန်းမငယ်သည် လှုပ်ရှားလိုက်တိုင်း ဆံပင်အဖျားခတ်တွေ နွဲ့ယိမ်းနေတာက ဦးမိုင်းကို အတိတ်အား လွမ်းဆွတ်လာစေတဲ့အထိ။ တစ်ချိန်က သူ့အတိတ်၌လည်း မှန်းမခက်ကဲ့သို့ နူးညံ့သိမ်မွေ့သော မိန်းမငယ်တစ်ယောက် ရှိခဲ့ဖူးသည်လေ။

"ဦးမိုင်း"

အနားကပ်ခေါ်တဲ့ သမ္ဘာ့အသံကြောင့် ငေးမိငေးရာကြည့်နေသော ဦးမိုင်းကိုယ်ကြီး ဆတ်ခနဲတုန့်သွားသည်။

"ဟော…ဘာလဲကွ"

"ကြည်လှချည်လား၊ ကမ္ဘာ့ပတ်လာတဲ့ ဦးမိုင်း ကျွန်တော့်မဒီလောက် ချောတဲ့သူ မတွေ့ဖူးဘူးမဟုတ်လား"

"မတွေ့ဖူးတာ မဟုတ်ဘူးဟေ့၊ တွေ့ဖူးလို့ တူလို့ပေါ်





တာ၊ ကဲ ရှင်းပြီလား၊ ငါ့ရဲ့လွန်လေပြီးသော"

"သိပြီ၊ လူတူမရှားဆိုတာ ဒီခေတ်ကြီးထဲမှာ ရှိနိုင်တယ်၊ ဒါပေမဲ့ ဘဝချင်းတော့ မတူဘူး ဦးမိုင်းရ"

"ဘာဖြစ်လို့လဲ၊ သူ့မိဘတွေက ရေခြမ်းမှာဆို၊ အခြေအနေ ကြည့်ရတာ နိမ့်ပါးပုံမရပါဘူး"

"သူတစ်ယောက်တည်းကွက်ပြီး နိမ့်ပါးနေတာ"

"ဘာတွေနိမ့်ပါးနေတာလဲ ကိုကို"

နောက်ပါးမှာ လက်ဖက်အစ်က တစ်ဖက်၊ ဒီဘက်ဗန်းထဲမှာ သစ်သီးမျိုးစုံကို လှပစွာ ခွဲခိတ်ထားတာက တစ်ဖက်နှင့် မခက်က စားပွဲပေါ်ချရင်းက မေးသည်။ ဦးမိုင်းက ပြုံးပြီး…

"ဘာမှမဟုတ်ပါဘူး သမီးရဲ့"

လို့ပြောပေမဲ့ ကိုကိုကတော့ မခက် လက်ဖျားလေးကိုဆွဲ၍ သူ့အပါးမှာထိုင်စေပြီး…

"ကျွန်တော့်ရဲ့မခက်မှာ မိသားစုအရေးအခင်းတွေ ရှိတယ် ဦးမိုင်းရဲ့"

"ဟော"

ဦးမိုင်းက အထူးအဆန်းဖြစ်သွားပုံရသည်။ မခက်ကတော့ ငြိမ်ငြိမ်တောင့်တောင့်လေးထိုင်ရင်း ကိုကို ဘာဆက်ပြောမလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာ နားစွင့်ရုံသာ။ ကိုကိုက မခက်ရဲ့ ပျက်စီးရာပျက်စီးကြောင်း ကို ဘယ်အခါမှ ဖန်တီးမည့်လူမဟုတ်ဟု ယုံကြည်သောကြောင့်

"မခက်က မိသားစုထဲမှာ အငယ်ဆုံးပေမဲ့ သူက အချ ဆုံး ပေးဆပ်ရတဲ့သူ၊ အဲဒါကြောင့် ကျွန်တော့်လက်ထက်မှာ မခ ကို မျက်နှာမညှိုးအောင် ထားခဲ့တာ"

"ကြားရတာ စိတ်မကောင်းစရာပဲကွာ၊ ဒီလောက်လိ ဝဲ့ သမီးကိုများ၊ ဘာပဲဖြစ်ဖြစ် ဦးမှိုင်းက သမီးတစ်ယော ကောက်ရတယ်လို့ သဘောထားတယ်ပေါ့ ဟုတ်လား၊ လိ ဦးမှိုင်းကိုပြော၊ ကြားလား သမီး"

"ဟုတ်…ဦးမှိုင်း"

ကိုကိုခေါ်သလို လိုက်ခေါ်ရင်းက…

"လက်ဖက်ဆီစိမ်လေး စားလိုက်ဦး"

မခက်က ဆံပင်ကို ကျောနောက်ပို့ရင်း လက်ဖက်အ ဦးမှိုင်းရှေ့ တိုးပေးသည်။ ထိုအခိုက် ထမင်းစားခန်းအဝ၌ ပေါ် သော လူရိပ်ကြောင့်…

"ထူးမြတ်…ပြော ဘာကိစ္စလဲ"

ထူးမြတ်က လက်ထဲမှဖုန်းကို မြှောက်ပြရင်း…

"မမလေးအစ်ကိုတဲ့"





"ဩော်…ပေး…ပေး"

မခက်က ဖုန်းယူပြီး ပြတင်းပေါက်နား သွားရပ်သည်။ အကြောင်းကြီးငယ်မရှိဘဲ ကိုကိုကြီး ဖုန်းမဆက်တတ်ပါ။

"ဟဲလို"

"ဩော်…ဟော် ထိပ်ထားသခင်မ ဖြစ်သွားတော့ ကိုယ်တိုင်တောင် ဖုန်းမကိုင်နိုင်တော့ဘူးပေါ့ ဟုတ်လား၊ ကျေးကျွန်တွေက တစ်ဆင့်ခေါ်ပေးမှပဲ ဖုန်းကိုင်တော့တယ်ပေါ့"

"မဟုတ်ပါဘူး ကိုကိုကြီးရယ်၊ မခက် ထမင်းစားခန်းထဲ ရောက်နေလို့ပါ၊ ကိုကိုကြီး ဘာကိစ္စရှိလို့လဲ၊ ပြောလေ မခက် ဘာလုပ်ပေးရမလဲ"

အကျင့်ပါနေသော နှုတ်ခမ်းတို့က ရိုကျိုးခြင်းတွေ ထွက်ကျသွားသည်။

"အေး…ကိစ္စက ကြီးပေမဲ့ နင်လုပ်ပေးရမှာ သေးသေးလေးပါ"

ကိုကိုကြီးရဲ့လေသံက အနည်းငယ် လျော့ကျသွားပြီးမှ

"ဖေဖေ နေသိပ်မကောင်းဘူး"

"အယ်…ဘာဖြစ်တာလဲဟင် ကိုကိုကြီး၊ ဆေးခန်းပြပြီးပြီလား၊ ဘာရောဂါတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မခက်က ဒီဘက်မှာ ဗျာဗျာသလဲ မေးခွန်းထုတ်တော့ ဟိုတစ်ဘက်မှ စိတ်ရှုပ်စွာ ကျစ်ခနဲ စုပ်သတ်သံကြားရပြီး…

"ဘာဆေးခန်းမှ ပြစရာမလိုဘူး၊ ဖေဖေ့အကျင့်ကို နင်မသိဘူးလား၊ ပိုက်ဆံမရှိရင် ဒီလိုပဲ ရောဂါထူနေကျ။ အခုလည်း သူများကိုပေးဖို့ သိန်းသုံးဆယ်လောက် လိုနေတယ်၊ အဲဒါ နင်လည်း ပေးစမ်းပါ"

"သိန်း…သုံးဆယ်"

"ဘာဖြစ်သွားတာလဲ၊ နင့်အသံက သူဌေးမယားတစ်ယောက် သိန်းသုံးဆယ်လောက်ကို အဲဒီလောက်အထိ အလန့်တကြား ဖြစ်သွားစရာလား"

"လန့်တာပေါ့ ကိုကိုကြီးရဲ့၊ မခက်လက်ထဲမှာ သိန်းသုံးဆယ်ဆိုတာ ဘယ်လိုရှိမှာလဲ၊ နှစ်သိန်း သုံးသိန်းလောက်ဆို"

"ဟာ…မှုန်းမခက်"

ဆောင့်အော်သော အသံကြောင့် မခက်နားတွေ အူလှိုက်သွားသည်။ ဖုန်းကို အလန့်တကြား နားမှခွာပြီးမှ…

"ကိုကိုကြီး"

"နင်ရူးနေလား၊ နှစ်သိန်း သုံးသိန်းက ဘာလုပ်လို့ရမှာလဲ၊ နင်က ငါတို့လက်က လွှတ်တာနဲ့ ကောင်းကောင်းပုန်ကန်တာပေါ့ ဟုတ်လား၊ တစ်သက်လုံး ကျွေးမွေးလာတဲ့ ကျေးဇူးမှ မထောက် နင့်ကို သမ္မာရင့်က မီးခံသေတ္တာသော့ အပ်ထားတာက အစ ငါတို့သိပြီးသား၊ နင့်ဟာနင်ကိုင်ရတဲ့ငွေကိုများ မရှိဘူးလေး ဘာလေးနဲ့ ပြောင်လိမ်ပြောင်စားမိန်းမ"

"မဟုတ်ပါဘူး ကိုကိုကြီးရယ်၊ မခက်က မပေးချင်လို့ ပြောတာမှ မဟုတ်တာ၊ မခက် ငွေကိုင်ရတယ်ဆိုပေမဲ့ အဲဒီလောက် အများကြီးကြတော့ ကိုကို့ကို ပြောပြီးမှပဲ"

"သိပ်ရိုသေပြမနေနဲ့ မှုန်းမခက်၊ သိပ်ရိုးသားပြမနေနဲ့၊ နင့်ကြောင့် သိန်းသုံးဆယ်လျော့သွားလည်း သမ္မာရင့် စီးပွားပျက်သွားမှာမဟုတ်ဘူး"

ဖုန်းက သူမလက်ထဲမှ တစ်စုံတစ်ယောက်က ဆွဲလုသည်။ လှည့်ကြည့်တော့ ကိုကို။ အံကြိတ်ထားသဖြင့် မေးရိုးကြီးတွေ တင်းခဲ့ ကားထွက်သွားတာကအစ တွေ့နေရသည်။ ကိုကိုက ဖုန်းကို နားနားမကပ်တော့ဘဲ ပါးစပ်နားပဲ တေ့ကပ်ကာ…

"ကိုဇော်မင်း ခင်ဗျားငွေတောင်းတာလား၊ ဓားပြတိုက်တာလား၊ ဒါမှမဟုတ် မခက်ကို သူခိုးနည်းတွေ သင်ပေးနေတာလား"

"အာ…ယောက်ဖ၊ မင်းမိန်းမကွာ ငါတို့အပေါ် မသိ

www.burmeseclassic.com



တတ်"

"သိတတ်ပါတယ်၊ သိတတ်တဲ့သူမို့ ခင်ဗျားတို့ ဒီ

တိုင်းရတာပေါ့၊ ခင်ဗျားလိုချင်တဲ့ငွေ လာယူလိုက်၊ ခင်ဗျားပြော

အတိုင်း အဲဒီငွေလောက်နဲ့ ကျုပ်စီးပွားမပျက်သွားဘူး၊ ဒါ

တစ်ခုတော့ သတိပေးထားမယ်၊ လိုချင်တဲ့သူက အထက်စီးဆ

မရဘူးဆိုတာပဲ၊ နောက်တစ်ခါ မခက်အပေါ် ပြောဆိုတာ ဖြစ်

သူက အရင် မုန်းမခက်မဟုတ်တော့ဘူး"

ပြောပြီး ဖုန်းပိတ်သည်။ ထို့နောက် မခက်ပခုံးကိုဖက်

ဒီဘက်လှည့်ကာ...

"ထူးမြတ်"

"ဟုတ်...ကိုရင့်"

"ချက်(ခ်)ယူခဲ့"

လှမ်းအော်သည်။ မခက်ကတော့ အားနာရိပ်စွန်း

မျက်နှာဖြင့်...

"မဟုတ်သေးပါဘူး ကိုကိုရယ်၊ တောင်းတိုင်း

ပေးတဲ့ပမာဏက နည်းတာလည်းမဟုတ်တော့"

"အကျင့်ပါမှာစိုးလို့လား"

"အင်းပေါ့"



"မစိုးရိမ်ပါနဲ့ မခက်ရဲ့၊ အကျင့်ဆိုတာ လုပ်တဲ့သူအတွက်

ဖျက်ရလွယ်ပါတယ်"

သူ့ဒဿနနဲ့သူ ရပ်တည်ခြင်းကတော့ ဟုတ်သားပင်။

လှမ်းကြည့်နေသော ဦးမှိုင်းနှင့် အကြည့်ချင်းဆုံတော့ မျက်စိတစ်ဖက်

တောင် မှိတ်ပြလိုက်သေး။ ဦးမှိုင်းက ပြုံးပြီး မျက်နှာလွှဲ၏။

ဒီကောင့်ကို ချစ်တတ်သူလို့ ဂုဏ်ပြုရမလား။ လူညံ့ဆိုပြီး ယိုးစွပ်ရ

မလား မသိ။ အသင့်တော်ဆုံးအမည်တော့ ပေးလို့ရပြီ။ မျက်ကန်း

တစ္ဆေ မကြောက်ဆိုပြီးလေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

သုံးယောက်သားရှေ့ရှိ မုန့်စားပွဲပေါ်တွင် ထောင်တန် အုပ်တွေက ဟီးထနေသည်။ စိတ်ထဲထင်လို့လားမသိ ရှူရှိုက်ရ သောလေထုထဲတွင် ပိုက်ဆံနံ့တွေ ပျံ့နှံ့နေသယောင်။ ဦးသက်မင်း က တစ်သိန်းအုပ်ငါးအုပ်ကို ယူကာ ချယ်ရီရှေ့ချပေးရင်း…

"ဒါက သမီးရဲ့ဆွဲကြိုး ရောင်းထားတဲ့ငွေကို ဖေဖေ ပြန်ပေးတာ"

"သိုင်းကျူး ဖေဖေ"

ချယ်ရီက ငွေစက္ကူတွေအား လက်ဖဝါးမှာ တဖတ်ဖတ် ရိုက်ရင်း…

"ချယ်ရီ ဒီလိုအုပ်လိုက်မသုံးရတာ ဘယ်လောက်ကြာ





လဲ၊ သေချာစဉ်းစားကြည့်ရင် ဆိုးတော့မဆိုးဘူးပေါ့နော် ဖေဖေ၊ ဒီကောင်မလေးက ပြန်တော့အကျိုးပြုသား၊ ချယ်ရီထက် ဒီနေရာမှာ တော်သွားပြီ၊ ချယ်ရီသာ သမ္မာရင့်နဲ့ရရင်"

ချယ်ရီက မေးဖျားကို တစ်သိန်းအုပ်နှင့် တဖျတ်ဖျတ်ရိုက် ရင်းက…

"ဖေဖေတို့တောင်းသလောက် ပေးမှာမဟုတ်ဘူး"

"အောင်မာ…ချွေးကောင်မလေး"

ဦးသက်မင်းက နဖူးထုချုပ်ပြင်တော့ ချယ်ရီက ခေါင်း တိမ်းရှောင်ရင်း…

"အဟုတ်ပြောတာ၊ ဖေဖေ ကစားဝိုင်းထိုင်မှာ သိနေတာ ကို"

"ကဲ…တော်ကြပါတော့"

ထအော်သူက ဇော်မင်း။ သားအဖနှစ်ယောက်စလုံးရဲ့ အကြည့်က ဇော်မင်းထံ ဆိုက်ရောက်လာသည်။

"ကျွန်တော့်အတွက် ဝေစုပေးဦးလေ ဖေဖေ၊ ကျွန်တော် နိုးထားတာ အချိန်မှီသွားရမှာ"

"အေးပေါ့၊ အချိန်ကိုလေးစားပေါ့၊ နောက်ကျသွားရင် မင်းလုပ်နေတဲ့ လုပ်ငန်းအကြီးကြီးတွေ ပျက်သွားပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွဲပြီးပြောကာ သားဖြစ်သူရှေ့ ချပေးတော့ တစ်သိန်းအုပ် တစ်အုပ်တည်း။

"ဒါပဲလား ဖေဖေရာ"

"ဒါပဲပေါ့ကွ"

"ဟာ…ဖေဖေ ဒါတော့ မတရားတာပဲ၊ ကျွန်တော်က ဖုန်းလည်းဆက်ပေးရသေးတယ်၊ တကယ်ပြောရသူက ကျွန်တော် လေ၊ ချယ်ရီထက် ပိုမရတောင် လျှော့မပေးသင့်ဘူးမဟုတ်လား"

"ကိုကိုကြီး ချယ်ရီ့ကို ကြေးမတိုက်နဲ့လေ၊ ဒီလောက် ကောင်းတဲ့အကြံကို ဘယ်သူပေးခဲ့တာလဲ ပြော"

"ဒါကတော့ ထားလေ၊ ငါသာ အပြောမကောင်းခဲ့ရင်"

"တော်တော့ ဖော်မင်း"

ဦးသက်မင်းက ပိုက်ဆံထုပ်တွေ ထည့်ထားသော အိတ်ကို ဇစ်ဆွဲပိတ်ရင်း…

"ဒီငွေက အကုန်သုံးပစ်လို့မရဘူး၊ ဒီအိမ်အတွက် အတိုး မသတ်နိုင်တာ လေးလရှိနေပြီ၊ ရှေ့လမှ အတိုးမပေးနိုင်ရင် ခေါင်း နဲ့ဆင်းပြေးရမှာ၊ ဒါကြောင့် ဒီအိမ် အတိုးသတ်ရမယ်၊ ပြီးတော့ ငါ့ငွေကို ပွားဖို့ရှိသေးတယ်၊ မင်းကို ပိုက်ဆံအများကြီး တစ်ခါတည်း မပေးရဲဘူး၊ မင်းဘာလုပ်နေတယ်ဆိုတာ မင်းသိသလို ငါသိတယ်"



ထိုစကားကြောင့် ဖော်မင်းက လက်ကြားထဲ၌ ညှပ်ထား သော စီးကရက်တိုကို ဘယ်နှားဇုက်ရမှန်းမသိ ဖြစ်သွားသည်။ ဒီအတိုင်း မျက်စိနဲ့ကြည့်လို့ မသိသာပေမဲ့ ဒီခေါင်းလိပ်ထဲမှာ ဘာတွေ ပါလဲဆိုတာ ဖေဖေ တကယ်သိတာလား။ ရေရာခြင်းမရှိသော နီးရိမ်စိတ်ဖြင့် ဖခင်အား လှမ်းကြည့်တော့ ဦးသက်မင်းက ငွေအိတ် ကိုဆွဲကာ နေရာမှ ထရပ်ပြီးဖြစ်သည်။ ဒါပေမဲ့ ချက်ချင်းထွက် မသွားသေးဘဲ…

"ငါမွေးထားတာ အသိဉာဏ်ရှိတဲ့လူတွေလို့ ငါယုံတယ်၊ ဒီတော့ ကိုယ်ကြိုက်တာကိုယ်လုပ် မတားဘူး၊ မပိတ်ပင်ဘူး၊ အေး ဖြစ်လာရင်လည်း ငါ လှည့်ကြည့်မှာမဟုတ်ဘူး၊ လူ့စိတ်ဆိုတာ လေုပ်ပါနဲ့ပြောတာကို ပိုတိုးလုပ်ချင်တာ သဘာဝပဲ၊ ကိုယ့်အသက် ကိုယ့်ခန္ဓာဆိုတာ ကိုယ်တိုင်ပဲ မွေးမြူထိန်းသိမ်းစောင့်ရှောက်ရတာ မျိုး၊ မိဘထိန်းပေးတယ်ဆိုတဲ့ လူမည်အရွယ်က ပြီးခဲ့ပြီ၊ ဘာပဲလုပ် လုပ် အချိန်အဆ အကန့်အသတ်နဲ့လုပ်ပေါ့"

ကမ္ဘာမှာ ရှားပါးသော ဆုံးမစကား။ ကြားဖူးပါသလား။ ဇာတ်ပြ မခြိမ်းခြောက်။ မလုပ်နဲ့ဟုလည်း မတားဘဲ ဝတ္ထုရှားရှိ၍ ခြောပြသွားတဲ့အတိုင်း။ တစ်သိန်းအုပ်ကို ကိုင်ပြီး တွေဝေနေသော သူအား ချယ်ရီက ပခုံးချင်းပစ်တိုက်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"မှိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး ကိုကိုကြီး၊ ရှေ့ဝရံ တာကို ထွက်ကြည့်လိုက်"

"ဘာလဲဟာ၊ ဒီမှာညစ်ရတဲ့အထဲ"

"ညစ်မနေနဲ့၊ ထွက်ပါဆို"

ချယ်ရီက အတင်းတိုက်တွန်း၍ ထွက်လာရသည်။ ဝရံ တာမှ စီးမိုးပြီး တွေ့ရသည်က ရှေ့ခြံပေါ်တီကိုအောက်၌ မှန်းမခက် ဖြိုင်ကားပုံစံ အဝါရောင်တောက်တောက် ကားအပြာလေးဘေး၌ မတ်တတ်ရပ်ကာ ဖုန်းပြောနေသည်။ လက်ထဲ၌ အညိုရင့်ရောင် လည်သာသားရေအိတ်နှင့်။ ငုဝါရောင်ပေါ် အရိပ်အခက်တွေပါ သော မြန်မာဝတ်စုံ ထက်အောက်ဆင်တူ။ ရှည်လျားသော ဆံပင်တို့ ကို ဒီအတိုင်း ဖြန့်ချထားသဖြင့် ဝင်းဝင်းတောက်သော ဆင်ယင်မှု၌ ဆံပင်အရောင်က တမူကွဲထွက်နေ၏။ ဖုန်းကို လက်ပြောင်းအကိုင် မှာ နေရောင်ကြောင့် လက်ကောက်ပတ်နှင့် လက်ချောင်းတွေမှာ ပြိုးပြိုးပြက်ပြက် ရတနာတွေက ရောင်ပြန်ဟပ်၏။

"သူ့ကို သမ္မာရင့်ပေးထားတဲ့ လက်ထပ်စိန်လက်စွပ်က သိန်းသုံးဆယ်ကျော်တန်တယ် ကိုကိုကြီး"

"ဟင်"

မသိဖူးသော သတင်းထူးမို့ ဇော်မင်းက ညီမဖြစ်သူမျက်နှာ





ကို စေ့စေ့ဝါနှင့် လှည့်ကြည့်သည်။ ချယ်ရီက အတည်ပြုခေါင်း ညိတ်ပြရင်း...

"တကယ်ပြောတာ၊ နိုင်လုံတဲ့ သတင်းရပ်ကွက်က ရထားတဲ့ သတင်း၊ ကိုကိုကြီးအတွက် အဲဒါ ချယ်ရီပေးနိုင်တဲ့ လက်ဆောင်ပဲ"

ပြောပြီးတာနှင့် တာဝန်ကျေသွားသည့်အလား ချယ်ရီက အပါးမှ လှည့်ထွက်သည်။ ရောင်ပြန်လက်နေသော စိန်အရောင် သည် ဇော်မင်း၏ရဲ့သွေးကို တခဏချင်း ဆူစေ၏။ မျက်လွှာမိုတ်ချ တော့ မျက်စိထဲစွဲနေတာ ငါးထောင်တန်အုပ်စည်းများ။

သေချာပြီ။ ဒီနေ့ဟာ သူ့အတွက် လောကမျှဉ်းပြိုင်ပြေး ယှဉ်နေ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

"ဟုတ်…ကိုကို၊ ပြော"

မခက်က ကားကို အရှိန်လျှော့ပြီး ဖုန်းထူးသည်။ မခက်

ကို ကားဝယ်ပေးပြီးကတည်းက…

"အကြီးအဝိုးအတွက် အချိန်တော့ သက်သာသွားပါရဲ့

စိတ်ပူနေရတာက ရင်ဘတ်ကြီးအတွက် မသက်သာဘူး"

"ကိုကိုစိတ်ပူရင် မခက်ဆီ ဖုန်းဆက်လို့ရတာပဲ၊ ဒါ

မဟုတ် ကိုကို့တပည့်တစ်ယောက်ယောက်ကို မခက်ရဲ့ဒရိုင်ဘာ

လည်း ရတာပဲ၊ ကိုကို့မှာ တပည့်တပန်းတွေ ဒီလောက်အ

အများကြီးရှိနေတာကို၊ အဲဒီလိုမှ မလုပ်ချင်ရင် မခက် ဘာသင်တ

မှ မတက်တော့ဘူးလေ၊ အိမ်မှာ သိမ်းထုပ်သေချာတဲ့ အိမ်ရှင်





လုပ်တော့မယ်၊ အဲဒါမကောင်းဘူးလားဟင် ကိုကို"

မခက် မေးဖူးပါသည်။ ဒီလိုဆိုတော့လည်း မဟုတ်ပြန်။

ကိုကိုက မခက်မျက်နှာကို သူ့ရင်ခွင်ထဲ ဆွဲအပ်ထားစေရင်း…

"အဲဒီလိုတွေ လုပ်တော့လည်း မတရားရာ ကျသွားမှာ

ပေါ့၊ ဒီခေတ်မှာ ခေတ်မီမိန်းကလေးတိုင်း ကားမောင်းကြတယ်၊

နိုင်ငံတကာနဲ့ ဆက်စပ်တဲ့ သင်တန်းတွေ၊ ဘာသာစကားတွေ

သင်ယူတာ ထုံးစံတစ်ခုလိုဖြစ်နေပြီ၊ အမြင်ကျယ်ပြီး တိုးတက်လာ

တဲ့သဘော၊ အဲဒီအချိန်လိုမျိုးမှာ မခက်ကို အိမ်ထဲထည့် ပိတ်ထား

ရင် သူများနဲ့ ရင်ဘောင်တန်းတဲ့အခါ မခက် ခေတ်နောက်ကျသွား

မှာ စိုးရိမ်ပြန်ရော"

"ဟွန်း…ကိုကိုရှိတာပဲကိုး"

ရင်ခွင်ထဲမှ ခေါင်းမော့ပြီးပြောတော့ သူ့မနှုတ်ခမ်းပြင်အား

ကိုကိုက ညင်သာစွာနမ်းရင်း…

"နေရာတိုင်း ကိုကိုဝင်ပါလို့မရတဲ့ နေရာတွေ အများကြီး

လေကွာ၊ အေးပါ ကိုယ်ပဲ အစိုးရိမ်လွန်နေတာဖြစ်မှာ"

သူ့ဟာသူ စိတ်ပူ၊ သူ့ဟာသူ ဖြေသိမ့်ပြီး ဆံပင်တွေကို

လက်နှင့်ထိုးဖွကာ ရယ်တော့လည်း ကိုကိုပင်။ ထို့နောက်ပိုင်းတော့

မခက်ကို ကားမောင်းသင်ပေးခြင်း၊ ကားဝယ်ပေးခြင်းစသည်တွေ

www.burmeseclassic.com

www.burmeseclassic.com



...သွား၍သော စိတ်ပူရန်ကိစ္စကို မေ့သွားပေမဲ့ မခက်တစ်ယော... ...ည်း လမ်းစထွက်ချိန်မှာတော့ ကိုကိုက နာရီဝက်တစ်ခါ... ...နှုန်းဆက်၊ အခြေအနေမေးတာက အစဉ်အလာတစ်ခုလို ဖြစ်... ပြီ။

"မခက် ဘယ်ရောက်နေလဲ၊ မှောင်နေပြီ၊ ကိုယ်စိတ်... ဖုန်းခေါ်လိုက်တာ"

ကြားရပြီ။ မခက်အတွက် စိုးရိမ်တမ်းချင်း။ မခက်... နှုတ်ခမ်းဖျားမှာ ကြည်နူးပြုံးတို့ ခိုတွယ်သွားပြီးမှ…

"စိတ်မပူနဲ့ ကိုကို၊ မခက် အိမ်အပြန်လမ်းပေါ် ရောက်... ပြီ"

"အာ…နောက်ကျလိုက်တာ၊ သင်တန်းပြီးရင် ဆရာ... အိမ် သတင်းဝင်မေးတာ ဒီလောက်အကြာကြီး နေရသလား... လင်းလင်းချင်းချင်းဆိုတစ်မျိုး၊ မခက်က အခုမှ ကားမောင်းတ... ခါစရှိယ်၊ မှောင်ရင် အန္တရာယ်များလို့ပြောတာ"

"ဖြည်းဖြည်းပဲမောင်းတာပါ ကိုကိုရယ်၊ ဆရာမအိမ်... အပြန် သူငယ်ချင်းက သူ့ကားပါမလာလို့ မခက်လိုက်ပို့လိုက်ရ... အဲဒါကြောင့် နောက်ကျသွားတာသိလား၊ ကိုကို ရုံးမဆင်းသေး... လား၊ မခက် ဝင်ခဲ့မယ်လေ"





"မဝင်ခဲ့နဲ့၊ ဒီမှာ အစည်းအဝေးခန်းထဲ ဝင်ရဦးမှာ၊ ...ကတ်တောင်ကျနေပြီ၊ စိတ်ပူလို့ လှမ်းမေးတာ၊ ဒါပဲနော် မခက်၊ ...ည်းဖြည်းမောင်း၊ အိမ်ရောက်ရင် ကိုယ့်ဆီမက်ဆေ့(ချ်)ပို့၊ ကြား... ား"

"ဟုတ်…ကိုကို၊ ဘိုင့်"

မခက်က နှုတ်ဆက်ပြီး ဖုန်းပိတ်သည်။ အာရုံရော ...ကြည့်ရောက အခုမှ လမ်းပေါ်ပြန်ရောက်၏။ ဒီဘက်က ကိုယ်ပိုင် ...အိမ်ယာဝင်းရှေ့ဖြတ်ပြီး ရှေ့လမ်းချိုးဆိုရင် မခက်ရဲ့ ပုလဲသုခသို့ ...ရောက်ပြီ။ နာရီကို တစ်ချက်ကြည့်စဉ် ကားနောက်ဘီးက ချိုင့်ထဲ ...အိမ်နဲ့ကျသွား၏။ ယောင်နေကြအတိုင်း အမှေ့လို့ တချိန်မရလိုက်။ ...ရှေ့လမ်းမ၌ မည်းမည်းအရိပ်ကို တွေ့ရ၍…

"ဘာကြီးလဲ"

စူးစမ်းစိတ်နှင့် အရှိန်လျှော့ချသည်။ ကားမီးရောင်က ...ထွေခဲ့ ထိုအရိပ်ပေါ်ကျခါမှ ခြေထောက်က ယောင်ယမ်းပြီး ဘရိတ် ...ကို ဆောင့်နင်းပစ်သည်။ မခက်သွားမည့်ကားလမ်းရှေ့၌ ကန့်လန့် ...ဖြတ်လဲနေသည့် လူတစ်ယောက်။

"ဘာများဖြစ်လို့လဲ၊ မူးပြီးလဲတာလား၊ နေမကောင်းတာ ...လား၊ ဒါမှမဟုတ် သေနေတာများလား၊ အို ရာသီဥတုက ...အေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘိသနဲ့၊ ညနက်လာရင် တစ်ခုခုဖြစ်သွားမှဖြင့် သနားစရာ၊ မဖြစ်
ဘူး၊ ငါဆင်းကြည့်မှပဲ၊ ဒီအတိုင်းကြီးတော့ ကွေ့ဝိုက်ပြီး ဖြ
မသွားနိုင်ဘူး''

မခက် စာနာစိတ်နှင့်အတူ တခြား ဘာဘာညာည
မစဉ်းစားမိ။ ကားတံခါးဖွင့်ပြီး ကားအောက်ခြေချမိသည်။ ကာ
ရောင်ကတော့ ထိုလဲနေသူထံ ထိုးထားဆဲ။ ထဘီစကို အသာ
ထိုလူ့အနားသို့ တဖျတ်ဖျတ် ပြေးသွားမိသည်။

''ဒီ…ဒီမှာ…ဒီမှာရှင့်''

အနားမှာ ပုဆစ်တုပ်ထိုင်ချရင်း ထိုလူ့ကို ခေါ်မိသည်
တုတ်တုတ်မျှမလှုပ်သော အခြေအနေမို့ မခက်က ထိုလဲနေသူ
ပခုံးစွန်းကို ခပ်သာသာတွန်းရင်း…

''ဒီ…ဒီမှာ အမေ့''

ဖျတ်ခနဲ လာကိုင်သော လက်တစ်ဖက်က မခ
လက်ကောက်ဝတ်မှာ မြဲမြဲစွာ။

''ရှင်…လွှတ်…လွှတ်စမ်း၊ ရှင်…အင်…အား''

ရန်းကန်နေတုန်း နောက်ထပ် အရိပ်တစ်ရိပ်က မခ
နောက်ပါးမှ ပေါ်လာကာ မခက်ရဲ့ပါးစပ်ကို လက်ဝါးကြမ်း
ဖြင့် ဖိအုပ်ပစ်သည်။ အော်၍မရ၊ ရုန်းကန်မရ၍ မခက်က တွန်း





ရင်းနှင့်ပင် ယက်ကန်ကန်ဖြင့် နောက်ကလူ့ဆွဲခေါ်ရာဆီ မတ်တပ်
ကြီးပါသွား၏။ ထိုအခါမှ စောစောက တုတ်တုတ်မလှုပ်သောလူ
က မခက်ရှေ့ ဘွားဘွားကြီးထရပ်ကာ…

''ဟဲ့…ကောင်မ ငြိမ်ငြိမ်နေစမ်း၊ မရုန်းနဲ့''

ကြောက်လန့်စွာ မခက်က လှုပ်ရှားမှုတွေကို ရပ်ပစ်ရ
သည်။ ထိုလူက မခက်နောက်ပါးမှ လူထံ လှမ်းကြည့်ပြီး…

''ချွတ်…နင့်ပစ္စည်းတွေ၊ ချွတ် အခု''

အတုန်တုန် အရီရီနှင့် မခက်က လက်ကောက်တွေ၊
ဆွဲကြိုးနှင့် နာရီပါမကျန် ချွတ်ပေးသည်။ ဘယ်ဘက်လက်သူကြွယ်
မှာရှိတဲ့ လက်စွပ်ကိုတော့ မချွတ်ပေးမိ ဒါ ကိုကိုနဲ့ သူမရဲ့ အမှတ်
တရ လက်ထပ်လက်စွပ်။

''ဟာ…ဒါပါချွတ်ပေး''

''ဟင့်အင်း''

မငီမသငြင်းရင်း မခက်က ခေါင်းယမ်းတော့ ထိုလူက
စိတ်မရှည်ဟန်ဖြင့် မခက်လက်ကို အတင်းဆွဲကာ ချွတ်ဟာ အကြမ်း
ဝတမ်း။ ထို့နောက် မခက်မျက်နှာနားအထိ အနီးကပ် စေ့စပ်စွာ
သေချာကြည့်တာက မျက်လုံးရိုင်းများဖြင့်။ နှုတ်ခမ်းမွေးကားကား
ကြီးတွေ ဘေးကို ကော့ပျံတက်အောင်ပြုံးရင်း…



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးဘူးပဲ၊ လချက်က ရက်စက်တယ်၊ ပျော်ကောင်းမင်းသဘောတူတယ်ဆိုရင် ဒီညအတွက် ဒီနတ်သမီးကို"

"မင်းသဘော၊ ပစ္စည်းတွေ ငါ့ပေး"

မခက်နောက်မှလူက အခုမှ စကားပြောခြင်းပါ။ သို့သော်ငြား ဒီအသံကို မခက် မှတ်မိသည်။ မခက်နားစည်၌ ကာလကြာရှည်စွာ စွဲမြဲနေသောအသံ။

"ကိုကိုကြီး"

အသိက ဦးပေမဲ့ နောက်လှည့်ကြည့်ဖို့ အခွင့်မသာခဲ့။ မခက်ထံမှ ယူထားသော ပစ္စည်းတွေကို လက်လွှဲပြောင်းယူပြီးနောက် မခက်ကို တွန်းပစ်တာ အရှိန်နှင့်။

"အင့်"

ခနဲမြည်သံထွက်သွားတဲ့အထိ ရှေ့ကလူနှင့် ရင်ဘတ်ချင်းတိုက်မိတော့ ထိုလူက သူမ ရုန်းမရအောင် ဆွဲဖက်ထားရင်း…

"အိစက်နေတာပဲကွာ၊ ဒီတစ်ညတည်းပါ အချစ်ရယ်၊ ကိုယ်နဲ့ချစ်ကြရအောင်ပါ"

"ဟင့်အင်း…လွှတ်…လွှတ်ပါ၊ ကယ်ကြပါ၊ ကယ်ကြပါ၊ လွှတ် ရှင် မယုတ်မာနဲ့နော်"

မခက်က ကြောက်စိတ်ကြောင့် အားကုန်ရုန်းသည်။





"ကယ်…ကြ…ပါ"

အော်ရလွန်း၍ လည်ပင်းတွေ ကွဲကုန်ပြီထင်ရသည်။ အင်အားချင်းမမျှသဖြင့် သန်မာလှသော ထိုလူသည် မခက်အား လမ်းဘေးမြက်တောစပ်ဆီ ဒလကြမ်းဆွဲခေါ်သွားသည်။ ချွေးစေးတွေ မျက်ရည်တွေကြားမှာ ရှန်းရင်းကန်ရင်း မခက် ခြေကုန်လက်ပန်းကျလှလှ။ မခက် ဖွင့်ထားခဲ့သော ကားမီးကြီးက ဟုတ်ခနဲငြိမ်းသွားသောအခါ ပတ်ဝန်းကျင်တခွင် အမှောင်ထုက ကြီးစိုးသွားသည်။

"ဟင့်အင်း…လွှတ်…လွှတ်စမ်း၊ ကယ်ပါ၊ ကယ်ကြပါ"

ကြောက်လန့်စိတ်ကြောင့် ကျူးအော်သည်။ နှလုံးခုန်သံတလည်း တဒိုင်းဒိုင်း ဆောင့်ခုန်လာ၏။ မခက်ကို ဒရွတ်ဆွဲခေါ်သွားတာကြောင့် ဒူးတွေ ခြေသလုံးသားတွေဟာ လမ်းကြမ်းကြမ်းနှင့် ပွတ်ဆွဲခံရတာလည်း နာကျင်လှပြီ။ သို့ပေမဲ့ နာကျင်မှုထက် အရေးကြီးတာ ဒီလက်ထဲမှ လွှတ်မြောက်ရန်။

"လွှတ်ပါ"

အော်ရင်း အသံက တစ်စထက်တစ်စ တိမ်ဝင်လာပြီ။ အကြည့်တွေ ပြာဝေပြီး လူက အင်အားချည့်နဲ့ နုံးခွေတော့မိုက်

www.burmeseclassic.com



နောက်ဆုံးအသိထဲမှာ ကိုကို။ မခက် ဒီအတိုင်း ဘဝဆုံးတော့မည်လား။ နောက်ဆုံး လက်ကုန်အင်အားနှင့် ရုန်းသည့်အခိုက်မှာပဲ

မျှောခဲ့ကျလာသည့် ကားမီးရောင်စူးရှရှနှင့်အတူ မခက်ထ ရောက်သည့်နေရာမှာပဲ ခွေခနဲ ပစ်လဲကျသွားခဲ့သည်။ မှေးမှိတ်သည့် တွင်းနက်ကြီးထဲ မခက်က တရှိန်ထိုးကျသွားသည့်အချိန်မှာ ညည်းတွားသံသဲ့သဲ့။

"ကိုကိုကြီး ရက်စက်တယ် မမေ"

◆ ◆ ◆

## အခန်း (၂၁)

"ငါအရောက်မြန်သွားလို့ သမ္မာ၊ နို့မို့ ကလေးမလေးအတွက်က တွေးတောင်မတွေးဝံ့စရာပဲ"

"တောက်...လုပ်ရက်ကြတယ်ဗျာ၊ သူ့ကိုမှ"

သမ္မာက မေးကြောကြီးတွေ ထောင်ထအောင် အံကြိတ်ပြောသည်။ တစ်ညလုံး အိပ်စက်ခွင့်မရသည့် မျက်လုံးတို့သည် အါသရှိန်ကြောင့် ရဲရဲတောက်နေသည်။ လက်ဖဝါးဟို့က ခံပြင်းထိုင်း ကျစ်ကျစ်ဆုပ်နေရသောကြောင့် လက်သီးဆုပ်က စိတ်ထင်ရာ ဆိုင်းဒိုင်းထိုးချပစ်ချင်တဲ့အထိ။

"ရုန်းကန်နေတာ တအားပဲ၊ ငါလည်း မီးအမှောင်ချထား ထဲ့တားကို မသက်ာတော့ နံပါတ်လှမ်းကြည့်တာ၊ ပြီးတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



ယ်ပေးထားတဲ့ မခက်ရဲ့ကားအရောင်က ရှားပါးတဲ့အရောင်၊ မှတ်
ွယ်တဲ့အရောင်မျိုးလေ၊ ဘယ်သူ့ဘယ်ဝါတွေတော့ ငါမတွေ့လို
ဘူး၊ ကားမီးရောင်လာတာနဲ့ ပြေးကြတာဆိုတော့ မခက်
လမ်းဘေးအစပ်ဆီ ဆွဲချတဲ့နေရာမှာပဲ ပစ်ချခဲ့တာ၊ ငါသွားထူတော့
မင်းမခက်က သတိလစ်နေပြီ''

ဘေးက တောက်လျှောက် ရှင်းပြနေတဲ့ ဦးမိုင်းအ
နားထဲ သံချွန်ကို တူနှင့်စိုက်ထည့်နေသလို တဆစ်ဆစ်နာကျင်ခြင်း
တွေဟာ သွေးခုန်နှုန်းအတိုင်း အရှေ့ပြေးကို ထိုးဖောက်တော့မတတ်
ခံစားရသည်။ ဒေါသတွေဟာ ဘယ်လိုအရောင်ကွဲပြားပြီး တစ်ကိုယ်
လုံးမှာ ပတ်လည်စီးမျောကုန်သည်မသိ။ သူ့ ဘာတစ်ခွန်းမှ မပြော
တော့။ အံကြိတ်ကာ မျက်မှောင်ကျုံ့ထားပေမဲ့ မျက်ဝန်းတို့
အိပ်ရာပေါ် အကြောက်လွန်၍ ဖျားနေသော မခက်ထံမှ တစ်လက်
တောင် မရွေ့မိ။ ချက်ချင်း ဖြူဖျော့သွားတဲ့ အသားအရေဟာ
သွေးရောင်ပင် မရှိတော့သလို။ အိပ်ရာခင်း ပန်းနုရောင်ပေါ် ဖြူ
ဖျော့လေး လဲလျောင်းနေသော သူမဟာ ရှည်လျားမဲနက်သော
ဆံပင်ရှည်တွေသာ မရှိခဲ့ဘူးဆိုရင် လူတစ်ယောက်အိပ်နေတယ်
မထင်ရအောင် ဖြူစွတ်သွား၏။ ဘယ်လောက်တောင် ကြောက်
ခဲ့ရှာမလဲ။ သမ္ဘာက ငွမ်းစောင်ခြုံထားသော ခြေထောက်ပိုင်းအ

အသာလှပ်၍ ကြည့်မိသည်။ ကတ္တရာလမ်းပေါ် အတင်းကုတ်ခြစ်
တပ်တွယ်ခဲ့ပုံရသည်။ ခြေသည်းထိပ်တွေ ပဲ့ရွဲ့ပြီး ခြေဖဝါးက
အက်ကွဲသည့်နေရာကွဲ၊ သွေးခြည်ဥသည့်နေရာနှင့် အညိုအမည်းစွဲ
နှင့်။ ခြေသလုံးသားဝင်းဝင်းတွေမှာ ခြစ်ရာပွန်းပဲ့ရာတွေက သွေးစီး
ကြောင်းလိုက်နေသဖြင့် ဆရာဝန်တောင် ရေနွေးဖတ်ဖြင့် အချိန်ယူ
သန့်စင်ခဲ့ရသေးတာပဲ။ တစ်ညလုံး အပူရှိန်တွေတက်ကာ နှုတ်ခမ်း
လေး မဲ့ကွေးပြီး ရှိုက်လိုက်···

''ဟင့်အင်း···မယူပါနဲ့၊ ဒီလက်စွပ်ကို မယူပါနဲ့''

ဘယ်ဘက်လက်ချောင်းတွေကို ကွေးဆုပ်ထားတာ
အခါခါ။

''လွှတ်···လွှတ်၊ မခက်ကိုလွှတ်ပေးပါ ကိုကို''

ယောင်ယမ်းခေါ်တိုင်း သူမှာ ယူကျုံးမရ ဖြစ်စွာနှင့် ရင်ခွင်
ထဲ ထွေးပွေ့ထားချင်စိတ်က ထိန်းမနိုင်သိမ်းမရ။

''ကိုကိုရေ မခက်ကိုကယ်ပါ၊ အား ကိုကိုကြီး၊ ရက်စက်
တယ်''

တစ်ညလုံး ထိတ်လန့်ချောက်ချားစွာ အော်ဟစ်သံက
သူ့အသည်းကို ဓားပါးပါးနှင့် တစ်လှှာချင်း အမွှန်းခံနေရသလို။

''ကျွန်တော် အဲဒီတရားခံကိုတွေ့ရင် ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်ဘူး ဦးမှိုင်း"

အခဲ့ကျေစွာပြောတော့ ဦးမှိုင်းက သူ့ပခုံးကို ခပ်နာနာ ဖျစ်ညှစ်ရင်း…

"မင်းရင်ထဲ ခံစားရသမျှကို ငါကိုယ်ချင်းစာတယ် သမ္ဘာ ဒါပေမဲ့ သေချာမှုရှိအောင် စောင့်ကြည့်လိုက်ပါဦး၊ အမှန်တရားထ မခက်ကို စောင့်ရှောက်မှာပါ"

နှစ်သိမ့်သားလို့သာ။ စိတ်ရှိတိုင်း ပြုမူရမည်ဆိုလျှင် မင်း အိမ်အား သူ မီးလောင်တိုက်သွင်းပြီးတာကြာပြီ။

"ကိုရင့်"

ခေါ်သံကြောင့် အခန်းတံခါးဆီ လှမ်းကြည့်သည်။ ဦးဇော်ဟိတ်က ဖုန်းကိုင်၍ ဝင်လာကာ…

"စခန်းကဆက်တာ"

"ဘာတဲ့လဲ"

မပြယ်သော ဒေါသအရှိန်ဟာ မြင်မြင်ရာ ဆွဲတိုက်ချိုးဖျက် သောင်းကျန်းချင်သည့် တောဆင်ရိုင်းတစ်ကောင်အလား။ လေသံ ရော မျက်နှာမှာပါ နူးညံ့မှုက ခြေရာကောက်မရအောင် ပျောက်ဆုံး လျက်။

"တရားခံတော့ မိထားပြီတဲ့၊ ဒါပေမဲ့ စခန်းမှူးက ကိုရင့်နဲ့ စကားနည်းနည်းပြောချင်လို့တဲ့"



လက်အကမ်းမှာ ဖုန်းခွက်ရောက်လာသည်။ နားနားကပ် ပြီးမှ…

"သမ္ဘာရင့်ပါ"

တင်းခနဲဖြစ်သွားတဲ့ မျက်နှာကြောကြောင့် ဘေးနား၌ အရိပ်အခြည်ကြည့်နေသော ဦးမှိုင်းက သက်ပြင်းတစ်ချက်ရှိုက် သည်။ အချစ်ကြီးသူတွေ အမျက်ကြီးတတ်ကြတာ သမ္ဘာရင့်နဲ့မှ ကိုယ်တွေ့လို့ ပြောရတော့မလို။

"ဥပဒေအတိုင်းသာ ဆောင်ရွက်ပါ စခန်းမှူးကြီး"

တစ်ဖက်က ဘာပြောလဲမသိ။ သမ္ဘာ့မျက်နှာက လိုတာ ထက် ပိုသုန်မှုန်သွားပြီးမှ…

"ဥပဒေမှာ အမျိုးရှိသတဲ့လား၊ ကောင်းပါပြီ၊ ကျေးဇူး တင်ပါတယ်၊ ကျေအေးဖို့ ဘယ်တော့မှမဖြစ်နိုင်ဘူး၊ သေချာပါ တယ်"

အထပ်ထပ်ပြောပြီးမှ ဦးဇော်ဟိတ်ထံ ဖုန်းလှမ်းပေးသည်။

"ဘာတဲ့လဲ သမ္ဘာ၊ တရားခံက"

"ထင်တဲ့အတိုင်းပဲ"

ဦးမှိုင်းကို ဖြေပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



“အန်ကယ်ဇော်”

“ပြော…ကိုရင့်”

“မင်းစံအိမ်နဲ့ မခက်ရဲ့ ပတ်သက်မှုအစကို ရအောင်လို

ပေးပါ၊ မိသားစုဝင်ဆိုတာ ကျွန်တော် မယုံချင်တော့ဘူး”

ဦးဇော်ဟိတ်က ခေါင်းညိတ်ပြီး အခန်းထဲက ထွက်သွား

၏။

ဦးမှိုင်းကတော့ ခေါင်းယမ်းရုံ၊ သက်ပြင်းရှိုက်ရုံမှတစ်ပါး

ပြီးခဲ့သော အဟိတ်ကို ခြေရာကောက်မည့် ရလဒ်ထဲမှာ ရင်ဆ

စရာ ဘာတွေကျန်သေးလဲ။

◆ ◆ ◆

## အခန်း (၂၂)

“ညည်းယောက်ျားကတော့ ငါ့ခေါင်းပေါ် တာဝန်ဝတ္တရား တွေ တစ်ထုပ်ကြီး ပစ်တင်သွားပြီ မုန်းမခက်၊ ငါ့နှယ် ခေါင်းလေး ရှုံ့တင်မကဘူး၊ ခေါင်းပါကိုက်တတ်လာပြီ၊ မရှိတဲ့ရောဂါတွေ စုံနေ အောင်သာ ဖြစ်ပစ်ချင်တော့တာပဲ”

“အံမယ်…ဦးမှိုင်းက မခက်ကို မစောင့်ရှောက်ချင်ဘူးဆို တဲ့သဘောပေါ့”

“ဟုတ်တယ်၊ မစောင့်ရှောက်ချင်တာ မဟုတ်ဘူး၊ မစောင့်ရှောက်ရဲတာ၊ ဒီအရွယ်က ဘာနဲ့ခြောက်ခြောက် ကြောက် မယ့်အရွယ်မှ မဟုတ်ဘဲနဲ့၊ ဒါကို ဟိုမုန်းလာ မပြောရ၊ ဒီလူလာ မတွေ့ရဆိုပြီး အမိန့်ထုတ်ချုပ်ချယ်ရမတဲ့၊ ဟင်း ရင်ဝယ်[illegible]သား

www.burmeseclassic.com

www.burmeseclassic.com



လည်းမဟုတ်ဆိုတာ သိပ်မှန်တာပဲ၊ ပြောမရလို့ရှိရင် ငါဘာလုပ်ရမလဲ၊ ရိုက်ရမလားဆိုတော့ ကျွန်တော့်ဆီဖုန်းဆက်တဲ့၊ အေးဖုန်းဆက်နေတုန်း ဖွတ်အတင်း ထွက်ပြေးရင်ရောဆိုတော့ ညည်းထိခိုက်မှုမရှိအောင်ထားတဲ့၊ ငါ့အသက်သေသေ အရိုးကြေကြေတဲ့ တော်တော်ခင်ဖို့ကောင်းတဲ့လူစားမျိုး၊ အဲဒါပေါ့ မ,ဘက်လိုက် မိုက်ဘက်ပါဆိုတာ''

''ဦးမှိုင်းရယ်…ကိုယ့်ပုံစံလည်း ပြန်ကြည့်ဦး၊ ရယ်ရတယ်သိလား၊ တကယ်''

အပြောနှင့်အလုပ်ညီအောင် မခက်က ပါးစပ်ကို လက်ဝါးနှင့်အုပ်ပြီး တဟိဟိရယ်တော့ ဦးမှိုင်းက သူမအနား ဆောင့်ဆောင့်ထိုင်ချသည်။

''အေးပါ…ရယ်နေ၊ ဦးမှိုင်း ပြောပြီးသားနော် ငါ့ကိုတော့ ဒုက္ခမပေးနဲ့၊ ဒါပဲ''

''အဟင်း…မပေးပါဘူး၊ ဒါပေမဲ့ မေးစရာတော့ ရှိတယ်''

''မေးလေ၊ ဖြေနိုင်ရင်ဖြေမယ်''

မခက်က ဒရင်းဘတ်နှင့် ခြံထဲတွင် ထိုင်နေခြင်းဖြစ်သည်။ ဦးမှိုင်းက မခက်အားက ဒါန်းလေးပေါ်မှာ။ မခက်တို့ရှေ့မှာ စားပွဲ





ပုလေးချထားပြီး အသီးအနှံအစုံ ခွဲစိတ်ထားသော သစ်သီးပန်းကန်။ ကော်ဖီခါးဖျော်ထည့်ထားတဲ့ မာတ်ဗူးတစ်လုံး။ အချဉ်ပေါင်း၊ နေကြာစေ့နှင့်အတူ ကိုကို မကြာခဏ ဆက်လေ့ရှိသဖြင့် ဟင်း(န်)စုန်းပါ ချထားရ၏။ ဦးမှိုင်းရဲ့ ဒါန်းအလွတ်သားမှာ ဒီနေ့ထွက်ကာနယ်နှင့် ဒီတစ်ပတ်ထွက် အားကစားစာစောင်၊ လက်(ပ်)တော့ဝါ ချထားပေးသည်။ ကိုကို့စိမ်မှုက အကွက်စေ့ပါသည်။

''ဒီရက်ပိုင်းအတွင်း ဖက်စပ်ကုမ္ပဏီတစ်ခုဖွင့်ဖို့ ကျွန်တော်အလုပ်များမှာ ဦးမှိုင်း၊ မခက်ကို ခေါ်သွားချင်ပေမယ့် ကုမ္ပဏီမှာ ကျွန်တော် မျက်စိဒေါက်ထောက်ကြည့်ဖို့က မလွယ်ဘူးလေ၊ အိမ်မှာထားခဲ့ဖို့ကျတော့လည်း ထူးမြတ်တို့ကို စိတ်ချထားရမှာမဟုတ်ဘူး၊ ဒီတော့ အခုရက်ပိုင်းအတွင်း ဦးမှိုင်းထွက်မယ့် ခရီးစဉ်ကို နောက်ဆုတ်ပြီး မခက်ကို စောင့်ရှောက်ပေးပါ၊ ဟိုသားအဖတွေ လာဒုက္ခပေးမှာစိုးလို့၊ အန်ကယ်ဇော်ကို စုံစမ်းခိုင်းတော့လည်း ဒီရန်ကုန်ထိရောက်လာတာ မခက် ငါးနှစ်သမီးကတည်းကဆိုတာကလွဲပြီး ဘာမှ အစကောက်မရဖြစ်နေတာနဲ့၊ ကူညီပါ ဦးမှိုင်းရာ၊ ကျွန်တော့်မှာ ဦးမှိုင်းကလွဲပြီး တခြားလူမရှိလို့ပါ''

ဒီလိုအပြောမျိုးနဲ့ကျတော့ ဦးမှိုင်းတို့ မငြင်းသာ။ မြင်တာတွေ့တာမကြာသေးပေမယ့် ဒီကလေးမလေးအပေါ်လည်း တွေ့စ

www.burmeseclassic.com



ကတည်းက သံယောဇဉ်ဖြစ်ရ၊ သနားရတာကြောင့်ပဲ ခေါင်းညိ
ခဲ့ရတာ။ အခုတော့ အနားထားပြီး ကစားစရာပေးဆော့ခိုင်းလည်
မရတဲ့အရွယ်မို့ ခံပေဦးတော့ တိမ်မှိုင်း။ အဲဒါ အရင်ဘဝက တင်
တဲ့ အတိတ်ဝဋ်ကြွေးလို့သာ စိတ်ဖြေရင်း…

"ကဲ…မေးမယ်ဆို"

"ဘယ်ကမေးရမလဲ စဉ်းစားနေတာ၊ တည့်တည့်ဖြ
မေးပြန်လည်း ရိုင်းရာကျသွားမလားလို့ ဦးမှိုင်းရဲ့"

အောင်မယ်…မျက်တောင်ပုတ်ခတ်ပုတ်ခတ်နဲ့ လျှာတ
လစ်ထုတ်ပြီး ပြောနေတဲ့ရုပ်က မချိုမချဉ်နဲ့။ ဦးမှိုင်းက မျက်
ကောက်တပ်ကာ ဆောင့်ရှိသော ဂျာနယ်ယူဖတ်ရင်း…

"အဲဒါဆိုလည်း ယဉ်ကျေးလိမ္မာအောင် မမေးနဲ့တော့
ပေါ့"

"ဟင့်…ဦးမှိုင်းကလည်း"

"ဘာဖြစ်ရပြန်တာတုံး"

"အဲဒီလိုကျတော့လည်း သိချင်စိတ်က အောင့်မထား
ပြန်ဘူး၊ တော်ပြီ ရိုင်းချင်ရိုင်းပလေ့စေတော့၊ မေးပစ်တော့မယ်
မခက် သိချင်တာ ဦးမှိုင်းအကြောင်း"

"ဒါနဲ့များ မူလဂျီသွန်ဂျီက လုပ်နေသေး၊ ဦးမှိုင်





အကြောင်းက စိတ်ဝင်စားစရာမရှိဘူး၊ တစ်ကိုယ်တည်းပဲ"

"ကိုကိုပြောတော့"

မခက်က ပါးကိုဖောင်းကာ လက်ညှိုးနှင့်ထိုးလိုက်၊ ပုတ်
လိုက်လုပ်ပြီး ဦးမှိုင်းကို အကြည့်စွေ အကဲခတ်သည်။

"ညည်းကိုကိုက ဘာပြောလဲ"

"ဦးမှိုင်းက အသည်းကွဲသမားတဲ့"

"ဒါပဲပြောသလား"

မျက်မှန်ကို နှာတံပေါ်လျောချပြီး မှန်ဘောင်အပြင်က
ကျော်ကြည့်မေးတော့ မခက်က ခေါင်းယမ်းပြသည်။

"ပြီးတော့ သစ္စာရှိပေါင်ချိန်တဲ့"

"သစ္စာရှိတာတော့ ဟုတ်ပါတယ်၊ ဘယ်ကပေါင်ချိန်က
ပါလာတာလဲ"

"သိဘူးလေ၊ ကိုကိုပြောတဲ့အတိုင်း ပြောတာပဲဥစ္စာ၊
မခက် မေးတာဖြေလေ၊ ဟုတ်သလားလို့"

"အေး…ဟုတ်တယ်၊ ပြီးပြီနော်"

"ဟယ်…ဦးမှိုင်းကလည်း အဲဒီလိုပြီးလို့ ရရိုးလား"

ဝုန်းခနဲ ဒရင်းဘတ်ကထ၊ သူ့ဘေးနား ကပ်သပ်ပြီး
ဝင်ထိုင်တာကြောင့် ဒါန်းက သိမ့်ခနဲခါသွားသည်။ ဦးမှိုင်းက



www.burmeseclassic.com

www.burmeseclassic.com



အသည်းအသန်ထဖြစ်တဲ့ မခက်ကို ဘာဖြစ်တာလဲဆိုတဲ့အကြည့်နဲ့ ကြည့်ကာ…

"ဝန်ခံပြီးပြီလေ"

"အဲဒီလို ပြီးစလွယ်မရဘူးလေ၊ အကြောင်းပြချက်ဆိုတာ ရှိဦးမှပေါ့၊ ဦးမှိုင်းအဖြေက တုံးတိကြီး"

"အေးလေ…အသည်းကွဲတာက မိန်းကလေးဘက်က မိဘက သဘောမတူလို့"

"ဘာလို့သဘောမတူတာလဲ"

စစ်စစ်ပေါက်ပေါက် လိုက်မေးနေသော မခက်ကြောင့် သူ့မှာ ဇောချွေးတွေပြန်လာသည်။ ဒါမျိုးဆိုတာ ယောကျ်ားချင်း ယမကာဝိုင်းမှာ အရှိန်တက်ပြီး ရင်ဖွင့်တာမျိုး။ အမူးလည်းပြေ လွမ်းသမျှ ပျောက်သွားရသည့် အခြေအနေ။ အခုဟာက ကိုယ့်သမီး အရွယ် မိန်းကလေးအား အလွမ်းဟူသမျှ ဇာတ်ပြဖို့အထိတော့ ဦးမှိုင်း ရဲ့ အရက်သိက္ခာတရားက ခွင့်မပြုပေ။ ပြီးတော့ သာမန်အချိန်မှာ ဇာတ်ကြောင်းပြန်လျှင် ပိုလွမ်းပြီး ဒီဇာတ်ထုပ်မှာ ကိုယ်က ခပ်ညံ့ညံ့ ဇာတ်ဆောင်။ ထို့ကြောင့် ဦးမှိုင်းက သက်ပြင်းတစ်ချက်ရှိုက်ရင်း

"ဦးမှိုင်းက အဲဒီအချိန်တုန်းက ဆင်းရဲတယ်၊ ပြီးတော့ အနုပညာသမားတစ်ယောက်၊ ဦးမှိုင်းတို့ခေတ်က အနုပညာသမား



ဆိုတာ လူအထင်ကြီးမခံရတဲ့ ထိပ်ဆုံးတန်းကလူတန်းစား၊ မိဘ သဘောမတူလို့ ကွဲကွာသွားကြတယ်၊ ဦးမှိုင်းမှာ ချမ်းသာကြွယ်ဝမှု မရှိတာလည်း ပါတာပေါ့၊ အဲဒီကတည်းက ဦးမှိုင်း ပိုက်ဆံရှိအောင် ကြိုးစားတယ်၊ ဦးမှိုင်း စိတ်တိုင်းကျဘဝကို ဖန်တီးပြတဲ့အချိန်မှာ တော့ ဦးမှိုင်းချစ်သူကို ပြန်မတွေ့ရတော့ဘူး၊ ဒါကြောင့် တစ်နေ့ နေ့မှာ တွေ့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ရှာနေခဲ့တာ"

"ဩော်"

မခက်က ခေါင်းတညိတ်ညိတ်နှင့် စာနာထောက်ခံသလို လိုရှိနေချိန်၊ ပြီးမှ…

"ဒါဖြင့် ကိုကိုနဲ့ ဘယ်မှာတွေ့ပြီး ဒီလောက်အထိ ခင်သွားတာလဲ"

"သူက အမေရိကားမှာ ကျောင်းလာတက်ရင်း အချိန်ပိုင်း အလုပ်ဝင်လုပ်တာ၊ ဦးမှိုင်းတို့သော့(စ်)ရဲ့ ကုမ္ပဏီမှာတွေ့တော့ မြန်မာလူမျိုးအချင်းချင်း ကိုယ့်တူကိုယ့်သားအရွယ်ဆိုပဲ ကူညီရင်း က ဒီနိုင်ငံအထိ လုပ်ငန်းတွေခွဲ၊ ရှယ်ယာလုပ်ကြရင်း ခင်တာ"

"ဩော်…ဒီလိုလား"

"အေး…ဒီလိုပဲ၊ ဒါနဲ့ ညည်းက ဒီအကြောင်းတွေကို ညည်းကိုကိုဆီမှာတော့ မစပ်စုဘဲ ကျုပ်ဆီမှာ လာအင်တာဗျူးနေရ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"ဩော်…ဒါကတော့ ဘယ်တူမလဲ ဦးမှိုင်းရယ်"

ဆံပင်ရှည်တွေကို နှစ်ဖက်ခွဲစည်းထားသည့် မခက်ဟာ ခြေဖျားထိ ပုံကျနေသော ဂါဝန်နီစိမ်းလေးနှင့် သူ့အနားကပ်ထိုင်ရာမှ ထပြီး…

"ကိုကို့ကို အင်တာဗျူးလို့ စပ်စုတယ်၊ ရိုင်းတယ်ထင်ပြီး စိတ်ဆိုးသွားရင် ဘယ့်နှယ်လုပ်မလဲ၊ ဦးမှိုင်းကျတော့ စိတ်ဆိုးလည်း မှုစရာမလိုဘူးလေ"

ဦးမှိုင်းဟာ ဘာမှဆက်မပြောတော့ဘဲ မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်တော့ မခက်က တခိခိရယ်ရင်း အနားမှ ပြေးထွက်သွားသည်။ တစ်ယောက်က စိတ်ဆိုးမှာစိုးလို့၊ တစ်ယောက်ကို စိတ်မချလို့နဲ့ သူက ကြားလူအဖြစ် ရပ်တည်နေရတာက စိတ်တိုစရာ။

"ဟွန်း…တတ်လည်းတတ်နိုင်တဲ့ လင်မယား"

◆ ◆ ◆

## အခန်း (၂၃)

ပြတင်းပေါက်၌ ကာထားသော အလင်းပိတ်လိုက်ကာကို ခပ်ဟဟဆွဲဖွင့်သည်။ ထိုအခါ နုသစ်လတ်ဆတ်သော နေရောင်ခြည်အလင်းမျှင်တန်းဟာ အခန်းထဲသို့ စူးရှစွာ တိုးဝင်လာ၏။ နေရောင်၏ အလင်းရောင်က သူ့အောက်တွင်အိပ်နေသော သူ့မလေးထံ တန်းမတ်စွာထိုးစိုက်ဆင်းလျက်။ သမ္ဘာက အေးတစေင်းလုံချုရင်း အိပ်ပျော်အနားယူနေသော မျက်ခွံမို့မို့လေးအားလည်းကောင်း၊ ကိုကိုလို့ တီတီတာတာ နှုတ်ခွန်းခြွေတတ်သော သန္တာရောင်နှုတ်ခမ်းပါးဆီသို့လည်းကောင်း အနမ်းဖွဖွခြွေချသည်။ တမ်းတမြတ်နိုးခြင်းအနမ်းတွေ ထပ်ခါဖြန့်ခင်းမိတာက ပါးပြင်နုနုလေးဆီသို့။




www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သံရှည်ဆွဲပြီး ငြီးငြူသည်။ ပြီးတော့မှ တီကောင်သဖွယ် ခန္ဓာကိုယ်ကို တွန့်လိမ်ကောက်ကွေးနေအောင် အပျင်းကြောသန့် ဒါပေမဲ့ မျက်လုံးဖွင့်မကြည့်။ သူ့အနမ်းကြောင့် နိုးသွားပြီဆိုတာ သူ့မမျက်တောင်လေးတွေ လှုပ်ရှားနေတာကိုကြည့်ရင်း သိနိုင်သည် နှုတ်ခမ်းပါးတွေက တင်းတင်းစေ့ထားသည့်ကြားမှ ပြုံးယောင်သ လျက်။ သမ္ဘာက အိပ်ချင်ဟန်ဆောင်နေသော ကလေးမလေး ကြည့်ကာ အသည်းယားလာရင်း ပါးပြင်တွေ၊ နှုတ်ခမ်းနှင့် မေးဖျား တွေကို အနမ်းကြမ်းခြွေသည်။ ထို့နောက် မေးဖျားမှတစ်ဆင့် လည်တိုင်ကျော့ဆီ သူ့အနမ်းကျူးကျော်ရန် ပြင်ဆင်သောအခါ...

"အဟင်း...ခစ်...ခစ် ကိုကိုနော်"

ရယ်သံလည်း ထွက်လာသည်။ မျက်လုံးဖွင့်သွားပြီး တခစ်ခစ်ရယ်ကာ သူ့အနမ်းကို အသည်းအသန်ကာကွယ်၏။

"ကိုကို လည်ပင်းကို မနမ်းနဲ့ဆို၊ မခက် ယားတယ်ဆို"

သူ့ဟာသူပြော၊ လည်ပင်းကို လက်နဲ့အုပ်ကိုင်ထား ရယ်နေတာ မဆုံးနိုင်။ မခက်က အင်မတန်အသည်းယားတတ်သူ လည်တိုင်ကျော့အား အနမ်းခံဖို့မပြောနှင့် ထိုလည်တိုင်ကို ဝင် ထွက်လေ ရိုက်ခတ်ရင်တောင် ရင်ထဲယားတက်လာပြီး နိုးနိုး



ခစ်တွေ ဖြစ်ကုန်တော့တာပင်။ သူများတွေလို ခါးကိုတို့တာတို့၊ ဘာတို့ကို အဲဒီလောက်ထိ မခံစားရ။ ထို့ကြောင့် ကိုကိုက မခက်ကို ချစ်ပြီဆိုလျှင် လက်နှစ်ဖက်ကို အမိအရချုပ်ကာ လည်တိုင်အား အနမ်းပေးရန် ကြိုးစားခြင်းပင်။ နှစ်ယောက်သား တွန်းထိုးရုန်းကန်ရင်း မောပြီဆိုမှ ခုတင်ပေါ် ကန့်လန့်ဖြတ်လှဲ အမောဖြေရင်း ကိုကိုက မှဲ့ရှိုးစွာ ဝေဖန်တတ်ပါသည်။

"မခက်လို မိန်းကလေးထုတွေ ဒီကမ္ဘာပေါ် အများကြီးရှိရင် ရွှေလည်တိုင်သီချင်းတောင် ပေါ်လာစရာအကြောင်းမရှိဘူး"

အဲဒီလိုစပြောတုန်းက မခက်က ရွှေလည်တိုင်သီချင်းဆိုတာ ဘာမှန်းမသိတာကြောင့်...

"အဲဒီသီချင်း ကိုကိုရရင်ဆိုပြ"

ကလေးတစ်ယောက်လို ပူဆာတော့ ကိုကိုက ပြုံးရင်း တိုးတိုးညည်းပြသည်။

"ရွှေလည်တိုင်ကိုကွယ် အနမ်းလေးပေးချိန်ဝယ် ရင်ခုန်ရော သနပ်ခါးနံ့လေးတွေနဲ့ ရင်ခွင်ကြားမှာ ခေါင်းလေးဝှက်ကာ မျက်ပြုံးလေး ပြုံးနေခဲ့သူရယ်"

ဆိုပြတော့ မခက်က မပြုံးဘဲ ဝါးလုံးကွဲထရယ်ကာ...

"တော်ပါတော့ ကိုကိုရယ်၊ ကြားရတာနဲ့ကို ယားလာ

www.burmeseclassic.com

www.burmeseclassic.com



ပြီ''

ဟူ၍ တားမြစ်ယူရတဲ့အထိ။ မခက်က အရင်...
အကြောင်းတွေ ပြန်တွေးပြီး ခစ်ခနဲ ထရယ်တော့ ဘေး...
လှဲနေသော ကိုကိုက အရင်ထထိုင်ပြီး…

''ဟော့…ကိုယ် မနမ်းတော့ဘူးနော်''

''သိပါတယ် ကိုကိုရဲ့၊ ဟိုရှေ့လည်တိုင်သီချင်း...
ကြားယောင်ပြီး ရယ်တာ၊ ကိုကိုကလည်း မခက် အားနည်းချက်...
သိရဲ့သားနဲ့၊ ဘာလို့ အဲဒီနေရာပဲ လာနမ်းနေရတာလဲ ပြော''

ပြုံးချင်ချင် နှုတ်ခမ်းအား တမင်ရှုထော်ထော်ဖြစ်အောင်
လုပ်ပြီး သူ့ပေါင်ပေါ် လှဲအိပ်ကာမေးသည်။ သမ္မာက ချစ်စရာ...
ကောင်းသော နှုတ်ခမ်းပါးတွေအား လက်ဖြင့်ဖွဖွထိတို့ရင်း…

''နိုးရဲ့သားနဲ့ အိပ်ချင်ယောင်ဆောင်နေတာကိုး''

''ကိုကို ဘယ်လိုနိုးမလဲ သိချင်လို့''

''ကဲ…အခု သိသွားပြီမဟုတ်လား၊ ထတော့၊ မျက်...
သစ်၊ ရေချိုး၊ အပြင်မှာ မနက်စာ သွားစားကြမယ်''

''တကယ်''

မေးပြီး ဝုန်းခနဲထခုန်သည်။ ပြီးတော့ သူ့လည်ပင်း...
လက်နှစ်ဖက်နှင့် ဟီးလေးခိုထားရင်း…



''ကိုကို…ဒီမနက် ရုံးအစောကြီးသွားရမယ်ဆို၊ ...
...တွေ နောက်အပတ်ထဲဝင်ဖို့ရှိလို့ ဂိုဒေါင်ရှင်းရမယ်ဆိုပြီးတော့''

''အင်း…ပထမတော့ အဲဒီအစီအစဉ်အတိုင်းပဲ၊ ဒါပေမဲ့
အိပ်နေတဲ့မခက်ကို ကြည့်ပြီး အစီအစဉ်တွေ ပြောင်းချင်သွားတာနဲ့''

''ဘယ်လိုအစီအစဉ်ပြောင်းမှာလဲဟင်''

သမ္မာက ခပ်တိုးတိုးရယ်ရင်း မခက်နှာတံချွန်ကော့ကော့
လေးကို မနာအောင် ဖွဖွလိမ်သည်။

''ဒီနေ့တစ်နေ့လုံး မခက်အနားမှာနေပြီး သွားချင်တဲ့ နေရာ
တွေဆီ လိုက်ပို့ပေးမလို့''

''ဟေး…ဒါမှ မခက်ကိုကို''

ကလေးတစ်ယောက်လို လက်သီးလက်မောင်းတန်းပြီး
မခက်က ထအော်သည်။

''နေဦး…မပြီးသေးဘူး''

''ဘာမပြီးတာလဲ''

''အဲဒီလို လိုက်ပို့ခအနေနဲ့ မခက်ဆီက''

သမ္မာက သူ့မနားနားကပ်၍ တိုးတိုးလေးပြောသည်။
သူမနားမှချတဲ့အထိ မခက်က မျက်ဆန်လေး ဟိုဘက်ဒီဘက်
ရွေ့အောင် စဉ်းစားပြီး အတန်ကြာမှ…



www.burmeseclassic.com

www.burmeseclassic.com



"အယ်...ကြည့်စမ်း၊ ကိုကိုလှလည်၊ သွား မကောင်း
ဘူး၊ ပြောစရာလား အဲဒီစကား"

ဆေးနီပက်ဖျန်းလိုက်သလို ရဲတွတ်နေတဲ့ နှုတ်ခမ်းပါးနှ
တွေနှင့် မခက်က သူ့ရင်ခွင်ဆီ တိုးဝှေ့မျက်နှာဝှက်သည်။ သမ္မာ
ပခုံးသားလုံးလုံးလေးကို တင်းကြပ်စွာဖက်ထားရင်း...

"ဘဝမှာ တစ်ခါမှမဖြစ်ဘူးတဲ့ အချစ်ဆိုတဲ့ ခံစားချ
ကို မခက်နဲ့ကြမှ ကိုယ်ရခဲ့တာ တကယ်၊ သူများတွေ အချစ်
ဘယ်လိုပဲ ငြီးကာချကြပါစေ ကိုယ့်အချစ်က ပိုင်ဆိုင်ပြီး ပေးဆ
ချင်တာမျိုး၊ သဘောပေါက်လား မခက်"

ကိုကို့ရင်ခွင်ထဲကနေ မှိတွယ်ရင်း မခက်က ခေါင်းယ
ပြသည်။ ကိုကိုက ပြုံးရင်း သူမနဖူးစွန်းမှာ ပါးအပ်ကာ...

"စတွေ့တဲ့နေ့ကတည်းက မျက်ရည်တွေရွှဲနေတဲ့ ကောင်
လေးကို ပိုင်ဆိုင်ချင်တဲ့စိတ်က ရင်မှာနဲ့သံတွေ ကသောင်းကနင်
ဖြစ်တဲ့အထိ အရှုံးအမှုး ပြင်းယန်ခဲ့တာ၊ အဲဒီအချိန်ကတည်းကလည်
ရင်ထဲမှာ ဆုံးဖြတ်ထားခဲ့တယ်၊ ကိုယ့်ရင်ခွင်ထဲ မင်းရောက်တဲ့နေ့
စပြီး မင်းမျက်ရည်တွေ မမြင်ရတော့တဲ့အထိ ဘာမဆိုပေးဆပ်ပြီ
ကာကွယ်သွားမယ်လို့၊ မခက်ကို ထိပါးမယ့်အရာမှန်သမျှ ကိုယ်
ကျောနဲ့ကာရင်းနဲ့ ကွယ်ထားချင်တာ၊ မခက်အတွက်ဆို အမှားအမှ





ခွဲခြားတတ်တာ ကိုယ့်အားနည်းချက်"

"ဒါဆို ကိုကိုက မခက်အတွက် စူပါမင်း(န်)ပေါ့၊
ကောင်းသူပယ် ကောင်းသူကယ်လေ"

"နိုး...နိုး မဟုတ်ပါဘူး၊ မကောင်းသူပယ် မှန်းမခက်
တိုကယ်"

မခက်က ကိုကို့ကျောပြင်အား သိုင်းဖက်ထားရင်း...

"မခက်လည်း ကိုကို့ကိုချစ်တယ်၊ ကိုကို့လို မပြောတတ်
ပေမဲ့ အနားမှာ ကိုကိုရှိရင် လုံခြုံတယ်၊ ကိုကို့အသံ ကြားနေရရင်
နွေးထွေးတယ်၊ နေရောင်မလိုဘူး၊ ကိုကိုရှိရင် အရာအားလုံး မြင်နေ
ရသလိုပဲ၊ မှောင်မိုက်နေပါစေ ကိုကို့လက်ကို တွဲခွင့်ရရင် ဘာမဆို
ရင်ဆိုင်ရဲတယ်"

"ဟား...ဟား မပြောတတ်ပေလို့ပဲ မခက်ရယ်၊ ဒီထက်
သာပြောတတ်ရင် ကိုကို ဒီနားမှာတင် အရည်ပျော်ကျမလားပဲ"

"အံမယ် မခက်က ခံစားရသမျှ ပြောတာကို"

ရင်ခွင်မှကျုံးထပြီး ရှန်ထောင်ဟန်ပြင်နေသော မျက်နှာလှ
လှလေးအား စိုက်ခနဲအငေးမှာပင် အိပ်ရာဘေး၌ ချထားသော
ဖုန်းကမြည်သည်။ သမ္မာက ဖုန်းဖွင့်ထူးတာနှင့်တစ်ပြိုင်နက်...

"ကိုရင့်"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဇော်ရဲ့ ဖုန်းထဲမှ ခေါ်သံနှင့်အတူ…

"အောက်ထပ်မှာ ဦးသက်မင်းတို့သားအဖ ရောက်နေ...တယ် ကိုရင့်၊ မောင်ဇော်မင်းအမှုအကြောင်း ဆွေးနွေးချင်လို့တဲ့"

"ဟုတ်ပြီ…ကျွန်တော် ဆင်းလာခဲ့မယ်"

ဖုန်းပိတ်တာနှင့် ရူးစမ်းသော မခက်မျက်ဝန်းတွေက သူ့...ဒိုင်းခနဲ ပြေးဝင်လာသည်။

"ဘယ်သူလဲ ကိုကို"

"ဦးသက်မင်းတဲ့"

ကိုကို့အဖြေအဆုံးမှာ မခက်ကိုယ်လေးက ကျောက်ရုပ်...အလား ငြိမ်ကျသွားသည်။ တော်စပ်ခဲ့ဖူးသော သံယောဇဉ်ကြောင့်...နှုတ်ဖျားမှ ဖေဖေလို့ တီးတိုးရွတ်မိပေမဲ့ ရင်ထဲအထိ ပဲ့တင်မရိုက်...တာ ဘာကြောင့်လဲ။

မေတ္တာဆိုတာ အလျားအနံရှိသလား။ အသွားအပြန်ရှိသ...လား။ မခက် မသိ။ မခက်သိချင်တာ တစ်ခုတည်း။ မခက်ကို...ဖေဖေ ဘာကြောင့်မုန်းနေပါသလဲ။

• • •

## အခန်း (၂၄)

"ကျေအေးပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါ ဦးသက်မင်း၊ သူ့ကို စွဲချက်တင်ထားတဲ့အမှုက တစ်မှုထဲမဟုတ်ဘူး၊ ပစ္စည်းလုယက်မှု၊ မှောင်ရိပ်ခိုမှု၊ အလိုမတူဘဲ မိန်းကလေးကို ဖြားယောင်းသွေးဆောင်မှု၊ အများကြီးပဲ၊ တစ်မှုရုပ်သိမ်းတိုင်း နောက်တစ်မှုက ပပျောက်သွားတာမျိုးမှ မဟုတ်တာ"

ချယ်ရီက ရှေ့တွင်ထိုင်နေသော သမ္မာရင့်ကို တစ်လှည့်၊ ဘေးနား၌ မျက်နှာငယ်ဖြင့် ထိုင်နေသော ဖေဖေ့အားတစ်လှည့် ကြည့်သည်။ သိမ်ငယ်ရိုကျိုးသည့် အကြည့်မျိုးတော့ မဟုတ်ခဲ့ပါ။ နာကြည်းမုန်းတီး၊ စော်ကားခံရခက်ခြင်း စသည့်ဝေဒနာ နှစ်ထပ်ကွမ်းက ရင်ကိုဆောင့်ကာ တိုးနေသည်။ ဒီအကြိုက ချယ်ရီပေး





www.burmeseclassic.com

www.burmeseclassic.com



သောအကြိ၊ မိန်းမညာထဲနှင့် ဒီလောက်တွေးတတ်လျှင် ယောက်ျ
ရင့်မကြီးဖြစ်သော ကိုကိုကြီးက ဒီထက်မက တွေးမြင်တတ်ရှာ
အမှန်။ အခုတော့ ရွှေဆောင်လမ်းပြမကောင်း၍ နောက်တွင်ရပ်
သူတွေအားလုံးက ကိုယ့်ယို့ကားရား။

"ဟုတ်ပါတယ် မောင်သမ္ဘာ၊ ဒါပေမဲ့ သေချာတွေးကြ
ရင် အန်ကယ်တို့က သူစိမ်းဇီတွေမှ မဟုတ်ကြပဲ၊ သူစိမ်းတရံတော
တောင်းပန်ရင် ကြေအေးကြရတာ ထုံးစံပဲဥစ္စာ၊ အန်ကယ် အ
အညွှတ်တောင်းပန်ပါတာပါ၊ သားကြီးက ဘဝတစ်လျှောက်လုံ
အကြမ်းခံနိုင်ရည်ရှိခဲ့တာမဟုတ်ဘူး၊ သူဟိုထဲမှာတင်"

"ထားလိုက်ပါ၊ ယောက်ျားလေးပဲ၊ မခက်တောင် ခံနိုင်
ရည်ရှိခဲ့သေးတာပဲ"

မခက်ပခုံးလေးကို လှမ်းဖက်ရင်း လက်ဖျားလေးပါ ဆွဲ
တော့ အေးစက်နေမှန်း သမ္ဘာ သိသည်။ သူ့ပခုံးပေါ် ခေါင်းမေ
ကို တမင်တကာ မှီထားစေရင်းက ရှေ့ရှိသားအဖအား စူးရဲ
ကြည့်သည်။

"မုန်းမခက်"

"ရှင်…ဖေဖေ"

နှုတ်ကိုးနေသော ထူးသံကြောင့် ချယ်ရီက မဲ့ပြုံးပြုံးသည်





ကျေနပ်အားရစွာ သမ္ဘာဘက် အကြည့်ဝေတာက 'ဘာတွေပြောင်း
လဲပါစေ မုန်းမခက် ငါ့ခေါ်ရင်ထူးပြီးသား'လို့ ဖွင့်မပြောရုံတမယ်
သာ။

"ကိုကိုကြီးကို နင်မကယ်တော့ဘူးလား"

"မခက်က"

ဆွံ့အသော စကားတို့က ရှေ့ဆက်ဖို့လမ်းပျောက်သည်။
ကိုကို့မျက်နှာကို မော့ကြည့်တော့ ဘာကောက်ကြောင်းမှ မတွေ့ရ
သည့် မျက်ဝန်းတို့က မခက်ဆန္ဒကို ဦးစားပေးနေသည့်နှယ်။ မမ
လေးဆီ အကြည့်ရောက်တော့…

"နင့်အပေါ် မကောင်းခဲ့ဘူး၊ ဒါ ငါဝန်ခံတယ်၊ ငါလည်း
တောင်းပန်တယ်၊ ဖြစ်ခဲ့သမျှအားလုံးအတွက် လွန်တာရှိရင်
တောင်းပန်မယ်၊ နင် ကျေပေးပါ၊ နင် ဒီနေ့ဒီအချိန်ထိ လူတစ်လုံး
သူတစ်လုံးဖြစ်အောင် ကျွေးမွေးပြုစုခဲ့တဲ့ ဖေဖေ့မျက်နှာတော့ နင်
ထောက်ထားကြည့်သင့်တယ်၊ ကိုကိုကြီးအတွက် ဖေဖေ အရှမ်းခံစားနေရ
တယ် မခက်"

ဖေဖေ့ကို မခက် လှမ်းကြည့်သည်။ ဟိုးတစ်ချိန်က မခက်
ဖေဖေက အစဉ်သဖြင့် သန့်ရှင်းကြော့မော့စွာနေခဲ့သူ။ အခုတော့
မျက်ဝန်းတွေ ရဲရဲနီပြီး မျက်ကွင်းတွေ ချောင်ကျနေသည်။ သိမထိ



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာပြီဖြစ်သော ဆံပင်ခွဲကြောင်းရာ မတည့်ဘဲ ဖွာလန်ကျဲ
မခက်နှင့် အကြည့်ချင်းဆုံဟော့ ညှိုးငယ်မျက်ဝန်းမှာ နွမ်းရိပ်သန်း
သည်။ ဖေဖေက မခက်အပေါ် တစ်လျှောက်လုံး မကြင်နာခဲ့တဲ့သူ
ဖေဖေ့ရဲ့ မျက်မပြေခြင်းကို ခါးစည်းခံရသည့် ကာလအတိုင်းအတာ
ဟာ သူမအသက်တမျှပင်ဖြစ်သည်။

"နင့်အမေကြောင့်"

"နင့်အမေ မာယာနဲ့မြူဆွယ်ခဲ့တာ"

"ငါ့သွေးနှောတာ မှန်တယ်၊ ဒါပေမဲ့ အဲဒီသွေးနှောခြင်း
ကို ငါက ကြည်ဖြူစွာပေးခဲ့တာမဟုတ်ဘူး၊ ငါ မသောက်တတ်တဲ့
အရက်နဲ့ မြူဆွယ်ပြီးမှ"

"အလကား အကျင့်ပျက်တဲ့မိန်းမက မွေးတဲ့သွေး
ဒီအတိုင်း ပုံတူထွက်လာမှာပဲ"

ဒါဟာ ကြားနေကျ နံနက်ချိန်ခါတေးသံသာထက် အ
မှန်သည့်စကားများ။ ငယ်ကတည်းက ကျောင်းမှာ စာမရလာလျှင်
အရိုက်ခံရသည်။ အိမ်အလုပ်မပြီးဘဲ ကျောင်းစာကျက်ရန်းလုပ်တော့
လည်း အရိုက်ခံရ၏။

"သေစာရှင်စာ ဖတ်တတ်ရင် တော်ပြီ၊ လေးတန်း
ကျောင်းထုတ်မယ်"





ပြောတုန်းက လူးလှိမ့်နေအောင် ငိုခဲ့ရတာ သည်းအူပြတ်
မတတ်။ ခြေသလုံးဖက်ပြီး ဟောင်းပန်ရင်း ငိုရင်းရှိုက်ရင်းက...

"မလုပ်ပါနဲ့ ဖေဖေရယ်၊ ကျောင်းလေးတော့ တက်ပါရ
စေ၊ သမီး အိမ်အလုပ်လည်း ပြီးအောင်လုပ်ပါ့မယ်၊ ကိုကိုကြီးတို့၊
မမလေးတို့ ခိုင်းသမျှ လုပ်ပေးပါ့မယ်၊ ကျောင်းတော့မထုတ်ပါနဲ့"

ဆုလှိုင်ပြန်မပြော၊ ရိုက်လျှင် မငိုရတဲ့ဘဝမှာ နာကျင်လွန်း
သော တုတ်ချက်တွေ။ အရိုးရာတွေကြား၌ ခံစားခဲ့ရသော နေ့ရက်
တိုင်းဟာ အခုပြန်တွေး အခုအသားတွေ ကျိန်းစပ်ဆဲ။

"ကိုယ့်ကိုယ်ကို သမီးလို့မပြောနဲ့၊ ဒီအိမ်မှာ နင့်ကို သမီး
လို့သဘောထားမယ့်လူလည်း မရှိဘူး၊ သမီးလို့ခေါ်မယ့်လူလည်း
မရှိဘူး၊ စိတ်ကူးယဉ်မနေနဲ့"

ရင့်သီးစွာဆိုခဲ့သူဟာ အခုတော့ မခက်ရဲ့ ဖေဖေအဖြစ်
ပြန်ငဲ့ကြည့်ရတော့မတဲ့လား။ မခက်က ဖေဖေ့ကို မကြည့်ရက်စွာ
ခေါင်းငုံ့တော့ မျက်ရည်တစ်စက်က ပေါက်ခနဲ လက်ခုံပေါ်ကျ
သည်။ ပွင့်နွေးသည့် မျက်ရည်တွေကြားမှ ပြုံးနိုင်အောင် အားတင်း
ရင်း...

"ကိုကို...ကိုကိုကြီးကို အမှုပိတ်ပေးလိုက်ပါ"

သမ္ဘာက စာနာနားလည်ခြင်းများစွာဖြင့် မခက်ပခုံးကို

www.burmeseclassic.com

www.burmeseclassic.com



ခပ်သာသာဖျစ်ညှစ်ပြီးမှ…

"ကောင်းပြီ…ကျေအေးပေးလိုက်ပါ့မယ်၊ ကျွန်တော် အ
ပိတ်ပေးလိုက်လည်း ကိုဇော်မင်းက အပြင်လောကကို ပြန်ထွ
လာလို့တော့ ရမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ခပ်ဆတ်ဆတ်မေးခွန်းက ချယ်ရီမင်းထံမှ ထွက်ပေါ်လာ ခြင်းဖြစ်သည်။ မလိမ္မာတတ်သော စိတ်ရိုင်းက စုံလုံးခုန်ထချင်လာ ပြီ။ ကျေနပ်ခြင်းမရှိသူတွေကိုမှ ပြေပြစ်ချင်ဟန် ဆောင်ထားရတာ သတိတစ်ခါလွှတ်တိုင်း မိုက်မဲစွာ ကြမ်းရမ်းပစ်ချင်သည့်စိတ်က ထိန်းမရ။ သမ္မာကလည်း အဲဒီအကျင့်စရိုက်ဆိုးကို ထွင်းဖောက် မြင်သာအောင် ကြည့်တတ်သူမို့ ဟွန်းခနဲ အသံမထွက်ဘဲ မဲ့ပြုံ သည်။ အပြုံးထဲမှာ အနိုင်ရခြင်းတွေက ဖတ်တာတ်သူမှ သိမည်

"ကိုဇော်မင်းရဲ့ သွေးထဲမှာ မူးယစ်ဆေးဝါးသုံးစွဲထားတာ တွေကို ဆေးစစ်ချက်အရ တွေ့ပြီးပြီ၊ အဲဒါကြောင့် သူက ဥပဒေ အဆုံးအမအတိုင်း ခံယူရမှာ သေချာပါတယ်"

"အို"

ယိုယွင်းပျက်စီးသွားသည့် ဦးသက်မင်းမျက်နှာအား သမ္မ က အရသာခံကြည့်ပြီးမှ…



"ကျွန်တော်တို့ တာဝန်ကျေပါပြီ၊ စခန်းကို ဖုန်းဆက်ပေး ထားပါ့မယ်၊ ကဲ ပြောဆိုစရာက ဒီမှာတင်ပြီးပြီလို့ထင်ပါတယ်၊ ကျွန်တော်တို့လည်း သွားစရာရှိသေးတော့"

"ချယ်ရီတို့ ပြန်ကြရအောင် ဖေဖေ"

နှင်ထုတ်မည့်အရေးကို ကြိုတင်သိမြင်သူမို့ ဦးသက်မင်း ကို ဆွဲရင်းထရပ်သည်။ မခက်က အခုမှ ကိုကို့ဘေးနားမှခွာရင်း

"ဖေဖေ"

တိုးတိုးလေးခေါ်တော့ ဖေဖေက ငုံ့ကြည့်၏။ ဖေဖေ့ မျက်ဝန်းတွေထဲမှာ မခက်အတွက် မေတ္တာရောင်လက်နေသည်လား။ ကိုကိုကြီးအတွက် ခံစားရလွန်း၍ မျက်ရည်ကြည်ဝေနေသလား။ ကွဲပြားစွာ မခွဲခြားတတ်ပေမယ့် မခက် စိတ်ချမ်းသာဖို့ ထင်ရာ တွေးခွင့်တော့ပြုပါ ဖေဖေ။ မခက်က ဖေဖေ လှမ်းလက်စခြေလှမ်း ရှေ့ ပုဆစ်တုပ်ထိုင်ချကာ လက်အုပ်ချီရင်းက…

"မခက် ဖေဖေ့အပေါ်မှာ ကံသုံးပါးနဲ့ ကျူးလွန်ခဲ့တာရှိ ရင် ခွင့်လွှတ်ပေးပါလို့ မခက် ကန်တော့ပြီးတောင်းပန်ပါတယ်"

ဦးသုံးကြိမ်ကို ထိခြင်းငါးပါးနှင့် ဖေဖေ့ခြေဖမိုးဆီ ဦးတိုက် သည်။ ပူနွေးစွတ်စိုသော မခက်မျက်ရည်တွေက မျက်ဝန်းအိမ်မှ တစ်ဆင့် ဖေဖေ့ခြေဖမိုးပေါ် တလိမ့်လိမ့်ကျဆင်းသွား၏။ ဦးသက်

www.burmeseclassic.com

www.burmeseclassic.com



မင်းက ဆေသီသောအကြည့်တို့ဖြင့် ကိုယ့်မျက်စိရှေ့က မိန်းမငယ်
လေးကိုကြည့်ရင်း...

"ရှေ့ဆက်မယ့် မခက်ရဲ့ဘဝခရီးလမ်းမှာ ခလုတ်မထိ
ဆူးမငြိပါစေနဲ့ သမီးရယ်"

တုန်ရီတိုးအက်သေမဲ့ အဖျားခတ် 'သမီး'ခေါ်သံက မခ
ရင်ကို ထက်ခြမ်းခွဲ၍ စီးဆင်းသည့်မြစ်တစ်စင်းအလား။ ရင်နာဖ
အေးမြလှပါသည်။

"ကဲ...ဖေဖေတို့သွားတော့မယ် သမီး"

ဦးသက်မင်းက မခက် ဦးခေါင်းလေးကို လက်နဲ့ဖွဖွ
ရင်းက နှုတ်ဆက်သည်။ ထို့နောက် ချယ်ရီအားတွဲ၍ ဧည့်ခန်း
မှ တစ်လှမ်းချင်းထွက်ခဲ့၏။ ခြံထဲသို့ ခြေအချမှာပင် တွဲထားသေ
လက်ကို ချယ်ရီက အရင်ဆောင့်ဖြုတ်ရင်း...

"ဖေဖေ...သူ့ကို ငြိမ်းချမ်းရေးလုပ်ပြီပေါ့၊ ဟုတ်လ
ဖေဖေ"

"ချယ်ရီ ဘဝတစ်လျှောက်လုံး မငြိမ်းချမ်းခဲ့တာ ဘယ်
ကွေလဲ၊ အခုချိန်ထိရော ပူလောင်ရတဲ့သူတွေက ဘယ်သူတွေလဲ"

"ဟင့်အင်း...တရားလာပြမနေနဲ့ ဖေဖေ"

ချယ်ရီမင်းက ရောက်သည့်နေရာမှာပဲ ခြေစုံရပ်ပြီး





သည်။ ထို့နောက် နောက်တွင် ကျန်ခဲ့ပြီဖြစ်သော ပုလဲသုခစံအိမ်
အား အခဲမကျေစွာ လှည့်ကြည့်ရင်းက...

"ချယ်ရီ ဘယ်တော့မှ တရားမကျဘူး၊ သူ့အမေကြောင့်
ချယ်ရီတို့မိသားစု ပြိုကွဲခဲ့ရတယ်၊ အခု သူ့ကြောင့် ချယ်ရီ့ရပိုင်ခွင့်
တွေ ဆုံးရှုံးခဲ့ရတယ်၊ သူလုပ်လို့ပဲ ကိုကိုကြီးက ဒုက္ခရောက်နေ
တယ်၊ ဒီအတွက် ချယ်ရီ မကျေဘူး၊ လက်တုံ့ပြန်ရမှ ချယ်ရီ
ကျေနပ်မယ်"

"ချယ်ရီ"

ဦးသက်မင်းရဲ့ တားမြစ်ခြင်း မျက်ဝန်းတွေကို ချယ်ရီက
ဂရုမစိုက်တော့။ အငြိုးကြီးသည့် အာဃာတဟာ မီးတောက်မီးလျှံ
အဖြစ် ပြောင်းလဲကာ သူမကို လောင်မြိုက်နေပြီ။ အငြိုးရဲ့မျိုးဆက်
ဟာ ရှေ့မှာ ဘယ်လိုဆက်ပြီး မျက်လှည့်ပြဦးမလဲမသိ။ 'မင်း'
မိသားစုအတွက် ကြမ္မာရဟတ်က ဒီမှာတင် တစ်ခန်းရပ်သင့်ပေမဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

''ကိုသက်···ခင်ဗျား ကိုသက် မဟုတ်လားဟင်''

အမောတကော လာနှုတ်ဆက်သောသူက နှုတ်ဆက်

မဲ့ ဖေဖေက ရုတ်တရက် မှင်သက်မိသွားသူလို ကြောင်အအ

ချယ်ရီ ဒီအရွယ်ထိ ရောက်လာပြီ။ ဖေဖေ့ရဲ့ အဲဒီလိုပုံစံမျိုး တ

မှမမြင်ဖူးပါ။ တစ်ဖက်က အားပါးတရ မိတ်ဆက်နေသမျှ

မျက်နှာပေါ် ကောက်ကြောင်းတွေ ထင်ထင်ရှားရှားကြီး ဖြစ်

သွားပြီးမှ ဘာအသံမှမထွက်လာ။

''ဖေဖေ''

ချယ်ရီ သတိပေးသံကြောင့် အနောက်သို့ ပြန်လှော

သောနားဝင်ရပ်သည်။ ဖေဖေ့ကို နှုတ်ဆက်သူအားလည်း တစ်



၍ တရင်းတနှီး တွေ့ဖူးသလို။ ပဟောင်ဦးတစ်စ ခေါင်းထဲဝင်လာ

လျှင် မရမနေ အဖြေရှာတတ်သော ချယ်ရီက ကားဝှားရန်စိတ်ကူး

ကို ဖျက်ပစ်သည်။ ကိုကိုကြီးကို ထောင်ဝင်စာလာတွေ့၊ စားစရာ

သောက်စရာတွေပေးပြီး ပြန်အထွက်မှာ တွေ့တာမို့ မိတ်ဟောင်း

ဆွေဟောင်းဖြစ်နေလည်း ဒီနေရာဟာ ရှေးဟောင်းနှောင်းဖြစ်တွေ

ပြောလို့ကောင်းတဲ့နေရာမျိုးမှ မဟုတ်တာ။ ချယ်ရီက ဖေဖေ့

လက်မောင်းကို လှမ်းဆွဲရင်း···

''ဖေဖေ''

ဒုတိယအကြိမ် သတိပေးပြီးမှ···

''ဖေဖေ့မိတ်ဆွေထင်တယ်၊ မမှတ်မိဘူးလား ဖေဖေ''

''ကျွန်တော့်ရုပ်က အဲဒီလောက်တောင် ပြောင်းသွားလို့

လား ကိုသက်ရယ်၊ ကျွန်တော် မောင်မှိုင်းလေ၊ တိမ်မှိုင်းပါ၊ ကိုသက်

တို့ကို မြင်းခြံမှာ ကျွန်တော် နှစ်တိုင်းသွားရှာတာ မတွေ့လို့ ကိုသက်

ကိုတွေ့ရင် မြကလေးအကြောင်း သိရမယ်လို့ ကျွန်တော်တွက်ထား

တာ၊ မြကလေးရော မြကလေးဘယ်မှာလဲဟင်၊ မြကလေးအဖေ

ဆုံးသွားတာ ကျွန်တော်ကြားတယ်၊ မြကလေးမှာ ကျွန်တော့်ရဲ့''

''ဟေး···တဏှာစိ''

ဖေဖေ့အသံ ကျယ်လောင်စွာ ထွက်သွားသည်။ အားပါး

www.burmeseclassic.com

www.burmeseclassic.com



တရ မေးမြန်းနေသည့် ရှေ့မှလူရဲ့အသံက တိခနဲပြတ်ကျသွားသည်။

"ဖေဖေ…သူက"

"မသိဘူး သမီး၊ ခွင့်ပြုပါဦး၊ ခင်ဗျားလူမှားနေတာပါ၊ ကျုပ်က ခင်ဗျားသိတဲ့ ကိုသက် မဟုတ်ဘူး"

အမှန်ကို အမှားလုပ်ကာ ဖေဖေ့ခြေလှမ်းက တက္ကစီဆီ ဦးတည်သွားသည်။ ချယ်ရီမှာသာ အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားပြီး နီနစ်ရောင် CYGNUS ကားကြီးနှင့် လူကြီးအား အားနာစွာခေါင်းညွှတ်ရင်း…

"ခွင့်ပြုပါဦးရှင့်"

နှုတ်ဆက်ကာ ထွက်ဟန်ပြင်နေသော တက္ကစီပေါ် အမြန် ပြေးတက်သည်။ တက္ကစီလေးက ရိပ်ခနဲ စတင်ထွက်ခွာမှ ဖေဖေ ဟာ ကူရှင်မှာ မှီပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်တာ စိတ်မော လူမောနှင့်။

"ဖေဖေ"

ချယ်ရီက ကားနောက်မှန်မှ သမင်လည်ပြန် လှည့်ကြည့် သည်အထိ ဦးတိမ်မှိုင်းဆိုသူက ချယ်ရီတို့တက္ကစီကို လှမ်းကြည့်နေ ဆဲ။

"သူ ဘယ်သူလဲ ဖေဖေ"



မြင်ကွင်းက ပျောက်သွားမှ ကူရှင်ပေါ် စိတ်ချလက်ချ ထိုင်ပြီး မေးသည်။ ဖေဖေက မျက်ဝန်းစုံမှိတ်ရင်း နားထင်ကို လက်ညှိုးလက်မနှင့် ဖိထောက်ထားကာ…

"သမီးမသိပါဘူး"

"သိတယ် ဖေဖေ၊ သူပြောသွားတာတွေကို အကုန်သိတယ်၊ အကုန်လည်း မှန်နေတယ်၊ ဖေဖေ ဘာကြောင့်ငြင်းတာလဲ၊ ပြီးတော့ မြင်းခြံမှာ ချယ်ရီတို့ နေခဲ့ကြတယ်၊ မြကလေးဆိုတာ မှန်းမခက်ရဲ့အမေလေ၊ ဖေဖေက ဘာလို့ ကိုသက်မဟုတ်ဘူးလို့ ငြင်းရတာလဲ"

"ချယ်ရီ"

မအော်စဖူး ထအော်သည်။ ဖေဖေ့အသံနက်ကြီးကြောင့် ချယ်ရီ အံ့ဩသွားသည်။ ဖေဖေက ချယ်ရီအား စိမ်းရှစွာကြည့်ရင်း

"ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာ ဘာလို့ ဝင်ပါချင်ရတာလဲ ချယ်ရီ"

"မှန်းမခက်နဲ့ ဆိုင်တဲ့ကိစ္စမှန်သမျှ ချယ်ရီ စိတ်ဝင်စားတယ်"

"နင် ရူးနေသလား"

ဖေဖေ့ရဲ့ ရင့်သီးသော အသုံးအနှုန်းကြောင့် ချယ်ရီက

www.burmeseclassic.com

www.burmeseclassic.com



တခဏတော့ ငြိမ်ကျသွားသည်။

"သူများဘဝ အေးအေးချမ်းချမ်း ဖြစ်နေတာကို ဘာလို့ ဖျက်ဆီးချင်ရတာလဲ ချယ်ရီ၊ ကိုယ်နဲ့ မပတ်သက်ရင် မဆိုင်သလို နေလိုက်စမ်းပါ၊ ညည်းနဲ့ အနေသာကြီး၊ ပေါ့စေလိုလို့ ကြောင်ရှစ် ထိုးခါမှ ဆေးကြောင့်လေးရမယ့်အဖြစ်တွေ ထပ်မဖန်တီးချင်နဲ့ ချယ်ရီ"

သတိပေးခြင်းလား၊ ဆုံးမခြင်းလား မသိပေမဲ့ ချယ်ရီ ငြိမ်ကျသွားတာကတော့ ဖေဖေ့စကား နားထောင်လိုတဲ့ လိမ္မာခြင်း ကြောင့်တော့မဟုတ်။ ဒီလူ မောင်မှိုင်းတဲ့။

"တိမ်မှိုင်းပါ"

ပြောတဲ့လူကို ချယ်ရီ သေချာသိသည်။ ဦးနှောက်ကို အာရုံစူးစိုက်နိုင်းတော့ အဖြေက တခဏချင်းထွက်သည်။

"အဲဒီလူကို ချယ်ရီသိတယ် ဖေဖေ"

"ဘယ်မှာသိတာလဲ၊ ဘယ်တုန်းကလဲ၊ ဘာအကြောင်း ကြောင့် သိရတာလဲ"

တုန်လှုပ်ခြင်းတွေနဲ့ ဖေဖေ့ပုံစံက ချယ်ရီအတွက် သိချင် စိတ်ကို နှိုးဆွပေးနေသယောင်။ စိတ်တွေတောင်ပံပေါက်ကာ လွင့်မြော သော နေ့ရက်ဆီ ပြန်ပြေးသွားတာ ဖေဖေတော့ သိမည်မထင်



လို့ ဂုက်စွာပြုံးတော့ နှုတ်ခမ်းထက်က အပြုံးဟာ ခပ်မှဲ့မှဲ့ထင်၏

"တူတယ်ထင်တယ် ဖေဖေ၊ အတိအကျကြီးလည်း မဟုတ်ပါဘူး"

စကားကို လျှောချပစ်သည်။ ဖေဖေက အခုမှ သက်တောင့်သက်သာရှိသွားဟန်ဖြင့် တရိပ်ရိပ်ဖြတ်ကျော်ခဲ့သော ရှခင်းတွေကိုငေးရင်း အတွေးတွေ အိမ်ဖွဲ့နေလိမ့်မည်။ ချယ်ရီကရော အတွေးထဲ ဦးမှိုင်းဆိုသူအား ပုံဖော်သည့်ခဏ ဝမ်းသာစိတ်က ရင်မှာ ပစ်ဆောင့်တာ အလုံးအရင်းလိုက်။ ဒီလူကြီးက ပုလဲသုခ တို့ အဝင်အထွက်ရှိနေတာ ချယ်ရီမြင်ဖူးထားသားပဲ။ ကိုကိုကြီးကိစ္စ မှာတောင်။

"ပစ္စည်းလည်းရ၊ လူလည်းရမယ့်ကိစ္စမှာ ဟို ဦးမှိုင်းဆိုတဲ့ ဘိုရှုးကြီး ဝင်ရှုပ်လို့"

တက်တခေါက်ခေါက်နှင့် ကြိတ်မနိုင် ခဲမရ ကိုကိုကြီး ဖြစ်ခဲ့ရသေးသည်။ အခုတော့ မုန်းမခက်ရဲ့မိခင် အရှုပ်တော်ပုံက အွားဘွားကြီးပေါ်လာပြီ။ ဖေဖေ့ကို လုယူထားရုံမက တခြား မိသားစု အသိုက်အမြုံကို ဘယ်လိုဖျက်ဆီးထားခဲ့သလဲ။ ပြုံးသော နှုတ်ခမ်းမှာ သံမှုန်သံစတွေ လွင့်ပျံတက်သွားသလို ခံစားရသည်။ မုန်းမခက်ရဲ့ဘဝကို ဖေဖေ ကာကွယ်ရန် ကြိုးစားပေမဲ့ ချယ်ရီ

www.burmeseclassic.com

www.burmeseclassic.com



အတွက် တစ်စစီချိုးဖျက်ရမှာ သမိုင်းပေးတာဝန်။ မေမေ နောင်
ကိုကိုကြီးအတွက် ချယ်ရီ တုံ့ပြန်ရမယ့်လူက မှန်းမခက်ဆိုလျှင်
တကာယ်တမ်း ဒီဇာတ်မှာ သူမကသာ မင်းသမီး။

ဟွန်း…နေရာချင်းမှားနေတယ် မှန်းမခက်။ ခံလိုက်ပေး
ပါ။ နင့်အမေ မိန်းမရှုပ်ရဲ့ ဇာတ်ထုပ်တွေကို။

◆ ◆ ◆

## အခန်း (၂၆)

"ကိုသက်ရယ် ခဏလေးပါ၊ မြကလေး မကြာစေရပါ
ဘူး၊ လိုက်ပို့ပေးပါ"

"ကြည့်လည်းလုပ်ပါ မြကလေးရာ၊ ဦးကြီးက ညည်း
ကျောင်းဆင်းချိန်ကို အတိအကျ သိသားနဲ့ဥစ္စာ၊ နောက်ကျလို့
ဘာညာလျှောက်မေးရင် ငါမလိမ်ချင်ဘူးဟ"

"မလိမ်ရပါဘူး၊ မြကလေး အထည်ဝင်ဝယ်တယ်လို့
ပြောမှာပေါ့၊ ကိုသက်သားလေးအတွက်ပါ ဂွမ်းစောင်တစ်ထည်ဝယ်
ပေးပါ့မယ်၊ အေးလာပြီလေ၊ ကိုသက်တို့ရွာမှာ ဆောင်းဝင်ပြီဆို
သိပ်ချမ်းတာဆို၊ မြကလေးရဲ့လက်ဆောင်ပေါ့"

ပြောတဲ့အခါ ကိုသက်မှာ မငြင်းသာတော့၊ အဲဒီအချိန်

www.burmeseclassic.com

www.burmeseclassic.com



တုန်းက မြကလေးတို့အိမ်မှာ ကိုသက်မင်းက သစ္စာရှိလူယုံဒရိုင်ဘာ။ မြကလေးက မန္တလေးတက္ကသိုလ်တက်နေသည့် မန်းရဲ့သမီးပို။ ဖခင်ဖြစ်သူ ဦးရွှေမြက မြင်းခြံမြို့ရှိ ဆီစက်ကြီးပိုင်သူ၊ မြို့မျက်နှာဖုံး။ ကိုသက်ဖခင် လက်ထက်ကတည်းက ဦးရွှေမြ ထံမှာ လူယုံရာထူးရခဲ့တာမို့ ကိုသက်အိမ်ထောင်ကျသောအခါ အလုပ်က မရှားပါ။ သမီးဖြစ်သူရဲ့ သွားလာလည်ပတ်ခြင်းကို ကြိုပို့လုပ်ပေးရင်း ကိုသက်ဟာ မြကလေးရဲ့ အတိုင်ပင်ခံ ဖြစ်မှန်းမသိ ဖြစ်လာခဲ့တာ။

"သူက အခုနာမည်ကြီးနေတဲ့ တေးဂီတပိုင်းမှာ တီးနေတဲ့ ဒရမ်မာသမားလေ၊ သိလား ကိုသက်၊ ဟိုင်းဆေးစတားတို့ ဘာတို့ဆိုသူ ဒရမ်ပြင်းပြင်းခေါက်တာက သိပ်လက်စွမ်းထက်တာ၊ သူက မြကလေးတို့ ကျောင်းပွဲတွေမှာ လာတီးရင်း မြကလေးနဲ့ခင်သွားတာ ကိုသက်ရဲ့၊ ဒါပေမဲ့ ဒီကိစ္စ ဖေဖေသိလို့မဖြစ်ဘူးနော်၊ ဖေဖေက အခုပေါ်လာတဲ့ စတီရီယိုလောကက အနုပညာသမားတွေဆို ကြည့်ရတာ မဟုတ်ဘူး"

"ငါတော့ လာပိတ်မနေနဲ့ဟ၊ စိတ်ချ ငါမပြောဘူး၊ အေးညည်းသာ အဲဒီတွဲရိုက်ထားတဲ့ ဓာတ်ပုံကို ဦးရီးမသိအောင် လုံလုံခြုံခြုံသိမ်းထား၊ အဲဒီဓာတ်ပုံတွေ့တဲ့နေ့က မိုးမီးလောင်တဲ့နေ့ပဲ"





ဖာဖာထေးထေးပြောသည်။ ဒီကလေးမကို အလိုလိုက်မိတာ ငါးပါးတော့မှောက်ပြီ။ မန္တလေးက ကျောင်းပိတ်ရက်ရှည်ဆို မြင်းခြံအိမ်ပြန်လာ။ စက်ဘီးတစ်စီးနဲ့ အပြင်တဒီးဒီးထွက်တဲ့ မြကလေးခြေလှမ်းကို သူရော ဦးကြီးပါ မရိပ်မိကြ။ အားလုံးက ကိုယ့်အလုပ်နှင့်ကိုယ်မို့ မြကလေးအား သတိမထားမိတာပါမည်။ သူကိုယ်တိုင်ကလည်း တစ်လနေတစ်ခါ မိန်းမနဲ့ကလေးတွေရှိရာ ဈေးရပ်ရွာကိုပြန်ရ။ မိသားစုအရေးအခင်းတွေကြားမှာ မြကလေးအား အာရုံအပြည့်အဝ မစိုက်ထားနိုင်ခဲ့။ အခုတော့ အခြေအနေကလွန်ပြီ၊ မတွေ့ရမနေနိုင်တဲ့ ချစ်သူတွေဖြစ်နေကြပါပြီတဲ့။ ကိုသက်သက်ပြင်းရှိုက်ရင်း မြကလေး ညွှန်ပြရင်း လမ်းလေးအတိုင်း ချိုးကွေ့ဝင်သည်။ လမ်းဆုံး၌ ခြေတံရှည်သစ်သားအိမ်အမြင့်လေးရှေ့မှာ ဒူးလာခေါက်ပြန် လျှောက်နေသည့် လူရွယ်။ သူတို့ကားရပ်တာနှင့် မြကလေးရှိရာ ကားနောက်ခန်းဆီ အူယားဖားယား ပြေးလာပြီး

"တော်သေးတာပေါ့၊ ရောက်လာပေလို့၊ ကိုယ်က မလာတော့ဘူးထင်နေတာ မြကလေးရဲ့၊ အစီအစဉ်က ဘယ်လိုလဲ အခင်ပြေရဲ့လား၊ တစ်ခါတည်းနေခဲ့မလား"

"အယ်…မဖြစ်သေးဘူး ကိုမှိုင်းရဲ့"

သူတို့ချင်းပြောသော စကားတို့ကြောင့် ကြားထဲက



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ပင် မျက်လုံးပြူးသွားသည်။ ဒါဟာ ရိုးရိုးအချိန်းအချ
ပြုတာတော့ မဖြစ်နိုင်။ ကိုသက်က လက်မှနာရီကို တစ်ချက်ကြ
ပြီး…

"မြကလေး အချိန်သိပ်မရဘူးနော်၊ ဦးကြီးက စောင့်
မှာ"

"ဟုတ်…မြလေး သိပါတယ် ကိုသက်ရဲ့"

ကိုယ်က ဝင်ဟန့်ရမယ့် အခြေအနေ။ ကိုသက်သွားပြ
စဉ် ကိုယ့်လက်ထဲက ပျောက်သွားလျှင် ကိုယ့်တာဝန်ဖြစ်မည်
မြလေးနှင့် ထိုသူငယ်ကတော့ သူ့ကားနှင့်ဝေးရာ သစ်ပင်ရိပ်
ဘာတွေအခြေအတင် ပြောမှန်းမသိ။ မြကလေးက ခေါင်းတညိ
ညိတ်လုပ်ပုံထောက်လျှင် ကိုမှိုင်းဆိုသူက ညွှန်ကြားသူသာ ဖြစ်
မည်။ ကိုသက်က အဝေးက ကိုမှိုင်းပုံစံကိုကြည့်ပြီး တိတ်တဆိ
ခေါင်းယမ်းမိသေး၏။ နားထဲမှာလည်း ဦးကြီးရဲ့ ကဲ့ရဲ့ရှုတ်ချသံ
အတိုင်းသား ကြားယောင်လာသည်။

"အလကား…အနုပညာကို ခုတုံးလုပ်တဲ့ဟာ
ယောက်ျားတွေတန်မဲ့ ဆံပင်ရှည်ကြီးတွေထား၊ ဖိနပ်ခွာထူကြီး
စီးပြီး ဘောင်းဘီကျတော့ ဖင်ကျပ်ကို ဒူးဆစ်အောက်ပိုင်း
ဘားထားသေးတာ၊ စီးကရက်ကို မရပ်စတမ်းဖွာပြီး သော



သောက်စားစား လူမင်းသားကွ၊ ဟိတ်ဟန်သာကောင်းတာမောင်၊
မိန်းမတစ်ယောက်တောင် ဝလင်အောင် ရှာကျွေးနိုင်တဲ့အင်အား
ရှိပုံမပေါ်ဘူးဟေ့၊ လက်မောင်းကျူတံရိုး၊ ခြေသလုံး ပလွေရိုးဆို
တာ ဒီလိုကောင်တွေကို ပြောတာ"

ဦးကြီးဝေဖန်ပုံက လူမမြင်ရပေမဲ့ ကွက်ကွက်ကွင်းကွင်း
ပုံဖော်၍ရသည်။

"သီချင်းကျတော့လည်း သီချင်းနဲ့တူအောင် ဆိုတာ
ဟုတ်၊ အလကား စင်ပေါ်တက်ပြီး အော်ကြီးဟစ်ကျယ်၊ တို့မြန်မာ
စောင်းတို့၊ ပတ္တလားတို့နဲ့ ဘယ်ယှဉ်နိုင်မလဲ"

ဖျစ်ဖျစ်နှစ်နှစ် ရွံ့ချထားကာမှ ဦးကြီးရဲ့ ချစ်သမီး ရွှေမငြိုး
လေးဟာ ဒီလိုလူမျိုးနှင့် ချစ်ကြိုးသွယ်တာ သိသွားခဲ့လျှင်။

"ရပြီ…မောင်းတော့ ကိုသက်"

ကားတံခါးပိတ်သံနှင့်အတူ ကိုသက်ရဲ့အတွေးစက ပျောက်
သွားသည်။ ကားစက်နိုးပြီး မောင်းထွက်တော့ နောက်ခန်းမှနေ၍
မြကလေးက ငွေစက္ကူလိပ်လေး လှမ်းထိုးပေးကာ…

"ဈေးထဲဝင်ချိန်မရတော့ဘူး ကိုသက်၊ ဘယ်လိုမှ
အောက်မေ့ပါနဲ့နော်၊ ကိုသက်သားလေးအတွက် ကိုသက်စိတ်ကြိုက်
လက်ဆောင်လေး ဝယ်ပေးလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ မငြင်းမိ။ စောင်မဝယ်ဖြစ်လည်း လကုန်ရက် ရွာအ
၌ လခအပြင် ငွေစကြေးစလေးပိုမှ သူမိန်းမညိုမြ မျက်နှာချို
မဟုတ်လား။ ဝိုက်ဆံကိုယူပြီး ခါးကြားထဲ လိမ်ထားပြီးမှ···

"ဦးကြီးကို ငါတို့နောက်ကျတာ ဘယ်လိုပြောမလဲ"

မြကလေးက စဉ်းစားပြီး လိမ်ရန်နည်းလမ်းကို စနစ်တ
သင်ပေးသည်။ အဲဒီကတည်းက သူနားလည်ခဲ့တာ ငွေဆို
အရာခပ်သိမ်း အောင်မြင်စေတဲ့အရာ။

◆ ◆ ◆

## အခန်း (၂၇)

"မိုက်လုံးကြီးတဲ့သမီး၊ နင့်ကိုကျောင်းပို့တာ ပညာတတ်ဖြစ်စေချင်လို့ဟဲ့၊ ဒီလိုမဟုတ်တရုတ် အတတ်တွေ တတ်လာဖို့ မဟုတ်ဘူး၊ အရှက်မရှိတဲ့ မိန်းကလေး၊ ကိုယ့်ဘဝကိုယ် အညွန့်ချိုးတဲ့ မိန်းကလေး"

အိမ်ကြီးပေါ်၌ ဧရဲပွက်သည့်အလား စီခနဲကြားလိုက်ရသည့် အသံတွေအဆုံးမှာ ပစ္စည်းတွေ ပေါက်ကွဲသံ၊ ကျကွဲသံတွေက ကမ္ဘာပျက်သည့်အလား။ အလုပ်သမားတန်းလျား၌ အိပ်ရာဝင်ရန် ပြင်ဆင်နေသည့် အလုပ်သမားတစ်စုဟာ ချက်ချင်း လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်သည်။

"ကိုသက်···အိမ်ပေါ်မှာ ဦးကြီးနဲ့မြကလေးတို့ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြလဲမသိဘူးနော်”

နားစွင့်နေဆဲမှာပင် ဝုန်းဒိုင်းကြဲအသံတွေနှင့်အတူ

“ခွေးထက်မိုက်တဲ့သမီး၊ နင့်ကို မသက်ာလို့ ငါစောင့်ကြည့်နေတာ၊ နင်က အနုပညာသမားကိုယုံပြီး ပုံအပ်တော့မယ်ပေါ့။ မွဲချင်တဲ့ခွေး ပြာပုံတိုးချင်တဲ့ဟာမ”

ဆူညံသံတွေမကတော့ဘဲ ရိုက်နှက်သံတွေပါ ကြားလာရတော့ ကိုသက် မနေနိုင်တော့။ ဒီပြဇာတ်မှာ သူလည်း အချိန်ပိုင်းတော့ ပါဝင်ခဲ့တယ်မဟုတ်လား။ ထို့ကြောင့် တန်းလျားမှ ပြေးဆင်းပြီး နောက်ဖေးပေါက်ဆီ ပတ်လာခဲ့သည်။ ထမင်းချက် ဒေါ်စိုးကြီးက ဒီနောက်ဖေးချောင်၌ အိပ်တာကို သူသိထားသည်ကိုး။

“ဒေါ်ကြီးစိုး”

နှစ်ခွန်းမခေါ်လိုက်ရ။ တံခါးနှစ်ချပ်က ဝုန်းခနဲ ပွင့်လာပြီး…

“ငါ့နယ် ရင်တွေတုန်လိုက်တာဟယ်၊ မြန်မြန်သွားဆွဲစမ်းပါ ကိုသက်ရဲ့၊ မြကလေး သေပြီလားမသိဘူး၊ သူ့အမေက ဒေါသကြီးပါဘိသနဲ့၊ မြန်မြန်တက်သွား၊ နင့်နောက်က ငါဝင်ဆွဲမယ်”

အာဂသတ္တိသမားပင်။ ကိုသက်က ဘာဘာညာညာမတွေးအားဘဲ သစ်သားလှေကားကြီးဆီ ဒုန်းစိုင်းပြေးတက်သည်။





အပေါ်ရောက်တာနှင့် ကြမ်းပြင်ပေါ် တွေတွေကြီးထိုင်ပြီး ရှုက်ရှည်တွေကျနေသည့် မြကလေး။ မနီးမဝေး၌ ခရီးဆောင်အိတ်တစ်လုံးနှင့် ပစ္စည်းအကွဲအရှများ။ ဦးကြီးကတော့ မလှမ်းမကမ်း ပက်လက်ကုလားထိုင်ကြီးပေါ် ထိုင်နေရာမှ သူတက်လာတာတွေ့သောအခါ ဆတ်ခနဲ မော့ကြည့်သည်။ အပြစ်ရှိသူမို့ ကိုသက်က ဦးကြီးအကြည့်တွေကို ရင်မဆိုင်ရဲ။ ဖျတ်ခနဲ မျက်လွှာချမိချိန်၌…

“ကိုသက်”

ဦးကြီးခေါ်သံက သူ့နားထင်နှစ်ဖက်ကို ဆယ်ပေါင်တူကြီးနှင့် ထုလိုက်သည့်အလား။ နားထဲအူပြီး မျက်စိတွေပြာထွက်သွားသည်။

“ဗျာ…ဦးကြီး”

အတုန်တုန်အရီရီနှင့် သူ့ထူးသံနောက်မှာ…

“ဒီအခိုက်မကို အိမ်ထဲကအိမ်ပြင်မထွက်စေနဲ့၊ အို ကုန်ကုန်ပြောမယ်ကွာ ခြိရိပ်တောင် မနင်းစေနဲ့၊ ခြေကျိုးခြေဖြတ်၊ လက်ကျိုးလက်ဖြတ်၊ မနက်ဖြန် သူ့ကိုတက်နိုင်းထားတဲ့ စန္ဒယားသင်တန်းကျောင်းကနေ ထုတ်ပစ်လိုက်၊ မင်းကိုယ်တိုင်ပြောပြီးသွားထုတ်၊ ကြားလား”

“ဟုတ်ကဲ့၊ ကြားပါတယ် ဦးကြီး”



www.burmeseclassic.com

www.burmeseclassic.com



''ခြံထဲကလူတွေရော အလုပ်သမားတွေရော တစ်
တည်း ပြောပြထား၊ ဒီနေ့ကစပြီး မြကလေးမှာ ဘာသြဇာအာဏာ
မှ မရှိတော့ဘူးလို့၊ ဒေါ်စိုးနဲ့တန်းတူ မီးဖိုချောင်ဝင်ရမယ်၊ အိမ်တွင်
အလုပ်ကို ကျုံးခိုင်းရမယ်၊ သူက ရှင်ဘုရင်ဇာတာမပါသ
ကျွန်ဇာတာပါတဲ့ မိန်းကလေးမျိုး၊ စိတ်ရင်းကိုက မမြင့်တော့
မြင့်လည်း အလကားပဲ၊ ညည်းနဲ့ထိုက်တန်တာ ဒီအိမ်ထဲက အလု
တွေပဲလုပ်''

ဖခင်ဖြစ်သူက အတိုဆုံးနဲ့ အပြတ်ဆုံး အမိန့်ချသည်
နာခံရမည့် သမီးဖြစ်သူက မျက်ရည်ပင်လယ်ဝေပြီး ကျန်ခဲ့
ကြားထဲက ကိုသက်မှာ ဘာဆက်လုပ်ရမှန်းမသိ။ တစ်ဦးက ကျေး
ရှင်။ တစ်ဦးက မကောင်းရာမကောင်းကြောင်း ပတ်သက်ထားမိသူ
သူမှာ မပြတ်သားနိုင်ခဲ့။ ထိုမပြတ်သားခြင်းကို မြကလေးက စို
သည်ထင်ရဲ့။ နောက်တစ်နေ့မနက် အာရုံတက်မှာ သူ့တန်းလျား
တံခါးကို လာခေါက်သည်။ ဝေလီဝေလင်းမို့ ထဖွင့်ပေးတော့
သဘက်တစ်ထည်ကို ခေါင်းမှ မေးဖျားအထိ ခြုံထားသော
မြကလေး။ တွေ့တွေ့ချင်း ကိုသက်မှာ လန့်သွားရပြီး...

''မြကလေးရယ် စောစောစီးစီးကြီး၊ ဘာတွေမဟုတ်တ
ကြံဦးမလို့လဲ၊ ဦးကြီး စိတ်ပြေတဲ့အထိ အိမ်ထဲမှာပဲ နေလိုက်





ဟာ''

''မြလေးလည်း အပြင်မထွက်ပါဘူး ကိုသက်ရယ်၊ မြလေးကို ဒါလေးတစ်ခုပဲ ကူညီပေးပါ''

ပြောပြောဆိုဆို လက်ထဲရောက်လာသည့် စာခေါက်ကလေး။

''ဒီစာကို သူ့ဆီရောက်အောင် ပို့ပေးပါ၊ သူတို့အဖွဲ့ရဲ့ ဖျော်ဖြေပွဲ ရှိုင်းမှာရှိတယ်၊ ဒီနေ့ထွက်တဲ့သင်္ဘောနဲ့အမှီ သွားလိုက်သွားရမှာ ကိုသက်ရဲ့၊ ဒါလေးပေးပေးပါ၊ မြလေး မလိုက်နိုင်တော့တဲ့အကြောင်းနဲ့ သူတို့တီးဝိုင်းအဖွဲ့ အပြန်မှာ မြလေးကို ဆက်ဆက်ဝင်ခိုးဖို့ အချိန်းအချက်လုပ်တဲ့စာပါ ကိုသက်ရယ်၊ သူ့လက်ထဲရောက်အောင် ပို့ပေးပါနော်''

''စာကို ပို့ပေးလို့ရပါတယ် မြကလေးရာ၊ ငါ့အတွက် အပန်းကြီးတဲ့ကိစ္စမှ မဟုတ်တာ၊ ဒါပေမဲ့ ဦးကြီးကန့်ကွက်ထားတဲ့ ကိစ္စကို ငါ အားပေးအားမြှောက်မလုပ်ချင်ဘူး၊ နင်တို့အချိန်ထပ်စောင့်ပြီး ဦးကြီး သဘောတူလာအောင် ကြိုးစားကြပါလားဟာ''

''ဟင့်အင်း...ကိုသက်၊ အချိန်စောင့်လို့ မဖြစ်တော့ဘူး၊ အခုတောင် မတတ်သာလွန်းလို့ မြလေးနေခဲ့ရတာ၊ မြလေး မြလေးမှာ''

www.burmeseclassic.com

www.burmeseclassic.com



မြလေးက ရှေ့ဆက်စကားကို မပြောနိုင်တော့။ နှုတ်ခမ်း ကို လက်ခုံနှင့်ပိတ်ကာ အင့်ခနဲရှိုက်သည်။ မြလေး အပြုအမူကို ကြည့်ပြီး ကိုသက်က ဒီလောက်တော့ တွက်ဆချ်ရပြီ။

"မြကလေးရာ နင် နင် တော်တော်မိုက်တာပဲ"

"အဲဒါကြောင့်ပါ ကိုသက်ရယ်၊ ဒီစာကို သူ့လက်ထဲ ရောက်အောင်သာ ပို့ပေးပါ၊ ဒါက ကိုသက်အတွက်"

လက်ထဲရောက်လာသော အေးစက်စက် အထိအတွေ့နှင့် အရာကို ကြည့်မိတော့ ဝင်းအိနေသော ရွှေဒင်္ဂါးပြားများ။ ကိုသက် ရဲ့ တအံ့တသြ ဖြစ်သွားပုံက မြလေးကို မျက်လွှာပင့်ကြည့်ပြီး ချက်ချင်း ဘာစကားမှ မပြောနိုင်တဲ့အထိ။ မြလေးက သူ့လက် ချောင်းတွေကို ဖိညှစ်ကာ ရွှေဒင်္ဂါးပြားတွေကို ဆုပ်ကိုင်စေပြီးမှ—

"ကိုသက်…ရှေ့အပတ်ထဲ လကုန်တော့မှာလေ၊ ရွာပြ ရင် ယူသွားပေါ့၊ ဒီစာလေးကိုသာ မြလေးပြောတဲ့ ကိုမှိုင်းလက်ထဲ အရောက်ထည့်ပေးခဲ့ပါ ကိုသက်ရယ် နော်"

သူ ခေါင်းညိတ်သလား။ ခေါင်းခါသလားမသိ။ မြလေး ကတော့ သူ့အပါးမှ ပြေးထွက်သွားခဲ့ပြီ။ လက်ထဲက အေးစက်စက် ရွှေဒင်္ဂါးပြားက သုံးပြားကြီးတောင်။ အာရုံက ရွာဆီ လွင့်ခနဲ သွားသည်။ ရွှေရောင်ဝင်းနေမည့် ညိုမြနှင့် ကလေးနှစ်ယော



မျက်နှာကို မြင်ယောင်တော့ ရင်ထဲလင်းသွားသလို။ သူများချစ်ခြင်း ကို မခွဲလိုခြင်းဟာ စာနာစိတ်ကြောင့်လား၊ နေအင်အားကြောင့်လား။ သူ မသိတော့ပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"မယုံဘူး"

အကျယ်ကြီး ထအော်ပစ်သော ညိုမြကြောင့် သူတို့ရဲ့ ခြေတံရှည်သစ်သားအိမ်ကြီး သိမ့်ခနဲတုန်သွားသည်ဟု ထင်ရ လောက်တဲ့အထိ ညိုမြအသံက တကယ့်ဟဲ့ဗီး။ ကိုသက်က

"ညိုမြ ဘာကိုမယုံတာလဲ၊ ငါတို့ပြောတဲ့အထဲမှာ လိမ်တာ တစ်ခုမှမပါဘူးလေ၊ နင် ဘာကိုမယုံတာလဲ"

"တော့်ကိုမယုံတာ၊ ပြီးတော့ တော့အလုပ်ရှင်သူဌေး သမီး"

ညိုမြက သူ့နောက်ဘက်၌ ကျုံ့ကျုံ့လေးထိုင်နေသော မြကလေးထံ မေးငေါ့ထိုးရင်း...



"သူ့ကိုပါ မယုံတာ၊ တော် ပြောနေတာ အလိမ်အညာ တွေချည်းပဲ ကိုရင်သက်၊ ဒီမယ် ညိုမြတို့က တောမှာမွေးပြီး တောမှာကြီးတယ်ဆိုပေမဲ့ လူ့အရိပ်အကဲကို ဖမ်းတတ်တယ်၊ တော် မြို့ပေါ်မှာ ဖြစ်ချင်တိုင်းဖြစ်ပြီးမှ ဗိုက်တစ်လုံးနဲ့ ဒီတစ်ယောက်ကို ကျုပ်ဆီခေါ်လာတာပေါ့လေ"

"အို"

မြကလေးက ရှက်ရှက်နှင့် အာမေဋိတ်ထွက်သွားသည်။ ရှက်လွန်း၍ ခေါင်းတောင်မဖော်နိုင်။ မြို့မှာ ကိုယ့်သိက္ခာထိန်းသည့် အနေဖြင့် ဒီရွာလိုက်လာခဲ့တာ အများကြီးမှားပြီလားဆိုတဲ့ နောင်တ စိတ်က ရင်မှာ ပထမဆုံး စတင်ဖြစ်သည်။

"ညိုမြရာ နင်ထင်တာတွေ"

"ထင်တာမဟုတ်ဘူး တော်ရေ၊ မြင်နေတာ၊ ရွာတောင် ရှားက စိန်တုတ်လင် အေးကြိုင်လေ၊ မြို့မှာ အလုပ်သွားလုပ်တာ အပြန်ကျတော့ ဗိုက်တစ်လုံးနဲ့ ကောင်မ ပါလာပါရောလား၊ ကောင်မက အစောကတည်းက လင့်ပြောစကားယုံမိတော့ ဟွန်း အခု တစ်မိုးတည်းနှစ်ယောက် ပေါင်းနေတဲ့အဖြစ်လေ၊ တော် အသိ ဆုံးပါ ကိုရင်သက်ရဲ့၊ ညိုမြကိုတော့ ဒီလိုလာမစမ်းနဲ့၊ ဒီရွာမှာ ညိုမြတဲ့၊ တစ်မြတည်းရှိတယ်၊ ကျုပ် မုန့်ကိုသာ ဝေစားရင်စားမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးတော့ မမျှနိုင်ဘူး၊ ကျုပ်မျိုးရိုးမှာလည်း ထုံးစံမရှိဘူး ကိုမ သက်၊ တော် တစ်ထိုင်တည်းစဉ်းစား၊ ကျုပ်နဲ့ကလေးနှစ်ယောက် ဖြတ်မလား၊ တော့်ဟာမကို ဖြတ်မလား''

''ဟား…ညိုမြရာ၊ နေပါဦးဟ ငါပြောတာ နားထောင် ဦး''

''မပြောပါနဲ့တော့ ကိုသက်''

မျက်ဝန်းထောင့်မှ ရုတ်ခနဲ ထရစ်သော အရိပ်ကိုမြင် ကိုသက်မှာ မတားဘဲ မနေနိုင်ပြန်။

''နေ…နေပါဦး မြကလေးရယ်၊ ငါ လမ်းမှာ အ အချာ ရှင်းပြလာသားပဲ၊ ရွာသူလည်း ရွာသူ၊ အတန်းပညာလည် မတတ်၊ ဗဟုသုတလည်းမရှိတော့ သူမြင်ရာကိုပဲ တယူသန်ဆုပ်ကိုင် ထားတာမျိုးပါဟာ''

''နေပါစေတော့ ကိုသက်ရယ်၊ ဒီလောက် ကူညီတာ ပဲ မြလေး ကျေးဇူးတင်လှပါပြီ၊ မြလေးထိုက်နဲ့ မြလေးကံပဲ ရှိ စေတော့၊ မြလေး ဒီမှာမနေတော့ပါဘူး''

''ဟ…မနေလို့ဘယ်ဖြစ်မလဲ၊ နင့်မှာ အရင်လို ပေါ့ ပါးပါးမှ မဟုတ်တာ၊ ပြီးတော့ ဦးကြီးလည်း မရှိတော့ဘူး၊ ဆိ လည်း ရောင်းဖို့ဆိုင်ထားပြီးပြီ၊ နင်တို့ခြံကြီးလည်း ရောင်းခဲ့ပြီးပြီ

ညည်း ဘယ်သွားပြီး ဘာလုပ်မှာလဲ မြကလေးရဲ့''

''မြလေး မသိတော့ပါဘူး ကိုသက်ရယ်၊ မြလေး သေချာ တာပဲသိတယ်၊ မြလေး ဖေဖေ့အစား သေသွားခဲ့ရင်ကောင်းမှာ''

မြကလေးဟာ ခရီးဆောင်အိတ်ကို တစ်ဖက်ကဆွဲရင်း လက်ဝါးတစ်ဖက်ဖြင့် နှုတ်ခမ်းတို့ကို အုပ်ကွယ်ကာ ငိုချေပြီ။ ဒီလိုမြင်ရတော့လည်း ရင်ထဲရှိသော သံယောဇဉ်အခံဖြင့် သူ့မှာ စိတ်မကောင်း။ ညိုမြကတော့ ဒူးတစ်ဖက်ထောင်ထိုင်၊ ရင်ခွင်ထဲ၌ တစ်နှစ်ကျော်အရွယ် သမီးကို နို့တိုက်ရင်း ပြောင်းဖူးဖက်ဆေးလိပ် ကို ထောင်းထောင်းထအောင် ဖွာကာ…

''ဒါပဲ…မယားငယ်များ မျက်ရည်ခံအထိုးကတော့ သိပ်တော်တာ''

မဲ့ကာရွဲ့ကာနှင့် မကြားတကြားပြောလေသည်။ ညိုမြ ကားကြောင့် သူ့မှာ နားရွက်ဖျားတွေ ထူပူရှိန်းဖိန်းသွားလည်း ဒီပြဿနာကို ဒီအတိုင်းထား၍ မဖြစ်တော့။ ကြာလေ ဒီထက်ပိုဆိုး လေ ဖြစ်လာတာကြောင့်…

''ညိုမြ…ငါပြောတာကို သေချာနားထောင်ပြီး ယုံပေးပါ၊ သူက မြို့ပေါ်မှာနေတုန်းက ငါ့နှမလေးလို သဘောထားခဲ့တဲ့သူပါ ဟ၊ သူ့ကောင်လေးနဲ့ လက်မထပ်ရသေးခင် ဟို အခြေအနေတွေ

www.burmeseclassic.com



လွှမ်းကျုံပြီးတော့ အခု သူကောင်လေးက ဟိုတစ်လောက မုန်တိုင်းဖြစ်တာ နင်ကြားတယ်မဟုတ်လား''

ဒါကျတော့ ညိုမြက မျက်လုံးရွှဲကြီးတွေနှင့် သူ့အားစိုက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ ကိုသက်က အခုမှ အားတက်သွားပြီး…

''အေး…သူကောင်လေး စီးသွားတဲ့စက်လှေက အဲဒီမုန်တိုင်းမိပြီး လှေပေါ်ပါသမျှ လူတစ်ယောက်မှ အသက်မရှင်ခဲ့ဘူး၊ သူ့အဖေက ငါ့သူငယ်ချင်း ဦးကြီးလေဟာ၊ ဦးကြီးကလည်းသူ့မှာ ကိုယ်ဝန်ရှိတယ်လည်းကြားရော ဒေါသတွေထွက်၊ ရက်လွှမ်းအားကြီးပဲ နေရာမှာတင် ဆုံးသွားခဲ့တာ''

''အို…ကျုပ်တို့ တမြန်နှစ် သီတင်းကျွတ်က သွားကန်တော့တဲ့ ဦးကြီး ဆုံးသွားပြီ''

ရင်ဘတ်ဖိပြီး ဝမ်းနည်းပက်လက်မေးတဲ့ ညိုမြကြောင့်အခြေအနေက ရောက်စကလောက် မဆိုးတော့။ မြကလေးလည်း အားတက်လာဟန်ရှိပြီး…

''ဟုတ်ပါတယ် အစ်မရယ်၊ ဖေဖေလည်း ဆုံးသွားတော့ မြကလေးလည်း ဟိုမှာ ဘာမှမလုပ်တတ် မကိုင်တတ်မို့ ရှိတာလေးထုခွဲရောင်းချပြီး ဒီကို လိုက်လာတာပါ၊ ဟို ဒီမှာ မြလေး အကြာကြီးမနေပါဘူး၊ ကလေးမီးဖွားပြီးတာနဲ့ မြလေး သင့်တော်ရာတစ်နေရာ ထွက်သွားမှာပါ၊ ဒါ ဒီမှာနေခအတွက် မြလေး ပေးတာပါ၊ ဒါက အစ်မ ပွဲလမ်းသဘင်ရှိရင် ထုတ်ဝတ်ဖို့အတွက် ဆွဲကြိုးနဲ့ လက်ကောက်တစ်စုံပါ၊ မြလေးရဲ့လက်ဆောင်ပါ''

မြကလေးက မြို့ကတည်းက ကြိုတင်စိတ်ကူးခဲ့တဲ့အတိုင်း ငွေစက္ကူတချို့နှင့် ရွှေတစ်ဆင်စာကို မညိုမြထံကမ်းပေးသည်။ ငွေမျက်နှာ၊ ရွှေမျက်နှာကြောင့်လားမသိ။ မညိုမြထံ၌ အုံ့မှိုင်းနေသော ကောက်ကြောင်းတချို့ လျော့ကျသွားပြီး…

''အေးလေ…တို့အပေါ် ညည်းအဖေကောင်းခဲ့တဲ့ ကျေးဇူးက ရှိနေတော့ နေကြည့်ပေါ့အေ၊ ဒါပေမဲ့ မိသားစုတွေလို ပဲနော်၊ ဝိုင်းလုပ်ဝိုင်းစားပေါ့၊ ဒီမှာတော့ ညည်းတို့အိမ်မှာလို အခန့်သားနေလို့ရမှာ မဟုတ်ဘူးအေ့၊ ငါကလည်း ကလေးနှစ်ယောက်နဲ့ နဝိုကမှ မနိုင်မနင်းရယ်''

''ဟုတ်ကဲ့၊ စိတ်ချပါ အစ်မရယ်၊ မြလေး ကူပါ့မယ်၊ မြလေးကို ဒီလိုအရိပ်မျိုး ခိုခွင့်ပေးတာပဲ ကျေးဇူးကြီးလှပါပြီ''

တကယ့်ကို တလိုက်တလှဲ ကျေးဇူးတင်မိခြင်းပါ။ အဲဒီကစလို့ မြလေးရဲ့ ဘဝလမ်းကြောင်း ပြောင်းခဲ့တာပင်။ အိမ်အရှေ့အဝယ်၊ ဆီစက်အရောင်းအဝယ်ကိစ္စတွေအတွက် မြို့တက်တိုင်း







www.burmeseclassic.com

www.burmeseclassic.com



ကိုသက်နှင့်အတူ မညိုမြက လိုက်ပါသွားသည်။ မြလေးက ကိုယ်ဝန်အရင့်အမာကြီးနှင့် အိမ်အလုပ်တွေ သိမ်းကျုံးလုပ်ကာ ဝမ်းမလွယ်သော ကလေးနှစ်ယောက်အား ထိန်းကျောင်းရသည်။ မြို့ကပြန်လာလျှင်…

"အရောင်းအဝယ် မဖြစ်သေးဘူး မြကလေးရေ ငါလည်း မြန်မြန်ရောင်းထွက်စေချင်တာအေ၊ ဒီခေတ်ကြီးထဲမှာ လူတစ်ယောက်ဆိုတာ နည်းတာမဟုတ်ဘူး၊ ပြီးတော့ ညည်းက နှစ်ယောက်စာ စားရတာမဟုတ်လား"

ခနဲ့တဲ့တဲ့ပြောချင်သည်။ အားနာသောမျက်နှာဖြင့် ကိုသက်က ဝင်ဟန့်မယ်ပြင်တော့ မညိုမြဟာ မျက်ထောင့်နီကြီးနဲ့ ကြည့်လေ ကြည့်ရဲ့၊ တစ်ခါတစ်ရံများ အကြည့်နဲ့ မလုံလောက်လျှင်…

"ကိုရင်သက်…မိန်းမချင်းပြောနေတဲ့ကြားထဲ တော်ဝင် မပါစမ်းပါနဲ့၊ ကျုပ်က သူ့ကို ညီမလိုသဘောထားတာ သူသိတယ် တော်က ကာဆီးကာဆီးနဲ့ ဝင်ပြောမှ သူက တောင်ထင်မြောက် ထင် ထင်ကုန်မယ်၊ နဂိုကတည်းကမှ တော်တို့ဆို ပတ်ဝန်းကျင်က ထင်ကြေးပေးနေတဲ့ကြားထဲ"

တစ်ခွန်းသာပြောလိုက် ညိုမြပြောနေတာတွေ မတရားမှန်း သိသိနှင့် သူ ဝင်မပြောသာတော့။ မြင်းခြံရှိ ဆီစက်အားလုံးရောင်း





ပြီးချိန်မှာ မြကလေး မီးဖွားသည်။ သမီးကလေး။ အိမ်တင်မွေးတာ မို့ မီးနေခန်းထဲကတောင် မြကလေးမထွက်သေး ညိုမြက သူ့ထံ ရာဇသံကြိုပစ်ထားပြီးသား။

"ကျုပ်မွေးထားတာလည်း မိန်းကလေးပဲ၊ သူမွေးထား တာလည်း မိန်းကလေး၊ တော် ကိုယ့်သွေးရင်းသားရင်းထက် ပိုလို့ ကတော့ ကျုပ်နဲ့တော် အသိပဲ"

ကြားဖန်များတော့ နားထဲယဉ်လာတာ ကလေးတွေပင်။ ထို့ကြောင့် ချယ်ရီရော ဇော်မင်းရောက မုန်းမခက် လူမှန်းသိတတ် စကတည်းက အနိုင်ယူစရာကလေး၊ အပျင်းပြေဆော့စရာတစ်ခုလို သဘောထားခဲ့သည်။ နာကျင်အောင်လုပ်၍ မုန်းမခက် ငိုခဲ့လည်း သူတို့ကို ဆူပူကြိမ်းမောင်းမည့်သူ မရှိခဲ့။ မိခင်ဖြစ်သူ မြကလေးက မုန်းမခက်ဘက်က ကာကွယ်လျှင်။

"ညည်းက ကလေးတွေကို သွေးခွဲတာလား မြလေး၊ ငါတို့ကျေးဇူးလည်း ထောက်ပါအေ့၊ ငါတို့မှာ ညည်းကို"

ကောင်းခြင်းတွေ တစ်ဖက်သတ် ရွတ်ပြတာက ညိုမြ နှုတ်ခမ်းဖျားမှာ ပါးစပ်စက်သေနတ်ပစ်တဲ့အတိုင်း။ ဒါတွေကို သူသိ ပေမဲ့ မလွန်ဆန်ဝံ့သည့် အကြောင်းတရားများကြောင့် ဥပေက္ခာပြု မျက်နှာလွှဲခဲ့သည်။ ရှေ့နှုတ်ပိတ်နေခဲ့တာ ရက်စက်ချင်လို့ပဲတော့မဟုတ်ပေ



www.burmeseclassic.com

www.burmeseclassic.com



မဲ့ ကိုသက်က အကြြင်နာတရား နည်းပါးခဲ့၏။ ကိုယ်မပိုင်သော စည်းစိမ်ဥစ္စာတွေကို လောဘဇောတိုက်မိပြီ။ ထိုအခါ သူနှင့်ညီမြ ချယ်ရီနှင့် ဇော်မင်းတို့က တထီးတနန်း နေထိုင်ခဲ့ရပြီး အတိတ်ရဲ့ မညီညွတ်ခြင်း လမ်းပေါ်မှာ စိတ်ထောင်းကိုယ်ကြေရင်း အသက် ပျောက်ခဲ့သူက မြကလေး။ အနာဂတ်ပျောက်ခဲ့သူက မုန်းမခက်ဖြစ် ခဲ့လျှင်။

◆ ◆ ◆

## အခန်း (၂၉)

"မမလေး"

"ဘယ်သူလဲ"

"မိစံပါ...မမလေး၊ ဒီမှာ မမလေးအတွက် မုန့်းလာနေ လို့၊ ဦးမှိုင်းတဲ့"

"အေး...ဝင်ခဲ့ မိစံ"

မခက်က မှန်တင်ခုံရှေ့ ဝင်ထိုင်ရင်း ဆံပင်တထွေးကြီးကို သဘက်နှင့်ပေါင်းထားရာမှ ဖြည်ချသည်။ ရေစိုနေသော ဆံပင်ရှည် တွေက အထိန်းအကွပ်မဲ့တာနှင့် ဝေါခနဲပြိုဆင်းလာကာ ရေစက် တချို့က ကော်ဇောပေါ် တတောက်တောက်ကျ၏။ မခက်က သဘက်နှင့်ဆံပင်အောက်ဖျားပိုင်းတွေကို သုတ်ရင်း မိစံ ဘာမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



သော ဖုန်းကို လှမ်းယူသည်။ အလိုက်သိသော မိစံက မခက်လက်ထဲမှ သဘက်ကို လွှဲပြောင်းယူရင်း ဆံပင်ဒွေကို သုတ်ပေး၏။

"ဦးမှိုင်း…ပြော၊ ဦးမှိုင်းအသံကြီးကလည်း ဘာဖြစ်နေတာတုံး၊ ကိုကိုလား…အင်း မရှိဘူး၊ ဘယ်လို ဖုန်းလှိုင်ဂေါက်ကွင်းလား၊ ဟုတ်…သိတယ်၊ အင်း…မခက်လာခဲ့မယ်လေ၊ အာ ကိုကို ခေါ်လာလို့မရဘူး၊ ဒီနေ့ နိုင်ငံခြားသားတွေနဲ့ နေ့လည်စာစားမှာတဲ့၊ ဟုတ်…အာ ဝါးကြောပဲဥစ္စာ၊ ဦးမှိုင်းကလည်း လာမှာပေါ့၊ ဟုတ် အခုပဲထွက်လာခဲ့မယ်၊ ဟုတ်"

မခက်က ဖုန်းချပြီးတာနှင့်…

"မိစံ…မခက် သွားစရာရှိလို့သိလား၊ ထူးမြတ်တို့ကို ပြော၊ မခက်ကားကို ထုတ်ထားပေးပါလို့"

"ဟုတ်…မမလေး"

မိစံက မခက် အခန်းထဲမှ လှစ်ခနဲပြေးထွက်သွားသည်။ မခက်က သုံးခန်းတွဲဗီရိုကြီးရှေ့၌ရပ်ပြီး ဗီရိုတံခါးကို ဆွဲဖွင့်သည်။ ပါးစုံဖောင်းကာ မေးဖျားကို လက်နှင့်ထောက်ပြီး အစီအရီထပ်ထားသည့် အရောင်အသွေးစုံ အဝတ်အစားတွေထဲမှာ ဘာဝတ်ရကောင်းမလဲ စဉ်းစား၏။ ထို့နောက် အဖြူခံပေါ် လိမ္မော်ရောင်အရုပ်ကြီးပါသည့် တီရှပ်ခါးတိုလေးရယ်၊ အုတ်ခဲကျိုးရောင် ဒူးကျဘောင်းဘီ





လေးရယ် တွဲဖက်ဝတ်ကာ လျှာတိုလိမ္မော်ရောင် ဦးထုပ်လေးဆောင်းသည်။ ရှူးအပါးကလည်း လိမ္မော်ရောင် အခံပေါ် အဖြူဘောလုံးလေးတွေပါသော ဝမ်းဆက်ဒီဇိုင်းနှင့်။ အနက်ရောင်ပိုက်ဆံအိတ်လေးကို ကြိုးရှည်စလွယ်သိုင်း လွယ်ချပြီးသောအခါ မခက် ပြင်ဆင်မှုက ပေါ့ပါးစွာ ပြီးဆုံးသွားပြီ။ မှန်ထဲ ကိုယ်တစ်ပတ်လည်အောင်ကြည့်ပြီးမှ မခက် အခန်းထဲမှ ထွက်ခဲ့သည်။ အောက်ထပ်ရောက်တော့ မခက်ရဲ့ ပြိုင်ကားအဝါလေးဟာ ပေါ်တီကိုအောက်မှာ အသင့်ရပ်ထားပြီးသား။

"မမလေး…ဒီမှာကားသော့၊ ဖုန်း"

ထူးမြတ်က အပြင်ထွက်ခါနီးတိုင်း သူမလက်ထဲ မမေ့မလျော့ သယ်သွားရမည့် ပစ္စည်းတွေကို ထည့်ပေးသည်။ ထို့နောက် ကားတံခါး အဆင်သင့်ဖွင့်ပေးကာ…

"ကိုရင့် ဖုန်းဆက်ရင်"

"ဦးမှိုင်းနဲ့ လန့်(ချ်)ကျွေးမယ်ဆိုပြီးဖိတ်လို့ ဖန်းလှိုင်ဂေါက်ကွင်း လိုက်သွားတယ်ဆိုပြီး ပြောလိုက်နော်"

"ဟုတ်ကဲ့ မမလေး"

ထူးမြတ်က ခေါင်းညိတ်ခါးညွတ်ပြီး မခက် ကားတံခါးကို ပိတ်ပေးသည်။ မခက်က ကားကက်ဆက်ကိုဖွင့်ကာ မခက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အကြိုက် ဝိုင်းစုခိုင်သိန်းရဲ့ 'လိုက်ဖက်တဲ့ဘဝ' သီချင်း
ကားလေးထဲ ပျံ့နှံ့သွားသည်။ စက်နှိုးပြီး မောင်းထွက်ရင်း သီ
ကိုက် ညည်းမိတာက သီချင်းအလိုက်အတိုင်း။

"ဒီတစ်ယောက်ဆို တစ်ယောက်သာ ပုံချစ်မှာပါ
ပြန်လည်တို့ရဲ့အချစ်က အေးမြစေမှာ
တစ်သက်လုံးပဲကွယ် အနားနားဝယ် မဟောင်းနိုင်
အချစ်ပါ၊ ဒါကြောင့် တို့ကိုစိတ်ချထား"

ကားကို လမ်းချိုးအတိုင်း ကွေ့တက်တော့ ရှေ့ခရမ်
ရောင်ဝတ်စုံနှင့် ကားတားနေသူ မိန်းကလေးတစ်ဦး။ မခက်
အရှိန်လျှော့ချပေမဲ့ ချက်ချင်းမရပ်ပေးသေး။ တစ်ခါကြုံဖူးထား
အတိတ်တစ္ဆေက မခက်ကို ခုထိ ခြောက်လှန့်ဆဲကိုး။ ဒါ
အခုက နေ့ခင်းပိုင်းကြီး။ ဟိုဘက်လမ်းမှာလည်း လူတွေသွားနေ
လှမ်းမြင်ရသည်။ မခက်က စိတ်အားတင်းရင်း ကားကိုရပ်တော
တားသူရဲ့ပုံရိပ်က ထင်ရှားစွာတွေ့ရတာ။

"မမလေး"

"မခက် ငါ ကားကြုံလိုက်ချင်လို့"

ခရမ်းရောင်ဝမ်းဆက်က နားဆွဲမှအစ။ မျက်မှန်တော
ခရမ်းဖျော့ရောင်။ နှုတ်ခမ်းတွေ၊ မျက်ခွံတွေမှာလည်း ခရမ်



ရောင်တွေ စိုအိအောင် တင်ထားတဲ့ မမလေးက မခက်ရှိရာ ပြတင်း
ပေါက်ဘောင်ပေါ် လက်ထောက်ရင်း...

"ငါ မြို့ထဲထိ လိုက်ခဲ့ချင်လို့"

"လိုက်ခဲ့ပါ မမလေးရဲ့၊ မခက် ဝို့...ဟင်"

မမလေးရဲ့ လက်တစ်ဖက်က ရိပ်ခနဲ လှုပ်ရှားသွားသည်။
မွေးမွှလက်ကိုင်ပဝါက မခက်နှာခေါင်းဆီ ထိတွေ့ဖိကပ်သောအခါ
စိမ်းရွှေရွှေရနံ့ကြီးနဲ့အတူ မခက်တစ်ကိုယ်လုံး ပျော့ခွေနုံးကျသွား၏။
ချယ်ရီမင်းက သေးဘီဆီ အကြည့်ဝေသည်။ လှုပ်ရှားသွားလာနေ
သော လူအားလုံးဟာ အာရုံကိုယ်စီဖြင့်။

"အိုခေ"

နှုတ်မှ ကျေနပ်အားရစွာ ပြည့်တမ်းရင်း မခက်ကိုယ်အား
သေးကူရှင်ပေါ် တွန်းရွှေ့သည်။ ထို့နောက် ချယ်ရီက အသိမဲ့နေ
သော မခက်မျက်နှာဖွေးဖွေးလေးအား စိုက်ကြည့်ရင်း...

"ဆောရီး မခက်၊ နင်က အယုံလွယ်တာကိုး၊ အဲဒါ
နင့်အားနည်းချက်ပဲ၊ အပွန်း နင့်အားနည်းချက်ရှိတော့လည်း ကောင်း
တာပေါ့ဟာ၊ ငါ အနိုင်ယူလို့ရတာပေါ့၊ ဒီတစ်ခါ ငါ့အစီအစဉ်
အထမြောက်ရင် နင့်အနာဂတ် ပွဲသိမ်းပြီ၊ သိလား"

ချယ်ရီက ကျေနပ်စွာဆိုရင်း စက်မသပ်ထားသော ကားကို

www.burmeseclassic.com



အလိုက်သင့် မောင်းထွက်သည်။ မှန်းတည့်နေသည် အ
ဖြိုင်းဖြိုင်းရှုရှူလျှက်။ ချယ်ရီကတော့ ဒီလိုရာသီဥတုမျိုးကို
သည်။ ပူခြင်း၊ အေးခြင်း ခြားနားချက်ကြားက နွေးခြင်းဆို
ခံစားချက်မျိုးကို ချယ်ရီက သဘောကျ။ အစွန်းရောက်ခြင်း
ခံစားတတ်သော ချယ်ရီရဲ့ အတွင်းစိတ်သဘောကိုက သွေးချ
သည်။ လက်တံ့ပြန်မြန်သည်။ ပြီးတော့ ကိုယ်မပိုင်ရလျှင် ဖျ
ပစ်ဖို့ ဝန်မလေး။ အဲဒါက မွေးကတည်းက ပါလာသော ချ
ဗီဇသန္တေဆိုလျှင်။ ချယ်ရီက စိန်ခေါ်မှုတိုင်းကို သူမ နံနက်ခင်း
အတူ နိုးထစေချင်သော မိန်းကလေး။

◆ ◆ ◆

## အခန်း (၃၀)

"ဒီတစ်ခါ ကျွန်တော့်ကို ထပ်ရှောင်ဖို့ မကြိုးစားပါနဲ့
တော့ ကိုသက်"

ရှေ့မှာ မားမားကြီး လာရပ်သည်။ ဦးသက်မင်းက
ကုန်လှုပ်စွာ မော့ငေးကြည့်မိသည်။ ကားဝင်လာသံလည်းကြား
သည်။ ကားရပ်သံလည်း ကြားသည်။ ဒါပေမဲ့ စိတ်နဲ့လူ မကပ်
တော့သော ဦးသက်မင်းက ဘယ်သူဘယ်ဝါဆိုတာ စိတ်မဝင်စားမိ။
အရုလက်ရှိက ကိုင်ထားသော သော့နှစ်ချောင်းထဲမှ တစ်ချောင်း
တည်း သီးသန့်ခွဲပျောက်နေသော အဖြစ်ကို စိတ်ဝင်စားနေတာ
သည်းပါသည်။ ပြီးတော့ ချယ်ရီအပြင်က ကားငှားပြန်လာတာ
နေမှာပေါ့လို့ ပေါ့ဆကာ တွေးမိတာလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်၊ ဒီခြံဝင်းအတွင်း ကားကြီးကားကောင်း မဝင်ခဲ့တာ မခက် မရှိတော့ကတည်းက။

"ကျွန်တော့်ကို မမှတ်မိတာလည်း မဖြစ်နိုင်ဘူး၊ မသိတာလည်းမဖြစ်နိုင်ဘူး၊ ဒါဆို နာကြည်းနေတာများလား၊ ကိုသက်က မြကလေးရဲ့ အပါးတော်မြဲလေ၊ မြကလေးအစား ကျွန်တော့်ကို စိတ်ဆိုးနေတာလား၊ ဒါမှမဟုတ် မြကလေးက ကျွန်တော့်ကို မမှတ်မိပါနဲ့တော့လို့ အမိန့်ပေးထားခဲ့သလား၊ ဟင် ကိုသက်"

ကိုသက်လို့ တစ်ခါအခေါ်ခံရတိုင်း အတိတ်က ဇာတ်ကြောင်းကျွမ်း ဘဝကို တစ်ခါ ပြန်သတိရစေသည်။ တိမ်မှိုင်းကတော့ သူ့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကို အကဲမခတ်မိဘဲ...

"မြကလေးကို တွေ့ချင်စိတ်နဲ့ ကျွန်တော် ရှာနေတာ ဒီနေ့ ဒီအချိန်အထိပဲ ကိုသက်၊ ကိုသက်ကိုတွေ့တော့ ကျွန်တော် တော်တော်ပျော်သွားခဲ့တာ၊ နီးနီးလေးနဲ့ ဝေးနေခဲ့တာ ကျွန်တော်တို့ မှအစစ်၊ ကိုသက်ကို မခက်ရဲ့ အဖေလို့ ကျွန်တော် သိမထားခဲ့ဘူး။ အခု ရှေ့ခြံကိုလာရင်း ကိုသက်သမီးထွက်လာတာ မြင်လိုက်မှ"

သူ့ရှေ့၌ တိမ်မှိုင်းက ဝင်ထိုင်သည်။ ပြောသမျှစကားတိုင်းက ဟန်ဆောင်ခြင်းမပါ။ ဝမ်းမြောက်ဝမ်းသာနှင့် သူ့မှာသာ မတွေး နိုင် မအန်နိုင်ဖြစ်နေရတာ ကိုယ့်လုပ်ရပ် ကိုယ်အသိဆုံး။



"ပြောပြပါ ကိုသက်၊ မြကလေး ဘယ်လောက်စိတ်နာနာ ကျွန်တော်ရအောင် ဖြေရှင်းမယ်၊ ကျွန်တော်စီးသွားတဲ့သင်္ဘော က မုန်တိုင်းမိပြီး ကျွန်တော်လည်း လှိုင်းနဲ့အတူ မျောသွားခဲ့တာ၊ ရောက်သွားတဲ့ရွာက လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ မနွှလေးကို စိတ်ရှိပေမယ့် လူက မပြန်နိုင်ခဲ့ဘူး၊ ရောက်ပြန်တော့ လည်း မြကလေး မရှိတော့ဘူးတဲ့၊ မြကလေးမှာ ကျွန်တော့်ကလေး ပါသွားတာသိတယ်၊ ကိုယ်ဝန်ကြီးနဲ့ ကိုသက် ခေါ်သွားတာတဲ့"

ဦးသက်မင်း ခေါင်းငိုက်စိုက်ကျသည်။ တိမ်မှိုင်းပြောနေ တာ တစ်ခုမှ မလွဲ။ အားလုံး အမှန်တွေချည်းပင်။ ဒီကြားထဲ မမှန်တဲ့သူက ကိုယ်ပါပဲဟုဆိုလျှင်။

"ကျွန်တော့်ရပ်တည်မှုတွေက ကြိုးစားခဲ့ပေမဲ့ မြကလေး ကို ဒီနေ့အထိ မမေ့ခဲ့ဘူး ကိုသက်၊ အဲဒါကိုယုံရင် မြကလေးရှိတဲ့ နေရာကို ပြောပါဗျာ၊ ကျွန်တော်"

စားပွဲပြင်ရဲ့ မှန်အရိပ်ထဲမှာ ဦးသက်မင်းက တိမ်မှိုင်းကို ငေးစိုက်ကြည့်သည်။ အရာရာဟာ အရင်အတိုင်းပဲဟု ဆိုရလောက် အောင် ရင့်ကျက်တည်ငြိမ်ခြင်းမှတစ်ပါး တိမ်မှိုင်းမျက်နှာဟာ ဘာမှ မပြောင်းလဲခဲ့။ ဒီတည်ငြိမ်ခြင်းတွေဟာ အဖြစ်မှန်ကို သိသွားတဲ့ နောက်မှာ တည်ငြိမ်နိုင်တော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအမှောင်မှာ မျှော်လင့်ခြင်းအကြည့်တွေနှင့် တန်းခဲ့ဆုံသည်။ ကိုယ့်လက်ထဲ တစ်သက်လုံး ထားရှိခဲ့သည့် ဇွက်ခဲတစ်ချပ် ချပြရန် အချိန်ရောက်ခဲ့ပြီလား။

"ကိုသက်"

"မြကလေး မရှိတော့ဘူး တိမ်မှိုင်း"

"ဗျာ"

ကြားရသောစကားက နားထဲမှာ ဗုံးတွေပစ်ခွဲလိုက်ရသလိုသူ တအံ့တသြ စိုက်ကြည့်နေစဉ်မှာပင် ဦးသက်မင်းက မျက်ရည်ကြည်တွေ ဝေ့ခနဲတက်လာပြီး သူ့လက်ဖဝါးကို လှမ်းဆုပ်သည်။

"ငါ့အမှားတွေပါ"

"ဘာတွေမှားတာလဲ၊ မြကလေး မရှိတော့ဘူးဆိုတာဘာလဲ၊ ကျွန်တော်နားလည်အောင် ပြောစမ်းပါဗျာ၊ ကျွန်တော်အနှစ်နှစ်အလလ မျှော်လင့်ခဲ့ရတဲ့ တွေ့ဆုံမှုက ဒါမျိုးမဟုတ်ဘူးဗျ"

မေးကြောကြီးတွေ ကားထွက်လာသည့်ကြားမှ စကားလုံးတို့က အေးစက်သိပ်သည်းစွာ ထွက်ကျလာခဲ့၏။ ရင်ထဲမှာ ပေါက်ကွဲခြင်းတစ်ရပ်သည် နှလုံးအိမ်ကို ထွင်းဖောက်ပြီး သွေးကြောတွေဆီ စီးဆင်းသွားတာက ပြင်းထန်သော ချော်ရည်ပူများလား။ ဦးမှိုင်းက ဦးသက်မင်းအား စိုက်ကြည့်သည်။ မကျေလည်ခြင်းများစွာ စစ်ခင်းနေသော အကြည့်တွေထဲမှာ မေးခွန်းပေါင်းခြောက်များစွာ။

"မြကလေး ဆုံးသွားပြီ တိမ်မှိုင်း"

ကြေကွဲခြင်းက ခံနိုင်ရည်ကို ပုတ်ခတ်လှုန်နှိုးသည်။ နားထဲမှာ ထိုစကားတို့က ပဲ့တင်ရိုက်ဆဲ။

"မယုံနိုင်စရာဗျာ"

အက်သံကြီးနှင့်ဆိုပြီးသည့်နောက် ခေါင်းငိုက်စိုက်ကျရသူက တိမ်မှိုင်းပါ။ ဆိုးလှသည့် အဖြစ်ဟာ ခြေရာလည်းကောက်မရအောင် ပိုင်ရှင်ပျောက်တာမျိုးလို။

"ကျွတ်…ကျွန်တော် သူ့အတွက် ရည်ရွယ်ပြီး ဒီလိုအခြေအနေရောက်အောင် ကြိုးစားခဲ့ရတာ၊ အခု ကျွန်တော်ကြိုးစားသမျှအရာမထင်တော့ဘူး၊ မျှော်လင့်ထားသမျှက ဘာမှဖြစ်မလာတော့ဘူး၊ ဒါမျိုးတွေ ရှိတတ်သလား ကိုသက်ရာ၊ ဟင် ပြောပါဗျကျွန်တော်က"

"မင်းမှာ မျှော်လင့်ချက်တွေ ရှိပါသေးတယ်ကွာ"

ဦးသက်မင်းက ထိုင်ရာမှထပြီး တိမ်မှိုင်းရဲ့ပခုံးကို ခပ်ကြမ်းကြမ်း ဖျစ်ညှစ်သည်။ သက်ဆုံးတိုင် ဖုံးကွယ်လို့ရသည့်အရာတွေထဲမှာ တွေ့ဆုံခြင်းဆိုတာမှ မပါပဲ။ ဦးသက်မင်းက





စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်တစ်ခုလုံး ပြည့်မောက်အောင် အသက်ရှူသွင်းရင်း…

"မင်းအတွက် မြကလေးက သူ့ကိုယ်ပွား ချန်ရစ်ထားခဲ့တယ်"

"ဟင်"

ဖျတ်ခနဲ မော့လာသော အကြည့်ဟာ မယုံနိုင်ခြင်းများစွာနဲ့။ ဦးသက်မင်းက ထပ်၍ ခေါင်းညိတ်အတည်ပြုပေးပြီး…

"တကယ်ပါ၊ မခက်ဟာ မင်းနဲ့မြကလေးတို့ရဲ့ ရင်သွေး"

"ဘာ"

အထိတ်တလန့်လား၊ အံ့သြခြင်းလား မသိနိုင်။ နားထဲမှာ သမ္မာရင့်စကားတွေ ပြန်ကြားယောင်တာက သူတို့အချစ်ရေးအကြောင်း ဦးမှိုင်း အင်တာဗျူးတုန်းက…

"သူ့ဒိုင်ယာရီကို ကောက်ရကတည်းက သနားတဲ့စိတ်နဲ့ စွဲလမ်းသွားခဲ့တာ ဦးမှိုင်းရ၊ အဲဒီမှာ သူ့အနေနဲ့ သူ့ပုံက ကလေးဘဝကတည်းက အနှိမ်ခံထားရတာတဲ့"

"ဘာလို့ အနှိမ်ခံရတာလဲ"

မေးရိုးမေးစဉ်ပါ။ စိတ်ဝင်တစားကြီးမဟုတ်ပေမဲ့ သိချင်စိတ်ကြောင့်ဆိုတာ ငြင်းမရ။

"သူ့အမေက သူ့အဖေရဲ့ ဒုတိယမိန်းမ"





"ဟား…စွံလှချည်လားကွ၊ ဒီမှာဖြင့် တစ်ယောက်တည်းထားမိပါတယ်၊ အဲဒီတစ်ယောက်တောင် ရှာပုံတော်ဖွင့်နေတာ မအောင်မြင်သေးဘူး"

"ကျွန်တော်က မထင်ဘူး"

"ဘာကိုလဲ"

"အဲဒီ ဒုတိယမိန်းမဆိုတာ"

"ဘာဖြစ်လို့လဲ"

"ဖအေတစ်ယောက်က သမီးတစ်ယောက်ပေါ်ထားတဲ့ မေတ္တာမျိုး သူ့အဖေဆီမှာ မတွေ့ခဲ့ရဘူး"

"ဟေ"

"စုံစမ်းရသလောက် မခက်အဖေက မြို့မှာ အလုပ်လုပ်ရင်း ပြန်လာတော့ သူ့သွေးသမီးက ကိုယ်ဝန်ကြီးနဲ့ ပါလာတာတဲ့"

အဲဒီတုန်းက ကြားရသမျှ သတင်းတွေကို သမရိုးကျလို့ ထင်ခဲ့တာပါ။ သက်ဆိုင်လိမ့်မည် မထင်ထားသော မခက်က အခုမှ ကိုယ့်ရဲ့။

"ဒါဆို"

"မယုံကြည်ရင် မခက်ဆီမှာ မြကလေးနဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံရှိလိမ့်မယ်၊ ပျောက်ပျက်သွားခဲ့ရင်လည်း မင်းနဲ့မြကလေး



www.burmeseclassic.com

www.burmeseclassic.com



ကြားက အမှတ်တရနေ့နဲ့ မခက်ရဲ့မွေးနေ့ကို တိုက်ကြည့်ပါ၊ ငါပြောတာတွေ အမှန်ဆိုတာ မင်းသိလိမ့်မယ်"

"ခင်ဗျား...ခင်ဗျား...ဗျာ"

ဒေါသကြောင့် ဝုန်းခနဲ ထရပ်သည်။ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ လက်သီးဟာ တဆတ်ဆတ်တုန်ယင်လျက်။

"ခင်ဗျားတို့ ကျုပ်သမီးကို တစ်ချိန်လုံး ယုတ်မာခဲ့ကြတာပေါ့၊ အနိုင်ယူခဲ့ကြတာပေါ့"

"ငါ...ငါ မှားပါတယ်"

"မှားပါတယ်၊ ဒီတစ်ခွန်းတည်းနဲ့ အရာတိုင်းက အကောင်းဖြစ်သွားရောလား"

ကိုယ်ချင်းနီးစပ်အောင် ကပ်ရပ်တော့ ဒေါသအရှိန်ဖြင့် တိမ်မှိုင်းရဲ့ မျက်ခမ်းစပ်တွေ တဆတ်ဆတ်တုန်ယင်နေတာ တွေ့နေရသည်။ ဒီအချိန်မှာ သူ့အမှားအတွက် လည်စင်းပေးရန်သာ ရှိတော့တာမို့...

"ငါ့သားသမီးတွေက မခက်အပေါ် သူ့အမေ ရိုက်သွင်းတဲ့အတိုင်း ဝင်သွားခဲ့တာဆိုတော့"

"တော်ပါဗျာ၊ ခင်ဗျားရဲ့ ယုံတမ်းတွေ ဒီမှာပဲရပ်ပါတော့။ အရာရာ ခင်ဗျားစီမံပြီးမှ ကိုယ့်ဇာတ်ကိုယ်မနိုင်ဘူးဆိုတဲ့စကား





ခင်ဗျားမပြောနဲ့"

"မခက် ကျေနပ်လောက်တဲ့အထိ ငါ တောင်းပန်ပါ့မယ် ပြီးတော့ ငါရှင်းပြပါ့မယ်၊ အပြစ်မှန်သမျှ မင်းကြိုက်သလို စီရင်ပြီး ငါ့ကို ဒဏ်ခတ်ပါ၊ ဒါပေမဲ့ ဒီအချိန်မှာ ငါ့သားသမီးတွေက"

"ကိုယ့်လက်ပွမ ကယ်ပါယူပါ တစာစာအော်တာ ခင်ဗျားလိုလူပဲ ဦးသက်မင်း၊ ခွင့်လွှတ်တယ်၊ စီရင်တယ်ဆိုတာ ဒီအချိန်မှာ ကျုပ်သမီးဆန္ဒ၊ ကျုပ် မသတ်မှတ်တဲ့ စီရင်ချက်အတွက် လောကစောင့်တဲ့တရားက ဒီအတိုင်းကြည့်မနေဘူး"

ပြောပြီး လှည့်ထွက်သည်။ ဒီအရပ် ဒီဒေသမှာ သူ အချိန်ဖြုန်း၍ ဘာမှထူးခြားလာမှာမဟုတ်။ ဒီအရပ်ရဲ့ ဆန့်ကျင်ဘက်မှာ သူနဲ့မြကလေးတို့ရဲ့ ရင်နှစ်သည်းချာ။

"တီ...ဒီ...ဒီ"

ကုတ်အင်္ကျီအတွင်းဘက်မှာ ထည့်ထားသော ဖုန်းက မြည်သံပေးသည်။ ဦးမှိုင်းက ခြေလှမ်းကိုတန့်ပြီး ဖုန်းထုတ်ကာ နားမှာကပ်၏။

"ဦးမှိုင်းဆိုတာနဲ့တူရဲ့"

ဖုန်းခေါ်သံက ဟဲလိုတွေ ဘာတွေမဟုတ်တဲ့ ထူးဆန်းတာကြောင့် ဦးမှိုင်းရဲ့မျက်ခုံးအစုံ ခပ်တွန့်တွန့်ဖြစ်သွားသည်။ ဦးမှိုင်း

www.burmeseclassic.com

www.burmeseclassic.com



တာက သတ္တုသံစွက်သောအသံဟာ သူနှင့်စိမ်းသက်သက် မိန်းမ
လေးအသံ။

"မင်းဘယ်သူလဲ"

"အဟွန်း…ဘယ်သူလဲဆိုတာ သိစရာမလိုပါဘူး
ဒါပေမဲ့ ကျွန်မလက်ထဲ ရောက်နေတဲ့သူကိုတော့ ဦးမှိုင်းသိချင်
မလားပဲ"

"ဟော့…ငါ့မှာ အချိန်မရှိ"

"အင်း…အချိန်မရှိလည်း မပြောတော့ပါဘူး၊ အဟွန်း
ဟွန်း သနားစရာ မုန်းမခက် မေ့ဆေးမိပြီး မေ့မျောနေတဲ့
အကြောင်း"

"ဟော့…မင်းဘယ်သူလဲ၊ မခက်ဘယ်မှာလဲ၊ မင်းဘယ်
က ဆက်နေတာလဲ"

အသံက တကယ့်ကို အော်ကြီးဟစ်ကျယ်မို့ ဦးသက်မင်း
ပင် လန့်သွားရသည်။ မခက်ရဲအမည်ပါလာတာမို့ နားစွင့်အထား
မှာပဲ…

"မင်း…ဘာမှမလုပ်နဲ့၊ ငါအခုလာပြီ၊ ပြောပါ လိပ်စာ
လမ်း…၊ …ဖုံ…၂ ဟုတ်ပြီ…လာပြီ"

ဖုန်းခေါက်သိမ်းခြင်း၊ ညှို့ခန်းထဲက ထွက်ခြင်းတွေကို



တရစပ်လုပ်သွားတာ ဦးသက်ခင်းရဲ့ မျက်စိအောက်မှာထင်း
ဦးသက်မင်းက နားထဲ ရင်းနှီးနေသောလိပ်စာကို လိုက်ရွတ်ရင်း
တိမ်မှိုင်းရဲ့ အလျှင်စလိုနိုင်ခြင်းအား ဆက်စပ်တွေးတောတာ…

"…လမ်း၊ …ဖုံ…၂၊ ဟင်…ဒါ"

လူက မတ်ခနဲဖြစ်သွားသည်။ စားပွဲပေါ် လှည့်ကြည့်
တော့ ထီးတည်းရှိနေသည့် သော့တစ်ချောင်းတည်း။

"ဒီစက်ရုံက ထိလို့မရဘူးသမီး၊ ဒါ သူများအပ်ထားတာ
ကိုယ်ပိုင်အိမ်ထက် တန်ဖိုးထားရဦးမှာ"

ချယ်ရီအား ပြောခဲ့မှုတာ အမှတ်ရသည်။ ဒါဆို ပျောက်နေ
သော စက်ရုံသော့တွဲဟာ။ ဦးသက်မင်း ကမူးရှူးထိုးနှင့် ပေါ်တီကို
အောက် ပြေးထွက်သည်။ နောက်ဖြီးသာမြင်ရသော တိမ်မှိုင်းရဲ့
ကားကို တွေ့ရပြီးနောက်။

သူ့ခြေလှမ်းများက ဦးတိမ်မှိုင်းရဲ့ လမ်းကြောင်းအတိုင်း။
ဝန့်တိုခြင်းရဲ့ မငြိမ်းသောမီးကို သူဘယ်လိုငြိမ်းရပါ့မလဲ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"အဟွန်း…စိတ်အရမ်းပူနေပြီလား ဦးသမ္မာရင့်၊ ရှင့်…
ရှမငြီးတဲ့ ချစ်ဇနီးလေးအတွက်လေ"

"မင်းဘယ်သူလဲ၊ ဘယ်ကလဲ၊ မခက်ပျောက်နေတာ…
မင်းသိတယ်ပေါ့၊ ဘာရည်ရွယ်ချက်နဲ့ မင်း"

ဒေါသကြောင့် ဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား…
မိသည်။ အန္တရာယ်တွေဝိုင်းနေမှန်း သိရက်နဲ့ ဦးမှိုင်းနဲ့အတူရှိနေသည်…
ဆိုတဲ့ စကားတစ်ခွန်းကြောင့် သမ္မာ သွေးအေးနေခဲ့တာဖြစ်သည်…
တစ်စထက်တစ်စ အချိန်လွန်လာတာရယ်၊ ဦးမှိုင်းကို ဆက်သွယ်…
မရသည့်အထဲ သူဗျာများနေချိန်မှာ ဒီဖုန်းဝင်လာတာဖြစ်သည်…
သမ္မာက ပူပင်၍ အလောတကြီးမေးနေသလောက် တစ်ဖက်…



မှန်းစရာကောင်းသော ရယ်သံကြီးထွက်လာပြီး…

"အဟား…ဟား မေးခွန်းတွေကများပါ့၊ ရင်ထဲဘာတွေ
လောက်မီးတောက်နေလဲ မသိဘူး၊ ဖုန်းထဲမှာတောင် ညှော်နံ့တွေ
ရနေတယ်"

"ဟေ့…မင်း ငါမေးတာ ဖြေစမ်းပါ"

"ဟုတ်ပါပြီ၊ ဖြေပါ့မယ်၊ ရှင့်ရဲ့ဇနီးက တစ်ယောက်
တည်းတော့ ရှိမနေဘူး၊ ဦးတိမ်မှိုင်းဆိုတဲ့လူနဲ့"

အံကြိတ်ခြင်းကြောင့် သမ္မာ့မေးကြောကြီးတွေ ကားတက်
လာသည်။ လူယုံသတ်လို့ သေရတော့မည့်ကိန်းဆိုက်နေပြီလား။
သမ္မာက ဒေါသကြောင့် တုန်ခါချင်နေသော အသံကိုထိန်းရင်း…

"ငါ့ကို နေရာပြော"

"နေရာက"

ရွတ်ပြသောလိပ်စာကို ခေါင်းထဲ သံမှိုနှက်သလို စွဲထင်
ကာ ဖုန်းခနဲ မတ်တပ်ထရပ်သည်။ အသုံးမလိုတော့သော ဖုန်းကို
ဆိုဖာပေါ် ဒီအတိုင်းပစ်ချထားတာတောင် ရယ်သံက ကျော်လွန်
ထွက်လာစမြဲ။ သမ္မာ လှုပ်ရှားမှုကို မျက်ခြေမပြတ် ကြည့်နေသော
ထူးမြတ်က

"ကိုရင့်"



www.burmeseclassic.com

www.burmeseclassic.com



"ကားထုတ်"

တစ်ခွန်းသာ အမိန့်ပေးရင်း ခြေလှမ်းတွေက မြန်ဆန်[illegible] ရွေ့လျားသည်။ ဒီထက်ပိုနှောက်ကျခံ မဖြစ်တော့။ စက္ကန့်တံ[illegible] ဆုံးချွန်များအဖြစ် သူ့ရင်ကို ထိုးဆွသလို ခံစားနေရသည်။

အရောင်ရင့်လာသော ညသည် သူတို့အား ဘာ[illegible] မျက်လှည့်ပြရန် စဉ်းစားထားသလဲ မသိ။ အရာတိုင်းဟာ ထင်မှတ် မထားတာတွေချည်း ဖြစ်လာသောအခါ။

◆ ◆ ◆

## အခန်း (၃၂)

"ဟိုရှေ့ခြံပဲ ကိုရင်"

"ကားမီးပိတ်လိုက်"

သမ္မာက အေးစက်စွာဆိုရင်း အရှိန်မသတ်သေးသော ကားပေါ်မှ ခုန်ဆင်းသည်။ ထူးမြတ်က ယောင်တောင်တောင်နှင့် ကျန်ရစ်တာ သူ ဂရုမစိုက်။ ခြံဝင်းဘေးဘက်ထောင့်မှာ သူရင်းနှီးနေကျ ကားတစ်စီးရဲ့အရိပ်ကို တွေ့ရသည်ဆိုလျှင်။

သမ္မာက လူတစ်ကိုယ်စာ ပွင့်နေသော ခြံတံခါးမှ အထဲသို့ ခေါင်းပြူကြည့်လျှင်

"ဦးမှိုင်း"

www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်ခြင်း၊ ဒေါသတွေက မြွေဆိပ်လို တစ်ကိုယ်လုံး ပျံ့နှံ့သွားသည်။ ဂိုထောင်လိုဖြစ်ဟန်တူသော အဆောက်အဦးထဲမှ ဦးမှိုင်းသည် မိန်းမငယ်လေးအား ပွေ့ချီကာ ခြံဝင်းအပြင်ထွက်လာရန် ဦးတည်လျှောက်လာ၏။ ဒေါသစိတ်ရိုင်းက ချုန်းအုပ်မရနိုင်ဘဲ သမ္ဘာ လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်သည်။ ဖွန်းထဲက မိန်းမပျိုအသံက သူ့နားစည်ကို မားထက်တက်တစ်ချောင်းနှင့် ဆွဲစွေနေသည့်နှယ်။

"ရှင့်ရဲ့ဇနီးက တစ်ယောက်တည်းတော့မဟုတ်ဘူး ဦးတိမ်မှိုင်းဆိုတဲ့လူနဲ့"

ရှူးခနဲ ဒိုင်းခနဲ ပေါက်ကွဲတတ်သော ဒေါသဟာ ငယ်ထိပ် တက်ဆောင့်သည်။ စိတ်ရိုင်းကြောင့် အမြင်တွေပင် ပြာထွက်သွားပြီး သူက ခြံဝင်းထဲသို့ ခြေအချတွင်…

"ဟင်…သမ္ဘာ၊ မင်း ဒီကိုဘယ်လိုသိ"

"ခင်ဗျားကို အသေသတ်ဖို့ သိလာတာ"

ဘယ်လိုမှ ထင်မှတ်မထားသော လက်ဖြောင့်လက်သီး က ဦးမှိုင်းမေးဖျားဆီ ထိထိမိမိ။ ပက်ခနဲ လန်ကျပြီးမှ ပွေ့ထား သော သမီး လွတ်မကျအောင် ဒူးထောက်ချရင်း…





"သမ္ဘာ မင်း"

"မခေါ်နဲ့၊ ခင်ဗျား ကျုပ်ကိုမခေါ်နဲ့၊ ခင်ဗျားသောက် ယုတ်မာတဲ့လူ ဒီကမ္ဘာပေါ်မှာ မရှိတော့ဘူး"

"သမ္ဘာ…မင်းဘာပြောတာလဲ၊ ဘာတွေပြောနေတာလဲ"

ပြန်အော်မေးရင်း ဦးမှိုင်းက ပါးစောင်းထဲမှ ထွက်လာတဲ့ နီကျိကျိသွေးရည်ကြည်တွေကို ထွေးထုတ်သည်။ သမ္ဘာက သူ့လက်ထဲ သတိလစ်မေ့မျောနေသော မခက်အား ဆွဲပွေ့ရင်း…

"ခင်ဗျား ကျုပ်နဲ့ ဘယ်တော့မှထပ်ပြီး မပတ်သက်နဲ့"

ပြောပြီး လှည့်ထွက်သွားသော သမ္ဘာကိုကြည့်ကာ ဦးမှိုင်း ဒီအတိုင်း ကျန်ရစ်မနေနိုင်။ ချက်ချင်း ထပြေးကာ သမ္ဘာ့ပခုံးကို ဆွဲလှည့်ပြီး…

"ငါ့ကို ဘာလို့ အဲဒီလိုပြောတာလဲ သမ္ဘာ"

"ခင်ဗျား ယုတ်မာတာတွေကို ကျုပ်ထပ်ရှင်းပြချင်တာ ဒါပေမဲ့ ကျုပ်နှုတ်က မရဲလို့၊ ခင်ဗျားဗျာ ကိုယ့်သမီးအရွယ် မိန်းက လေးကို"

"အေးလေ အဲဒါဘာဖြစ်လဲ၊ မခက်ကို မင်းချစ်သလို ငါလည်းချစ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား...တော်တော့"

"မတော်ဘူးကွာ၊ ကိုယ့်သမီးကိုယ်ချစ်တာ ဘာဖြစ်လဲ၊ မင်းက ဘယ်လိုအခင်အားနဲ့ လာတားနေတာလဲ"

ဦးမှိုင်းက ပေါက်ကွဲစွာ အော်ပစ်မှ သမ္ဘာက ကြောင်သွားတာ။ မယုံနိုင်သလို ဦးမှိုင်းကို လှည့်ငေးရင်း...

"ဦးမှိုင်း...ခင်ဗျားဘာပြောတယ်၊ မခက်က ခင်ဗျားရဲ့"

"အေး...ငါ့သမီး၊ မခက် ငါ့ရဲ့ပျောက်နေတဲ့သမီး၊ ငါ့သမီးပါကွာ"

ထုံဆေးမိသွားသလို သမ္ဘာက မခက်ကိုမျှေ့ရက်ကြီးနှင့် တောင့်တောင့်ကြီး ရပ်နေမိစဉ်...

"ဟုတ်ပါတယ်၊ မုန်းမခက်က တိမ်မှိုင်းနဲ့မြကလေးတို့ရဲ့ သမီးပါ"

"ဦးသက်မင်း"

ခေါင်းငိုက်စိုက်ကျလျက် တစ်လှမ်းချင်းဝင်လာတဲ့ ဦးသက်မင်း။

"ဒါဆို ဦးမှိုင်းနဲ့မခက်က"

"ငါ့သမီးလေး ဒုက္ခရောက်မှန်းသိလို့ ကိုသက်နဲ့စကား



ပြောနေရင်းက ဒီကိုကွက်လာခဲ့တာ"

"ဒါဆို မခက်ကို ခေါ်တဲ့သူက"

အားလုံးအကြည့်က ဦးသက်မင်းဆီ အားပြင်းစွာ ထိုးနိုက်ဆင်းသည်။ သက်ရောက်ခြင်းတွေအား ဦးသက်မင်းက ပုံဖော်ပြီးမှ

"ငါ ဒီကိစ္စတွေ မသိခဲ့ရိုးအမှန်ပါ၊ အားလုံးရှင်းပြမယ် ရည်ရွယ်နေတုန်းမှာပဲ"

ဦးသက်မင်းခါးမှ ဖုန်းမြည်သံက ဆူညံစွာထွက်ပေါ်လာသည်။ နောင်တတို့နှင့် ရိုဝေခွေးမြေခြင်းက ဦးသက်မင်းကို ဒိုင်နိုးသွားစေ၏။

"ဟဲလို...ဟုတ်ပါတယ် သက်မင်းပါ၊ ဗျာ ချယ်ရီမင်း ကျွန်တော့်သမီးပါ၊ ဗျာ အခုလာခဲ့ပါ့မယ်၊ ဟုတ်ကဲ့"

ဖုန်းကို ပြီးစလွယ် အိတ်ထဲပြန်ထည့်ရင်း...

"ငါ့ကိုခွင့်ပြုပါဦး၊ ချယ်ရီ ငါ့သမီးလေး ကားတိုက်မှုဖြစ်လို့တဲ့၊ ငါ...ငါ လိုက်သွားမှဖြစ်မှာ"

ဒရောသောပါးနှင့် ဦးသက်မင်းက ပြေးထွက်သွားသည်။ သမ္ဘာက သူ့ရင်ခွင်ထဲ အပူအပင်မဲ့စွာ သတိလစ်နေသော သူမအား ငုံကြည့်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တည်မှုအစကတည်းက ဆိုးရွားသော ကံတရားတို့ မှန်းမခက်သည် ချစ်ခြင်းလက်တစ်ကမ်းပေမယ့် အချစ်မခံခဲ့ရသော နေ့ရက်တို့က ဟိုးအဝေးမှာ ကျန်ရစ်ပြီဆိုလျှင်...။

◆ ◆ ◆

## အခန်း (၃၃)

"မခက်တို့ ဖေဖေ့အပေါ် ကံသုံးပါးနဲ့ ဖြစ်မှားကျူးလွန်မိတာရှိခဲ့ရင် ဒီလိုကန်တော့ရင်းနဲ့ ဦးညွှတ်တောင်းပန်ပါတယ် ဖေဖေ"

"အေး...အေး သာဓုကွယ်၊ သာဓု...သာဓု"

ဦးမှိုင်းက သာဓုခေါ်ရင်း သမီးဘေးက သမက်မျက်နှာကို လှမ်းကြည့်တော့ သမ္မာရင့်က မျက်ကွင်းကြီးညိုနေသော ဦးမှိုင်းအား ပြုံးပြရင်း...

"ဆောရီး...ဦးမှိုင်း"

"ဟ...မင်း ငါ့ကို သူငယ်ချင်းများ မှတ်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



"အာ…ဟုတ်သားပဲ၊ ကန်တော့"

ပြုံးစိစိနဲ့ တောင်းပန်နေသော သမက်ဖြစ်သူအား သမီးက မျက်စောင်းရွယ်ရင်း…

"အဲဒီ ကိုကိုတို့များ လုပ်လိုက်ရင် အရမ်းအရမ်းပဲ၊ သေချာမေးမြန်းပြီးမှ"

"အဲဒီအချိန်တုန်းက လူကထူပူနေတော့ မေးမြန်းဖို့ကို အာရုံမရဘူး"

"ထူပူတာမဟုတ်ဘူး၊ မွန်နေတာ"

အမြင်ကတ်ကတ်နှင့် ဦးမိုင်းက အကွက်ကျကျ ဝင်နှက်တော့ သမ္ဘာက စောင်ပေပေနှင့် မျက်လုံးကြီးဝင့်ကြည့်ရင်း…

"မွန်တာ၊ ခင်ဗျားသမီးလေ"

"ဟော့ကောင်…မင်းအခေါ်အဝေါ် ပြင်စမ်း"

"ဟုတ်သားပဲ၊ ကိုကိုကလည်း ယောက္ခမဆိုတာ အဖေလိုပဲလေ"

"အေးပါကွ၊ ကိုယ် အကျင့်ပါသွားလို့"

"မင်းအကျင့်တွေ ဖျောက်တော့ သမ္ဘာ၊ ငါ့ကို ရိုရိုသေသေဆက်ဆံ၊ အခု ငါက သမီးရှင်ကွ"





"အရေးထဲ ကြော်ငြာက ဝင်နေသေးတယ်"

သမ္ဘာက မပွင့်တပွင့်ပြောတော့ ဦးမိုင်းက လက်သီးနဲ့ ထရွယ်သည်။ မခက်မှာ ကြားထဲမှ 'တော်ပါတော့'လို့ ပြောထားရပြီး…

"မခက်မွေးနေ့အတွက် အလှူလေးလုပ်ချင်တာပြောမလို့"

"အေး…အေး ပြောလေ သမီး"

"ရှေ့က မင်းစံအိမ်ကြီးကို ရောင်းပစ်ချင်တယ်ဖေဖေ"

"ဘာဖြစ်လို့ ရောင်းမှာလဲ၊ ထားလိုက်ပါ၊ အဲဒီအိမ်ကြီးရှိလို့ ကိုယ်တို့တွေ့ခဲ့ကြတာ"

ဝင်ပြောသော ခင်ပွန်းမျက်နှာကို မခက်က မော့မော့လေးငေးပြီး…

"အမှတ်တရတွေ မရှိချင်လို့ပါ ကိုကို၊ ပြီးတော့ ကြည်နူးစရာကောင်းခဲ့တာမှ မဟုတ်တာ"

"အဲဒီအိမ်ကြီးကို ရောင်းပြီးတော့ သမီးက ဘာလုပ်ချင်တာလဲ"

"အလှူလုပ်ချင်တာပါ ဖေဖေ၊ မမလေးအတွက် ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘဘမင်းနဲ့ ကိုကိုကြီးတို့အတွက် ကျောင်းဆောက်လှူမယ်လေ။ ဘဘမင်းတို့အတွက်လည်း တရားအားထုတ်ရတာ ပိုအဆင်ပြေသလို မမလေးလည်း နောင်ဘဝမှာ အရိပ်အာဝါသကောင်းကောင်း ရစေချင်လို့ပါ"

သူမစကားအဆုံးမှာ ဖေဖေရော ကိုကိုရော အသံတိတ်သွားခဲ့သည်။ အရာအားလုံး ပြီးဆုံးခဲ့ပြီဆိုပေမဲ့ ဒီအဖေနှင့် ဒီခင်ပွန်း ရင်ထဲက ဒဏ်ရာတွေက မကျက်နိုင်သေးဘူးထင်သည်။ သူမ ပြန်သတိရလာတဲ့နေ့မှာပဲ မမလေးက ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသည်။

အာမခံနှင့် လွတ်မြောက်လာသော ကိုကိုကြီးအား ဘဘမင်းက တစ်ခါတည်းခေါ်သွားကာ သာသနာ့ဘောင်ထဲ ဝင်ရောက်ခဲ့ကြပြီ။

"ကိုယ်ပျိုးသမျှ ကိုယ်ရိတ်သိမ်းရတယ်ဆိုတဲ့စကားဟာ တကယ့်ကို မှန်ကန်တာမျိုးပါ၊ ဒီအိမ် ဒီခြံ ပိုင်ဆိုင်မှုဟာ သမီးနဲ့ သက်ဆိုင်တာပါ"

သော့အပ်သွားခဲ့တုန်းက သူမမှာ အသည်းအသန်ငိုကြွေးခဲ့ရသည်။ ကြင်နာခြင်းမခံရပေမဲ့ မခက် အသည်းဟာ သူတို့လောက်



မမာကျောနိုင်ခဲ့ပါ။

"အေးလေ...ငါ့သမီး ဆန္ဒရှိတယ်ဆို လုပ်ပါ၊ ဒါပေမဲ့ မင်းစံအိမ် မရောင်းဘဲလည်း ဖေဖေ့ငွေထဲက သမီးလုပ်ချင်တာ လုပ်ပေးလို့ရပါတယ်"

"ကျွန်တော်လည်း ဒီအတိုင်းပဲ၊ ကပ်ကြွားမနေနဲ့"

"ဟကောင်...ကြွားတာမဟုတ်ဘူး၊ ငါရှာသမျှ ငါ့သမီးအတွက်"

"ဒီလိုမပြောနဲ့လေ၊ ကျွန်တော်ရှာတာကလည်း မခက်အတွက်ပဲကိုး"

"မင်း ငါ့ကို လာမပြိုင်နဲ့ဟေ့ကောင်၊ ငါက မီးဘမေတ္တာ"

"၁၅၀၀ နဲ့ ၅၂၈ ဘယ်ဟာပိုများလဲ၊ ဦးမိုင်းက သင်္ချာတော်ပါတယ်၊ တွက်ကြည့်လိုက်"

"ဟေ့ကောင်...ငါက"

"ကျစ်...ကျွန်တော်က"

ငြင်းကြခုန်ကြရင်းက မခက်ရဲ့ ကြေကွဲခြင်းတွေက မီးနှုံငွေ့တွေလို လွင့်ပါးသွားရသည်။ မေတ္တာခြံရင် လုံသည်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မခက်ယှံ့ပါပြီ။

မခက်ကတော့ အေးမြသော ချိုမြိန်သော အကြင်နာများကြားမှာ မနက်ဖြန်တိုင်း မွေးစက်ခိုဝင်ရင်း။

နှလုံးမိဘဝတော် ငြိမ်းချမ်းပါစေ

ဆုအချို

BURMESE CLASSIC

www.burmeseclassic.com